www.burmeseclassic.com

# မျှား

နေဝင်လုပြီ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဗျိုး

နေဝင်လှုပြီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ပျူးစာပေ)

အမှတ်-၅၂၀ (က)၊ အင်း၀ (၄) လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

ဇော်ပိုင်

အတွင်းဖလင်

ကိုဖေဦးနှင့်ညီများ

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၇ ခုနှစ်၊

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ပျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၇၄၊ ၀၁ ၈၅၀၀၆၉၆

ပျူး

နေဝင်လုပြီ

ပျူးစာပေ ၊ ၂၀၁၆ ။

၂၂၄ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁) နေဝင်လုပြီ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဂစ်တာကြိုးတွေပေါ်မှာ ပန်းသွေးနီနီ လက်ချောင်းလေးတွေက စည်းချက်ညီညီ လှုပ်ခတ်နေသည်။

အင်ထရိုအတီးပိုဒ်အဆုံးမှာ ခခနောင် သီဆိုသံလေးက ပီပီသသ ကြည်ကြည်လင်လင်လေး လွင့်မျောလာ၏။ အဆိုတော် ဆုန်သင်းပါရ်ရဲ့ "သခင်" သီချင်း။

♫ xxx သီချင်းတွေထဲမှာ မင်း အမြဲရှိနေတယ် xxx

xxx ကိုယ့်ရဲ့အတွေးတွေ မင်း အမြဲဖြစ်နေရမယ် xxx

xxx ခံစားချက်အတိုင်းကို ဖန်ဆင်း ပေးတဲ့သူ xxx

xxx ဘဝတစ်ခုလုံးဟာ မင်းကြောင့် လှနေတော့မယ် xxx ♫

သီချင်းလေးတစ်ပိုဒ်အဆုံးမှာ ခခနောင် မျက်ဝန်းလေးတွေက မျက်နှာချင်းဆိုင်အိမ်လေးရဲ့ဝရန်တာလေးဆီသို့ အကြည့်ရောက်သည်။

သူမ ကြည့်သလိုပဲ ဝရန်တာလေးပေါ်က ဒရင်းဘက်မှာ မှီထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် သူ့အကြည့်တွေကလည်း တန်ပြန်လွင့်လာ၏။

သူက မဏိလျှမ်း။

အနက်ကွက် အော်တာရှပ်အင်္ကျီလေး ဝတ်ဆင်ထားတာမို့ ဖြူဝင်းသောအသားရောင်လေးက ထင်းနေသည်။ ခခနောင် ရင်ထဲမှာ လှိုက်ခနဲ ကြည်နူး ဝမ်းသာစိတ်ကလေး တိုးဝင်လာရသည်။

BURMESE CLASSIC

"ဟဲ့ ဆက်ဆိုလေ"

ပန်းသွေးနီနီက မျက်မှောင်ကလေးကုပ်ရင်း ဂစ်တာအတီးမပျက် သတိပေးတာမို့ တော်သေးသည်။ ခခနောင် ခေါင်းကလေးညိတ် မျက်ဝန်းကလေးမှိတ်ကာ ဗီလင်လေးအပြည့်နှင့် ဆက်ဆိုသည်။

♬ xxx ကိုယ့်ခြေလှမ်းတွေ မင်းနောက် အမြဲလိုက်နေတယ်

xxx ကိုယ့်မျက်လုံးမှာ မင်းရဲ့အကြည့်တွေပဲ xxx

xxx နေ့တွေ ညတွေ အကုန် သိမ်းပိုက်တဲ့သူ xxx

xxx ဘဝတစ်ခုလုံးမှာ မင်းက ကိုယ့်ရဲ့သခင်ဖြစ်မယ်

xxx စေလိုရာစေလိုက်တော့သခင် xxx အရာရာကို ပိုင်စိုးတဲ့သခင် xxx ဆိုနေတဲ့ သီချင်းများ xxx ရှင်သန်ရခြင်းဘဝ xxx ဒါတွေအားလုံးရဲ့ xxx ဖန်ဆင်း ပေးတဲ့ သခင် xxx ♬

သီချင်းလေးထဲမှာ မုဒ်အပြည့်သွင်း သီဆိုရင်း ခခနောင် မျက်ဝန်းတွေ ဖွင့်ကြည့်တော့ မဏိလျှမ်းက ဝရန်တာလေးမှာတောင် လာရပ်နေချေပြီ။

မြင့်မာသောအရပ်နှင့် ဝရန်တာလက်ရမ်းမှာ လက်ထောက်ကာ ရပ်နေသော မဏိလျှမ်းကြောင့် ခခနောင် ရင်ထဲ ကြည်နူးမြစ်ကလေး စီးမျောလို့။

♬ xxx အသက်ရှင်ခြင်းမှာ မင်းက အရေးပါလွန်းတယ် xxx

xxx ဘဝဆက်တိုင်းမှာ မင်းပဲရှိနေတော့ကွယ် xxx

www.burmeseclassic.com

www.burmeseclassic.com



××× စေလိုရာစေလိုက်တော့ သခင် ××× သခင်လိုရာ အဆင့်သင့် ဖြစ်မယ် ××× အရာရာကို ပိုင်စိုးတဲ့ သခင် ××× ♫

"တော်ပြီဟာ ရပ်လိုက်တော့"

"ဟာ နေပါဦး ပန်းသွေးရဲ့ ငါ မုဒ်ဝင်နေလို့ နောက်တစ်ပိုဒ် လောက် ထပ်ကျော့ပါဦး"

ခခနောင် တီးတိုးစကားနှင့် တားပေးမယ့် ပန်းသွေးနီနီက ဂစ်တာကို အတီးရပ်ပြီးနေပြီ။

"ဟာ နင်ကလည်း ဘာလို့ရပ်လိုက်တာလဲ"

"မေးမနေနဲ့ ခြံထဲကို လှမ်းကြည့်လိုက် နင့်အန်ကယ်လောင်း လျှာကြီး လာနေပြီ"

ပန်းသွေးစကားကြောင့် တိုက်အောက်ဘက်ခြံထဲကို ခခနောင် လှမ်းကြည့်သည်။ ခဲပုပ်ရောင်ဆလွန်းကားလေးက ခြံဝင်းထဲကို မောင်းနှင် လာနေ၏။ အန်တီလှိုင်ဆီလာသော ဦးဝေမှိုင်းညိုရဲ့ကား။

"သူ့ဘာသာ အန်တီလှိုင့်ဆီလာတာပဲ ငါတို့ ဘာဆိုင်လို့လဲ"

"ငါနဲ့မဆိုင်ပေမယ့် နင်နဲ့ဆိုင်တယ်လေ ခခရဲ့။ နင်နဲ့အန်ကယ် တော်ရမယ့် ပုဂ္ဂိုလ်ကြီးပဲဟာ။ တော်ပါတော့ဟာ တစ်နေ့တစ်နေ့ ဒီသီချင်း တစ်ပိုဒ်တည်းကိုပဲ တီးပေးနေရတာ ငါ ငြီးငွေ့နေပြီ တကယ်"

"ငါလို သူငယ်ချင်းအရင်းအချာကြီးအတွက် ကူညီရတာ ငြီးငွေ့စရာလား။ နင် တော်တော်ရက်စက်တယ်။ ဟိုမှာ သူ ဝရန်တာမှာ ရပ်နား ထောင်နေတုန်းပဲဟာ"

ခခနောင်က မျက်နှာချင်းဆိုင် အိမ်ရှေ့ဝရန်တာမှာ ရပ်နေသော မဏိလျှမ်းကို မျက်တောင်မခတ်တမ်း ငေးကြည့်ဆိုနေသည်။

ပန်းသွေးနှုတ်ခမ်းပါးလေးတွေ တွန့်ကွေးအောင် မဲ့ရင်း ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခါယမ်းမိ၏။ တကယ့်ကို မလွယ်ပါလား ခခရယ်။

"တကယ်မိတယ်ဟာ အဝေးက မြင်ရတာတောင် ဝါ့ရင်တွေ ခုန်နေတယ်။ ဝါ့ဘဝရဲ့သခင် နှလုံးသားရဲ့သခင် လျှမ်းလေး"

"တော်စမ်းပါ ခခရယ် မိန်းမဈေးကျတယ်။ သူ့အကြောင်း ဘာမှ ဂဃနဏမသိဘဲနဲ့ ရုပ်ချောတာလေးမြင်ပြီး သဘောကျရတယ်လို့"

ပန်းသွေးနီ ဘယ်လိုပဲပြောပြော ခခနောင် မနာနိုင်ပါ။ အာရုံထဲမှာ မဏိလျှမ်းရဲ့မျက်နှာလေးကိုတောင် မြင်ယောင်လာမိသေးသည်။

မဏိနဲ့ မျက်နှာချင်းဆိုင်မိတဲ့နေ့ကစပြီး စွဲသွားမိတာပါ။ တွေ့ပုံကလည်း ရိုးစင်း၏။

ထိုနေ့လယ်က ခြံဝင်းထဲက ခုံတန်းလေးပေါ်မှာ သူမနှင့်ပန်းသွေးတို့ ဂစ်တာတီးနေတုန်းမှာ ခြံရှေ့ကို သူရောက်လာခြင်းဖြစ်သည်။

ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော သူခြံတံခါးရှေ့မှာ မားမားမတ်မတ်ကြီး ရပ်နေတာကို သူမ မြင်လိုက်တော့ ဆိုလက်စ သီချင်းသံတောင် ရပ်ကာ မှင်တက်သွားမိရဲ့။

"ဆိုလေဟာ ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

ဂစ်တာတီးနေတဲ့ ပန်းသွေးက သူမကိုမော့ကြည့်ရင်း သူမ မျက်ဝန်းဦးတည်ရာကို လှမ်းကြည့်ပြီးမှ မြင်သွားခဲ့ခြင်းဖြစ်သည်။

"ဘယ်သူလဲဟ၊ ညွှန်သည်လား"

"မသိဘူး။ တစ်ခါမှ မမြင်ဖူးဘူးဟ"

"ဒါဆို အလျှုခံပဲဖြစ်မှာပေါ့ ခခရဲ့"

ပန်းသွေးက အဲဒီလောက်အထိ လူအကဲခတ်တော်သူ။ သည့်နှံ့သည်ရှုပါနှင့် အသက်အရွယ်ပိုင်းကိုများ အလျှုခံပုဂ္ဂိုလ်တဲ့လေ။

"စဉ်းစဉ်းစားစားလည်းပြောပါ ပန်းသွေးရယ်၊ ဒီလိုစတိုင်လ်မျိုးက

www.burmeseclassic.com

www.burmeseclassic.com



အလှူခံပုဂ္ဂိုလ်ဖြစ်မှာတဲ့လား"

"ဘာလဲ ဖလားကြီးပိုက်ပြီး တိုက်ပုံနဲ့ နွတ်ခမ်းမွှေးကားကား အဘိုးကြီးမျိုးမှ နင်က အလှူခံပုဂ္ဂိုလ် ထင်လို့လား ခခရဲ့။ ခုခေတ်မှာ ပြောလို့ရတာမဟုတ်ဘူး"

"ဒါပေမဲ့ သူ့ကြည့်ရတာ နင်ပြောသလို မဟုတ်နိုင်ပါဘူးဟယ်"

ခခ လက်မခံဘဲ ငြင်းမိ၏။ ကြည့်လေ အပြာနုရောင် စပို့ရှပ် လက်တိုနှင့် ဂျင်းဘောင်းဘီပြာနုကို ဝတ်ဆင်ထားတဲ့ စတိုင်လ်ကော၊ ယောက်ျားပီသချောမွေ့တဲ့ရုပ်ရည်နဲ့ အရပ်အမောင်းက နှစ်ခါပြန်ငေးလောက်၏။

ဆံပင်ရှည်တွေက လှိုင်းထလျက် နောက်ကိုလှန်ကာ ဖီးသင်ထားတာမို့ နဖတ်ဝင်းမွတ်သော မျက်နှာက မင်းသားတစ်ယောက်လို ချောမော သည်။

ဝင်းထင်းနေသော မျက်နှာပေါ်က မျက်ခုံးထူထူတွေအောက်က မျက်ဝန်းတွေကလည်း သစ်ပင်အောက်ခုံတန်းပေါ်မှ သူမတို့နှစ်ဦးကို ငေး ကြည့်နေ၏။

"ဒီမှာ အိမ်ရှင်တို့ ရှိပါသလား ခင်ဗျာ"

"ဘာကိစ္စလဲ၊ အလှူခံဆိုရင်တော့ ကန်တော့ပါသေးရဲ့၊ လူကြီး တွေ မရှိဘူး"

ခခထက်ဦးအောင် လှမ်းဝင်ပြောသူက ပန်းသွေးနီနီဖြစ်သည်။

ပန်းသွေးနီစကားကြောင့် သူ့မျက်နှာ နုချောချောမှာ သွေးရောင် လွှမ်းသွားတာ ခခ အထင်အရှား မြင်လိုက်ရ၏။ ခခရင်ထဲမှာ အားနာစရာ ဖြစ်သွားရတာလည်း အမှန်။

"အလှူခံမဟုတ်ပါဘူးဗျာ၊ အလှူရှင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ပန်းသွေးကော ခခပါ မျက်မှောင်လေးတွေ တွန့်ကွေးသွားကြရသည်။

"အလှူရှင် ဟုတ်လား"

ဒီတစ်ခါတော့ ခခ ခုံတန်းလေးက ပန်းသွေးထက်ဦးအောင် ထရပ်ရင်း ခြံတံခါးဆီသို့ လျှောက်ခဲ့သည်။

ပန်းသွေးက လက်ထဲမှ ဂစ်တာကို ခုံတန်းပေါ်တင်ထားရစ်ကာ ခခနောက်က လိုက်လာသည်။

အနီးကပ်မြင်လိုက်ရမှ သူ့မျက်နှာလေးကို ခခ မြင်တွေ့ခံစား လိုက်ရပါသည်။ တကယ်ချောတဲ့ ယောက်ျားပဲ၊ ဝင်းမွတ်နေသော မျက်နှာက အစက်အပျောက် ကင်းစင်နေ၏။ နှုတ်ခမ်းပြည့်ပြည့်၊ အစုံက ပန်းသွေးရောင် လွှမ်းလျက် စိမ်းမြမြ နှုတ်ခမ်းမွေး အရိပ်စိမ်းနုနုလေးတွေအစ ထင်းရှင်းနေ သည်။

"ကျွန်တော်တို့က အိမ်ရှေ့ခြံကို မနေ့ကမှ ပြောင်းလာတာပါ။ မနက်ဖြန် အိမ်တက်ဆွမ်းကျွေးမှာမို့ လာဖိတ်တာပါ။ ဒါကြောင့် အလှူခံ မဟုတ်ဘူးလို့ ပြောတာပေါ့၊ အလှူရှင်ပါ ခင်ဗျာ"

အပြုံးရိပ်လွှမ်းသော နှုတ်ခမ်းလေးတွေ ပြုံးတော့ ဖြူဖွေးသွယ် တန်းသော သွားလေးတွေ လှစ်ခနဲပေါ်လာ၏။

ခခမျက်နှာလေးပေါ်အထိတောင် သူ့အပြုံးတွေ ကူးစက်သွားခဲ့ သည် ထင်မိသည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်။ အန်တီလှိုင် မရှိဘူးရှင့်၊ အပြင်သွားတယ်။ ပြန်လာရင် ခခပြောလိုက်ပါ့မယ်။ ခခတို့က တူဝရီးနှစ် ယောက်တည်း နေကြတာပါ"

သူမမေးဘဲ ခခပြောပြ မိတ်ဆက်နေမိသည်။ သူက ခေါင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ညိတ် ပြုံးရင်း ခခအနောက်က ပန်းသွေးကို ကြည့်နေတာမို့ –

"ဩော် ပန်းသွေးက ခခရဲ့သူငယ်ချင်းပါ။ ပန်းသွေးနီနီတဲ့၊ ခခတို့နဲ့ တစ်လမ်းတည်းကပဲလေ အတွင်းပိုင်း ဆယ်အိမ်ကျော်လောက်က ခြံမှာ နေတာပါ"

"ဟုတ်လား။ ဒါဆို တစ်လမ်းတည်းသားတွေပဲ ဒေါ်လေးကလည်း တစ်လမ်းလုံးကို ဖိတ်ခိုင်းလိုက်တာဆိုတော့ ပန်းသွေးနီနီကိုပါ တစ်ခါတည်း ဖိတ်လိုက်ပါရစေ"

"ဆောရီးပဲ၊ ကျွန်မက အလှူတွေ၊ မင်္ဂလာပွဲတွေ ဝါသနာမပါဘူး။ ဘယ်တော့မှလည်း မသွားတတ်ဘူး"

"ဟယ် ပန်းသွေးကလည်း"

ပန်းသွေးအကြောင်း သိနေပြီးဖြစ်ပေမယ့် ခခ တကယ်ပဲ အားတုံ့ အားနာဖြစ်သွားရ၏။

"ဘာဖြစ်လို့လဲ ငါ စိတ်မဝင်စားတာ နင်အသိပဲ"

ပန်းသွေး ချာခနဲလှည့်ကာ ခုံတန်းလေးဆီ ပြန်လျှောက်သွား၏။ သူ့ကို ခခ ပြန်လှည့်ကြည့်တော့ ပန်းသွေးကို လှမ်းကြည့်နေ၏၊ မျက်နှာ လေးပေါ်မှာတော့ အပြုံးရိပ်တွေ ပျောက်ကွယ်သွားခဲ့တာ သေချာသည်။

"ဟို ...ပန်းသွေးက ဒီလိုပဲ အဟင်း သူက တကယ့်ဂျစ်၊ သူ့အိမ်မှာ သူ့မိဘတွေ ရှိပါတယ်၊ ဒီကသွားဖိတ်ရင် လာကြမှာပါ"

"ဟုတ်ကဲ့ ရပါတယ်၊ ကျွန်တော်က ဒေါ်လေး အမိန့်အတိုင်း တစ်လမ်းလုံး ဖိတ်မှာပါ၊ ကဲ ခွင့်ပြုပါဦး"

ထိုနေ့က ခခ သိချင်သော သူ့နာမည်လေးကိုတောင် ခခ်မေးခွင့်မရ လိုက်ခဲ့ပါ။ အိမ်ရှေ့ခြံကို လူသစ်တွေ ပြောင်းလာတာ ခခ မသိ၊ သတိလည်း မထားမိခဲ့ပါ။ အခုတော့ နှုတ်ခမ်းမွှေးပေါ်ကျော ချောသော ရွှေမင်းသားလေးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမိ၏။

သူတို့အိမ်ကအလှူကို လိုက်ခဲ့ဖို့ ပန်းသွေးကို ခခ မရမက ခေါ်ပေမယ့် ပန်းသွေးက ခါးခါးသီးသီးငြင်းကာ မလိုက်ခဲ့ပါ။ ပန်းသွေးမေမေကိုတော့ အလှူအိမ်မှာ တွေ့ရ၏။ ခင်ပွန်းဖြစ်သူ ဦးဗလမင်းမော်နှင့်အတူ ရောက်လာခြင်းဖြစ်သည်။

ဦးဗလမင်းမော်က ပန်းသွေးဖခင်ရင်းမဟုတ်။ ပန်းသွေးမေမေရဲ့ နောက်အိမ်ထောင်ဖြစ်သည်။ မိခင်ဖြစ်သူထက် ဆယ်နှစ်ကျော်ခန့် ငယ်ရွယ်သော ပထွေးတစ်ယောက်ကို အဖေတော်ဖို့အတွက် လက်မခံနိုင်သော ပန်းသွေးနီနီစိတ်ကိုတော့ ခခ နားလည်စာနာနိုင်ပါသည်။

ဒါကြောင့်လည်း ပန်းသွေးက မိခင်ဖြစ်သူနှင့် ဘယ်အလှူမင်္ဂလာပွဲကိုမှ အတူမသွားဘဲ ရှောင်နေခြင်းပင် ဖြစ်၏။

ခခကတော့ ဒေါ်လေးလှိုင်နှင့်အတူ သူ့အိမ်တက်အလှူကို ရောက်ခဲ့သည်။ သူ့အမည် မဏိလျှမ်း။ ဗိသုကာပညာရပ်နှင့် ကျောင်းပြီးကာ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု တည်ထောင်ထားသူ။ မိဘနှစ်ပါးမရှိတော့ဘဲ အဒေါ်အပျိုကြီးနှင့်အတူ နေသူဆိုတာ ခခ သိလိုက်ရသည်။

အဲဒီကတည်းက ခခ နှလုံးသားထဲမှာ မဏိလျှမ်းဆိုသော သူ့အရိပ်က စိုးမိုးခဲ့ရခြင်းဖြစ်သည်။

မိခင်ဖြစ်သူ အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်ပြီးကတည်းက ယောကျာ်းဆိုလျှင် အမြင်မကြည်ချင်သော ပန်းသွေးနီနီကတော့ ခခကို သဘောမကျချင်ပါ။ ကျန်သူငယ်ချင်းတွေအားလုံးကတော့ မဏိလျှမ်းရုပ်ကို မြင်ယုံနှင့် ခခနှင့် သဘောတူကြည်ဖြူခဲ့ကြသည်။

"ဒီတစ်ခါတော့ နင့်နှလုံးသားက တကယ်ချစ်တတ်ပြီလား ခခ"

ပိုပိုကတော့ ခခအကြောင်းကို သိနေသူမို့ မယုံမရဲ မေးသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာတုန်းက ရည်းစားတွေ ထည်လဲတွဲတတ်ခဲ့သော ခခနောင် နှလုံးသားကလည်း ယောင်လို့တောင် ခလုတ်မတိုက်ခဲ့ဖူးပါ။

"ရုပ်ကော ပညာကော အရည်အချင်းပါ အပြစ်ရှာစရာမရှိသူကိုမှ နင်မရွေးချယ်နိုင်ဘူးဆိုရင် နင့်နှလုံးသားကို ရှေးဟောင်းပြတိုက်သာ ပို့ထားလိုက်တော့ ခခ"

သူငယ်ချင်းတွေက မဏိလျှမ်းကို သူမနှင့် အလိုက်ဖက်ဆုံး ကြင်ဖက်ဟု တညီတညာတည်း သတ်မှတ်ခဲ့ကြသည်။ သူမဘာက်ကတော့ မဏိလျှမ်းကို တကယ်ပဲ ချစ်ခဲ့မိပြီလား။ တိကျသေချာစွာတော့ မပြောတတ်သေးပါ။ ဒါပေမဲ့ သေချာသည်ကတော့ မဏိလျှမ်း သိပ်ချောသည်။

အင်ဂျင်နီယာတစ်ဦး။ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်။ သူမလိုပဲ အဒေါ်ဖြစ်သူနှင့် နေထိုင်သူဆိုသော အခြေအနေတွေကတော့ တိုက်ဆိုင်လွန်းနေသည်။

နောက်ဆုံး အချစ်ဆိုတာကို ဘေးဖယ်ထားလိုက်ဦး။ မိန်းမသားတစ်ယောက်အတွက် ရွေးသင့်သော ယောကျာ်းတစ်ယောက်ဆိုတာ ငြင်းပယ်မရတာအမှန်။

နေ့စဉ် အိမ်အပေါ်ထပ် ဝရန်တာလေးက မဏိလျှမ်းအလုပ်သွား အလုပ်ပြန် ငေးကြည့်ရင်း ခခ ရင်ထဲမှာ ကျေနပ်သလိုလို ဖြစ်ရ၏။ ဒါကြောင့်လည်း ခခဘက်က ရေလာဖို့ မြောင်းပေးမိခြင်းပင် ဖြစ်သည်။

"ဒီပုဂ္ဂိုလ်က မိုးလင်းအိမ်ကထွက် မိုးချုပ်လုမှ အိမ်ပြန်တာဟ၊ နားရက်ဆိုလို့ တနင်္ဂနွေတစ်ရက်ပဲ ရှားရှားပါးပါး ရှိတယ်၊ အဲဒီရက်ကျရင် ဝရန်တာမှာ ဒရင်းဘက်ခုံထိုင်ပြီး စာတွေဖတ်နေတတ်တယ်"

"နေပါဦး။ နင့်ကိုငါ မမေးဘဲ ဘာလို့ ဒီလူ့အကြောင်း ပြောနေတာလဲ ခခ"

www.burmeseclassic.com

www.burmeseclassic.com



"အကူအညီတောင်းချင်လို့ပေါ့ ပန်းသွေးရဲ့၊ နင် ငါ့ကို ဂစ်တာ တီးပေးဟာ၊ သူရှိတဲ့နေ့တိုင်း ဝရန်တာမှာ နင် ဂစ်တာတီး ငါသီချင်းဆိုမယ်"

"အရှက်မရှိ မိန်းမနောက်ပိုးကိစ္စကြီးပဲ"

"မတတ်နိုင်ဘူးလေ၊ မြင်းကမလှုပ်တော့လည်း ခုံကပဲ လှုပ်ရမှာ ပေါ့၊ နင့်ဘက်က လိပ်ပြာသန့်သန့် ကူညီစမ်းပါ ပန်းသွေးရယ်၊ တို့ဘာသာ ဝရန်တာမှာ ဂစ်တာတီးသီချင်းဆိုတာပဲ ဘာဂရုစိုက်ရမှာလဲ"

ပန်းသွေးရဲ့ဂျစ်ကန်ကန်စိတ်ကို သိသူပီပီ ခခမြှောက်ပင့်ပြောကာ ဂစ်တာတီးပေးဖို့ အကူအညီတောင်းရသည်။

ဆုန်သင်းပါရ်ရဲ့ သခင်သီချင်းလေးကို သူရှိတိုင်း ပန်းသွေးက ဂစ်တာတီး ခခက ဆိုကာ သူ့ကို ပိုးပမ်းနေမိတာ တစ်ပတ်ကျော်ခန့် ကြာခဲ့ပြီ။ သူကလည်း ခခသီချင်းသံကို ကြားတိုင်း ဝရန်တာလေးမှာ နား ထောင်ရင်း လှမ်းကြည့်တတ်သည်။

ကြာလျှင်တော့ သူ့စိတ်တွေ ခခဆီလည်လာမှာပါ။ ခခအချစ်ကို တောင်းခံလာရဦးမှာပေါ့။

"အားလားလား ... နာလိုက်တာ"

လက်မောင်းကို ဆွဲအဆိတ်ခံလိုက်ရတာမို့ ခခ နာကြင်စွာ ထ အော်ပစ်လိုက်မိသည်။ ပန်းသွေး မျက်စောင်းလေး လွှင့်လာရင်း

"တော်သေးတာပေါ့၊ ငါက ဇုတ်တုတ်ကြီး နှလုံးခုန် ရပ်သေနေ ပြီ ထင်တာ"

"ကောင်မစုတ် ပြောလိုက်ရင် တနင့်တပိုးကြီးပဲ"

"ပြောမှာပေါ့ နင်လုပ်ပုံက ဟိုပုဂ္ဂိုလ်ရိပ်မိသွားရင် သိက္ခာကျ စရာကိုး။ ကဲ ငါပြန်တော့မယ်"

"ဟင် ပြန်တော့မှာလား၊ နေပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"မနေတော့ဘူး။ မေမေ့ယောက်ျားကြီး ပြန်မလာခင် အိမ်ပြန် ထမင်းစား ရေမိုးချိုးပြီး အခန်းထဲ ဝင်နေတော့မယ်"

"ပန်းသွေးရယ် ကိုယ့်အဖေတော်နေပြီပဲဟာ၊ နင် စိတ်နည်းနည်း တော့ လျှော့လိုက်သင့်ပြီ"

"နင် ဘာမှမသိပါဘူး ခခရယ်။ ငါက ပထွေးဆိုတိုင်း နာမည် ကြားရုံနဲ့ မုန်းတီးနေတဲ့သူတွေထဲမှာ မပါပါဘူး။ အခုကိစ္စမှာ ငါ့စိတ်ထဲက အလိုလိုသိနေတာ၊ ဦးဗလမင်းမော်က ငါ့အတွက် အဖေတစ်ယောက် ဖြစ် လာမှာမဟုတ်ဘူး။ တော်ပြီဟာ ငါ ဘာမှမပြောချင်တော့ဘူး ငါ ပြန်တော့ မယ်"

ဂစ်တာကို ကောက်ယူပြီး ပန်းသွေးထရပ်သည်။ အဝါနုရောင် တီရှပ်လက်တိုနှင့် ဂျင်းပင်န်ကို ဒူးဖုံးရုံမျှ ဖြတ်ပိုင်းကာ ဝတ်ဆင်ထားပုံက ပေါ့ပါးလွတ်လပ်သော စတိုင်လ်ကို ပေါ်လွင်စေသည်။

"ဟော သမီးပန်းသွေး ပြန်တော့မှာလား"

"ဟုတ်ကဲ့ အန်တီလှိုင်"

အောက်ထပ်မှာ အန်တီလှိုင်နှင့်ပန်းသွေးတို့ နှုတ်ဆက်နေသံကို ခခ ကြားရသည်။ ခခမျက်ဝန်းတွေ တစ်ဖက်ခြံကို လှည့်ကြည့်လိုက်တော့ သူ့ ဝရန်တာမှာ မရှိတော့ပါ။ ဒရင်းဘက်ပေါ်မှာလည်း မတွေ့ရတော့ချေ။

ခခတို့သီချင်းသံ မကြားရတော့၍ သူ အိမ်ထဲပြန်ဝင်သွားခြင်း ဖြစ်မည်ထင်သည်။ စိတ်ထဲမှာ ပန်းသွေးကို အလိုမကျဖြစ်ရ၏။

ပန်းသွေးသာ ဂစ်တာဆက်တီးဖြစ်လျှင် ခခသီချင်း ထပ်ဆိုဖြစ် ဦးမှာပါ။ သခင်ဆိုတဲ့ သီချင်းလေးပေါ့။

သခင်လိုရာ အဆင်သင့်ဖြစ်မယ်ဆိုတဲ့အဓိပ္ပာယ်လေးကို ရှင် နား လည်စေချင်လိုက်တာ မဏိလျှမ်းရယ်။ ရှင် ဘာဖြစ်လို့ မသိချင်ယောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေရတာလဲ။

ခခနောင်ဆိုတာ ကျောင်းမှာတုန်းက ယောက်ျားလေးပေါင်းများစွာရဲ့ အာရုံကို ပိုင်စိုးခဲ့သူပါ။ ရှင်နဲ့ကျမှပဲ ခခနောင်ရဲ့သမိုင်းတော့ မပြောင်းပါရစေနဲ့။ ရှင့်အတွက် ခခ ဘယ်အချိန်ထိတောင် တံခါးဖွင့်ထားရမှာတဲ့လဲ။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

အညိုစင်းလက်ရှည်အင်္ကျီကို တံတောင်ဆစ်အထိရောက်အောင် ခေါက်တင်လိုက်သည်။ ပြီးတော့ အနက်ရောင်မှိုင်းမှိုင်း ရှော့ပင်န်ကို လဲလှယ်ဝတ်ဆင်၏။

ဂုတ်သာသာမျှအထိသာရှည်သော ဆံပင်တိုတိုကို နောက်လှန်သိမ်းပြီးချိန်မှာတော့ ပန်းသွေးနီနီ ပြင်ဆင်မှုက ပြီးဆုံးခဲ့ပြီ။

မှန်ထဲမှာ ဝင်းဖန့်နုသောမျက်နှာလေးကို မြင်သည်။ ပြေပြစ်သော နဖူး။ သွယ်တန်းသော မျက်ခုံး။ စင်းနေသော နှာတံက ချွန်မြမြကြီး မဟုတ်ဘဲ ကျစ်လျစ်လုံးလုံးလေးနှင့် ပကတိ ပန်းနုသွေးလွှမ်းသော နှုတ်ခမ်းတွေက ဆိုးဆေးမလို။

မျက်နှာပေါ်မှာ ဘာအလှအပ အကူအညီကိုမှ တင်စရာမလိုဘဲ ပကတိအတိုင်း နေတတ်တာ ပန်းသွေးနီနီ အကျင့်ပဲဖြစ်သည်။ အရင်က တော့ အလှူအတန်း မွေးနေ့ပွဲလေးဘာလေးသွားလျှင် ပေါင်ဒါပါးပါးလေး

www.burmeseclassic.com

www.burmeseclassic.com



ဖို့ဖြစ်သည်။

အခုတော့ စားပွဲပေါ်က အလှပြင်ပစ္စည်းတွေကို အံဆွဲထဲ သိမ်းကျုံးထည့်ပြီး ဥပေက္ခာပြုခဲ့တာ ကြာပြီ။

အလှပအတွေကိုလည်း မမက်မောချင်တော့ပါ။ ပြင်ဆင်ချင်စိတ်လည်း မရှိတာအမှန်။

အဝတ်အစားဆိုလည်း ပေါ့ပေါ့ပါးပါးကိုပဲ အလွယ်တကူ ဝတ်ဖြစ်ခဲ့သည်။ အကြပ်တွေ၊ အဟိုက်တွေနှင့် ခန္ဓာကိုယ်ကို ရစ်ပတ်ချုပ်နှောင်နေတာမျိုးကို ပန်းသွေးမနှစ်သက်။

"ပန်းသွေးရယ် အဝတ်အစားကို လှလှပပလေး ဝတ်စမ်းပါ၊ နင့်ခန္ဓာကိုယ် အချိုးအစားနဲ့ဆို တကယ်လှမှာ သိလား"

ခခနောင်က အမြဲတမ်း ပြောဖူးသည်။ တိုက်တွန်းသည်။ ဒါပေမဲ့ ပန်းသွေး ပြုံးပြုံးလေးနှင့်ပဲ ခေါင်းကို ခါရမ်းမိသည်။

"မိန်းကလေးပဲဟာ အလှအပတော့ ကြိုက်သင့်တယ်၊ အင်းလေ နင်က မပြင်မဆင်ဘဲနဲ့လည်း လှပြီးသားကိုး"

ခခနောင်က အားကျသလို ပြောတတ်သည်။ ဒါပေမဲ့ ဘယ်တော့မှ လှပမှုကို ဂုဏ်ယူစရာတစ်ခုဟု သူမ မမြင်တတ်ခဲ့ပါ။

"မမပန်းသမီးလေးက တကယ့်အချောလေးပဲ၊ ကြည့်စမ်း မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး မျက်နှာလေးက နုဖတ်နေတာပဲ"

အရင်က မေမေနှင့် ညှော်ခံပွဲတွေ လူစည်ကားရာနေရာတွေ သွားတိုင်း မေမေ့မိတ်ဆွေတွေက ဝိုင်းဝန်းချီးကျူးတတ်ကြသည်။

"မေမေ့သမီးလေးက သိပ်ချစ်စရာကောင်းတယ်၊ မျက်ဝန်းလေးတွေ ကြည်လဲ့နေတာက ပိုစွဲမက်စရာကောင်းနေတယ်၊ သမီးအဖေနဲ့ သွားတူတာကွယ့်၊ သမီးအဖေက မျက်လုံးမျက်ခုံး လှတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြောပြသောစကားတွေကို ပန်းသွေး ကြားဖူးသည်။ ပန်းသွေး အထက်တန်းကျောင်းသူဘဝက ဖေဖေဆုံးခဲ့တာမို့ ဖေဖေ့မျက်နှာလေးကို မှတ်မိနေဆဲရှိသည်။

ဖေဖေ့မျက်ဝန်းတွေက ကြည်လဲ့တောက်ပသည်။ ရယ်လိုက် ပြုံးလိုက်လျှင် မျက်ဝန်းတွေက အလိုလို လိုက်ရယ်ပြုံးတတ်သည်။ ဖေဖေ့ရဲ့ မျက်ဝန်းတွေထဲက နွေးထွေးငြိမ်းချမ်းသော မေတ္တာဓာတ်တွေကို ပန်းသွေး ခံစားခဲ့ရဖူး၏။

ဖေဖေသည် မေမေနှင့် ပန်းသွေးတို့ကို လျင်မြန်စွာ ခွဲခွာသွားခဲ့မည်ဟု မထင်ခဲ့မိပါ။ ကင်ဆာရောဂါနှင့် ဖေဖေ တိမ်းပါးတော့ ပန်းသွေး အသက်က တစ်ဆယ့်လေးနှစ်ပဲ ရှိသေး၏။

ဖေဖေ တိမ်းပါးတော့ မေမေသည် မိန်းမသားတန်မဲ့ ဖေဖေ့ရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို ဆက်ပြီး လည်ပတ်အောင် ဦးဆောင်ခဲ့ရသည်။

စီးပွားရေးလုပ်ငန်းတွေက ဟန်မပျက် ပုံမှန်အတိုင်း ဆက်လည်ပတ်ခဲ့သည်မို့ အခက်အခဲမရှိခဲ့ချေ။ မေမေ့ရဲ့ဦးဆောင်နိုင်မှု အရည်အချင်းကို ပန်းသွေး ချီးကျူးလေးစားမိသေးသည်။

ဖေဖေ မရှိတော့ပေမယ့် ပန်းသွေးအတွက် ပူပန်စရာ မရှိခဲ့ပါ။ မေမေက အားလုံး အဆင်ပြေအောင် တာဝန်ယူနိုင်ခဲ့၏။ ကိုယ်ပိုင်ကားနှင့် ပန်းသွေး ကျောင်းတက်နိုင်သည်။ ပန်းသွေး လိုချင်တာမရ မရှိခဲ့ရ။ ဒါတွေအားလုံး မေမေ့ရဲ့အစွမ်းအစ အရည်အချင်းတွေဟုပဲ ပန်းသွေး ယုံကြည်ခဲ့သည်။ ပန်းသွေး ဘာမှမရိပ်မိ။ မသိရှိဘဲ ဖြတ်သန်းခဲ့သော သုံးနှစ်ကျော်ကာလမှာ မေမေ့ရဲ့လျှို့ဝှက်ချက်ကို မထင်မှတ်ဘဲ သိရှိလိုက်ရ၏။

ထိုနေ့က ပန်းသွေးအတန်းလစ်ကာ သူငယ်ချင်းဒီဒီ၏မွေးနေ့ ဒါနမြောက်အောင် ဒံပေါက်လိုက်စားဖြစ်သည့်နေ့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ ပန်းသွေးတို့ သူငယ်ချင်းတွေ စားသောက်မျော်ရွှင်နေကြတုန်း ဆိုင်ရှေ့ကို ထိုးရပ်လာသည့်ကားက မေမေ့ရဲ့ကား ဖြစ်နေ၏။

ပန်းသွေး ကျောင်းပြေးတာ မေမေသိတော့မည်ဟု တွေးကာ ထိတ်ခနဲ ဖြစ်ရ၏။ မေမေ့ကို ကြောက်လှတာ မဟုတ်ပေမယ့် တစ်ခါမှ မေမေမသိအောင် ကျောင်းမလစ်ခဲ့ဖူးတာမို့ ပန်းသွေး ပိုပို့ဆိက ဦးထုပ်ဝိုင်းကြီးကို လှမ်းဆွဲယူဆောင်းလိုက်ရင်း

"ကျွိုင်ပဲ၊ မေမေနဲ့ ထိပ်တိုက်တိုးနေပြီဟ၊ ငါ့ကို ကွယ်ထားကြစမ်းပါ"

"ဟယ် ဟုတ်လား၊ ဘယ်မှာလဲ။ အဲ အဲတော့"

"ဟယ် အန်တီပန်း နှ အဲ"

လှည့်ကြည့်သည့် သူငယ်ချင်းတွေ မျက်နှာတွေပေါ်က အပြောင်းအလဲတွေကြောင့် ပန်းသွေးစိတ်ထဲမှာ တစ်မျိုးခံစားရသည်။ မေမေရှိရာကို ပန်းသွေး မဝံ့မရဲလေး ခိုးကြည့်တော့

"ဟင်"

ပန်းသွေးမျက်ဝန်းတွေ မယုံနိုင်အောင် ဝိုင်းစက်သွားခဲ့ရသည်။ မေမေနှင့်အတူ ဆိုင်ထဲ လှမ်းဝင်လာသော နံဘေးက အဖော်က ယောကျ်ားတစ်ဦး ဖြစ်နေသည်။

ထို့ထက်ပို၍ ရှက်ရွံ့ထူပူစရာကောင်းသည်က ထိုယောကျ်ားက မေမေ့လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားခြင်းပင်။

"ပန်း ပန်းသွေး သူငယ်ချင်း"

အနီးမှာရှိသော ခခက ပန်းသွေးလက်မောင်းကို ဆုပ်ကိုင်ပြီး သတိပေး၏။ သည်တော့မှ ပန်းသွေးပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာတာကို သတိထားမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မယုံနိုင်မှု၊ ရှက်ရွံ့မှုတွေကြောင့် ထူပူရှိန်းမြလျက်။

"ပန်းသွေး"

ခခနွတ်က သူမအမည်ကို တိုးတိုးခေါ်သံပဲ ထပ်ထွက်လာသည်။ ကျန်သူတွေအားလုံး အကြည့်တွေမှာလည်း နှစ်သိမ့်ဖို့စကားတွေ ပျောက်ဆုံးနေသလိုရှိ၏။

ပန်းသွေးတို့ ဝိုင်းကိုမမြင်သော မေမေတို့စုံတွဲက ထောင့်စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်ကြသည်။ နှစ်ဦးသား အပြုံးတွေဝေလျက် ရှိနေပုံက ပန်းသွေးမျက်ဝန်းထဲကို စူးစူးနစ်နစ် တိုးဝင်လာသည်။

အားလုံးကို ကျောခိုင်းကာ ပန်းသွေးထွက်လာခဲ့တော့ ခခခေါ်သံကို ကြားလိုက်ရသေး၏။ ဒါပေမဲ့ ပန်းသွေး လှည့်မကြည့်တော့ပါ။

ရပ်ထားသော ကားပေါ်တက်ကာ မောင်းထွက်ခဲ့ချိန်ထိ မျက်ရည်စတွေ ပူလောင်စီးကျနေဆဲ။ ပန်းသွေးရင်ထဲမှာလည်း ရက်စက်လိုက်တာ မေမေရယ်ဟု အကြိမ်ကြိမ် အော်နေမိဆဲ။

ထိုညနေက ပန်းသွေးတစ်ယောက်တည်း အင်းလျားကန်ဘောင်ရိုးမှာ ထိုင်နေမိတာ အလင်းရောင်ပျောက်ဆုံးလုအချိန်အထိ။

တစ်ယောက်တည်း အားရအောင် ငိုကြွေးပြီးတော့ ပန်းသွေးဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာ ချနိုင်ခဲ့သည်။

မေမေနှင့် ထိပ်တိုက်ရင်ဆိုင်ရှင်းရမည်။ သည်ကိစ္စကို ပန်းသွေးဘယ်လိုနည်းနှင့်မှ ကျေနပ်စရာ မရှိနိုင်တာ ပြောရမည်။

ရင်ထဲက ခံစားချက်တွေကို အံကြိတ်တင်းရင်း ပန်းသွေး အိမ်ကိုပြန်ခဲ့တော့ ဧည့်ခန်းထဲမှာ မေမေတစ်ယောက်တည်း ထိုင်စောင့်နေသည်။

"သမီးရယ် မေမေ စိတ်ပူလိုက်ရတာ၊ ခခတောင် စောစောကမှ ပြန်သွားတယ်၊ သမီးသူငယ်ချင်းတွေဆီ ဖုန်းဆက်ရတာလည်း အမောပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်အောက်မှာ ကားရပ်မိသည်နှင့် မေမေ အနီးရောက်လာကာ စိုးရိမ်တကြီး ပြောသည်။ မေမေ့မျက်ဝန်းတွေထဲကို သူမ တည်ငြိမ်စွာ ငေးစိုက်ကြည့်ရင်း နှုတ်ဆိတ်နေမိတော့

"သမီး ဘယ်လိုခံစားလိုက်ရတယ်ဆိုတာ မေမေ သိတယ် သမီး"

"ဘယ်လိုမှ မယုံနိုင်ဘူး မေမေ၊ မေမေ သိပ်ရက်စက်တယ် အဟင့် ဟင့် ဟင့်"

"လာပါ သမီးရယ်၊ မေမေတို့ ညှော်ခန်းထဲမှာ အေးအေးဆေးဆေး စကားပြောကြရအောင်နော်"

ပန်းသွေးပခုံးလေးကို ပွေ့ဖက်ချော့မော့ရင်း မေမေ ညှော်ခန်းထဲမှာ ထိုင်စေ၏။ မေမေ့နှုတ်က နှစ်သိမ့်စကားတွေကို ပန်းသွေး မကြားချင်ပါ။ မေမေ့ကိစ္စကိုပဲ ခါးသီးစွာ ငြင်းဖို့ ဆုံးဖြတ်ထားသည်မို့။

"သမီး ဘာမှမသိချင်ဘူး မေမေ၊ မေမေ သမီးကို မမြင်ခဲ့ပေမယ့် သမီးကတော့ မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပါ"

"မေမေ မညာပါဘူး သမီး၊ သမီးကို ဖွင့်ပြောဖို့လည်း စဉ်းစား ထားပြီးသားပါ"

"ဘာရယ် မေမေ၊ ဒါ မေမေ့ရဲ့ဝန်ခံစကားလားဟင်"

မေမေ့မျက်ဝန်းတွေထဲ စူးစူးနစ်နစ် စိုက်ကြည့်ရင်း ပန်းသွေး အထိတ်တလန့် မေးမိသည်။ မေမေကတော့ ပကတိတည်ငြိမ်သော အကြည့် တွေနှင့် ပန်းသွေးကိုကြည့်ကာ ခေါင်းကလေးညိတ်၏။

"ဟုတ်တယ် သမီး၊ သူ့နာမည်က ဦးဗလမင်းမော်တဲ့၊ သမီး ဖေဖေရှိစဉ်ကတည်းက စီးပွားဖက်ပါတနာတွေပဲ ဆိုပါတော့၊ သမီးဖေဖေ ဆုံးတော့ လုပ်ငန်းအားလုံးကို အထိုင်မပျက် လည်ပတ်အောင် သူပဲ ကူညီ ပေးနေခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ အဲဒါတွေ သမီးမသိဘူး။ သမီးပြောချင်တာ သမီး ဘယ်သူ့ကိုမှ ပထွေးမတော်ချင်ဘူး မေမေ"

"မေမေ့ဘဝမှာလည်း သမီးဖေဖေကလွဲရင် ဘယ်သူ့ကိုမှ မတွယ် တာခဲ့ဘူး သမီး။ ဒါပေမဲ့ အကောင်းဆုံးအတွက် မေမေ ဦးနှောက်နဲ့ ရွေး လိုက်တာပါ၊ သူက မေမေ့ကို လက်ထပ်ခွင့်တောင်းတယ်၊ အသေအချာ စဉ်းစားပြီးမှ မေမေ ခေါင်းညိတ်ခဲ့တာ သမီး"

"အသေအချာ စဉ်းစားပြီးမှ ဟုတ်လား မေမေ၊ သမီးအတွက် ဖခင်နေရာမှာ အစားထိုးရမယ့် သူစိမ်းယောကျ်ားကို မေမေ စဉ်းစားရွေးချယ် ခဲ့တာပေါ့ ဟုတ်လား"

"သမီးအတွက် မေမေတို့ဘဝအတွက် မေမေ စဉ်းစားခဲ့တာ သမီး၊ သူက စီးပွားရေးလောကမှာ မေမေထက် တော်တယ်၊ ထက်တယ်၊ သူ့ကြောင့် မေမေ့လုပ်ငန်းပိုင်းမှာ အောင်မြင်တိုးတက်နေတာ သေချာတယ်၊ သူ မရှိတော့ရင် မေမေတစ်ယောက်တည်း ဆက်အုပ်ချုပ်စီမံဖို့ဆိုတာ မလွယ်ဘူး။ မေမေက မိန်းမသားတစ်ယောက်ပဲ သမီးရယ်၊ စီးပွားရေးလောက ထဲမှာ မားမားမတ်မတ် သိက္ခာရှိရှိ ရပ်တည်ဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် သူ့ကို လက်ထပ်ဖို့ မေမေ ဆုံးဖြတ်လိုက်တာပဲ သမီး"

"ဟင့်အင်း၊ သမီး လုံးဝသဘောမတူဘူး မေမေ"

"မေမေ မျှော်လင့်ပြီးသားပါ၊ ဒါပေမဲ့ မေမေ့ဆုံးဖြတ်ချက်ကို သမီး တဖြည်းဖြည်း နားလည်လာမယ်လို့ မေမေ ယုံကြည်တယ် သမီး"

"ဘယ်လိုမှ လက်ခံနိုင်စရာ မရှိဘူး မေမေ၊ မေမေ့ရဲ့အကြောင်း ပြချက်တွေကို သမီး လုံးဝလက်မခံဘူး၊ ပြီးတော့ သမီးဖေဖေရဲ့နေရာမှာ ဘယ်သူစိမ်းယောကျ်ားကိုမှ သမီး အစားမထိုးနိုင်ဘူး မေမေ"

"သမီးခံစားချက်ကို မေမေ နားလည်တယ် သမီး၊ မေမေလည်း

www.burmeseclassic.com

www.burmeseclassic.com



သမီးဖေဖေကိုချစ်တဲ့ အချစ်အတွက် ဘယ်ယောကျ်ားမှ အစားမထိုးနိုင်ဘူး။ အစားထိုးမရနိုင်ပါဘူး''

''ဒါနဲ့များ မေမေရယ်''

''မေမေ့အသက် သုံးဆယ့်ရှစ်နှစ်ကျော်နေပြီ၊ သမီး ယောကျ်ား တစ်ယောက်ကို ရင်ခုန်လှုပ်ခတ်ရမယ့်အရွယ် မဟုတ်တော့ပါဘူး။ မေမေ့ ဦးနှောက်ထဲမှာရှိတာ မေမေတို့ဘဝလေး တည်တည်ငြိမ်ငြိမ် ဆက်ရပ်တည်ဖို့၊ ပြီးတော့ လောကကြီးထဲမှာ ကျန်ရစ်ခဲ့မယ့် သမီးလေးအနာဂတ်ထဲမှာ အရာရာပြည့်စုံပြီး အေးချမ်းနေစေဖို့ပဲလေ၊ မေမေ မရှိတော့ရင်တောင် သမီး တစ်ဘဝအတွက် ပြည့်စုံလုံလောက်တဲ့ ဥစ္စာခနတွေ ကျန်ရစ်ခဲ့မှာပါ သမီး ရယ်''

''အဲဒါတွေကို သမီးမမက်ဘူး မေမေ၊ သမီးလိုချင်တာ မေမေ့ရဲ့ မေတ္တာတရားပဲ၊ ကျန်တာကို ဘာမှမလိုချင်ဘူး မေမေ့ကိုလည်း သမီးတစ် ယောက်တည်းအတွက်ပဲ တစ်သက်လုံး ရှိစေချင်တယ်''

''သမီးရယ် သူ့ကို လက်ထပ်လိုက်လို့ မေမေ့မေတ္တာတွေက သမီးအပေါ် တစ်ရွေးသားတောင် မလျော့ပါဘူးကွယ်၊ ဒါကို သမီး နားလည် လာမှာပါ''

''ဒါ ... ဒါ ... မေမေ့ဆုံးဖြတ်ချက်လားဟင်၊ မေမေ မပြင်နိုင် တော့ဘူးလား''

''မေမေတို့ ပြီးခဲ့တဲ့အပတ်ကပဲ ရုံးမှာ တရားဝင်လက်မှတ်ထိုးပြီးပြီ သမီး၊ သမီးကို အသိပေးပြီးမှ မင်္ဂလာပွဲကို မိတ်ဆွေတချို့နဲ့ အကျဉ်းသဘော စီစဉ်ဖို့ ညှိနှိုင်းအစီအစဉ်ဆွဲထားတယ်''

ပန်းသွေး မယုံနိုင်အောင် အံ့အားသင့် တုန်လှုပ်ခဲ့ရသည်။ သမီးကို ချစ်သည်ဆိုသော မေမေက ပန်းသွေး ဘာမှမသိလိုက်ခင်မှာပဲ ဆုံးဖြတ်စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးခဲ့ပြီတဲ့။

နောက်ပိုင်းမှာ ဗလမင်းမော်ဆိုသော မေမေ့ရဲ့ခင်ပွန်းအိမ်ကို လိုက်လာသည်။ အသေအချာမြင်လိုက်မှ မေမေ့အသက်ထက် ငါးနှစ်ခန့် ငယ်သော ယောကျ်ားတစ်ဦးဟု ပန်းသွေး သိလိုက်သည်။

အသက်သုံးဆယ်စွန်းစပေမယ့် နုပျိုသော ရုပ်ရည်က လူငယ်ဆန်သည်။ စူးရှ၍ တစ်ဖက်သားကို ညှို့ငင်သလို ကြည့်တတ်သော မျက်ဝန်းတွေကိုတော့ ပန်းသွေး ဘယ်လိုမှ သဘောမကျနိုင်ပါ။

မေမေ့ကို မမပန်းဟုခေါ်သော ဦးဗလမင်းမော်က သူ့မကိုတော့ ပန်းသွေးဟုပဲ ခေါ်သည်။ သမီးဟု ခေါ်ရလောက်အောင်လည်း အသက်အရွယ်က ကွာခြားလွန်းသည်မဟုတ်။

သည်လိုယောကျ်ားတစ်ယောက်နှင့် နေ့စဉ်မျက်နှာချင်းဆိုင်နေရမည့်အရေးအတွက် ပန်းသွေး စိတ်ညစ်ညူးခဲ့ရသည်။ မေမေကတော့ မသိကျိုးကျွံပြုနေခဲ့တာလား မပြောတတ်ပါ။

မေမေ့ကို စာနာသနားစိတ်လေးကြောင့်သာ ပန်းသွေး မေမေ့ အနီးမှာ ဆက်နေခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ သမီးဖြစ်သော ပန်းသွေး မျက်စိရှေ့မှောက်မှာ မေမေ့ကို ဦးဗလမင်းမော် ကြင်နာယုယပြနေတော့ ပန်းသွေး ပါးတွေ နီမြန်းသည်အထိ ဖြစ်ရ၏။

ဖခင်တစ်ဦးလို ချစ်ခင်လေးစားဖို့မဆိုနှင့် ပန်းသွေးစိတ်ထဲမှာ ရွံရှာစိတ်တောင် ဖြစ်လာရသည်။ ဒါကြောင့်လည်း မျက်နှာချင်းမဆိုင်ဖြစ်အောင် ပန်းသွေး ကြိုးစားခဲ့သည်။

ကျောင်းတက်နေစဉ်က ရှောင်တိမ်းရတာ လွယ်ကူပေမယ့် ကျောင်းပြီးသွားတော့ ပန်းသွေးအတွက် အခက်အခဲတော့ ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကြိုတင်ပြောခဲ့သလို မေမေတို့ရဲ့လုပ်ငန်းတွေ တိုးတက်အောင်မြင်လာတာကိုတော့ ပန်းသွေး မြင်သိကြားနေရ၏။

ကုမ္ပဏီနှစ်ခုပေါင်းကာ စီးပွားရေးကို ဂရုစိုက်လုပ်ဆောင်နေသော မေမေကတော့ ပန်းသွေးခံစားချက်တွေကို ဥပေက္ခာပြု မေ့ထားခဲ့သည်လား။

မနက်တိုင်း ပန်းသွေးမေမေတို့ အလုပ်သွားမှ အိပ်ရာက ထဖြစ်သည်။ တစ်နေကုန် အိမ်မှာနေ ပျင်းလျှင် တစ်လမ်းတည်း နေထိုင်သော ခခနောင်ထံ ရောက်သည်။

မေမေတို့လင်မယား ပြန်လာလျှင် ပန်းသွေး ရေမိုးချိုး ထမင်းစားပြီးလို့ အိပ်ခန်းထဲမှာ ယူထားသော တီဗီကြည့်ချင် ကြည့်၊ စာဖတ်ချင်ဖတ် ပုံမှန်လည်ပတ်နေခဲ့၏။

စိတ်ဒုက္ခရောက်ရသည်က မေမေတို့ အလုပ်ပိတ်ရက် တနင်္ဂနွေရက်တွေမှာ ဖြစ်သည်။ ထိုရက်တွေမှာ ပန်းသွေးအိမ်မှာမနေဖြစ်တာက များသည်။ အိပ်ရာနိုး ရေမိုးချိုးပြီးသည်နှင့် ခခတို့အိမ်ကိုထွက်ဖို့ ပန်းသွေး အသင့်။

အခုလည်း ပန်းသွေး အခန်းထဲမှာ အဝတ်အစားလဲ ပြင်ဆင်နေတုန်း မေမေ ရောက်လာသည်။

"တစ်ရက်တလေ မေမေ အလုပ်နားရက်လေးမှာ သမီးအိမ်မှာ နေပါဦးလားကွယ်"

"သမီး ခခနဲ့ ရှော့ပင်းနှ်ထွက်ဖို့ ချိန်းထားလို့ မေမေ"

"ဟင် ဒီပုံကြီးနဲ့ သွားမလို့လား သမီးရဲ့၊ မျက်နှာကလည်း ပြောင်ကြီးနဲ့ ဝတ်ထားတဲ့ အဝတ်အစားကလည်း မဟုတ်သေးပါဘူး"

ပန်းသွေးကိုကြည့်ကာ မေမေ စိတ်ပျက်သလို ညီးညူသည်။ မှန်ထဲမှာ မြင်နေရသော မေမေ့အသွင်ကို ပန်းသွေးလှမ်းကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ပြည့်ခဲ့ပြီဆိုပေမယ့် မေမေ့အလှတရားတွေက နုပျိုလှပနေဆဲရှိသည်။ လှပချောမွေ့နေဆဲ မျက်နှာလေးကို မေမေက နုပျိုအောင် ပြင်ဆင်တတ်သည်။ အဝတ်အစား အရောင်းအသွေးကအစ ရွေးချယ်ဝတ်ဆင်တတ်၏။

အိမ်မှာနေရင်းတောင် မေမေ့မျက်နှာပေါ်မှာ သနပ်ခါးမှုန်မှုန်လေးက အမြဲရှိတတ်သည်။ လင်ယောက်ျားတစ်ယောက်အတွက် မေမေ့ရဲ့ဝင့်ဒုက္ခတွေဟုပဲ ပန်းသွေးမြင်သည်။

မေမေ ဒီလိုလှပလွန်းနေတာကြောင့်လည်း ငယ်ရွယ်သော ဦးဗလမင်းမော်က သဘောကျလက်ထပ်ခဲ့တာဖြစ်မည် ထင်ပါရဲ့။

ဒါကိုတွေးမိလေလေ ပန်းသွေး အလှအပတွေကို ရွံမုန်းလေလေ ဖြစ်ခဲ့တာ မေမေကတော့ မသိရှာပါ။

"မေမေက ဒီနေ့ အိမ်မှာ မိသားစုဆုံတုန်း ရွှေတောင်ခေါက်ဆွဲ လုပ်စားမလားလို့ သမီးရဲ့"

အားလပ်ရက်တွေမှာ မေမေက အစားအသောက်တစ်မျိုးမျိုး စီစဉ်ကျွေးမွေးတတ်တာ ဟိုစဉ်ကတည်းက ဖြစ်သည်။ အရင်ကဆို ထိုရက်တွေမှာ ခခတို့ ပိုပိုတို့ပါ ကျောင်းပိတ်ရက်ရောက်လာကာ စားကြသောက်ကြနှင့် ပျော်စရာ။

ဒါပေမဲ့ ခုချိန်မှာ ထိုပျော်ရွှင်မှုမျိုး မရှိနိုင်တော့တာ ပန်းသွေး ဝမ်းနည်းမိသည်။ မေမေပြောသော မိသားစုဆိုတာ ဦးဗလမင်းမော်ကို ရည်ညွှန်းတာပဲဖြစ်သည်။

"သမီးတို့ ရှော့ပင်းနဲ့ထွက်မယ်ဆို မနက်စာ ရွှေတောင်ခေါက်ဆွဲ လေးစားပြီးမှပဲ သွားကြပါလားဟင်၊ ခခကို ဖုန်းဆက်ခေါ်လိုက်လေ၊ မေမေတို့ မတွေ့တာလည်း ကြာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဖြစ်ဘူး မေမေ၊ ခခနဲ့ ချိန်းထားတာ ကိုးနာရီ၊ ပြီးရင် တခြားသူငယ်ချင်းတွေ ဝင်ခေါ်ရဦးမှာ"

မေမေ့မျက်နှာ ညှိုးငယ်သွားတာ ပန်းသွေး မြင်သည်။ ပန်းသွေး တမင်ပြောတာကို မေမေ ရိပ်မိမှာမလွဲ။

"ရွှေပင်းနိသွားမှာဆိုလည်း သမီး အဝတ်အစားလေးလဲ၊ အလှလေး ပြင်ဦးကွယ်၊ ပိုက်ဆံလိုသလောက် မေမေ့ဆီက ယူသွား သမီး"

"သမီးမှာ ရှိပါသေးတယ်၊ မေမေ အလှအပလည်း မလိုအပ်ပါဘူး။ လှရင် ယောက်ျားတွေက စိတ်ဝင်စားကြတယ်၊ သမီးက ယောက်ျားတွေကို မုန်းတော့ မလှရင် ပိုကောင်းတာပေါ့ အဟင်း"

မေမေ သိသိသာသာ မျက်နှာပျက်သွားခဲ့သည်။ ပန်းသွေးရင်ထဲ မကောင်းပေမယ့် မမြင်ဟန်ဆောင်ရင်း စားပွဲပေါ်က ကားသော့ကို ကောက်ယူလိုက်၏။

"မေမေ ညနေ နောက်ကျမယ်နော်၊ သမီးကို မစောင့်နဲ့တော့၊ အပြင်ကပဲ ညနေစာ စားဖြစ်မှာ"

မေမေ နှုတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။ ပန်းသွေး ဧည့်ခန်းထဲကို ဖြတ်တော့ သတင်းစာဖတ်နေသော ဦးဗလမင်းမော် မော့ကြည့်လာသည်။

"ပန်းသွေး ဘယ်သွားမလို့လဲ"

"ခခတို့အိမ်"

လှည့်မကြည့်ဘဲ အတိုဆုံးအဖြေပေးကာ ပန်းသွေးရပ်ထားသော ကားဆီ လှမ်းခဲ့သည်။ ဦးဗလမင်းမော် ရပ်ကြည့်နေတာ သိပေမယ့် ဂရုမစိုက်ဘဲ ပန်းသွေး ကားလေးကို မောင်းထွက်ခဲ့သည်။

တစ်နေကုန်အောင် ခခအိမ်မှာပဲ အချိန်ဖြုန်းရဦးမည် ထင်ပါရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မိခပါ လိုက်မှာမဟုတ်ဘူးလားကွ"

ကျော့ကျော့မော့မော့ ပြင်ဆင်ထားသော အန်တီလှိုင်နှံဘေးမှာ ခခကို အိမ်နေရင်း အဝတ်အစားနှင့်ပဲ ထွက်လာတာမြင်၍ ဦးဝေမှိုင်းညို မေးသည်။

"မလိုက်ပါဘူး။ အန်ကယ်လ်တို့ဘာသာပဲ လွတ်လွတ်လပ်လပ် သွားကြပါ"

"ဟာ ရပါတယ်ကွ၊ လှိုင်က မိခပါ လိုက်မယ်လို့ ပြောထားလို့ မေးကြည့်တာပါ"

ဦးဝေမှိုင်းညို လက်ထဲမှာ ကိုင်ထားသော သတင်းစာကို စားပွဲပေါ် လှမ်းတင်ရင်း မလုံမလဲဆိုတော့ အန်တီလှိုင် ခခဘက် မျက်စေ့ကလေး ထိုးရင်း -

"ခလေးလိုက်မယ်ထင်လို့ ကိုကိုပြောလိုက်တာ။ လှိုင်ခေါ်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာသာမလိုက်တာ''

''ဟုတ်လား၊ လိုက်ချင်လိုက်ခဲ့လေ မိခရဲ့၊ အန်ကယ်တို့ မင်္ဂလာပွဲမှာ ဝတ်ဖို့ဝတ်စုံပါ တစ်ခါတည်း ဝယ်ပေးမယ် မိခ စိတ်ကြိုက်ရွေးပေါ့''

''မင်္ဂလာပွဲအမီ ခခဘာသာ စိတ်တိုင်းကျချုပ်ထားမှာပါ မပူပါနဲ့ အန်ကယ်လ်ရဲ့ အခု ခလေးမလိုက်တာ သူငယ်ချင်းနဲ့ချိန်းထားလို့ပါ၊ အန်ကယ်တို့ဘာသာ သွားကြပါ''

''အိုကေ ဒါဆို ဘာလိုချင်သလဲ၊ ဘာစားချင်သလဲ မှာလိုက်လေ''

''ညနေအပြန် ကြေးအိုးဆီချက်တစ်ပွဲပဲ ဝယ်ခဲ့ပါ၊ ဒါဆို ကျေနပ်ပြီ''

''စိတ်ချ ကြေးအိုးတင်မကဘူး နို့ချောကလက်ပါ ဝယ်ခဲ့မယ်ဟေ့၊ ကဲ သွားကြရအောင် လှိုင်''

အန်ကယ်ဝေမှိုင်းညို ပြုံးပြုံးကြီးနှုတ်ဆက်ကာ အန်တီလှိုင်နှင့် ထွက်သွားလေသည်။

ကားကလေး ခြံတံခါးဝက ထွက်သွားတော့မှ ခခ အိမ်ထဲပြန်လှည့်ဝင်ကာ ပြတင်းတံခါးမှ မျက်နှာချင်းဆိုင်ခြံကို လှမ်းကြည့်သည်။

ဝရန်တာလေးကဒရင်းဘက်ပေါ်မှာ မဏိလျှမ်း ထိုင်နေပြီ၊ လက်ထဲမှာ မဂ္ဂဇင်းစာအုပ်ကို ကိုင်ထားပေမယ့် မျက်ဝန်းတွေက ခခတို့ တိုက်ဝရန်တာလေးကို လှမ်းကြည့်နေ၏။

ခခ သီချင်းသံကို သူ မျှော်နေပြီထင်၏။ ခခရင်ထဲမှာ ကျေနပ်ရွှင်မြူးသွားရသည်။

အချိန်တန်တော့လည်း ရှင် မနေနိုင်ပါဘူး မဏိလျှမ်းရယ်။ ရှင့်အာရုံထဲမှာ ခခနောင်ရောက်နေခဲ့ပြီ မဟုတ်လား။

မကြာခင်မှာ ရှင် ခခနောင် ရှေ့မှောက်ကို ရောက်လာတော့မှာပါ။ ရင်ခုန်စရာတော့ အကောင်းသား။ ရှင့်လို ကိုလူချောတစ်ယောက်ဆီက

www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်စကားတွေကို ခခ နားထောင်ချင်လိုက်တာ။

"တီ တီ"

အတွေးပျော်တွေနှင့် ပီတိဝေနေတုန်း ကားဟွန်းသံကို ကြားလိုက်ရတာမို့ ခခ ညှော်ခန်းတံခါးဘက် ခပ်သုတ်သုတ်လေး လှမ်းခဲ့သည်။

ထင်သည့်အတိုင်းပါပဲ။ ပန်းသွေးနီရဲ့ကားလေး ကွန်ကရစ်လမ်းအတိုင်း မောင်းဝင်လာ၏။ ဆင်ဝင်အောက်ရှေ့ ကားလေးထိုးရပ်သည်နှင့် ခခ အလောတကြီး လှမ်းမေးမိ၏။

"ပန်းသွေး၊ နင် ဂစ်တာပါသလားဟင်"

"ပါတာပေါ့ နောက်ခန်းထဲမှာ"

"ဒါဆို အမြန်လာပါဟယ်၊ ဝရန်တာမှာ မဏီလျှမ်း ရောက်နေပြီ"

"နင့်ရောဂါက မသေးပါလား ခခရယ်။ အန်တီလှိုင်ကော"

"အခုလေးပဲ အန်ကယ်နဲ့ပါသွားပြီ၊ နောက်လထဲမှာ သူတို့မင်္ဂလာပွဲရှိတယ်လေဟာ။ အန်တီလှိုင်အတွက် သတို့သမီးဝတ်စုံ သွားအပ်ကြတာ"

"နင်က လိုက်မသွားဘူးလား"

"တမင်နေရစ်ခဲ့တာ။ ဒီနေ့ ဆန်းဒေးလေ သူရှိနေတယ်"

"အင်း ရောဂါပဲ၊ အဒေါ်ကလည်း ကြီးမှဝက်သက်ပေါက်၊ တူမကလည်း မိန်းမနောက်ပိုးဖြစ်လို့"

"အံမယ် ငါ့ရည်ရွယ်ချက်ပြည့်တယ် ပြောရမယ်ဟ၊ သူ အခုဆို ငါ့သီချင်းသံကို မျှော်လင့်တတ်နေပြီ၊ ခုလေးတင် ငါ ပြတင်းတံခါးက ချောင်းကြည့်နေတုန်း နင်ရောက်လာတာလေ"

"ယောကျ်ားလေးတစ်ယောက်ကို ပြတင်းပေါက်ကနေအောင် ခိုးကြောင်ခိုးဝှက် ကြည့်တယ် ဟုတ်လား။ နင့်အခြေအနေက အတော်ဆိုးဝါးနေပါလား ခခရယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ ဘယ်တော့မှ အကောင်းမပြောဘူး။ ငါက သူ့ အခြေအနေ ထူးခြားရဲ့လား သိချင်လို့ဟ။ ကဲ အမြန်လာပါ ဝရန်တာ သွားရအောင်"

"ဒီလောက်အထိ ဖြစ်နေရင်လည်း နင် သူ့အပြင်ထွက်ရင် လိုက်ပြီး ဖွင့်ပြောလိုက်တော့ မိခ"

"အထင်သေးလိုက်တာ၊ ခခနောင်ကို ဒီလောက်ထိ ဣန္ဒြေမဲ့တဲ့ မိန်းမ မှတ်နေသလား မိပန်းရဲ့"

"နင့်လုပ်ပုံက ဟိုကရိပ်မိနိုင်တယ်လေ။ ဒါမှမဟုတ်ရင်လည်း နင့် အန်တီနဲ့အန်ကယ့်ကို ခေါ်ပြီး မိသားဖသားပီပီ သွားပြီးတောင်းရမ်းပေါ့ဟယ်"

"ကြည့်စမ်း နှိမ်လိုက်တာ"

"နင် အရှုးအမူး ဖြစ်နေတာကြီး မမြင်ရက်လို့"

"လုံးဝမှားတယ်၊ ခခနောင်နှလုံးသားကို အရူးအမူး ဖြစ်စေလောက်တဲ့ ယောက်ျား မရှိသေးဘူး။ ယုံလိုက် ပန်းသွေး"

"ဒါဆို နင်ဘာဖြစ်လို့ တစ်သခင်တည်း ခင်နေရတာလဲ"

"အေး နင်နားလည်အောင် ရှင်းပြမယ်။ နံပါတ်တစ် မဏိလျှမ်းက ချောတယ်။ ပညာကော ဂုဏ်ကော ပြည့်စုံတဲ့ ယောက်ျားတစ်ယောက်။ ငါ ကျောင်းတုန်းက ပတ်သက်ဖူးခဲ့တဲ့ ယောက်ျားတွေထက် အများကြီးသာတာ အမှန်ပဲ။ နံပါတ်နှစ် သူ့ဘက်က ဘာမှမလှုပ်ရှားဘဲ တည်ငြိမ်နေတာကို ငါ စိတ်မရှည်ချင်ဘူး။ နံပါတ်သုံး သူနဲ့ငါ ချစ်သူရည်းစားဖြစ်ချင်တဲ့ဆန္ဒ ငါ့ စိတ်ထဲမှာ တောင့်တနေတယ်။ ဒါကြောင့် သူ ငါ့ရှေ့ရောက်လာအောင် ငါ မာယာတွေ သုံးနေတာပဲ၊ ရှင်းပြီလား"

"နေပါဦး ခခ၊ ငါမရှင်းလို့ မေးပါရစေဦး၊ ဟိုက နင့်ကို သဘောကျပြီး ဖွင့်ပြောလာပါပြီတဲ့ နင် ဘယ်လို ဆက်ဆုံးဖြတ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ စိတ်ဒုက္ခရောက်ခဲ့သလို သူလည်း ခံစားရအောင်တော့ နှစ်ပတ်လောက် အချိန်ဆွဲထားလိုက်မှာပေါ့။ ပြီးတော့ ချစ်သူတွေဘဝပေါ့ဟာ"

"ကျောင်းပန်းကလို ရည်းစားတွေထားတဲ့စိတ်ကို ဖျောက်သင့်ပြီ ခခ။ နင် သူ့ကိုလက်ထပ်ဖို့အထိ ရည်ရွယ်ထားသလား"

ပန်းသွေးအမေးကို ခခ မျက်မှောင်လေးကုပ်ကာ တဒင် စဉ်းစားနေသေး၏။ ပြီးမှ ခေါင်းကလေးကို ခါယမ်းရင်း –

"လက်ထပ်တယ်ဆိုတာ မိန်းမတစ်ယောက်အတွက် တစ်ဘဝစာအတွက် အရေးကြီးဆုံး ဆုံးဖြတ်ချက်ပဲ။ အမှန်ဝန်ခံရရင် ငါ သူ့ကို လက်ထပ်ဖို့အထိ မရည်ရွယ်ပါဘူး။ သူ့စိတ်ဓာတ် သူ့အရည်အချင်း နောက်ဆုံး ပွင့်ပွင့်လင်းလင်းပြောရရင် ပိုင်ဆိုင်ချမ်းသာမှုကအစ လေ့လာအကဲခတ်ရဦးမယ်။ ငါ့အတွက် ထိုက်သင့်တဲ့သူဆိုရင် လက်ခံဖို့ဆုံးဖြတ်ရမှာပေါ့"

ခခစကားကြောင့် ပန်းသွေး နှုတ်ဆိတ်တွေဝေသွားခဲ့ရသည်။

ခခ မျက်ဝန်းတွေထဲကို စူးစိုက်ကြည့်တော့ တကယ့်ကို တည်ငြိမ်လေးနက်စွာ ဆိုနေခြင်းဟု နားလည်လာမိ၏။

အိမ်ထောင်တစ်ခုကို ခခ ဆုံးဖြတ်ရွေးချယ်တာ ဦးနှောက်အသိနဲ့ ပေါ့။ ဒါဆို ခခနှလုံးသားက ဘယ်နေရာမှာလဲ ပန်းသွေးသိချင်မိ၏။

"ဘဝတစ်ခုလုံးအတွက် ရွေးချယ်မယ့်ယောက်ျားကို နင့်နှလုံးသားက အချစ်မပါဘဲ ရွေးချယ်မှာလားဟင် ခခ"

"အဟင်း ဟင်း။ ရည်းစားတစ်ယောက်တောင် ကျောင်းမှာမထားခဲ့ဖူးတဲ့ နင့်ပါးစပ်က အချစ်ဆိုတဲ့စကားသံကြားရတာ ရယ်စရာကြီး ပန်းသွေး ရယ်။ ငါ ရည်းစားတွေ အများကြီးထားခဲ့ဖူးတာ နင်တို့အသိပါ။ ဒါပေမဲ့ အချစ်ဆိုတာ တစ်ခါမှ ရှာမတွေ့ခဲ့ဖူးဘူး။ မခံစားဖူးဘူး။ အလကားပါဟာ၊ ဘဝလောက် ဘာမှအရေးမပါပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘဝလောက် အရေးမပါဘူးတဲ့။ ဒီလိုအစိပ္ပာယ်မျိုး မေမေ့နှုတ်က လည်း ပန်းသွေးကြားဖူးခဲ့သည်။ ဦးဗလမင်းမော်ကို မေမေ လက်ထပ်ခဲ့တာ ဦးနောက်ရဲ့ ဆုံးဖြတ်ချက်ကြောင့်ဟု ဆိုခဲ့သည်။

ခခကကော မေမေ့လို ရွေးချယ်နေတာလား။

"ကဲ အလေးအနက်ကိစ္စတွေ တွေးမနေပါနဲ့ဟာ။ လာစမ်းပါ။ နင့်ဂစ်တာကြီးယူခဲ့၊ သူ့ကို ဖမ်းစားရအောင်"

ခခအလိုကျ ပန်းသွေး လိုက်လျောရပြန်သည်။

ဝရန်တာလေးမှာ သူကြည့်နေတာကို မမြင်ဟန်ပြုရင်း ခခ သီချင်း ဆိုသည်။ ပန်းသွေးကတော့ ထုံးစံအတိုင်း ဂစ်တာတီး။

♫ xxx ကိုယ့်ရဲ့အတွေးတွေ မင်းပဲဖြစ်နေရမယ် xxx ခံစားချက် အတိုင်းကို ဖန်ဆင်းပေးတဲ့သူ xxx ဘဝတစ်ခုလုံးမှာ မင်းက ကိုယ့်ရဲ့သခင် ဖြစ်မယ် xxx စေလိုရာ စေလိုက်တော့ သခင် xxx ♫

ခခရဲ့အသံလေးက နစ်နစ်မျောမျော လွင့်မျောလို့။

တစ်ဖက်ခြံဝရန်တာက မဏိလျှမ်းဆိုတဲ့ပုဂ္ဂိုလ် လက်ထဲက စာအုပ် ကိုချပြီး ဝရန်တာမှာရပ်ကာ နားထောင်နေပုံက စက်ကွင်းထဲ မိနေသူလိုပါပဲ။

ခခ ဆိုသလို မဏိလျှမ်း တကယ်ပဲ တွယ်ငြိနေပြီလား။

မျက်ဝန်းတွေက သတိကင်းလွတ်စွာ ခခနှင့်ပန်းသွေးတို့ရှိတဲ့ ဝရန် တာကို ငေးမောပျော်ဝင်နေမိ၏။

ခခကိုလှမ်းကြည့်တော့ မျက်စိတစ်ဖက် မှိတ်ပြရင်း သီချင်းကို ဆက်ဆိုနေသည်။

♫ xxx အသက်ရှင်ခြင်းမှာ မင်းက အရေးပါလွန်းတယ် xxx စေလိုရာစေလိုက်တော့သခင် xxx သခင်လိုရာ အဆင်သင့်ဖြစ်မယ် xxx ♫

www.burmeseclassic.com

www.burmeseclassic.com



ခခရဲ့အသံလှိုင်းတွေက မဏိလျှမ်း နားစည်ထဲမှတစ်ဆင့် ရင်ထဲအထိ စူးနစ်ရစ်နှောင်သွားခဲ့ပြီလားမသိပါ။

ဒါဆိုရင်တော့ ခဏိလျှမ်းဆိုတဲ့ယောက်ျား ကျရှုံးခဲ့ပြီဟု ပန်းသွေးထင်သည်။

ချစ်စရာကောင်းသလို စွဲမက်စရာကောင်းသော ခခနှောင်ဆိုသည့် သူငယ်ချင်းမလေးရှေ့မှောက်မှာ ဒူးထောက်ခစားမှုးသော ယောက်ျားများစွာကို ပန်းသွေး အများကြီး မြင်ဖူးခဲ့ပြီ။

ထိုယောက်ျားတွေထဲမှာ မဏိလျှမ်းလည်းပါဝင်ခဲ့ပြီလား။

ရှင် ကံကောင်းပါစေ မဏိလျှမ်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သမီး မေမေ့ကို တစ်ခုလောက် ကူညီစမ်းပါ"

အိပ်ရာကနိုးနေပေမယ့် မေမေတို့လင်မယား ကုမ္ပဏီကို မသွားကြသေးတာမို့ ပန်းသွေး အိပ်ရာထဲမှာ ပေအိပ်နေတုန်း မေမေ တံခါးခေါက်လာနိုး၍ တံခါးဖွင့်ပေးလိုက်ရသည်။

အလုပ်သွားဖို့ အဆင်သင့်ပြင်ဆင်ပြီးဖြစ်သော မေမေ့ထံမှ ထွက်ပေါ်လာသောစကားကြောင့် ပန်းသွေး စိတ်ညစ်ညူးသွားရ၏။

"ဘာလဲ မေမေ၊ မေမေတို့ အလုပ်ကိစ္စတွေဆိုရင် သမီး ဘာမှ မသိဘူးနော်"

"အလုပ်ကိစ္စမဟုတ်ပါဘူး သမီးရယ်၊ မေမေ့မိတ်ဆွေတစ်ယောက်ရဲ့ကိစ္စပါ။ ဟောဒီပစ္စည်းလေး သူ့ဆီ သမီးသွားပေးပေးစမ်းပါ"

"ဘယ်သူ့ဆီ သွားပေးရမှာလဲ မေမေရာ"

"အဝေးကြီးမဟုတ်ဘူး သမီး။ ဒီရပ်ကွက် ဒီလမ်းထဲက လူပါ၊

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်ပဲ။ ဒေါ်တင်တင်ဝေတဲ့။ ခြံအမှတ် (၄၅) အသေအချာမှတ်ထားနော်။ မှားလို့မဖြစ်ဘူး။ မေမေပြောတဲ့ မေမေ့ သူငယ်ချင်း တင်တင်ဝေလက်ထဲကိုပေး။ ဒီဘူးထဲကပစ္စည်းက စိန်ဘယက်မို့ တန်ဖိုးမသေးဘူး''

စိန်ဘယက်ဆိုသောစကားကြောင့် ပန်းသွေး အိပ်ချင်မူးတူး မျက်ဝန်းတွေကို ပုတ်ခတ်ဖွင့်လိုက်ရင်း –

"နေ နေပါဦး။ မေမေပြောတဲ့ အိမ်နံပါတ် ပြန်ပြောပါဦး''

"ခြံအမှတ် (၄၅)၊ နာမည်က ဒေါ်တင်တင်ဝေ''

"လမ်းကကော ဘယ်လမ်းလဲ မေမေ''

"အခု မေမေတို့နေတဲ့ သော်ကမြိုင်လမ်းပဲ။ နီးနီးလေးရယ်၊ မေမေ သွားရင်း ဝင်ပေးမလို့ ဘယ်လိုမှ အချိန်မရတော့လို့ သမီးရယ်၊ သွားပေးလိုက်နော် မေမေပေးခိုင်းတာလို့ပဲ ပြောလိုက်''

မေမေ အလောတကြီးမှာနေတုန်းမှာပဲ ဆင်ဝင်အောက်က ကား ဟွန်းသံကို ကြားလိုက်ရသည်။ မေမေ့ခင်ပွန်းလင် ဦးဗလမင်းမော် စိတ်မရှည်စွာ ဟွန်းသံပေးခေါ်နေခြင်းပဲ ဖြစ်မည်။

"မေမေ စိတ်ချမယ်သမီး၊ သွားဖြစ်အောင် သွားပေးနော်။ မေမေ ကားပေါ်ရောက်မှ တင်တင်ဝေဆီ ဖုန်းဆက်ပြောထားမယ်''

"စိတ်ချလက်ချသွားပါ မေမေရယ်။ မေမေ့ယောကျ်ားကြီး စောင့်နေပြီ သွားပါတော့''

မေမေ ပန်းသွေးအခန်းထဲက ကသောကမျော လှမ်းထွက်သွားသည်။ သည်တော့မှပဲ ပန်းသွေး မေမေပေးခဲ့သော ယွန်းဘူးလေးကို ဖွင့်ကြည့်မိ၏။

ဝင်းလက်တောက်ပနေသော စိန်ပွင့်တွေနှင့် လက်ရာမြောက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ထုဆစ်ထားသော စိန်ဘယက်တစ်ကုံးက အနက်ရောင် ကတ္တီပါအောက်ခံပေါ်မှာ လှပစွာ ရှိနေ၏။

တန်ဖိုးကတော့ သေးမည်မဟုတ်ပါ။ ဒါကြောင့်လည်း မေမေ တခြားသူကို မပို့နိုင်းဘဲ ပန်းသွေးကို ခိုင်းတာဖြစ်မည်။

ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် မေမေစေခိုင်းသည့်ကိစ္စကို လုပ်ဆောင်ရသည်။ ကိုယ်နေထိုင်သော လမ်းထဲမှာဆိုပေမယ့် အိမ်နံပါတ်နှင့် အိမ်တွေကို ပန်းသွေး သိပ်ဂရုစိုက်ကြည့်ဖူးတာ မဟုတ်ပါ။

"အင်း ဒီခြံနံပါတ်က လေးဆယ်ဆိုတော့ နောက် ငါးခြံမြောက်ပေါ့"

ခြံတံခါးမှာ တွေ့ရသည့် နံပါတ်တွေကိုကြည့်ကာ ရှာရင်း (၄၅) ဆိုသော ခြံဝန်းရှေ့ရောက်တော့ ပန်းသွေး မယုံနိုင်အောင် အံ့သြသွားရ၏။

"ဘုရားရေ ဒါ ခခရဲ့မဏိလျှမ်းခြံပဲ"

ခြံရှေ့တံခါးမှာရပ်ရင်း ပန်းသွေး မင်သက်လျက် ရှိနေခိုက်မှာပဲ ခြံတံခါးဝမှာ မြင်တွေ့လိုက်ရတာ မဏိလျှမ်း။

"ပန်းသွေးနီနီ"

ပန်းသွေးနာမည်ကို မဏိလျှမ်း မှတ်မိနေတာမို့ အံ့သြရပြန်သည်။

"ဝင်ပါ ပန်းသွေးနီနီ"

ခြံတံခါးကို ဖွင့်ပေးရင်း သူ ဖိတ်ခေါ်သည်။ မျက်ဝန်းတွေထဲအထိ နှစ်လိုခင်မင်သော အပြုံးတွေ ပျော်ဝင်နေသောအပြုံးနှင့် မဏိလျှမ်းကို ပန်းသွေး အခုမှပဲ အသေအချာ စူးစိုက်ကြည့်မိ၏။

လိုင်းတွန့်လေးတွေနှင့် ဆံပင်ရှည်က ဝတ်ဆင်ထားသော ရှပ်ဖြူ ကော်လံပေါ်မှာ ဝဲကျနေအောင် ရှည်သည်။ အနက်ရောင်ဘောင်းဘီရှည်နှင့် မြင့်မားသောအရပ်က ပန်းသွေးဦးမော့ကြည့်ရအောင် မြင့်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှည်ပြီး ပိန်သွယ်တာလည်း မဟုတ်သော ခန္ဓာကိုယ်က ယောက်ျားပီသ ပြေပြစ်သော ကိုယ်ဟန်ကို ပိုင်ဆိုင်၏။

အစက်အပျောက် တစ်စက်လေးတောင် မရှိအောင် ကင်းစင်သော မျက်နှာနုဖတ်ပုံနှင့် မျက်ခုံးမျက်လုံး နှာတံအလှတွေကတော့ အလှအပကို မခင်တွယ်သော ပန်းသွေးအတွက် အလိုမကျချင်စရာကောင်းအောင် ချော မောလွန်းသည်။

ဒါကြောင့်လည်း ခခနောင် တွယ်ငြိနေတာ ဖြစ်မည်ဟု တွေးလိုက်မိသေး၏။

"မင်း ကိုယ့်ကို မှတ်မိပါတယ်နော် ပန်းသွေးနီနီ"

သူ့အမေးစကားကိုကြားမှ ပန်းသွေး နစ်မျောသွားသောအာရုံကို ပြန်စုစည်းချုပ်ထိန်းရင်း –

"ဒါ ခြံအမှတ် ၄၅၊ ဒေါ်တင်တင်ဝေတို့အိမ်လား"

"ဟုတ်တယ်၊ ဒေါ်တင်တင်ဝေဆိုတာ ကိုယ့်ရဲ့အန်တီလေ"

"ကျွန်မ ဒေါ်တင်တင်ဝေနဲ့ တွေ့ချင်လို့"

"ပန်းသွေးနီနီရဲ့မေမေ အန်တီပန်းလွှတ်လိုက်တာ မဟုတ်လား ဟင်"

"ရှင် တော်တော်ရစ်ပါလား။ ကျွန်မ အိမ်ထဲဝင်ခွင့်မရှိဘူးလား။ ဒါဆို ခုပဲ လှည့်ပြန်မယ်"

"ဟာ မဟုတ်တာ၊ လာပါ ကိုယ် ဖိတ်ခေါ်နေတာပဲ ပန်းသွေး နီနီရယ်"

"ဒီမှာ ကျွန်မနာမည်ကို ရှင်ခဏခဏ မခေါ်ပါနဲ့၊ ရှင့်ကိုလည်း ကျွန်မ မသိဘူး"

"ကိုယ့်နာမည် မဏိလျှမ်း။ ဒေါ်တင်တင်ဝေရဲ့တူ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်မဝင်စားဘူး၊ မသိချင်ဘူး"

ပန်းသွေး ခပ်ပြတ်ပြတ်ပဲဆိုတော့ သူ ပခုံးတွန့်ကာ ပြုံးသည်။

"ကိုယ်ကတော့ မင်းကိုသိတယ်၊ အိမ်ရှေ့အိမ်က ခခနောင်ဆီ ဂစ်တာလာတီးတတ်တဲ့ ပန်းသွေးနီနီလေ"

"ကဲ ကျွန်မ ဒေါ်တင်တင်ဝေဆီ လာတာနော်"

သူ အပြုံးမပျက်ဘဲ ခေါင်းတစ်ချက်ညိတ်သည်။ ပြီးမှ ရှေ့က ဦးဆောင်ကာ အိမ်ဘက်ကိုလှမ်း၏။

သူ့အနောက်က ခပ်ခွာခွာလိုက်ခဲ့ရင်း သူ လျှောက်လှမ်းသွားနေတာကို ပန်းသွေးကြည့်ကာ မှတ်ချက်ချမိပြန်၏။

ခခလူကတော့ လမ်းလျှောက်တာတောင် ကြည့်ကောင်းအောင် စတိုင်လ်ကျလွန်းသည်ပဲ။

"ကြွပါ၊ ခဏထိုင်ပါဦး ပန်းသွေးနီနီ"

"ဒေါ်တင်တင်ဝေကော ဘယ်မှာလဲ"

"အန်တီ မန္တလေးကို ခရီးထွက်သွားတယ် ပန်းသွေးနီနီ"

"ဟင်"

သူ့စကားကြောင့် ပန်းသွေး ထိတ်ခနဲဖြစ်ကာ ထိုင်ခုံမှာ မထိုင်ဖြစ်တော့ဘဲ ခြေလှမ်းကို ပြန်ဆုတ်မိ၏။

"ရှင် အပြင်မှာကတည်းက မပြောဘဲ ဘာလို့ အိမ်ထဲထိ ဝင်နိုင်းရတာလဲ"

"ဟာ မင်းပဲ၊ အိမ်ထဲဝင်ခွင့်မရှိဘူးလားပြောလို့ ကိုယ် အိမ်ရှင်ပီသစွာနဲ့ ဖိတ်ခေါ်ခဲ့တာပါ"

"ဒေါ်တင်တင်ဝေ မရှိဘဲနဲ့ ကျွန်မ ဝင်စရာအကြောင်းမရှိဘူး။ မေမေက ဒေါ်တင်တင်ဝေဆီကိုပဲ လွှတ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီပန်း၊ စောစောကပဲ ဖုန်းဆက်ပြောလို့ ပန်းသွေးနီနီ စိန်လည်ဆွဲလာပို့မယ်ဆိုတာ ကိုယ်သိပါတယ်။ အန်တီကလည်း ကိုယ့်ကိုမှာခဲ့တယ်"

"ဘာလဲ ကျွန်မက ရှင့်လက်ထဲကို စိန်လည်ဆွဲပေးခဲ့ရမှာလား။ တစ်ခုခုလွဲချော်မှားယွင်းသွားခဲ့ရင် ဘယ်လိုရှင်းရမှာလဲ။ တစ်ကျပ် နှစ်ကျပ်တန်တဲ့ပစ္စည်း မဟုတ်ဘူးနော်"

သူ့ကို ယုံကြည်မှုမရှိကြောင်း ပန်းသွေး ရည်ရွယ်မှန်း သူသိပေမယ့် သူက စိတ်ဆိုးပုံမရဘဲ ပြုံးပြုံးလေး နေနိုင်လိုက်တာကို ပန်းသွေး အံ့သြရပြန်သည်။

"အန်တီနဲ့ထိပ်တိုက်တွေ့ရမှ ဆိုရင်လည်း ပန်းသွေးနီနီ သဘောပေါ့။ အန်တီ နောက်နှစ်ရက်ဆို ပြန်လာမှာပါ။ အဲဒီကျမှ တစ်ခေါက်လာခဲ့လေ။ အခုတော့ ကိုယ့်အိမ်ရောက်တုန်း ညှိဝတ်ကျေပါရစေ။ တစ်ခုခုသောက်ပါ၊ အအေးလား အပူလား"

"ကျွန်မ ဘာမှမသောက်ဘူး။ နောက်တစ်ခေါက်လည်း ထပ်မလာချင်ဘူး။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မမေမေဆီ ဖုန်းတစ်ချက် ဆက်လို့ရမလား"

"ဆက်လေ ဆက်ပါ၊ ဟောဟိုမှာ ဖုန်း"

ရှိုးကေ့စ်ဗီရိုနံဘေးက စားပွဲပုလေးပေါ်ရှိဖုန်းကို သူ ညွှန်ပြသည်။ ပန်းသွေး ဖုန်းရှိရာသို့ လှမ်းသွားကာ မေမေ့ဆီ ဖုန်းလှမ်းဆက်မိသည်။

"ဪ သမီးလား။ မေမေပါ၊ သမီးဆီ ဖုန်းဆက်နေတာ ဘယ်လိုမှ ခေါ်မရဘူး။ သမီးဖုန်းမယူသွားဘူးထင်တယ်"

"ဟုတ်တယ် မေမေ။ အခု သမီး ဒေါ်တင်တင်ဝေအိမ်ရောက်နေတယ်။ မေမေ့မိတ်ဆွေမရှိဘူး။ သမီး ဘာဆက်လုပ်ရမလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တင်တင်ရဲ့တူ မောင်မထိလျှမ်း ရှိတယ်လေ၊ သမီးရဲ့ပစ္စည်းကို သူ့လက်ထဲ ပေးခဲ့လို့ရပါတယ်။ အဲဒါပြောချင်လို့ သမီးဖုန်းကို မေမေ လှမ်းခေါ်နေတာ"

"ဒါဆို ရပါပြီ မေမေ ဒါပဲနော်"

ပန်းသွေး ဖုန်းကိုချပြီး လှည့်ကြည့်တော့ သူ ပန်းသွေးကို အနောက်က ငေးစိုက်ကြည့်နေတာ မြင်ရတာမို့ စိတ်ထဲမှာ မလုံမလဲ ရှက်ရွံ့သွားသလို ခံစားလိုက်ရ၏။

"ဒီမှာ မေမေက ဒီပစ္စည်းကို ရှင့်လက်ထဲပေးခဲ့လို့ရတယ်တဲ့ ရော့"

ပန်းသွေးလက်ထဲက ရတနာဘူးလေးကို သူ့လက်ထဲ လှမ်းပေးတော့ သူ လှမ်းယူပြီး ဖွင့်တောင်မကြည့်ဘဲ စားပွဲပေါ်တင်သည်။

"ဘူးကို အသေအချာ ဖွင့်ကြည့်ဦးနော်၊ ကျွန်မ ရှင့်လက်ထဲ အတိအကျ ပေးခဲ့တယ်"

"ဟုတ်ပါပြီ၊ ကိုယ်ယုံတယ်။ ကိုယ်က မင်းလို သံသယတွေနဲ့ အယုံအကြည်မဲ့သလို မဆက်ဆံတတ်ပါဘူး"

"အပိုတွေ မပြောနဲ့၊ ပြီးမှ ဖြစ်လာတဲ့ပြဿနာ ရှင့်တာဝန်နော်"

"ဒီပစ္စည်းရဲ့တန်ဖိုးက မင်းရဲ့သိက္ခာ၊ ကိုယ့်ရဲ့သိက္ခာလောက် တန်ဖိုး မရှိပါဘူးကွာ။ စိတ်ချ ဘာပြဿနာမှ မဖြစ်စေရဘူး။ ဖြစ်လာရင် ကိုယ့်တာဝန်ထားလိုက်ပါ"

"ကောင်းပြီလေ၊ ကျွန်မပြန်မယ်"

"ကိုယ် ခြံအထိလိုက်ပို့ပေးမှာပေါ့"

မလိုပါဘူးလို့ ပြောလိုက်ချင်ပေမယ့် ပန်းသွေး မကောင်းတတ်၍ နှုတ်ဆိတ်နေလိုက်သည်။ သူက ခြေလှမ်းကျဲကြီးတွေနှင့် ပန်းသွေးနှင့်အတူ အထိ

www.burmeseclassic.com

www.burmeseclassic.com



အမီလိုက်လာရင်း –

"မင်း ခခနောင်တို့အိမ်ဝင်ပြီး ဂစ်တာတီးဦးမှာလား"

သူ့စကားကြောင့် ပန်းသွေး မျက်မှောင်ကုပ်မော့ကြည့်ရင်း –

"ရှင်နဲ့ဘာဆိုင်လို့လဲ"

"ကိုယ်က မင်းတို့ပရိသတ်လေ။ မဆိုးပါဘူး။ မင်းဂစ်တာအတီးကောင်းသလို ခခနောင်လည်း အသံကောင်းပါတယ်။ ဒါပေမဲ့ တစ်နေ့တစ်နေ့ သီချင်းတစ်ပုဒ်တည်းကိုချည်း နားထောင်နေရတာ အီလာပြီကွာ။ တခြားတစ်ပုဒ်လောက် ပြောင်းတီးသင့်တယ်၊ အကြံပေးမလို့ပါ"

သူ့စကားအဓိပ္ပာယ်ကဘာလဲ။ ခခနောင်ရဲ့ ရည်ရွယ်ချက်ကို ရိပ်မိနေသည့် သဘောလား။ ပန်းသွေးလိပ်ပြာ မလုံချင်သလို ဖြစ်သွားရ၏။

မော့ကြည့်တော့ သူ့မျက်ဝန်းတွေက ပန်းသွေးမျက်နှာကို စိုက်ကြည့်လို့ နှစ်လိုဖွယ် ပြုံးနေသည်။

"ကျွန်မတို့ဘာသာ ဘာသီချင်းပဲဆိုဆို ရှင်နဲ့ဘာဆိုင်လို့လဲ။ ရှင်တို့ ဒီအိမ်ပြောင်းမလာကတည်းက ဆိုနေ တီးနေကျပါ အထူးအဆန်းကိစ္စမဟုတ်ဘူး"

"ဟောဗျာ၊ ကိုယ့်စကားကလည်း ရိုးသားပါတယ်။ မင်းက အလကား ဘုတောနေတာပဲနော်"

"အဲဒါ ကျွန်မ ကာရိုက်တာ အမှန်ပဲ"

စကားအဆုံးမှာ ပန်းသွေး လှည့်ထွက်ခဲ့သည်။ ရိုင်းတယ်ထင်ချင်ထင်တော့ နှုတ်တောင်မဆက်ဖြစ်ခဲ့ပါ။

သူ ရပ်ကြည့်နေမှာကိုလည်း စိတ်ကသိနေသည်။ ခခတို့အိမ်ဝင်ခဲ့သည်အထိ သူ့ကိုတစ်ချက် လှည့်မကြည့်ဖြစ်ခဲ့။

ခခ အိမ်မှာမရှိ။ သူ့ငယ်ချင်းတစ်ယောက်အိမ် သွားသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အန်တီလှိုင်ပြောတော့ ပန်းသွေး နှုတ်ဆက်ပြန်ခဲ့သည်။

ခခတို့ခြံထဲကအထွက်မှာ ခြံဝန်းအပြင်အထိ ရပ်ထွက်ကြည့်နေသော သူ့ကို မြင်ရသည်။ ပန်းသွေးနှင့်အတူ ခခပါလာမည်ထင်လို့လားမသိ။

ခခမရှိတာပဲကောင်းပါသည်။ နို့မို့ မဏိလျှမ်းအိမ်သွားခွင့်ရသော အခွင့်အရေးကို သူ့ မခေါ်ရကောင်းလား ပြောနေဦးမည်။ စကားနာထိုးခံရဦးမည်။

ခခနှင့် မဏိလျှမ်း ဆက်နွယ်ပတ်သက်မှု ရှိလာလျှင်တော့ ပန်းသွေးခက်ပြီ။ အိမ်မှာမနေချင်ရင် လာခိုလို့ရနိုင်သော ခခဆီလာတိုင်း မဏိလျှမ်းနှင့်ဆုံရမည်။

ခင်မင်စရာကောင်းပေမယ့် မဏိလျှမ်းလို ချောမောလွန်းသော ယောကျ်ားတစ်ယောက်နှင့် ပန်းသွေး မိတ်ဆွေမဖြစ်ချင်ပါ။

အခုမှခက်ပြီ ထင်သည်။ နင်နဲ့မဏိလျှမ်း ဘာမှမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မယ် ထင်ပါရဲ့။

ဒါ့ဆုတောင်းကို နင်သိရင် ကျိန်ဆဲမှာသေချာတယ် ခခ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လက်သုပ်စားချင်သည်ဆို၍ ဈေးထဲကအသုပ်ဆိုင်မှာ နှစ်ဦးစား ဖြစ်၏။

အပြန်မှာ ခခက လက်ဖက်ရည်ဆိုင် ဝင်ထိုင်ရအောင်ဟု ဆိုပြန်သည်။ အိမ်မှာသောက်ရသော ကော်ဖီထက် ဆိုင်လက်ဖက်ရည်ကို နှစ်သက်သော ပန်းသွေးကလည်း မငြင်းဆိုဘဲ သဘောတူသည်။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကလေးအရှေ့မှာ ပန်းသွေး ကားလေး ထိုးရပ်တော့ ခခ အလန့်တကြား ရေရွတ်သည်။

"ဟယ် ဒါ သူ့ သူ့ကား"

"ဘယ်သူ့ကားလဲ မိခရဲ့။ အလန့်တကြား"

"ဟိုမှာလေ၊ မီးခိုးရောင်ပါဂျဲရိုးကား။ အဲဒါ မထော်ချမ်းကားပေါ့။ သူ ဆိုင်ထဲမှာ ရှိမလားမသိဘူး။ ငါ ကံကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ ဒီလူအကြောင်း။ ခခ ဒါ လမ်းထိပ်လက်ဖက်ရည်ဆိုင်နော်"

"သိပါတယ်ဟ၊ ငါက ဘာလုပ်မှာမို့လဲ"

"သခင်သီချင်းကို အာခြံလျှာခြံ ထဆိုမှာစိုးလို့ပေါ့"

"ဟယ် ကောင်မစုတ်"

ခခမျက်နှာလေး ရှက်သွေးစို့ရဲရဲနီကာ ပန်းသွေးလက်မောင်းကို လှမ်းဆွဲဆိတ်ဖို့ ကြိုးစားသည်။ ဒါကိုကြိုသိသော ပန်းသွေး ခြေတစ်လှမ်း ဦးအောင် ဆိုင်ထဲလှမ်းဝင်လိုက်တာမို့ ခခ အံလေးကြိတ် မျိုသိပ်လိုက်ရ၏။

ဆိုင်ထဲကို ပန်းသွေးတို့ လှမ်းဝင်လာကတည်းက မဏိလျှမ်း ဆိုသည့် ပုဂ္ဂိုလ် လှမ်းကြည့်နေတာ ပန်းသွေးသိသည်။ တမင် မမြင်ဟန် ဆောင်ထားပေမယ့် ခခကတော့ မကြည့်ဘဲနေမှာမဟုတ်ဆိုတာ ပန်းသွေး တွက်ဆမိသည်။

မတော် နှစ်ယောက်သား အကြည့်ချင်းဆုံ နှုတ်ဆက်ကာ တစ်ဝိုင်းတည်း ဝင်ထိုင်မှာစိုးမိတာမို့ ပန်းသွေး ဦးအောင် စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ ခခက ပန်းသွေးနံဘေးမှာ ဝင်ထိုင်ရင်း –

"သူ ငါတို့ကို လှမ်းကြည့်နေတယ်ဟ။ နင်ကလည်း သူနဲ့အနီးဆုံးဝိုင်းမှာ မထိုင်ဘဲ ဒီနေရာမှာ လာထိုင်ရသလား"

"ခခ ဣန္ဒြေသိက္ခာလေး ထိန်းပါဦး။ ငါတို့လာတာ လက်ဖက်ရည်သောက်ဖို့နော်"

"အဟင်း။ ဘုရားဖူးရင်း လိပ်ဥတူးရင်းပေါ့ဟာ"

ခခက ပြောင်စပ်စပ်ပြောရင်း တီးတိုးဆိုသည်။ ပန်းသွေး ခခ ပါးစပ်လှုပ် ကျိန်ဆဲပစ်လိုက်၏။ အပျော်တွေ ဝေနေသော ခခကတော့ အရယ်မပျက် အပြုံးမပျက် မဏိလျှမ်းရဲ့ဝိုင်းကို ခိုးဝှက်ကြည့်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်မှာထားတဲ့ နက်စ်ရှယ်ရောက်နေပြီ။ မိခ စားပွဲပေါ်ကို ခေါင်းကလေး ပြန်ငုံ့ပါဦး။ အချိုရည်ခွက် မှားသောက်မိလို့ မဟာအရှက်ကွဲနေဦးမယ်"

"လျှမ်းလေးကြောင့် မှားတာပဲ ဘာဖြစ်လဲ။ သူသိသွားတော့ ပိုကောင်းတာပေါ့၊ အဟင်း ဟင်း"

"တော်တော်အူမြူးနေနော်၊ သိပ်ပျော်လွန်းရင် ငိုရတတ်တယ်တဲ့"

"ငိုပစ်လိုက်မှာပေါ့၊ လျှမ်းလေးလာချော့လိမ့်မယ်"

ပန်းသွေးပြောသမျှ ခခက တစ်ခွန်းမကျန် နောက်ပြောင်ရင်း မျက်ဝန်းတွေကလည်း မဏိလျှမ်းဝိုင်းကမခွာဖြစ်နေသည်။

မိန်းမနောက်ပိုး ပိုးချင်သလောက်ပိုးတော့ ပိုင်းဖြတ်ကာ ပန်းသွေး နှုတ်ဆိတ်နေလိုက်၏။ နှုတ်မဆိတ်သူက ခခပဲဖြစ်သည်။ မဏိလျှမ်းကို အရိပ်ကြည့်ကြည့်ကာ နှုတ်ကလည်း တတွတ်တွတ်ပြောနေသည်။

"ဟော ဟော ကောင်တာကို သူထသွားပြီဟ"

"ပြန်တော့မလားမသိဘူး။ အဲ ပိုက်ဆံရှင်းတာမဟုတ်ဘူးဟ။ ပြန်လာပြီးထိုင်နေပြန်ပြီ"

"ဟာ နားငြီးလိုက်တာ ခခရယ်။ နင်ကလည်း ဘောလုံးပွဲကြေညာတာကျနေတာပဲ။ ငါ့ဘာသာ သီချင်းလေးနားထောင်ပါရစေ"

ပန်းသွေး အမြင်ကပ်စွာနှင့် ပြောလိုက်မိသည်။ ခခ မကျေမနပ် မျက်မှောင်လေးကုပ်ကြည့်တာကို မသိဟန်ဆောင်ပြီး ဘောက်စ်ထဲက မာရဇ္ဇ သီချင်းသံလေးကို အာရုံပို့ပစ်လိုက်၏။

ရုတ်တရက် သီချင်းသံက ရပ်သွားသည်။ တစ်ပိုင်းတစ်စ ဖလင် ပြတ်တောက်သွားတာမို့ ပန်းသွေး အလိုမကျစွာ မျက်မှောင်ကြုတ်လိုက်စဉ်မှာပဲ သီချင်းသံက ပြန်ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘယ်လိုကြီးလဲဟ"

ခခ တအံ့တသြလေး ပါးစပ်ပွင့်ဟာသွားသလို ပန်းသွေးလည်း နားမလည်နိုင်စွာ ရေရွတ်လိုက်မိသည်။

သီချင်းသံက ဆုန်သင်းပါရဲ့ သခင်သီချင်း။ ဘောက်စ်ထဲက ကြည်လင်ပီသစွာနှင့် ထွက်ပေါ်လာ၏။

♪ ××× သီချင်းတွေထဲမှာ မင်းအမြဲရှိနေတယ် ××× ကိုယ့်ရဲ့ အတွေးတွေ မင်းပဲဖြစ်နေရမယ် ××× ခံစားချက်အတိုင်းကို ဖန်ဆင်းပေးတဲ့သူ ××× ဘဝတစ်ခုလုံးဟာ မင်းကြောင့်လှပနေတော့မယ် ××× ♪

ခခမျက်ဝန်းတွေ ဦးတည်ရာကို ပန်းသွေး လှမ်းကြည့်တော့ -

မဏိလျှမ်းဆိုသော ပုဂ္ဂိုလ်အကြည့်တွေနှင့် ရင်ဆိုင်တိုးသည်။ မဏိလျှမ်း နှုတ်ခမ်းတွေက ပြုံးယဲ့ယဲ့။ အကွက်စိပ်ရှပ်လက်တိုကို လက်မောင်းတစ်ဝက်လောက်အထိ သေးသေးလေး ခေါက်တင်ဝတ်ထားသော စတိုင်လ်။

ဘယ်အချိန်ကြည့်ကြည့် ရှင်းသန့်အောင် ချောမွေ့လွန်းတာ ရှေးဆုတောင်းကောင်းတာကြောင့်လား မဏိလျှမ်းရယ်။

"နင် ဘယ်လိုထင်သလဲ ပန်းသွေး"

ခခမေးသံက ကျေနပ်ပီတိတွေနှင့် အနိုင်ရသူတစ်ဦးလို။

"မာရဇ္ဇသီချင်းကနေ ဆုန်သင်းပါရဲ့ပြောင်းသွားတာ သူ့ကြောင့် ထင်တယ်။ သူ ကောင်တာကို ထသွားတာ နင်မြင်လိုက်တယ်ဆို"

"သိပ်သေချာတာပေါ့။ ငါတို့ကို သူ တမင်သိအောင် စီစဉ်လိုက်တာ။ သူ့မျက်နှာက ပြုံးနေတာပဲ။ ငါ့အစီအစဉ်တော့ အောင်မြင်ပြီထင်တယ်"

"အင်း ငါလည်း ဒီလိုပဲထင်မိတာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးနှုတ်က ခခစကားကိုထောက်ခံလိုက်တော့ ခခ ကျေနပ်ဝမ်းသာနေပုံက ဟန်ဆောင်နိုင်စွမ်းတောင် မရှိ။ နှစ်ဦးသား အကြည့်တွေ၊ အပြုံးတွေ ဖလှယ်နေကြတာကို ပန်းသွေး ခခမျက်ဝန်းတွေထဲမှာ တွေ့နေရသည်။

သီချင်းသံတွေ တိတ်ဆိတ်သွားတော့မှပဲ ခခ ပန်းသွေးကိုကြည့်ကာ မျက်လုံးလေးတစ်ဖက် မှိတ်ပြသည်။

"သူပြန်တော့မယ်ထင်တယ်ဟ ပိုက်ဆံရှင်းနေပြီ"

"ဘာလဲ နင် နောက်ကလိုက်ပြီး မိတ်ဆက်မလို့လား"

"မလိုတော့ဘူးလေ။ ကိုယ်က အသာစီးရသွားပြီပဲ။ မယုံရင်စောင့်ကြည့်၊ ရက်ပိုင်းအတွင်းမှာ သူ ငါ့ရှေ့ရောက်လာမှာ သေချာတယ်"

ခခမျက်ဝန်းတွေထဲမှာ ယုံကြည်ချက်လား၊ မာနတရားလား။

ကျောင်းမှာတုန်းကတော့ ခခရဲ့မာနအလှအောက်မှာ ကျောင်းသားအတော်များများ ဝပ်စင်းခဲ့ဖူးသည်ပဲ။

နဂိုလှသလို ထိုအလှကိုပဲ ပိုမိုစွဲမက် ညှို့နိုင်အောင် ပြင်ဆင်နိုင်စွမ်းသော ခခတော့ မဏိလျှမ်းကို အနိုင်ယူလိုက်ပြီဆိုတာ ပန်းသွေးယုံပါသည်။

ဒါပါပဲ ယောက်ျားတွေဆိုတာ မိန်းမတစ်ယောက်ရဲ့အလှအောက်မှာ နောက်ဆုံးတော့ ဝပ်စင်းကြရတာပဲလေ။

မဏိလျှမ်းဆိုတာလည်း ယောက်ျားထဲက ယောက်ျားတစ်ယောက်ပဲ။

ဆိုင်ထဲကလှမ်းအထွက်မှာ မဏိလျှမ်း တစ်ချက်လှည့်ကြည့်၏။ နှုတ်က ဖွင့်ဟ မနှုတ်ဆက်ပေမယ့် မျက်ဝန်းတွေကတော့ နှစ်လိုဖွယ် ပြုံးပြသွားခဲ့၏။ ခခက ချစ်စဖွယ်လေး ပြုံးတုံ့ပြန်ပေမယ့် ပန်းသွေးကတော့ နဂိုအတိုင်း တည်ကြည်သော မျက်နှာတစ်ချက်မပျက်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်တက်သွားတာကော၊ ကားလေးမောင်းထွက်သွားတာကိုကော ပန်းသွေး ငဲ့မကြည့်ပါ။ ဒါ ခခကိစ္စ၊ ခခအလုပ်။ ကိုယ်နဲ့မှမဆိုင်ဘဲ။

"သူကြည့်ရတာ နင့်ကိုလန့်နေပုံပဲ"

"ဘာဆိုင်လို့လဲ"

"နင့်မျက်နှာကြီးက တည်လွန်းနေတာကို ငါသိတယ်။ နင်သာမရှိရင် သူ ငါ့ကို ဝင်ရောမှာသေချာတယ်"

"နင်က မျှော်လင့်နေတာလား။ အဲလိုမှန်းသိရင် ငါ ရှောင်ပေးလိုက်ပါတယ်"

"ပြဿနာမရှိပါဘူးဟာ။ သူ ဒီအခြေအနေရောက်လာအောင်နင် ငါ့ကိုကူညီခဲ့သလို ငါလည်း အချိန်ပေးခဲ့ရတာပဲ။ ဒီအတွက် သူ့ဘက်က ထိုက်တန်အောင်တော့ ပြန်ပေးရမှာပေါ့။ အဟင်း။ သူ ချစ်ခွင့်ပန်လာရင် ငါ ထိုက်သင့်သလောက် စိတ်ဒုက္ခပေးလိုက်ဦးမယ် သိလား"

ခခကတော့ အပိုင်တွက်ကာ စီမံကိန်းချနေသည်။ မဏိလျှမ်းသာကြားလျှင် ဘယ်လိုနေမည်မသိ။

လိုချင်တော့လည်း ခခ နှိပ်စက်သမျှ ခံပေဦးပေါ့။

ကြိုက်မရှက်၊ ငတ်မရှက်တဲ့။ မဏိလျှမ်းတို့လို ယောက်ျားတွေရဲ့ အညာကို အပိုင်ကိုင်ဖို့ ခခမှာ လိုအပ်သော အတွေ့အကြုံ ပြည့်ဝစွာရှိတာကိုလည်း ပန်းသွေးယုံသည်။

"ယွန်းစို့ ပန်းသွေး။ နင် အိမ်ကိုလိုက်ဦးမလား"

"မလိုက်တော့ပါဘူး။ ငါ့မှာ ဂစ်တာလည်းမပါဘူး"

"ငါ့အတွက်တော့ မလိုတော့ဘူးလေ။ ငါ့ဆီက တုံ့ပြန်မှုရှိမှ သူ့ဘက်က အမြန်ဆုံး ဝင်တိုးလာမှာပေါ့ ပန်းသွေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပြီးငြင်းဖျက်ဆိုတာ ဒါမျိုးပဲ။ ကောင်းပါတယ်၊ ဒီသီချင်းကို ချည်း တီးနေရတာ ငါအတော်မုန်းနေပြီ"

"မမုန်းပါနဲ့ဟာ၊ ဒီသီချင်းက ငါနဲ့မဏိလျှမ်းကြားက မြားနတ်မောင်ဟာ၊ အဟင်း ဟင်း ဟင်း"

ခခက ကြည်ကြည်နူးနူးလေး ရယ်နေပြန်ရဲ့။

ကံကြမ္မာက ဘာတွေစီမံထားသည်မသိ။ ခခဘက်ကတော့ သေချာနေသည်။

ဒါဆို မဏိလျှမ်းဘက်ကရော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မနေ့က နင် ရောက်လာမလားလို့ ငါမျှော်မိသေးတယ်"

"တမင်မလာတာလေ၊ နင်ပဲ အစီအစဉ်မရှိဘူးဆို"

တနင်္ဂနွေနေ့တိုင်း ရောက်လာတတ်သော ပန်းသွေး မနေ့က ရောက်မလာ၍ ခခမေး၏။

ပန်းသွေးဖြေတော့လည်း ခေါင်းညိတ်ကာ လက်ခံပြန်၏။

"ဟုတ်တယ်ဟ၊ လျှမ်းလေးရဲ့အခြေအနေကို ငါ စောင့်ကြည့်ချင်လို့လေ။ မနေ့က သူ ဝရန်တာကို ထွက်လာတယ်။ ငါတို့ကိုမျှော်နေတာတော့ သေချာတယ်။ ဝရန်တာကနေ တကြည့်ကြည့်လုပ်နေတာ ငါတွေ့တယ်။ ငါ ဝရန်တာကိုထွက်လာတော့ သူ သူခိုးလူမိဖြစ်သွားတယ် ထင်တယ်ဟ၊ ရှက်ပြီး အိမ်ထဲဝင်သွားတာ ပြန်ထွက်မလာတော့ဘူး"

"နင်က သီချင်းသံပေးပြီး သူပြန်ထွက်လာအောင်မလုပ်ဘူးလား"

"အဲဒါကြောင့် နင့်ကိုငါ မျှော်မိတယ်ပြောတာပေါ့။ ငါ ဂစ်တာ

www.burmeseclassic.com

www.burmeseclassic.com



မတီးတတ်တာ တကယ်နာတယ်"

"ဂစ်တာမတီးတတ်လည်း အလွတ်ဆိုပေါ့ဟာ။ ဒါမှ နင့်သီချင်းသံကို သူခံစားနိုင်မှာပေါ့"

"ဟာ ကြောင်တောင်တောင်ကြီးတော့ မလုပ်ပါရစေနဲ့"

"ဟဲ့ ခလေး။ ပြင်လို့ဆင်လို့ မပြီးသေးဘူးလား။ မြန်မြန်လုပ်ကြလေ"

အန်တီလှိုင့်အသံကိုကြားမှ နှစ်ဦးသား စကားစဖြတ်ရင်း ခခရဲ့အလှပြင်ခြင်းလည်း အဆုံးသတ်တော့၏။

ကိုယ်လုံးပေါ် ဗီရိုမှန်ချပ်ကြီးရှေ့မှာရပ်ရင်း ခခ မော်ဒယ်လ် တစ်ယောက်လို ရှေ့ကြည့်နောက်ကြည့် လုပ်နေတာကို ပန်းသွေး သည်းခံစောင့်ရပြန်သည်။

ကျောလယ်ခန့်အထိရှည်သော ဆံပင်ကို ညီညာစွာ အလျားချလျက် ရှေ့ကနဖူး ပြေပြေလေးပေါ် ကပိုကရိုလိပ်ကာ ပုံဖော်ထားသော ခခမျက်နှာလေးက လှပချောမွေ့ပြီးသားပါပဲ၊

ဒါပေမဲ့ လှနေတာကို ပိုပြီးလှပအောင် ပြင်ဆင်တတ်သည်က ခခရဲ့အလုပ်ဟု ဆိုရမည်လားမသိပါ။

ဆံပင်ပုံစံကို ခြောက်လတစ်ကြိမ်လောက် ပြောင်းတတ်သော ခခကိုတော့ ပန်းသွေး စိတ်ပျက်မိ၏။ ခခဆံပင်အလှပြင်တာကို တစ်ခါ ပန်းသွေးလိုက်သွားဖူးသည်။

စောင့်လိုက်ရတာ တမေ့တမောမို့ နောက်ဆို ဘယ်တော့မှ မလိုက်ဖြစ်တော့ပါ။

"ပန်းသွေး။ နင့်ဆံပင်ကို ပြင်လိုက်ပါလား။ ဒါဆို အတော်ကြီးကြည့်ကောင်းသွားမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ စိတ်မဝင်စားဘူး။ စိတ်အရှုပ်မခံနိုင်လို့ တမင်အတို ထားတာ။ နင့်လို အလှပြင်ထိုင်ခုံမှာ နှစ်နာရီ သုံးနာရီ မထိုင်နိုင်ဘူး။ မလှရင် နေပါစေ"

"နင်ကလှပါတယ်။ ဒါပေမဲ့ တတ်ကျွမ်းတဲ့သူတွေနဲ့ ပြင်ဆင်လိုက်တော့ နင့်အလှ ပိုပြီးပေါ်လွင်လာတာပေါ့"

ခခက ကိုယ်တိုင်ပြင်ဆင်တာနှင့် အားမရသေးဘဲ ပန်းသွေးကိုပါ စည်းရုံးတတ်၏။

သို့ပေမဲ့ ပန်းသွေးကတော့ ယတိပြတ်ပဲငြင်းသည်။

"ပိုလှလာတော့ ဘာဖြစ်လာမှာမို့လဲ၊ ယောကျ်ားတွေကြည့်ဖို့အတွက်တော့ ငါ ဝဋ်ဒုက္ခခံ ငွေကုန်ခံပြီး မပြင်နိုင်ပါဘူး ခခရယ်"

"မိန်းမတစ်ယောက်အတွက် အလှအပဆိုတာလည်း ဂုဏ်ယူစရာ အရည်အချင်းတစ်ခုပဲလေဟာ"

"ငါတော့ ဒီလိုမမြင်ပါဘူး။ အလှအပဆိုတာ အန္တရာယ်တစ်ခုပဲ။ ဒီအလှအပကို တပ်မက်ကြတဲ့ ယောကျ်ားတွေကိုလည်း အထင်မကြီးဘူး"

"ပြဿနာပဲ၊ အလှအပကြောင်းပြောတာနဲ့ ယောကျ်ားတွေဆိုမုန်းတဲ့ နင့်ဝါဒီကြီးက ပါလာတယ်။ နင့်မေမေရဲ့ကိစ္စကို နင့်ရင်ထဲမှာ အခုထိ ခံစားနေရတုန်းလားဟင်"

ခခစကားကို သူမ ပြန်မဖြေဖြစ်ခဲ့ပါ။ ရင်ထဲမှာတော့ နာကျင်သလိုလို ခံစားနေမိဆဲ။ မေမေနှင့်ဦးပလမင်းမော် အိမ်ထောင်ကျပြီးကတည်းက မေမေနှင့်ပန်းသွေးကြားမှာ နွေးထွေးနီးစပ်မှု နည်းပါးသွားခဲ့တာတော့ အမှန်။

အိမ်ထောင်တစ်ခု၏တာဝန်ကို မေမေ ယူဆောင်လက်ခံလိုက်ရချိန်မှာ ပန်းသွေးအပေါ်လည်း အရင်ကလို ဂရုတစိုက် မရှိနိုင်တော့ခဲ့သချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေမေ့ရင်ထဲမှာ မေမေ့ရဲ့စီးပွားရေးကလည်း အရေးပါလွန်း၏။ မေမေ့ခင်ပွန်းကလည်း ပန်းသွေးအတွက် အဖေလို့ခေါ်ရလောက်အောင် အသက်မကြီးသေးတာကြောင့်လည်း ဖြစ်နိုင်၏။

ဦးဗလမင်းမော်ကို ဖခင်တစ်ယောက်လို ပန်းသွေးအသိစိတ်က သတ်မှတ်လို့မရပါ။ ထို့အတွက်လည်း ဦးဗလမင်းမော်အတွက် ပြဿနာရှိဟန်မတူပါ။

ကလေးတစ်ယောက်မိခင် မုဆိုးမတစ်ယောက်ကို ဇနီးမယားအဖြစ် သတ်မှတ်လိုက်ရပေမယ့် ဦးဗလမင်းမော်အသွင်ကလည်း လူကြီးဆန် ရင့်ကျက်သွားတာမျိုး မရှိခဲ့ပါ။

လူငယ်ဆန်ဆန်ပဲ ဝတ်စားနေထိုင်သည်။ ပြုမူပြောဆိုသည်။

အလှအပကလည်း ဘာကြိုက်သလဲမမေးနဲ့။ အခန်းထဲကို ဦးဗလမင်းမော် ဝင်လာသည်နှင့် ရေမွှေးရနံ့က မွှန်ထူသွားတတ်၏။

ဒါကြောင့်လည်း ပန်းသွေး ကြည့်လို့မရခြင်းဖြစ်သည်။

ဦးဗလမင်းမော်ကို လက်ထပ်ယူခဲ့ခြင်းအတွက် စီးပွားရေးအပိုင်းမှာ မေမေမျှော်လင့်သလို တိုးတက်ကောင်း တိုးတက်လာနိုင်သည်။ ဒါပေမဲ့ မေမေ မဝံ့မရဲ မျှော်လင့်ထားသလို မိသားစုဘဝကိုတော့ ဘယ်တော့မှ ပိုင်ဆိုင်ရမှာမဟုတ်ဟု ပန်းသွေးယုံသည်။

သမီးနှင့်ခင်ပွန်းကြားမှာ နွေးထွေးသော ခင်မင်ရင်းနှီးမှုကို မေမေ တောင့်တမှာ သေချာပေမယ့် မရနိုင်တော့တာ မေမေ လက်ခံသွားခဲ့ပြီထင်သည်။

ပန်းသွေးကိုယ်တိုင်က တစ်အိမ်တည်းနေလျက် မမြင်မတွေ့အောင် ရှောင်တိမ်းနေတာကိုလည်း နောက်ပိုင်းမှာ မေမေ ဘာမှ မပြောနိုင်ခဲ့။

မေမေ အရှုံးပေး လက်လျှော့သွားခဲ့တာပဲ ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ပန်းသွေး ဘာလုပ်နေတာလဲ သွားကြမယ်လေ"

ပခုံးကိုလှမ်းပုတ်ရင်း ပြောလာသည့် ခခအသံကြားမှ ပန်းသွေး အတွေးလှိုင်းထဲက လန့်နိုးလာရသည်။

"ဆောရီး ငါ အတွေးလွန်သွားလို့"

နှစ်ယောက်သား အခန်းထဲမှထွက်ခဲ့ကြတော့ ညှိခန်းထဲမှာ မဂ္ဂဇင်းတစ်အုပ်နှင့် ထိုင်နေသော အန်တီလှိုင့်ကိုတွေ့ရ၏။

"ဒီပုံအတိုင်းဆို အန်တီလှိုင် မင်္ဂလာပွဲကျရင် ခခကို အရင်ဆုံး အလှပြင်ခန်းထဲ ပို့ထားရမယ်ထင်တယ်။ တကာတည်း ပြင်ဆင်လို့မဆုံးတော့ဘူး"

"ကိုယ့်တူမလေးလှတယ် ချောတယ် အများပြောကြအောင် ပြင်တာကို အန်တီလှိုင်ကလည်း"

"မပြင်ဆင်ဘဲနဲ့လည်း လှပါတယ် ခလေးရယ်၊ ပန်းသွေးကိုပဲကြည့် မျက်နှာပေါ်မှာ ပေါင်ဒါလေးတစ်ချက်တောင် မဖို့ဘဲနဲ့ လှနေတာ"

"ပန်းသွေးကိုတော့ သွားမပြောနဲ့ အန်တီလှိုင်။ သူက အလှအပဆို မုန်းတယ်တဲ့"

"ဟုတ်လား ပန်းသွေး။ အန်တီလှိုင်က အန်တီ့မင်္ဂလာပွဲမှာ ပန်းသွေးကို သတို့သမီးအရံအဖြစ် ပွဲထုတ်မလား စဉ်းစားနေတာ"

"ဟာ မလုပ်ပါနဲ့ အန်တီလှိုင်၊ သမီးက ပွဲတွေဘာတွေတက်ဖို့ ဝါသနာမပါဘူး။ အဲဒီလို အဝတ်အစားတွေလည်း ဝတ်တတ်တာ မဟုတ်ဘူး။ ပန်းသွေးကြောင့် ပွဲပျက်သွားနိုင်တယ် အဟင်း"

ပန်းသွေးစကားကြောင့် အန်တီလှိုင် ရယ်သည်။ မျက်စိရှေ့မှောက်မှာတင် ပွယောင်းယောင်းတီရှပ်နှင့် ဂျင်းပင်နံ့ဟောင်းဘောင်းဘီရှည်ကို ဝတ်ဆင်ထားသော ပန်းသွေးစတိုင်လ်က အထင်အရှားလေ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးနီနီဆိုတာ အလှအပကြိုက်တတ်လွန်းသော တူမခဲခနောင်နှင့် ဘယ်လိုမှ အသွင်စရိုက်မတူညီစွာ ပေါင်းသင်းနေသော မိန်းကလေးဟု ဒေါ်မြတ်နှင်းလှိုင် သိထားသည်။

အိမ်လာတိုင်း သည့်ကောင်မလေးအသွင်က ဝတ်စားပြင်ဆင်လာသည့် မရှိ။ ခလေးတို့လို ကြွပ်ကြွပ်ထုပ်ထုပ်တွေလည်း ဝတ်တာမျိုးမရှိ။ ရိုးရိုးစင်းစင်း သာမန်ဝတ်စားဆင်ယင်မှုသာ ဖြစ်၏။

မျက်နှာလေးမှာလည်း ဘာအခြယ်အသမှမတင်ဘဲ အမြဲတမ်း ရှင်းလင်းနေ၏။ သို့တိုင် နုဖတ်ဝင်းဖန့်သော မျက်နှာလေးက ချစ်စရာကောင်းသည်။ ပြင်ဆင်ခြယ်သထားသော တူမ ခလေးနှင့်ယှဉ်လိုက်လျှင်တောင် ဘာမှမပြင်ထားသော ပန်းသွေးအလှက ထင်းရှင်းလွန်းနေသည်။

အခုလည်းကြည့်၊ သူမ မင်္ဂလာပွဲအတွက် ခလေး အဝတ်အစား သွားချုပ်မှာကို လိုက်သွားမည့်အသွင်က ပကတိအတိုင်း ပြင်ပြင်ဆင်ဆင် မရှိပါ။

“ပန်းသွေးတို့ကိုခွင့်ပြုဦး အန်တီလှိုင်”

“ဪ အေး အေး၊ တစ်လက်စတည်း ကြိုမှာထားဦးမယ်။ အန်တီလှိုင်ရဲ့မင်္ဂလာပွဲကိုတော့ သမီး လာဖြစ်အောင်လာနော်”

“မလာလို့ ရမလားအန်တီလှိုင်ရဲ့။ မင်္ဂလာနေ့မတိုင်ခင် တစ်ရက်ကတည်းက အိမ်မှာလာအိပ်ဖို့ ခခပြောပြီးသား။ ပန်းသွေး ဒါပဲနော်၊ နီးမှ နင် အကြောင်းမပြန်နဲ့”

“အင်း ငါ ကတိပေးထားပြီးပြီပဲဟာ။ စိတ်ချပါ အန်တီလှိုင်။ သမီး မဖြစ်မနေ လာမှာပါ”

“အေး အေး၊ ကဲ သွားကြ သွားကြ၊ စောစောသည်းပြန်ကြဦးနော်”

www.burmeseclassic.com

www.burmeseclassic.com

အနိဒ်တီလိုင်စကားကို ခေါင်းညိတ်ပြပြီး နှစ်ဦးသား ဆင်ဝင်အောက်က ကားကလေးဆီ ထွက်ခဲ့ကြသည်။

"ငါမောင်းမယ်ဟာ"

ခခမောင်းမည်ဆိုတော့ သူမ ကားသော့ကို လှမ်းပေးလိုက်သည်။

ညက သူမနှင့်အတူ မြို့ထဲလိုက်ခဲ့ဖို့ ခခ လှမ်းမှာတော့ ပန်းသွေး လာမည်ဟု ကတိပေးခဲ့ရသည်။

နောက်တစ်ပတ်မှာ ကျင်းပမည့် ခခရဲ့ဒေါ်လေးအနိဒ်တီလိုင် မင်္ဂလာပွဲကို သူတို့ခြံထဲမှာပဲ ကျင်းပမှာမို့ မင်္ဂလာနေ့မတိုင်ခင် ညကတည်းက ည အိပ်လာဖို့လည်း ပန်းသွေး ကတိပေးခဲ့ရသည်။

သည်လိုပွဲမျိုးတွေကို ပန်းသွေး ရှောင်တတ်ပေမယ့် ခခရဲ့ ဒေါ်လေး ကိစ္စဆိုတော့လည်း ငြင်းမရနိုင်ပါ။

အခုလည်း ခခဝယ်သမျှ အနောက်က တကောက်ကောက်လိုက်ရဦးမည်။ အလှပြင်ဆိုင်ထဲမှာ တမေ့တမော ထိုင်စောင့်ရဦးမည်။

မင်္ဂလာဆောင်မှာက အဒေါ်ဆိုပေမယ့် ခခက မင်္ဂလာပွဲအတွက် ပြင်ဆင်မဆုံးဖြစ်နေသည်။

မင်္ဂလာပွဲကို မဏိလျှမ်းလာမည်ဆိုတာကြောင့် ခခ သိပ်လှချင်နေတာ ဖြစ်နိုင်သည်။ ပန်းသွေးမှာတော့ ခုကတည်းက ခခအလိုကို လိုက်မိသည့် ဒုက္ခတွေ ခံနေရပြီ။

သူငယ်ချင်းအရင်းအချာတွေဆိုတော့လည်း အခက်သားလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သည်တစ်ပတ်လုံး ခခကိုကြည့်ကာ စိတ်မောလှမော ဖြစ်နေရသူက ပန်းသွေးပဲဖြစ်သည်။

အဒေါ်ဖြစ်သူ ဒေါ်မြတ်နှင်းလှိုင် မင်္ဂလာရက်နီးလာလေလေ ခခ အလုပ်တွေ ရှုပ်ထွေးကာ ဟိုပြေးဒီပြေး ဖြစ်နေလေလေ။ တစ်ပတ်လုံးလုံး အပြင်မထွက်သည့်နေ့ရယ်လို့ လုံးဝမရှိ။

ဝယ်လို့မဆုံး။ ပြင်ဆင်လို့မဆုံးအောင် ဖြစ်နေလေသည်။

မင်္ဂလာပွဲမှာ ဝတ်ဖို့ဝတ်စုံအတွက် အပ်ချုပ်ဆိုင်။ ဖိနပ်ဆိုင်က အစ သေးသေးမွှားမွှား ဆံညှပ်ကလစ်ဆိုင်အထိ ဝယ်မဆုံးဖြစ်နေသည်။

တကယ်ဆို မင်္ဂလာပွဲက ကိုယ့်အိမ်ခြံဝန်းထဲမှာ ဘုရေးစေးနှင့် ကျွေးမွေးမှာမို့ လိုအပ်သမျှကို ဟိုတယ်မှာပဲမှာပြီးပြီ။ ဟိုတယ်ဝန်ထမ်း လေးတွေက ကျွေးမွေးဧည့်ခံမှုကအစ အားလုံး တာဝန်ယူပြီးသားဖြစ်သည်။

ဘာဆိုဘာမှ မလိုအပ်ပေမယ့် ခခကလေ့ နားချိန်မရှိအောင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပိုတွေနှင့် ရှုပ်ထွေးနေသည်။ ပြီးတော့ မဆုံးနိုင်သော သူ့ကိစ္စတွေမှာ ပန်းသွေးလည်းမနေရပါ။

ဖွတ်ခေါ်လို့ လိုက်ရတာ ခြေတိုမတတ်ဖြစ်သည်။ တစ်ဆိုင်ဝင်လျှင် ရွေးမဆုံး ကြည့်မဆုံး ဖြစ်နေတာကို ပန်းသွေး အတော်ပဲ သည်းခံရပါသည်။

တစ်ယောက်တည်း စိတ်တိုင်းကျ ရွေးရုံနှင့် မကျေနပ်သေးဘဲ ပန်းသွေးဘက်လှည့်ကာ အကြံတောင်းသလို မေးတတ်သေး၏။

"ကြည့်ပါဦး ပန်းသွေးရဲ့ ဒီအဆင်လေး ငါနဲ့ဆို လိုက်မလား ဟင်"

"အေး လိုက်တယ်"

မြန်မြန်ပြီးအောင်ရော ပိုင်းဖြတ်ကာ ပန်းသွေး ခေါင်းညိတ်ထောက်ခံတော့လည်း အလိုမကျနိုင်ပြန်ချေ။

"နင်ကလည်း သေချာကြည့်ပါဦး။ ဟိုအဆင်လေးက ပိုကောင်းမလားလို့"

"ကဲ မိခ၊ နင့်စိတ်တိုင်းကျကိုသာ ရွေးတော့။ ငါ ဘာမှ မပြောတတ်တော့ဘူး။ နင့်ကိုကြည့်ရင်း ကြည့်ရင်း ခေါင်းတွေတောင် မူးလာပြီ တကယ်"

"ခဏလေးပါ သူငယ်ချင်းရယ်။ ခဏလေးပါနော်"

ပန်းသွေး စိတ်မရှည်နိုင်တာ မြင်တော့လည်း ခခ မနေနိုင်ပါ။ မျက်နှာချိုသွေးကာ တောင်းပန်ရှာသည်။

"စွမ်း ဒီကိုလာဦး"

အသံလေးက စူးရှချိုမြိန်ပေမယ့် အမိန့်သံပါသည်။ ခခနံဘေးမှ မိန်းကလေးဆီကအသံဖြစ်သည်။ ခခကော ပန်းသွေးပါ မရည်ရွယ်ဘဲ လှည့်ကြည့်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သရီးစတက်ဆံပင်တိုလေးကို နီညိုရောင်ဆေးဆိုးထားတာမို့ ဖြူနုဝင်းမွတ်သော မျက်နှာလေးက ထင်ရှားနေသည်။

ရဲရဲနီသော ကိုယ်ကြပ်အင်္ကျီလေးက လည်ပင်းပတ်လည်မှာ အဖြူရောင်ကျောက်ပွင့်လေးတွေ လက်ဖြာလျက်။ အနက်ရောင်စကပ်တိုလေးနှင့် ကြိုးသိုင်းဖိနပ်ဖြူလေးကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်။

ပန်းသွေးတို့ထက် အသက်ငယ်နုလွန်းတာက အထင်အရှား ဖြစ်သည်။ နုဖတ်ချောမွေ့သော မျက်နှာလေးနှင့် မလိုက်ဖက်အောင် မာတင်းထားသော မျက်နှာလေးက မျက်ဝန်းတွေအထိတောင် စူးလက်တောက်ပနေသလို။

"ဒီလုံချည်အဆင်တွေထဲမှာ ငါနဲ့လိုက်တာ ရွေးပေးစမ်း"

ခခကော ပန်းသွေးပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ ဘယ်လိုမိန်းကလေးပါလိမ့်။ မိန်းမတစ်ယောက်ဝတ်မည့် လုံချည်အဆင်ကို ယောကျ်ားတစ်ယောက်ကို ရွေးချယ်ခိုင်းပုံက ရင့်ရင့်သီးသီး။

စွမ်းဆိုသော ယောကျ်ားကလည်း ဆိုင်ရှင် တစ်ထပ်ကြီးပုံချပေးထားသော လုံချည်ဆင်တွေကို ကောက်ကိုင်ကာ ရွေးပေးနေသည်။

ကျောပေးထားတာမို့ ထိုယောကျ်ားကို ခခကော ပန်းသွေးပါ မမြင်ပါ။ အဖြူရောင်ရှပ်လက်ရှည်ကိုဝတ်ဆင်လျက် ပုဆိုးညိုစိပ်ကွက်လေးကို ဝတ်ဆင်ထားကာ မြင့်မားသောအရပ်နှင့် အချိုးအဆစ်ကိုတော့ သတိထားမိသည်။

"ဒီအဆင်လေးဆို ဆွိနဲ့လိုက်မယ်ထင်တယ်"

လေသံက တိုးတိုးပျော့ပျော့နှင့် မဝံ့မရဲအသံ ပေါက်နေသည်။ ခခကတော့ ဘယ်လိုနေမည်မသိ။ ပန်းသွေးကတော့ စိတ်ထဲမှာ ဘလိုမကျစွာ ချာခနဲမျက်နှာလွှဲပစ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုယောက်ျားပါလိမ့်။ ဒီလောက်အထိ မိန်းမတစ်ယောက်ကို ပျော့ညံ့စွာ ဆက်ဆံလွန်းနေတာတော့ အမြင်ကပ်စရာကောင်းသည်။

"အနီးကပ်ကြည့်တော့ မဆိုးဘူး။ နင့်ခန္ဓာကိုယ်မှာကပ်ပြီး တစ်ခေါက်လောက် လျှောက်ပြစမ်း။ ငါကြည့်ချင်လို့"

မကြည့်တော့ဘူးဟု ဆုံးဖြတ်ထားသည့် ပန်းသွေးမျက်ဝန်းတွေ ထိုနှစ်ယောက်ဆီ ပြန်ရောက်သွားရ၏။ ခဏကလည်း တအံ့တဩ လှည့်ကြည့်၏။

"မ မလုပ်ပါနဲ့ဆွိရယ်၊ ဒါ မိန်းမဝတ်မယ့် လုံချည်ကြီး"

"စွမ်း ငါခိုင်းတာ လုပ်စမ်း။ ချုပ်ရသေးတာမှမဟုတ်ဘဲ။ နင့်ကို ဝတ်ခိုင်းတာလည်းမဟုတ်ဘူး၊ ကိုယ်မှာကပ်ပြီး လျှောက်ခိုင်းတာ လုပ်"

တကယ့်ကို အထက်စီးဆန်စွာ အမိန့်ပေးသောစကား။ စွမ်းဆိုသော ပုဂ္ဂိုလ် ဘေးဘီဝဲယာကို မငဲ့မရဲ ထူပူရှက်ရွံ့စွာ လှည့်ကြည့်သည်။

ခဏမျက်ဝန်းအစုံ ပိုင်းစက်အံ့ဩသွားသလို ပန်းသွေးလည်း ပါးစပ်အဟောင်းသားဖြစ်ရသည်။

အတော့်ကို ဆင်တူသည်။ မဏိလျှမ်းနှင့် မျက်နှာအချိုးအပေါက် ကျပုံက အသားအရည် ဖြူဝင်းအိစက်တာကအစ တူသည်။ ဘေးခွဲဆံပင် တိုတိုတွေကြောင့်လည်း သူ့မျက်နှာလေးက ထင်ရှားပေါ်လွင်သည်။

"ဟဲ့ လုပ်လေဟာ ရော့"

ဆွိဆိုသော ကောင်မလေးက အခက်အပွင့်လေးတွေနှင့် ဒီဇိုင်းထွင်ထားသော လုံချည်စကို ထိုးပေးသည်။ စွမ်းမျက်ဝန်းတွေက တောင်းပန်ခယသော အရိပ်တွေနှင့် မငဲ့မရဲလှမ်းယူ၏။

"ညီမလေးက အဆင်အသွေးကြည့်ချင်လို့လား။ အစ်မတူ လေး ရှိပါတယ်၊ သူ့ နမူနာလျှောက်ပြပါလိမ့်မယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်မိန်းမကြီးတောင် မနေနိုင်တော့ဘဲ ဝင်ပြောသည်။ ကောင်မလေးက ခေါင်းကိုခါယမ်းရင်း –

"ဟင့်အင်း ရတယ် အန်တီ။ စွမ်း နင်ပဲလျှောက်ပြစမ်းပါ။ ကဲ လျှောက်တော့ဟာ ငါ စိတ်မရှည်ချင်တော့ဘူး"

မျက်ခုံးတန်းတန်းလေးတွေ တွန့်ခနဲကွေးကာ ကောင်မလေး အမိန့်ပေးသည်။ စွမ်းမျက်နှာလေး ရဲရဲနီလျက် ပိတ်စကိုဖြန့်ကာ ဝတ်ထားသော ပုဆိုးအပေါ်က ထပ်ကာ ကပ်ပြသည်။

"လှ လှပါတယ်ဟာ နော်"

"မရဘူး။ ဆိုင်ရှေ့မှာရပ်ပြလေဟာ။ ငါ ဒီက အသေအချာ ကြည့်ချင်လို့ သွားပါ"

ကောင်မလေးက ပခုံးကို ခပ်ကြွမ်းကြွမ်းလေး တွန်းလွှတ်သည်။ ဖြူနုသော မျက်နှာလေး ရဲရဲနီကာ ရှက်နေသောကောင်လေးကို ကြည့်ကာ ပန်းသွေးရင်ထဲမှာ စာနာသနားစိတ်ကလေး ဝင်လာရ၏။

ဘယ်လိုယောက်ျားလဲ၊ ဘာကြောင့် ဒီလောက်အထိ လိုက်လျော ကြောက်လန့်နေရတာလဲ။ တကယ်ဆို ထိုကောင်မလေးက သူ့ထက်တောင် ငယ်သည့် အထွေးဆုံးညီမအရွယ်ဖြစ်သည်။

နင် ငါ ပြောဆိုဆက်ဆံနေတာကိုတောင် ခံယူဖို့မသင့်။ ပန်းသွေး စိတ်နဲ့ဆို မလွယ်။ နားရင်းကို ဆင့်အုပ်ပစ်လိုက်မိမှာ သေချာသည်။

ဆိုင်ထဲက မိန်းမကြီးငယ်တွေရော နံဘေးဝန်းကျင်က လူတွေ အကုန် စွမ်းကိုကြည့်ကာ ပြုံးစိစိဖြစ်နေကြသည်။

"အနောက်လှည့်ပြီး သုံးလေးလှမ်းလျှောက်ပြစမ်းဟာ"

ကောင်မလေးအသွင်က တမင်စေခိုင်းနေသလိုမျိုး။ လူ့အလယ်မှာ အရှက်ခွဲနေသလို လုပ်ပြနေတာ ဘာအကြောင့်လဲမသိ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးကတော့ ရှက်သွေးနှင့် နီနေသော သူ့မျက်နှာလေးကို ကြည့်ကာ သနားလည်းသနားသည်။ ကြားထဲက မခံနိုင်ဖြစ်နေတာလည်း အမှန်။

"ဒီအဆင်လေး ထပ်ပြဦး စွမ်း။ နင်ကလည်း နွဲ့နွဲ့ကလေး လျှောက်လေ၊ စက်ရုပ်ကြီးကျနေတာပဲ။ ရော့ ဒီတစ်ထည့်ပြောင်းဝတ်ဦး"

ကြည့်စမ်း၊ နုဖတ်ချောမောသော မျက်နှာလေးနှင့် မလိုက်ဖက်အောင် ယုတ်မာလိုက်တာဟု ပန်းသွေး မှတ်ချက်ချလိုက်မိ၏။ တစ်ဖက်သား ရှက်နေတာကိုသိလျက်နဲ့ အပြုံးမပျက် နှိပ်စက်နေပုံက ခံစားချက်မရှိတဲ့ အတိုင်းပါပဲ။

"ခခ သွားရအောင်"

ခခကို လက်တို့ပြီး ဆိုင်ထဲက ပန်းသွေး အမြန်ဆုံးလှည့်ထွက်ခဲ့မိသည်။ ခခကတော့ အနောက်မှာကျန်ရစ်ခဲ့သော မြင်ကွင်းကို လည်ပြန်လေး ပြန်ငဲ့ကြည့်ရင်း –

"အတော်တူတယ်နော် ပန်းသွေး၊ လျှမ်းနဲ့ ညီအစ်ကိုဆို ယုံလောက်တယ်"

"အင်း ဒါပေမဲ့ မိန်းမတစ်ယောက်ကို အဲဒီလောက်အထိ ခယကြောက်ရွံ့နေတာတော့ အတော်ဆိုးတယ်။ ဟိုကောင်မလေးကလည်း ရိုင်းလိုက်တာ လွန်ပါရော"

"အင်းနော်၊ သူ့ခမျာ အတော်ရှက်နေတာဟ။ ဟိုကောင်မလေးကိုလည်း ကြောက်နေလိုက်တာ။ သမီးရည်းစားတွေဆိုရင်တော့ အိမ်ထောင်ကျရင် မလွယ်ဘူး။ ဒီလူ ကောင်မလေးအနိုင်ကျင့်သမျှ ခံရတော့မှာပဲ"

"ငါသာဆို ဒီလိုမိန်းမမျိုး မစဉ်းစားဘူး။ ပြီးတော့ ဒီလောက်ထိ ခယလွန်းတဲ့ ယောကျ်ားမျိုးလည်း ဆောရီးပဲ၊ အထင်မကြီးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကောင်မလေးကို အရမ်းချစ်လို့ နေမှာပေါ့ဟယ်။ လျှမ်းလည်း ငါ့ကို အဲဒီလိုအလိုလိုက်ချစ်ရင် ဘယ်လောက်ကောင်းမလဲ"

"တော်စမ်းပါဟာ လူတစ်ဖက်သားကို အနိုင်ကျင့်နေတဲ့မိန်းမမျိုးကိုနင် အားကျမနေစမ်းပါနဲ့"

"အားကျတယ် မဟုတ်ပေမယ့် ကံကောင်းချင်တာပေါ့ဟာ။ ဘယ်မိန်းကလေးမဆို အလိုလိုက် ယုယတာတော့ ခံချင်တာပေါ့"

အလိုလိုက် ယုယမှုတဲ့လား။ ခခစကားကို ပန်းသွေး လက်မခံနိုင်ပါ။ တစ်ဖက်သားကို အတ္တဆန်စွာ အနိုင်ယူမိတာကိုပဲ ပန်းသွေးမြင်သည်။ ဝဋ်ဆိုတာ အတုံ့အလှည့်ရှိသည်။ ခံရသူဘက်က မခံနိုင်သည့်အဆုံး ပေါက်ကွဲလျှင် ဘာတွေဖြစ်လာမည်လဲ။

ကောင်းကျိုးမဟုတ်တာတော့ သေချာသည်။ ခုချိန်မှာ ခခနှင့်လည်း အယူအဆတွေ စကားနာထိုးမနေချင်တော့တာမို့ နှုတ်ဆိတ်နေလိုက်၏။

အာရုံထဲမှာတော့ စွမ်းဆိုသော ယောကျ်ားတစ်ယောက်မျက်နှာကို ပန်းသွေး မှတ်မှတ်ထင်ထင် မြင်ယောင်မိ၏။ ခခပြောသလို မဏိလျှမ်းနှင့် ချုပ်ချင်းဆင်တူနေတာတော့ အသေအချာ။

လူတူနာမည်တူ မရှား ဆိုရိုးရှိသည်ပဲ။ စိတ်ဓာတ်ချင်းတော့ တူနိုင်မည်မထင်။

မိခကတော့ မဏိလျှမ်းကို စွမ်းဆိုသော ယောကျ်ားနှင့် နှိုင်းယှဉ်စိတ်ကူးယဉ်နေမည်လား ပန်းသွေးမသိ။

ခခ စိတ်ကူးယဉ်နေသလို မဏိလျှမ်းဆိုသော ယောကျ်ားသည်လည်း စိတ်ထားပျော့ညံ့လွန်းသူဖြစ်နေလျှင်တော့ ခက်ပြီ။

အိုး ဒါ ပန်းသွေးနဲ့ ဘာဆိုင်တာမှတ်လို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မင်္ဂလာပွဲအတွက် ကူညီပေးရန် ရောက်ခဲ့တာဆိုပေမယ့် တကယ်တမ်းကျ ဘာမှလုပ်စရာလည်း ရှိတာမဟုတ်။ လုပ်စရာမလိုအောင်လည်း ပြည့်စုံနေ၏။

အန်တီလှိုင် ခင်ပွန်းလောင်း ဦးဝေမှိုင်းညို့က သူ့ပွဲရုံက အလုပ်သမားတွေ ခေါ်လာကာ တစ်ညနေလုံး ခြံထဲကမြက်ခင်းပြင်မှာ ပြင်ဆင်စရာတွေပြင်ဆင်ကြသည်။

စားပွဲဝိုင်းတွေလည်း နေသားတကျ ချပြီးနေပြီ။ အလှပန်းတွေမီးလုံးတွေလည်း အသင့်ပြင်ဆင်ပြီးပြီ။

မနက်ဖြန်မနက် ကျင်းမပည့် မင်္ဂလာပွဲအတွက် မနက်စောစောမှာ ဟိုတယ်ဝန်ထမ်းတွေ အစားအသောက်တွေနှင့် ရောက်လာကြမည်။

ဘာဆိုဘာမျှ မလိုအပ်ပေမယ့် ခခက ဖွတ်ခေါ်တာမို့ ပန်းသွေး ညအိပ်လာခဲ့ရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝေမှိုင်းညို့က သူ့တပည့်ကျော် အလုပ်သမားတွေအတွက် အလုပ်မရှုပ်အောင် အစီအစဉ်ဆွဲထားခဲ့သည်။

ညနေစာကို အပြင်ဆိုင်တစ်ခုမှာ ကျွေးမွေးမည်ဆိုကာ ထွက်သွားကြ၏။ ယောက်ျားအုပ်စုတွေချည်းဆိုတော့ အသောက်အစားပွဲလည်း ပါမှာ သေချာ၏။ မိုးချုပ်စကတည်းက ထွက်သွားကြတာ အခုထိ ပြန်မလာကြသေးချေ။

ဘာမှလုပ်စရာမရှိတော့ ပန်းသွေးပျင်းလာသည်။ ခခကလည်း အိပ်ခန်းထဲမှာ အဒေါ်ဖြစ်သူနှင့် မင်္ဂလာပွဲမှာ ဝတ်ဆင်မည့် ရတနာတွေအကြောင်း တိုင်ပင်ဆွေးနွေးရင်း ရှုပ်ထွေးကျန်ရစ်ခဲ့သည်။

မန္တလေးကရောက်လာသည့် ခခရဲ့ညီမ၊ အစ်မဝမ်းကွဲတွေနှင့်လည်း စကားဖောင်ဖွဲ့နေတာမို့ ပန်းသွေးကို ဂရုမစိုက်နိုင်။

"ပန်းသွေး၊ သူငယ်ချင်း ဘာမှ အနေမခက်နဲ့နော်။ နေတတ်သလို နေ၊ ဒီမှာ ငါ့ ဆွေမျိုးတွေနဲ့ ဆုံတုန်းမို့ပါ"

"ရတယ်၊ ငါ နားလည်တယ်။ ခခ နင်တို့ဘာသာ လွတ်လွတ်လပ်လပ်နေကြပါ"

"နင်အိပ်ချင်ရင် ငါ့အခန်းထဲမှာ အိပ်နော်၊ ငါ ပြင်ဆင်ပြီးသား"

ခခစကားကို ခေါင်းညိတ်ပြလိုက်ရင်း ပန်းသွေး ရှောင်ထွက်ခဲ့သည်။ ညဘက်အပျင်းပြေတီးဖို့ ယူလာသော ဂစ်တာလေးကို အသာပိုက်ကာ ခြံထဲဆင်းခဲ့သည်။

မီးတွေထိန်လင်းနေပေမယ့် ခြံထဲမှာ ဘယ်သူမှမရှိပါ။ မြက်ခင်းလွင်ပြင်က စားပွဲဝိုင်းတွေနှင့်ဝေးသော ပန်းရုံဘက် ထွက်ခဲ့သည်။

ရေတမာပင်လေးအောက်က ခုံတန်းလေးမှာထိုင်ကာ ဂစ်တာကြိုးတွေကို ဖွဖွညင်သာသာလေး တို့ခတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျင့်ပါနေသော လက်ချောင်းတွေက ဆုန်သင်းပါရီရဲ့ သခင်သီချင်းတေးသွားလေးကိုပဲ တီးခတ်မိသည်။

မိဒသာကြားလျှင်း အပြေးဆင်းလာကာ ဆိုဦးမည်လားမသိ။ တစ်ယောက်တည်း ကြိတ်ပြုံးရင်း ပန်းသွေး ဂစ်တာသံစဉ်လေးထဲမှာ နစ်မျောသွားခဲ့၏။

"မင်းက ဂီတာတီးတာ သိပ်တော်တာပဲ"

"ဟင်"

ရုတ်တရက်မို့ ပန်းသွေး ထိတ်ခနဲဖြစ်ရသည်။ မော့ကြည့်မိတော့ ဘယ်အချိန်ကတည်းက တိတ်တဆိတ် ရောက်နေသည်မသိသော မဏိလျှမ်း။

စံပယ်ရုံနံဘေးမှာ လက်နှစ်ဖက် သိုင်းပိုက်ကာ ရပ်နေသည်။ အနက်ရောင်တီရှပ်လက်ရှည်အပေါ်က လက်ပြတ်သိုးမွှေးအင်္ကျီအဖြူကို ဝတ်ထားသည်။

ဂျင်းဘောင်းဘီအနက်နှင့် ရပ်နေပုံက န္တဲ့နှောင်းသည်လည်းမဟုတ်။ ပေါ့ပေါ့ပါးပါး ပြေပြေပြစ်ပြစ်အသွင်ရှိသည်။

"ရှင် ရှင် ဘာလာလုပ်တာလဲ"

"ကိုယ့်ဒေါ်လေး ခခနောင်ရဲ့ဒေါ်လေးဆီ လာတာကို လိုက်ပို့ပေးတာပါ။ မင်း ဂစ်တာတီးနေတာမြင်လို့ ရပ်နားထောင်နေတာ။ မင်းတီးတာ သခင်သီချင်း မဟုတ်လား"

"မသိဘူး။ ပျင်းလို့ စိတ်ထဲရှိရာ တီးလိုက်တာ"

"ဆက်တီးလေ၊ ကိုယ့်ကြောင့် အနှောင့်အယှက် ဖြစ်သွားသလား"

"တော်ပြီး ကျွန်မ မတီးချင်တော့ဘူး"

"အင်း ကိုယ်က၊ ဒီမင်္ဂလာပွဲကိုတောင် မင်းလာမယ် မထင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အင်းလေ မင်း ငြင်းရခက်ပြီး မဖြစ်မနေ လာခဲ့ရတာ မဟုတ်လား''

ဘယ်လိုလူလဲ၊ ပန်းသွေးအကြောင်းကို သိထားသူလိုလိုနှင့် ဝေဖန်ကောက်ချက်ချနေလိုက်တာ။ တကယ်ဆို မရင်းနှီး မခင်မင်ချင်လို့ ပန်းသွေး တမင်ရှောင်နေခဲ့တာကိုလည်း ရိပ်မိလောက်မှာပါ။

''ဒီရက်ပိုင်းမှာ မင်းတို့ ဝရန်တာမှာ ဂစ်တာမတီးကြတော့ဘူးနော်''

''ဒီမှာ အဲဒါ ကျွန်မတို့ လွတ်လပ်ခွင့် ဆိုချင်ဆိုမယ်၊ တီးချင်တီးမယ် ရှင်နဲ့မဆိုင်ဘူး''

''အဟွန်း မင်း ဘာဖြစ်လို့ ကိုယ့်ကိုဆို အမြဲဘုတိုက်နေတာလဲကွာ''

''အဲဒါ ကျွန်မအကျင့်စရိုက်လေ။ ကဲ ဖယ်ပါ ကျွန်မ အိမ်ထဲဝင်တော့မလို့''

''နေပါဦးကွာ၊ ညီ့သည်တစ်ယောက်တည်းထားခဲ့ပြီး မင်းက အိမ်ထဲသွားတော့မှာလား''

''ရှင် လူမှားနေပြီ၊ ကျွန်မလည်း ညီ့သည်ပဲ''

''ထားပါတော့၊ ကိုယ်တို့နှစ်ယောက်စလုံး အတူတူပဲ ကိုယ် မင်းနဲ့ မိတ်ဆွေဖြစ်ပါရစေ ပန်းသွေးနီနီ''

တကယ့်ပုဂ္ဂိုလ်နဲ့ လာတွေ့နေပြီထင်ပါရဲ့။ ခဏအချစ်ကို ကြိုးစားဖို့အတွက် ပန်းသွေးကို ကြားခံအောင်သွယ်တော် လုပ်ခိုင်းဖို့ စိတ်ကူးနေသလားမသိ။ တကယ်ဆို ထိုအထိတောင် လိုအပ်သောအခြေအနေမဟုတ်။

''ဆောရီးပဲ၊ ရှင်ကြိုးစားရမယ့် လမ်းကြောင်း မှားနေပြီ မဏိလျှမ်း ကျွန်မက အောင်သွယ်တော် အကျိုးဆောင်အလုပ်ကို စိတ်ဝင်စားတာ မဟုတ်ဘူး။ တကယ်ဆို ရှင်ကိုယ်တိုင် ခဏနောင်ကို ကြိုးစားခွင့်တာ''

''ဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါ ရှင့်အတွက် အကောင်းဆုံးနည်းလမ်းပဲ"

ဖြူနုသောမျက်နှာကြီး ရဲရဲနီသွားပုံက ရှက်သွားမှန်း သိသာထင်ရှား၏။ ဝက်ပါလို လှည့်ပတ်နေသော သူ့အကြံအစည်ကို ပန်းသွေး ဆွဲဆန့်ဖြောင့်တန်းပစ်လိုက်တာကြောင့် ထူပူရှက်ရွံ့သွားတာပဲ ဖြစ်မည်။

ဂစ်တာကိုပိုက်ပြီး သူ့ရှေ့က ပန်းသွေး တိုးဌေ့ဖြတ်ထွက်တော့ ကသောကမျော နောက်ဆုတ်ရှောင်းတိမ်းပေးသည်။

တစ်ချက်လှည့်မကြည့်ဖြစ်တော့ဘဲ ပန်းသွေး ခခရဲ့အိပ်ခန်းဘက်သို့ တန်းထွက်ခဲ့မိသည်။ အခန်းထဲမှာ ခခမရောက်သေးပါ။ ဆွေတော်မျိုးတော်တွေနှင့် ရေပက်မဝင် စကားကောင်းနေဆဲထင်၏။

မျက်ဝန်းတွေက အိပ်ချင်စိတ်မရှိသည့်တိုင် အပြင်ပြန်မထွက်ချင်တာမို့ ခုတင်ပေါ်တက်လှဲနေလိုက်သည်။

မိနစ်နှစ်ဆယ်ခန့်ကြာတော့ အခန်းထဲကို ခခဝင်လာ၏။

"အိပ်မပျော်ဘူးလား ပန်းသွေး"

"အေးဟာ၊ မျက်စိကြောင်ပြီး အိပ်မရဘူး"

"ပျော်အောင် အိပ်၊ မနက်ကျ စောစောထရဦးမှာဟ"

ညဝတ်အင်္ကျီပွဖားဖားကြီးနှင့် ခခ ပန်းသွေးနံဘေး အိပ်ရာမှာ အသာဝင်လှဲအိပ်သည်။

"လျှမ်းအဒေါ် အန်တီဝေ လာသွားတယ်ဟ။ လျှမ်းပါလာမှန်း ငါမသိလိုက်ဘူး။ ကိုယ်တော်က ခြံအပြင်က စောင့်နေရစ်တာတဲ့။ အန်တီဝေကို လိုက်ပို့တော့မှ အပြင်မှာ မတ်တပ်ကြီးတွေ့တယ်။ တော်တော်အူတဲ့လူ အိမ်ထဲထိ ဝင်မလာဘူးဟာ"

ခခပြောသမျှ နားထောင်ရင်း ပန်းသွေးတိတ်ဆိတ်နေလိုက်၏။ သူမနှင့်စကားပြော ဆုံတွေ့ခဲ့တာကို မဏိလျှမ်း ပြောသွားပုံမရ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခခမမေးတာဖြစ်မည်။

"လျှမ်းကြည့်ရတာ ငါ့ကိုဖွင့်ပြောဖို့ ရှက်နေတာလား။ သိက္ခာကို စောင့်ထိန်းနေတာလား။ မသိဘူးဟာ။ တော်ရုံယောက်ျားဆိုရင် ငါ့ကို ဖွင့်ပြောပြီးလောက်ပြီ။ လျှမ်းက တကယ့်အစိမ်းထင်တယ်၊ ရည်စားတောင် မထားခဲ့ဖူးဘူးထင်တာပဲ"

ခခက မှတ်ချက်ချနေသေး၏။

ပန်းသွေးကတော့ တိတ်ဆိတ်ခြင်းနှင့်သာ နှုတ်ပိတ်နေမိဆဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ခဲ့ပြီထင်သည်။

မဏိလျှမ်း တုန်လှုပ်ချောက်ချားစွာသိခဲ့ရတာ ညကမှဖြစ်သည်။

"ဆေဝာရီးပဲ၊ ရှင်ကြိုးစားရမယ့်လမ်းကြောင်း မှားနေပြီ မဏိလျှမ်း။ ကျွန်မက အောင်သွယ်တော်အကျိုးဆောင်အလုပ်ကို စိတ်ဝင်စားတာ မဟုတ်ဘူး။ တကယ်ဆို ရှင်ကိုယ်တိုင် ခခနောင်ကို ကြိုးစားသင့်တာ"

ပန်းသွေးနီနီရဲ့စကားတွေကို သူ နားနှင့်ဆတ်ဆတ်ကြားလိုက်ရတော့ မျက်ဝန်းတွေပြူးလို့ အံ့သြတုန်လှုပ်ခဲ့ရသည်။ တကယ့်ကို လွဲချော်တိမ်းမှားမှုသက်သက်ကြီး ဖြစ်နေသည်။ သူကိုယ်တိုင်ပဲ ညံ့ဖျင်းလွန်းတာလား တွေးမိတိုင်း စိတ်ထဲက ရှုပ်ထွေးနောက်ကျိရ၏။

အချစ်ဆိုတာကို ပထမဆုံး ခံစားခဲ့ဖူးတာ သူကိုယ်တိုင်အသိဆုံး။ ကျောင်းသားဘဝတုန်းက သူ့စိတ်အာရုံက ကျောင်းစာထဲမှာပဲ နစ်မြုပ်ခဲ့ရသည်။ အန်တီဝေက သူ့ကို စည်းကမ်းကြီးစွာ ပဲ့ကိုင်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးထဲမှာ မေမေမရှိတော့ကတည်းက အန်တီအပျိုကြီး အရိပ်အောက်မှာ သူ ကြီးပြင်းခဲ့ရ၏။

"ပညာရေးကို ထွန်းပေါက်အောင်ကြိုးစား သား။ ဒါမှ မင်း အနာဂတ်မှာ ငြိမ်းချမ်းပြီး ပူပန်သောကငြိမ်းမှာ။ ပညာသင်ချိန်မှာ အနှောင့်အယှက်ဖြစ်မှာတွေ အာရုံမဝင်စားနဲ့နော်သား။ ဒါကိုတော့ အန်တီဝေ အပြင်းအထန် တားမြစ်ရမှာပဲ"

အန်တီဝေစကားကို ခေါင်းထဲမှာ သူ စွဲနေအောင် နာခံခဲ့သည်။ ဒါကြောင့်လည်း အချိန်တန်တော့ ဗိသုကာပညာရပ်နှင့် ကျောင်းပြီးကာ သူ အင်ဂျင်နီယာတစ်ဦးဖြစ်ခဲ့သည်။

"သားမေမေက သားအနာဂတ်အတွက် သိပ်စိတ်ပူတာ။ ဒါကြောင့် အားလုံးကို အသေအချာ စီမံခဲ့တယ် သား။ သား ပညာရေးပြီးဆုံးရင် စီးပွားရေးလုပ်ငန်းလုပ်နိုင်အောင် ဘဏ်မှာ ငွေတွေသိမ်းထားနိုင်းခဲ့တယ်"

လောကကြီးထဲမှာ မရှိတော့သော မေမေ့ရဲ့အစီအမံတွေက အမြော်အမြင်ကြီးမားသည်။ အန်တီဝေကလည်း လျှို့ဝှက်နိုင်လွန်းခဲ့သည်။

ဘဝကို ရိုးရိုးကုပ်ကုပ် စည်းစနစ်ကြီးစွာ ရှင်သန်နိုင်အောင် မေမေ ချန်ရစ်ခဲ့သည့် အမွေတွေကို အန်တီဝေက သူ့ကို ဖွင့်မပြောခဲ့။ အခုတော့ သူ့အတွက် မေမေချန်ထားရစ်ခဲ့သည့် အမွေဥစ္စာနေတွေက ယုံနိုင်စရာတောင် မရှိပါ။

"သားကိုသား ပြည့်စုံချမ်းသာတဲ့ တစ်ဦးတည်းသောသားလို့ သိနေခဲ့ရင် ဘဝကို ရေသာခို မကြိုးစားမှာစိုးလို့ အန်တီဝေ ဖွင့်မပြောဘဲ သိုသိုဝှက်ဝှက် နေခဲ့တာပါ သား။ အခု သားလည်း အရွယ်ရောက်ပြီ၊ ဆင်ခြင်နိုင်တဲ့ ဦးနှောက်နဲ့ အတတ်ပညာလည်းရှိပြီ၊ ဒီတော့ သားမေမေရဲ့ အမွေတွေကို သားလက်ထဲ အန်တီဝေ စိတ်ချလက်ချ လွှဲအပ်တယ် သား"

www.burmeseclassic.com

www.burmeseclassic.com



"သား ဒီအမွေတွေကို မမက်မောပါဘူး အန်တီဝေ။ ဒီလောက် အများကြီးရှိမယ် မထင်တော့ အံ့သြမိတာပါ။ အဲဒါတွေ သားအတွက် မလိုပါဘူး။ အန်တီဝေပဲ သိမ်းထားပါ"

"မဟုတ်ဘူး သား။ ဒီငွေတွေနဲ့ မင်း စီးပွားရေးတစ်ခု တည်ထောင်စေချင်တယ်။ သားကို အောင်မြင်ပြီး ပြည့်စုံချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဘဝကို အန်တီဝေက ရောက်စေချင်တာ"

အန်တီဝေ စိတ်ကူးရည်ရွယ်ချက်တွေက ကြီးမားသည်။

သူကလည်း အန်တီဝေ စိတ်ကူးတွေ အကောင်အထည်ဖော်စေချင်သည်။

ဒါကြောင့်လည်း ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု သူတည်ထောင်ကြိုးစားခဲ့၏။

ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်သော လူငယ်တစ်ဦးဘဝကို သူပိုင်ဆိုင်ခဲ့သည်။

"စီးပွားရေးလုပ်ငန်းတွေထဲမှာလည်း နစ်မြုပ်မနေနဲ့ဦး သားရဲ့။ သားအသက်မငယ်တော့ဘူး အိမ်ထောင်ပြုဖို့ စဉ်းစားပါဦး"

"ဟာ အန်တီဝေကလည်း ဒါတော့ မလုပ်ပါနဲ့။ ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး။ လွတ်လွတ်လပ်လပ် နေပါရစေဦး"

"အိမ်ထောင်မပြုလို့တော့ မဖြစ်ဘူးသား။ ကိုယ့်ရဲ့မျိုးဆက်ဆိုတာ လောကကြီးထဲမှာ ရှင်သန်ကျန်ရစ်ခဲ့ရမှာပဲ"

"ဒါဆို အန်တီဝေက ဘာဖြစ်လို့ အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်နေတာလဲ"

"အန်တီဝေမှာ အစ်မတစ်ယောက်ရှိတယ်။ အဲဒါ သားမေမေလေ။ သားရဲ့မေမေက မွေးခဲ့တဲ့သားက အန်တီဝေမျိုးဆက်ပဲ။ ဒီတော့ အန်တီဝေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မပြုလည်း ဘာမှ ပြဿနာမရှိဘူးပေါ့"

"အင်း အန်တီဝေကတော့ အကြောင်းပြချက် ခိုင်မာလိုက်တာ။ မေမေလည်း ကျွန်တော်နဲ့အတူ ညီဖြစ်ဖြစ်၊ ညီမလေးဖြစ်ဖြစ် တစ်ယောက်ယောက် မွေးခဲ့ရင် သိပ်ကောင်းမှာပဲ။ ကျွန်တော် အိမ်ထောင်ပြုစရာ မလိုတော့ဘူး။ တူတွေ တူမတွေ ရှိနေပြီပဲ"

"အခု သားမှာ ဆွေမျိုးညီအစ်ကိုမှ မရှိဘဲ။ သားကိုယ်တိုင် အိမ်ထောင်ပြုမှ ဖြစ်မယ်"

"အဲဒါမှ တကယ့်ပြဿနာပဲ အန်တီဝေက ဘာတွေစီစဥ်ထားလို့လဲ။ အိမ်ထောင်တစ်ခုကို ပုံသေနည်းဆန်ဆန် စီမံကိန်းကြီးနဲ့ တည်ဆောက်လို့ မရဘူးထင်တယ်။ ကျောင်းမှာတုန်းက ခင်ခဲ့တဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက် မိဘပေးစားတာယူပြီး စိတ်သဘောမသင့်တော့ ကွဲသွားပြီး ကလေးတစ်ယောက်က ကြားထဲက မြေစာပင်ဖြစ်ပြီး သနားစရာပဲ။ ခုထိ ရုံးမှာ ကလေးပိုင်ဆိုင်ဖို့ အမှုရင်ဆိုင်နေကြတုန်း အန်တီဝေရဲ့"

"အမလေး အန်တီဝေကို အပျိုကြီးဆိုပြီး သားက ဘာမှ မသိဘူးထင်လို့လား။ အဲဒီလို အိမ်ထောင်ရေး အတွေ့အကြုံတွေ အများကြီးမြင်ဖူး သိဖူး၊ ကြားဖူးတယ်။ ဒါကြောင့် သားကိုလည်း ဘယ်တော့မှ အန်တီဝေက ဒီလိုမဖြစ်စေချင်ပါဘူး။ သား နှစ်သက်သဘောကျတဲ့သူကိုပဲရွေး။ အန်တီဝေက သင့်၏ မသင့်၏ပဲ စဉ်းစားအကဲခတ်ပေးမှာပါ"

"ဒါဆိုရင်တော့ အန်တီဝေ စိတ်လက်ချမ်းသာနေပါဦး။ အန်တီဝေ အကဲခတ်ဖို့ မိန်းကလေးလည်း သားမှာမရှိသေးဘူး"

"အန်တီဝေ တွက်မိပါတယ်။ ဒါကြောင့် သတိပေးနေတာ။ မရှာဘဲနဲ့ တွေ့ပါ့မလား။ ရှာဖို့သတိပေးနေတာ၊ ကဲ သဘောပေါက်ပြီလား"

"အဲဒါမှ တကယ့်ဒုက္ခ။ ကျောင်းမှာတုန်းက ရည်းစားတောင်

www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ဘူးတော့ အခက်ပဲ အန်တီဝေရေ့ ဟား ဟား"

အန်တီဝေရဲ့ ပွဲကိုင်မှုအောက်မှာ လူငယ်တစ်ယောက်ရဲ့ ရင်ခုန်သံကို ဥပေက္ခာပြု နေထိုင်ခဲ့သောသူ အခုတော့ အရွယ်လွန်မှ ရည်းစားစကားပြောနည်း ရေးနည်းတွေ ပြန်လေ့လာသင့်ယူရတော့မည့်အဖြစ်။

ခက်တော့ခက်ပါသည်။ အချစ်ဆိုတာ သူ့စိတ်တိုင်းကျ ပုံစံဆွဲရေးထုတ်တည်ဆောက်နိုင်းသလို ရနိုင်သောအဆောက်အဦးတစ်ခု မဟုတ်လေတော့။

သူနှင့်လုပ်ငန်းပိုင်းမှာ ဆက်ဆံပတ်သက်သူ မိန်းကလေးတွေရောရင်းနှီးခင်မင်သူတွေထဲမှာပါ သူ ရှာဖွေကြည့်မိသည်။

အံ့သြစရာကောင်းသည်က အချစ်ဆိုတာ ဖန်တီးယူလို့ရသောအရာမဟုတ်ပါ။

မျက်ဝန်းက မြင်တိုင်းလည်း နှလုံးသားက အရိပ်မထင်။ ချော၍တိုင်းလှတိုင်းလည်း ရင်ခုန်တတ်တာမဟုတ်။

အချစ်က မာနကြီးသည်၊ နှလုံးသားက ဇိဇာကြောင်သည်။

ရှာဖွေတုန်းက မတွေ့ခဲ့သော အချစ်ဆိုတာကို မမျှော်လင့်ဘဲသူ တွေ့လိုက်ရသည်က သည်ရပ်ကွက်လေးထဲကို ပြောင်းလာမိသောနှစ်ရက်မြောက်နေ့လေးမှာပဲ ဖြစ်သည်။

အန်တီဝေက ရပ်ကွက်အသစ်၊ အိမ်ခြံအသစ်မှာ အလှူအတန်းလေး လုပ်ချင်၏။ တစ်လမ်းတည်းသား အိမ်နီးချင်းတွေနှင့် ရင်းနှီးအောင်အိမ်တက်မင်္ဂလာပွဲလေး လုပ်စေချင်သည်။

အန်တီဝေ ဆန္ဒအတိုင်း အိမ်နီးခြင်းခြံတွေကို သူ အလှူလိုက်ဖိတ်သည့်နေ့က ရင်ခုန်သံကို မွေးဖွားစေခဲ့သော သူမကို စတင်ဆုံတွေ့ခဲ့ရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ရှေ့အိမ်ခြံဝင်းထဲက ခုံတန်းလေးမှာထိုင်ကာ ဂစ်တာတီး သီချင်းဆိုနေသော မိန်းကလေးနှစ်ယောက်။

တစ်ယောက်ကတီး၊ တစ်ယောက်ကဆို သူ ခြံရှေ့ရောက်နေတာကို သတိထားမိပုံမရ။ အနှောင့်အယှက် မပေးလိုတာမို့ သူလည်း ရပ်ကာ သီချင်းဆုံးအောင် နားထောင်ရသည်။

ကောင်မလေးတစ်ယောက်က ဖီလင်အပြည့်နှင့် သီဆိုနေ၏။ ဂစ်တာတီးနေသူ ကောင်မလေးက သူနှင့် မျက်နှာချင်းဆိုင် အနေအထားမှာ ထိုင်နေ၏။

ငုံ့ထားသော ဦးခေါင်းက ဆံပင်တွေက တိုတိုကပ်ကပ်မို့ မျက်နှာလေးက ထင်ရှားစွာ ပေါ်လွင်နေသည်။ အပြာနုရောင် တီရှပ်အင်္ကျီနှင့် ရှော့ပင်နီအနက်ရောင် ဝတ်ဆင်ထားသော ကောင်မလေးအသွင်ကတော့ သူ မြင်ဖူးသော မိန်းကလေးတွေနှင့် မတူအောင် ထူးခြားသည်။

သွယ်နုသော လက်ချောင်းလေးတွေက ဂစ်တာကြိုးပေါ် တို့ထိနေပုံကို သူ မင်သက်စွာ ငေးကြည့်နေမိသည်။ သူ ကြည့်နေတုန်းမှာ ကောင်မလေးဦးခေါင်း ဆတ်ခနဲ မော့လာသည်။

မျက်နက်ဝန်းလေးတွေက မျက်ခုံးတန်းတန်းလေးတွေအောက်မှာ ဝိုင်းစက်သွားသည်။ ဂစ်တာသံက တိခနဲရပ်သွားပြီး သူ့ကို မျက်မှောင်ကုပ်ကြည့်ရင်း တစ်စုံတစ်ရာကို တီးတိုးရေရွတ်၏။

ဆံနွယ်ရှည်ရှည်ကြီးနှင့် ကောင်မလေးပါ လှည့်ကြည့်၏။ သို့ပေမယ့် သူ့စိတ်အာရုံက ပန်းသွေးနီနီဆိုသော ကောင်မလေးထံမှာ ကျန်ရစ်ခဲ့သည်။

ဆံပင်တိုတိုလေးနှင့် ဝင်းဖန့်သောမျက်နှာလေးက အခြယ်အသကင်းစင်သည်။ ကားချင်ချင် မေးရိုးလေးတွေကြောင့် မျက်နှာလေးက ပိုပြီး မာထန်ထန် ဂျစ်ပေပေနိုင်နေသယောင်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ပြန်ရောက်သည်အထိ ထိုကောင်မလေး၏ မျက်နှာလေးက အစိုင်ထင်ပါလာခဲ့၏။ တစ်လောကလုံးကို အလိုမကျဟန် တင်းတင်းမျက်နှာလေး။

ဂျစ်ကန်ကန်စကားတွေနှင့် တုံ့ပြန်ခဲ့သော နှုတ်ခမ်းပါးပါးလေး၊ ဆံပင်ရှည်ရှည်နှင့် ခခနောင်က သူ့အပေါ် ညင်သာပျော့ပြောင်း သိမ်မွေ့သလောက် ထိုကောင်မလေးကတော့ ခင်မင်ကျွမ်းဝင်လိုဟန်မရှိတာ ထင်ရှား၏။

သို့ပေမယ့် ဖြူစင်သော မျက်နက်ဝန်းလေးတွေကိုတော့ သူ မြင်ခဲ့ရ၏။

ထို့နောက်ပိုင်းမှာ သူ အလုပ်နားရက်တိုင်း ဝရန်တာလေးမှာ သူမတို့နှစ်ဦးရဲ့ ပုံရိပ်ကလေးကို ပြန်မြင်တွေ့ခဲ့ရ၏။

သူမရဲ့ဂစ်တာသံလေးကို သူ စွဲလန်းတတ်လာခဲ့သလို သခင်ဆိုသော သီချင်းသံလေးကိုလည်း အာရုံထဲက ခံစားနားထောင်တတ်လာမိ၏။

ပန်းသွေးနီနီဆိုသော မိန်းကလေးကို သူ့နှလုံးသားက စွဲလန်းမြတ်နိုးတတ်ခဲ့တာ သေချာခဲ့ပြီဟု ယုံကြည်ချိန်မှာ သူမနှင့် ရင်းနှီးခွင့်ရဖို့ အခွင့်အရေးတွေလည်း သူ ရခဲ့သည်။

သို့ပေမယ့် သူမရဲ့ ဆက်ဆံမှုတွေက သူ့အပေါ်မှာ ခါးသီးလွန်းနေခဲ့သည်။

သူမရဲ့ အပြုအမူ ဆက်ဆံမှုလေးတွေ ဘယ်လိုပဲ ကြမ်းတမ်းပါစေ သူ့ဘက်က ညင်သာစွာပဲ ကြိုးစားခဲ့၏။

အခုတော့ သူ မထင်မှတ်ဘဲ သိလိုက်ရသည်က တကယ့်ကို စိတ်ပျက်စရာအဖြစ်။ ပန်းသွေးနီနီ ကိုယ်တိုင်က သူ့အပေါ် လှဲ့ဖြားစွာ အထင်လွဲနေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ခခနောင်အပေါ် သူစိတ်ဝင်စား ကြိုးစားနေသည်ဟု ပန်းသွေးနီနီ ထင်မြင်နေသည်။ ဒါကို သူ ဘယ်လိုရှင်းရမလဲ။

ဘဝမှာ အချစ်ဆိုတာ တစ်ခါပဲ ခံစားခဲ့ဖူးပါတယ် ပန်းသွေးရယ်။
အဲဒီအချစ်ကလည်း မင်းအတွက်ပါပဲ။
မင်းသိစေချင်လိုက်တာ ပန်းသွေးရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကင်မရာမီးရောင်တွေ တဖျပ်ဖျပ်။ ရောင်စုံကာလာခြယ် မျက်နှာပေါ်က အပြုံးတွေက တလက်လက်။ ရယ်သံ မောသံ စကားသံတွေ ဆူဝေလျက်။

မင်္ဂလာပွဲလေးက သက်ဝင်လှုပ်ရှားနေသည်။

မြက်ခင်းလွင်ပြင်စားပွဲဝိုင်းတွေမှာ ရှုပ်ထွေးနေသော လူရောင်စုံတွေကို ကြည့်ရင်း ပန်းသွေး ခေါင်းတွေ ရီဝေနောက်ကျိလာရ၏။

အဝါနုရောင် ဇာဝမ်းဆက်နှင့် ခဲကတော့ ကော်ပတ်ရုပ်ကလေးတစ်ရုပ်လို လှပနေပါသည်။ စားပွဲဝိုင်းတွေကြားမှာ အပြုံးတွေကို မှုဝိုင်သိမ်းထားသော မျက်နှာလေးနှင့် တစ်ဝိုင်းပြီးတစ်ဝိုင်း လိုက်နှုတ်ဆက်နေ၏။

စက်ရုပ်ကြီးတစ်ရုပ်လို ငုပ်တုတ်ထိုင်ပြီး နေနေရသောအဖြစ်က တော်တော့်ကို အူကြောင်ကြောင်နိုင်လှသည်။ ဧည့်ခံပွဲလာသည့် ဧည့်ပရိသတ်တွေကလည်း အမှန်ဆို ပန်းသွေးနှင့်ပတ်သက် သယ်ဆိုင်လှတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

ကိုယ့်ရပ်ကွက်၊ ကိုယ့်လမ်းထဲက အန်တီလှိုင်ရဲ့ မိတ်ဆွေတချို့ လောက်သာ ပန်းသွေးသိသည်။ ကျန်သူတွေ အစိမ်းသက်သက်တွေချည်း။

မေမေနှင့် ဦးဗလမင်းမော်တို့ရောက်လာတော့ ပန်းသွေးမတွေ့ချင် တာမို့ ရှောင်တိမ်းဖို့ကြိုးစားမိသေးသည်။

"ဟယ်၊ အန်တီတို့ လာ လာ၊ အန်တီပန်း ပန်းသွေး။ ဒီကိုလာဦး လေဟာ"

အလိုက်ကမ်းဆိုးမသိဘဲ ခခက လှမ်းခေါ်သည်။ ဦးဗလမင်းမော် ပါနေတာမို့ ပန်းသွေးမသွားချင်ပေမယ့် လူကြားသူကြားထဲမှာမို့ ငြင်းရခက်စွာ လှမ်းခဲ့ရ၏။

အဖြူရောင်ဇာဝမ်းဆက်နှင့် မျက်နှာနုနုလေးပေါ်မှာ ပေါင်ဒါပါးပါး လေးဖို့ကာ ပြင်ဆင်ထားသည့် ပန်းသွေးကို မေမေက ပြုံးကြည့်ရင်း –

"မေမေ့ သမီးလေးက လှလိုက်တာ"

"ဒါတောင် ခခ ဖွတ်အတင်း ပြင်နိုင်းရတာ အန်တီပန်းရဲ့၊ မပြင် ဘူး မဝတ်ဘူး လုပ်နေလို့၊ ခခကော အန်တီလှိုင်ပါ အတော်ပြောယူရတယ်၊ အဟင်း ဟင်း"

မိခက မေမေ့ကို ရယ်ရယ်မောမော ပြောပြနေ၏။ အမြဲတမ်း ပွပွယောင်းယောင်း တီရှပ်နှင့် ရှော့ပင်နိတွေ ဂျင်းပင်နိတွေကိုသာ အမြဲဝတ် တတ်သော ပန်းသွေး အပြင်အဆင်က မေမေ မြင်ကွင်းထဲမှာ ထူးခြားနေတာ ဖြစ်မည်။

ပန်းသွေးကတော့ ဝတ်ချင်လှတာ မဟုတ်ပါ။ ခခတို့တွေနဲ့က အတင်းပြောနေသလို မင်္ဂလာညည်ခံပွဲမှာမို့ မဝတ်ချင်ဘဲ ဝတ်ခဲ့ရခြင်းဖြစ်သည်။

အဖြူရောင် ဇာဝမ်းဆက်နှင့် ခန္ဓာကိုယ်အလှအပကို ပေါ်လွင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ချပ်ချပ်ရပ်ရပ် ဝတ်ဆင်မိခြင်းက ပန်းသွေးအတွက် ဒါ ပထမဆုံး ဖြစ်၏။

"ပန်းသွေးက အခုမှ မ သမီးပီသသွားတယ်၊ အဟွန်း"

ပန်းသွေးကို မျက်တောင်မခတ်တမ်း ကြည့်ရင်း ဦးဗလမင်းမော် ဆိုသည်။ 'မေမေကတော့ ကျေနပ်စွာ ပြုံးနေပေမယ့် ပန်းသွေးကတော့ မကျေနပ်ပါ။ မျက်မှန်နက်အောက်မှ ဦးဗလမင်းမော် မျက်ဝန်းတွေအောက်မှာ နေရထိုင်ရတာ စိတ်မသက်သာပါ။

"ပန်းသွေးရေ၊ အန်တီပန်းတို့ကို နင်ပဲညှော်ခံထားလိုက်ဦးနော်။ ဟိုမှာ ညှော်သည်တွေ ထပ်ဝင်လာလို့ အန်တီနဲ့အန်ကယ် ခွင့်ပြုပါဦးနော်"

"ရတယ် သမီး၊ ရတယ် သွားပါ"

ခခက စားပွဲဝိုင်းက ထွက်သွားသည်။ ပန်းသွေးတို့မိသားစု သုံးယောက်ပဲ ကျန်ရစ်ခဲ့ရသည်။

"မေမေက မေမေ့သမီးလေးကို ဒီလိုလှလှပပလေးပဲ အမြဲမြင်ချင်တာ"

မေမေ တစိမ့်စိမ့်ကြည့်ရင်းဆိုသည်။ ဦးဗလမင်းမော်က လိမ္မော်ရည်ကို တစိမ့်စိမ့်သောက်ရင်း ပြုံးယဲ့ယဲ့။

ပန်းသွေး ဒီဝိုင်းမှာ ဆက်မထိုင်ချင်တော့ပါ။ အိမ်မှာတောင် မျက်နှာချင်း မဆိုင်မိအောင် တမင်ရှောင်တိမ်းခဲ့တာ။

အခုလို လူကြားသူကြားထဲမှာဆို ဝေးရောပေါ့။ ပြီးတော့ တခြားဝိုင်းတွေက ပန်းသွေးတို့ကို အကဲခတ်စူးစမ်းကြည့်နေသည့်မျက်ဝန်းတွေကိုလည်း ရင်မဆိုင်ချင်ပါ။

"ကျောင်းက သူငယ်ချင်းတွေဝိုင်းဘက် ခဏသွားဦးမယ် မေမေ"

"အေး အေး၊ သမီး မေမေတို့လည်း ခဏနေပြန်တော့မှာ။ ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ မြို့ထဲသွားကြမလို့၊ သမီး ဒီက ဘယ်အချိန်ပြန်မလဲ"

"ညနေမှပဲပြန်မယ်၊ မေမေ သမီးသွားတော့မယ်"

အမြန်ဆုံး မကားစဖြတ်ကာ ပန်းသွေး ရှောင်ထွက်ခဲ့သည်။ ညှော်ခံပွဲထဲမှာ နေချင်စိတ် မရှိတော့တာမို့ အိမ်ဘက်ကို လှမ်းခဲ့သည်။

အိမ်ထဲမှာ ဝင်ထိုင်နေလို့လည်းမသင့်၊ ခခတို့ ဆွေမျိုးသားချင်းတွေလည်း အိမ်ထဲမှာ ရှိနေသည်။

ပန်းသွေး ခြံထဲက ခုံတန်းလေးဆီကိုပဲ ထွက်ခဲ့မိသည်။

"ဟင်"

ပန်းသွေး မျက်ဝန်းလေးတွေ ဝိုင်းစက်သွား၏။ ခုံတန်းလေးမှာ သူမထက်ဦးအောင် ရောက်နေသူက မဏိလျှမ်း။

လည်ကတုံး ရှပ်ဖြူလက်ရှည်နှင့် ကြိုးထိုးခရေဖြူပွင့်လေး ဖောက်ထားသော ပုဆိုးနက်ကို ဝတ်ဆင်ထားသည့် မဏိလျှမ်း ခုံတန်းလေးအနီးမှာ ရပ်လျက် ပန်းသွေးကို ပြုံးကြည့်နေ၏။

ရှင်းသန့်ကြည်လင်နေသည့် မျက်နှာလေးပေါ်မှာ ခင်မင်နှစ်လိုဖွယ် အပြုံးရိပ်က မျက်ဝန်းတွေထဲအထိ တောက်ပနေခဲ့သည်။

"ပန်းသွေး ညှော်ခံပွဲထဲက ထွက်သွားတာ ကိုယ်လှမ်းမြင်တယ်။ ဒီနေရာလေးကို ရောက်လာမယ်ထင်လို့ စောင့်နေတာ"

စိတ်ရှုပ်နေပါတယ်ဆိုမှ သင်းကတစ်မျောင့်။ ပန်းသွေး စိတ်ညစ်သွားသည်။ သူကတော့ အပြုံးရိပ်တွေ မပြယ်လွင့်သေးသော အကြည့်တွေနှင့် ပန်းသွေးကို ငေးကြည့်နေသေးသည်။

"ဒီမှာ ကျွန်မ စိတ်ညစ်နေတာနော်၊ ရှင့်ကိစ္စကတစ်မျောင့်"

"ပန်းသွေး။ ဘာတွေစိတ်ညစ်နေတာလဲဟင်။ ကိုယ် ဘာကူညီရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး၊ ရှင့်အကူအညီ ကျွန်မ မလိုဘူး။ ရှင့်ဘက်က အလိုက်ကမ်းဆိုးမသိ အကူအညီတောင်းနေတာကို စိတ်ညစ်တာ"

"ဟာ ကိုယ် ပန်းသွေးကို ဘာအကူအညီမှ မတောင်းခဲ့သေးပါဘူး"

"ဒီမှာ ရှင်ယောက်ျားမဟုတ်ဘူးလား။ ပျော့တိပျော့ညံ့နဲ့ မိန်းမဆန်ဆန် လုပ်မနေစမ်းပါနဲ့၊ ရှင် ခခကို နီးစပ်ချင်ရင် ရှင်ကိုယ်တိုင်ပြော"

"ဟာ"

"ဟာတွေ ဖျာတွေ လုပ်မနေနဲ့၊ ရှင်းရှင်းပြောရင် ကျွန်မက ဒါတွေ လုံးဝစိတ်ဝင်စားတာမဟုတ်ဘူး။ အဲ ခခကတော့ ရှင်ဖွင့်ပြောရင် စဉ်းစားပေးနိုင်လိမ့်မယ် ထင်တယ်၊ ဒီတော့ ရှင်ဖွင့်ပြောတာ အကောင်းဆုံးပဲ"

"ကိုယ် ကိုယ်က ခခနောင်ကို ဖွင့်ပြောရမယ် ဟုတ်လား"

မျက်ဝန်းအစုံက ချောက်ချောက်ချားချား သွေးပျက်သလို ပြူးကြည့်ရင်း မထိလျှမ်း ဆိုသည်၊ ခခပြောသလို ရည်းစားထားဖူးသည့် အတွေ့အကြုံ မရှိတာလား။ အတော်အူတူတူနိုင်သည့်သူပါပဲ။

"ရှင် ဒီလောက် သတ္တိနည်းမနေနဲ့၊ ပွင့်ပွင့်လင်းလင်း ကျွန်မပြောမယ်။ ခခနောင်က ရှင်ဖွင့်ပြောလာမယ့်စကားကို မျှော်လင့်နေတာ အမှန်ပဲ ရှင်းပြီလား"

"ဟာ မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး"

"ခက်ပါလား၊ ခခအကြောင်း ကျွန်မက ရှင့်ထက် ပိုသိတာပေါ့"

"ကိုယ့်အကြောင်းကိုကော မင်း ဘယ်လောက်သိနေသလဲ ပန်းသွေး"

"ဘာဆိုင်လို့လဲ၊ ကျွန်မသိစရာမှ မလိုတာ။ အဲဒါ ခခသိဖို့တဲ့ကိစ္စ ခခ စဉ်းစားရမယ့်ကိစ္စ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တောင်းပန်ပါတယ် ပန်းသွေး။ ခခနောင်အကြောင်း ဘာမှ ထပ်မပြောပါနဲ့။ ကိုယ် သူ့ကို စိတ်မဝင်စားဘူး။ ဒါသေချာတယ်"

"ရှင် ဘာ ဘာရယ်"

"ကိုယ် ခခနောင်ကို ချစ်တာမဟုတ်ဘူး။ မင်းကိုချစ်တာ မြတ်နိုးတာ"

ပန်းသွေးမျက်ဝန်းတွေ ပြူးကျယ်ထိတ်လန့်သွားသည်။ နှုတ်ခမ်းပါးလေးတွေ ပွင့်ဟဝိုင်းစုလျက် ဘာစကားမှ မဆိုနိုင်ခဲ့။

မဏိလျှမ်း မျက်ဝန်းတွေက တည်ငြိမ်စူးရှလျက် ပန်းသွေးကို ငေးကြည့်နေသည်။

ထိုမျက်ဝန်းတွေထဲမှ မမြင်နိုင်သောအင်အားတွေက ပန်းသွေးရင်ထဲထိ တိုးဝင်စီးဆင်းကုန်ပြီလား။

ပန်းသွေးရင်ထဲမှာ တလှပ်လှပ် ခံစားရသည့် ဝေဒနာကအသစ်။

"ဟုတ်တယ် ပန်းသွေး။ ကိုယ် မင်းကိုချစ်နေတာ၊ ကိုယ်မျှော်လင့်တောင့်တနေတာ မင်းနှလုံးသားက အချစ်၊ မင်းရင်ထဲက မေတ္တာပါ"

"အဓိပ္ပာယ်မရှိလိုက်တာ။ မဖြစ်နိုင်ဘူး မဖြစ်သင့်ဘူး"

ပန်းသွေး ရင်တွေတုန်ရီလျက် နှုတ်က သွေးရှူးသွေးတန်း ငြင်းမိ၏။ သူကတော့ တကယ့်ကို လေးနက်တည်ကြည်သော မျက်ဝန်းအကြည့်တွေ ရုပ်သိမ်းမသွားခဲ့သေးပါ။

"အချစ်ဆိုတာ မမြင်နိုင်တဲ့အရာတစ်ခုပါ ပန်းသွေး။ ဘယ်မိန်းကလေးကိုမှ မချစ်ဘူးခဲ့တဲ့ ကိုယ့်နှလုံးသားက မင်းနဲ့ကျမှ ချစ်တတ်သွားတာ ခံစားတတ်သွားခဲ့တာ။ ကိုယ် မင်းကို မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ ပန်းသွေးရယ်"

"တော် တော်ပါတော့ မဏိလျှမ်း"

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ချစ်စကားအပြောခံနေရသည့်အဖြစ်။ ပန်းသွေး ရင်တွေ တလှပ်လှပ် ခံစားရတာ ဘာကြောင့်လဲမသိ။ အံ့ဩစိတ်ကြောင့်လား။ ရှက်စိတ်ကြောင့်လား။ ထိတ်လန့်တုန်လှုပ်မှုကြောင့်လား။ ဒါမှမဟုတ်၊ တစ်စုံတစ်ရာကြောင့်လား။

"မင်းကို ကိုယ်လက်ထပ်ပါရစေ ပန်းသွေး"

ဘုရားရှေ့ လက်ထပ်ခွင့်အထိတောင် သူ့နှုတ်က တောင်းဆိုနေပြန်၏။ ပန်းသွေး ခေါင်းတွေ သွက်သွက်ခါအောင် ယမ်းရင်း။

"ရှင်မှားနေပြီ မဏိလျှမ်း။ ဒီစကားကို ရှင်ပြောသင့်တာ ခခကိုပါ။ ဒီစကားကို မျှော်လင့်နေတာ ခခနောင်ပါ"

"ကိုယ် သူ့ကို လုံးဝမချစ်ဘူး၊ ကိုယ်ချစ်တာ မင်းပဲ"

ယတိပြတ်ခိုင်မာသောစကားသံ၊ မျက်ဝန်းတွေက ပန်းသွေး မျက်ဝန်းတွေထဲထိ စူးနစ်စိုက်ကြည့်နေသည်။ ပန်းသွေး ထိုအကြည့်တွေထဲက မျက်နှာလွှဲရှောင်တိမ်းလိုက်မိသည့်တိုင် အရိပ်ထင်ပါလာဆဲ။

"ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စကြီးပဲ မဏိလျှမ်း"

"ဘာ ဘာလို့ မဖြစ်နိုင်ရမှာလဲ ပန်းသွေးရယ်"

"ဘာလို့လဲဆိုတော့ ရှင့်ကို ကျွန်မ စိတ်မဝင်စားလို့ပဲ။ ရှင့်ကို စိတ်ဝင်စားတာ ခခ ရှင့်စကားတွေ ရုပ်သိမ်းပြီး ခခနောင်ကို ရှင်ပြောသင့်တယ်။ ကဲ ကျွန်မကို ခွင့်ပြုဦး"

"ပန်းသွေး"

ပန်းသွေး လှည့်မကြည့်ဖြစ်ပါ။

ညှော်ခံပွဲထဲလည်း ပြန်မသွားရဲ။ သူ ဇွတ်အတင်းလိုက်လာပြီး စကားတွေပြောနေလျှင် အခက်။ ခခမြင်သွားလျှင် မကောင်း။

"ပန်းသွေး ဘာဖြစ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခခတို့အိမ်မှ ထမင်းချက် ဒေါ်နီက ပန်းသွေးကိုကြည့်ကာ မေးသည်။ ပန်းသွေးမျက်နှာက သည်လောက်အထိ ဖျက်ယွင်းနေခဲ့သလား။

"ဟို ဟို ခေါင်းတွေကိုက်လာလို့ ဒေါ်နီ"

"ဖြစ်ရမယ်၊ လူတွေထဲမှာဆို ဒေါ်နီလည်း ဒီလိုပဲဖြစ်တတ်တယ်။ ဒါကြောင့် အိမ်ထဲမှာပဲ အောင်းနေတာကွဲ့။ ကဲ ကဲ သံပုရာရည်လေး သောက်လိုက်လေ"

"ဟင့်အင်း၊ ဘာမှမသောက်ချင်ဘူး၊ ပန်းသွေး အခန်းထဲမှာ ခဏလှဲအိပ်လိုက်ရင် သက်သာမှာပါ။ ခခတွေ့ရင် ပြောလိုက်နော်"

"စိတ်ချ စိတ်ချ၊ ဒေါ်နီ ပြောပြလိုက်မယ်"

ခခအခန်းထဲ ရောက်ခဲ့ချိန်အထိ ရင်ထဲမှာ လှုပ်ရှားတုန်ယင်နေဆဲဖြစ်သည်။ သူ့စကားသံတွေက နားထဲမှာ အလိုလိုပြန်ကြားယောင်လာသလိုလို။

ဘယ်လိုမှမဖြစ်သင့်၊ မဖြစ်အပ်သည့် ကိစ္စ၊ ခခသာ သိသွားလျှင် ဘယ်လိုနေမည်လဲ။ သိပ်ရှက်သွားမှာသေချာသည်။

လွဲချော်နေသည့် မြားချက်တွေထဲမှာ သည်အဖြစ်က သိပ်ဆိုးလွန်းသည်။

ဘာပဲဖြစ်ဖြစ် ခခကိုတော့ သူ့ဘက်က တစ်ခုခုတော့ အသိပေးထားသင့်သည် ထင်သည်။

နှစ်ဦးကြားမှာ ရှုပ်ထွေးလာသည့် အခြေအနေတွေကို မပိုင်ဆိုင်ချင်လို့။

နားလည်ပေးပါ သူငယ်ချင်းရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ခွမ်း ခလွမ်း"

"ဟာ ဒီကြောင်စုတ်"

"ဘုန်း ဒုန်း"

"ညောင် ခွီး ခွီး"

ကွဲရှသံတွေ၊ ရိုက်ပုတ်ကြိမ်းဝါးသံနှင့် ဖြူဖွေး၏ အော်ဟစ်မာန်ဖီသံ တွေကို ပန်းသွေး ကြားလိုက်ရသည်။

"ဒေါ်လုံး ဒေါ်လုံး"

ဦးဗလမင်းမော်၏ ဒေါသတကြီးအော်ခေါ်သံကို ကြား၏။ ဒေါ်လုံး စူးစူးရှရှထူးကာ ပြေးသွားသံကိုလည်း ကြားသည်။ ပန်းသွေး အိပ်ရာထဲမှာ ဆက်လှဲအိပ်နေလို့ မရတော့ဘဲ လူးလဲထလိုက်မိ၏။

ပြဿနာတော့ဖြစ်ပြီထင်သည်။ ဖြူဖွေးနှင့် ဟိုပုဂ္ဂိုလ်ရဲ့ပြဿနာ ဆိုတာ ပန်းသွေး တွက်ဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကထွက်ကာ မီးဖိုထဲရောက်ခဲ့၏။ မီးဖိုထဲမှာ ပြင်လက်စ ဟင်းအိုးနှင့် လျှပ်စစ်မီးဖိုက ဖွင့်လျက်သားဖြစ်နေသည်။

"ဒုက္ခပဲ ဒေါ်လုံးကတော့ လုပ်ချလိုက်ပြန်ပြီ"

ပန်းသွေးနှုတ်က ညည်းတွားရင်း ဖွင့်ထားသော မီးဖိုခလုတ်ကို ပိတ်သည်။

မျက်နှာတောင်မသစ်အားသေးဘဲ မီးဖိုထဲက ထိုင်ခုံမှာ ဒေါ်လုံးကို ထိုင်စောင့်မိ၏။

ခဏကြာတော့ ဒေါ်လုံး မီးဖိုထဲ လှမ်းဝင်လာသည်။

"ဒေါ်လုံးကတော့ ပြဿနာပဲ။ မီးခလုတ်ကြီးဖွင့်ပြီး ဒီအတိုင်း ထားခဲ့တယ်"

"ဟယ်၊ ဟုတ်ပါရဲ့"

ဒေါ်လုံး အခုမှ သတိရသလို ရေရွတ်ပြီး မီးဖိုဆီပြေး၏။

"ပန်းသွေး ပိတ်လိုက်ပြီ၊ ဘာဖြစ်တာလဲ ဟိုပုဂ္ဂိုလ်"

ဦးဗလမင်းမော်ကို ရည်ညွှန်းပြောမှန်း ဒေါ်လုံးသိသည်။ မီးဖိုခန်း တံခါးဝကို မဝံ့မရဲ တစ်ချက်လှမ်းကြည့်ရင်း ပန်းသွေးအနီး ဒေါ်လုံး လျှောက်လာသည်။

"ဖြူဖွေးလေ၊ သူ့အခန်းထဲ ဝင်နေလို့ မောင်းထုတ်ကာ စားပွဲပေါ်က ပန်းအိုးကျကွဲသွားတယ်၊ ဖြူဖွေးက အိပ်ရာပေါ်တက်ပြေးလို့ ဒေါသထွက်ပြီး ခေါ်တာ"

ပန်းသွေးသိသည်။ ဦးဗလမင်းမော်က ကြောင်တွေ ခွေးတွေဆို ရွံသည်။ မုန်းသည်။ ဖြူဖွေး သူ့အခန်းထဲ ဝင်တာတောင် မကြိုက်။

"ကြောင်မွေးတွေက ရောဂါဖြစ်တယ်၊ အလကားနေရင်း ရောဂါကို ဝယ်ယူနေတာပဲ ကိုယ့်အခန်းထဲ လုံးဝမဝင်စေနဲ့ ကိုယ်မကြိုက်ဘူး မ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်ပြီးမကြာခင်မှာပဲ ဖြူဖွေးနှင့် ဦးဗလမင်းမော်ပြဿနာက စတင်ခဲ့ခြင်းဖြစ်သည်။ ဖြူဖွေးဆိုသော ကြောင်က မေမေမွေးထားတာ ဖြစ်သည်။ ပန်းသွေး ကြောင်တွေကို ချစ်လှတာမဟုတ်ပေမယ့် အိမ်မှာ ပေါက်စလေးကတည်းက မွေးထားတာကြောင့်မို့ သံယောဇဉ်ရှိသည်။

မေမေကတော့ သူ့ခင်ပွန်း လက်မခံဘူးဆိုတော့ ကြောင်ကို သူများအိမ်ပို့ဖို့ ကြံစည်သည်။

"အဓိပ္ပာယ်မရှိလိုက်တာ။ မေမေ့ယောက်ျားကြီး သဘောမတူတာနဲ့ ဖြူဖွေးကို သူများပေးပစ်ရမှာလား"

"ဘာမဟုတ်တာလေးနဲ့ ပြဿနာမဖြစ်ချင်လို့ပါသမီးရယ်။ အိမ်မွေးတိရစ္ဆာန်ဆိုတာ အိမ်သားတွေ ချစ်မှကောင်းပါတယ်။ သမီးသူငယ်ချင်းတွေထဲက လိုချင်တဲ့သူကို ပေးလိုက်ပါကွယ်"

"ဘယ်သူ့မှမပေးနိုင်ဘူး။ သမီးမွေးထားမယ်။ စိတ်ချ မေမေတို့အခန်းထဲ မဝင်စေရဘူး"

ဦးဗလမင်းမော်ကို ကန့်လန့်တိုက်ချင်စိတ်နှင့် ဖြူဖွေးကို ပန်းသွေးဆက်မွေးထားခဲ့ခြင်းဖြစ်သည်။ မေမေ့အခန်းကို မကြာခဏ သွားတတ်သော ဖြူဖွေးနှင့် ဦးဗလမင်းမော် မကြာခဏ ပြဿနာဖြစ်သည်။

ပန်းသွေး ဘယ်လောက်ရိုက်ပြီးဆုံးမပါစေ ဖြူဖွေးက သတ္တဝါပဲလေ။

"ဖြူဖွေးက အိပ်ရာပေါ် ခုန်တက်ပြေးလို့ ချက်ချင်း အိပ်ရာခင်းအသစ်လဲခိုင်းနေလို့ မီးဖိုကြီးဖွင့်ထားတာ မေ့သွားတာ သမီးလေးရေ"

ပန်းသွေးထင်သည့်အတိုင်းပါပဲ။ ဒီလူကြီးကို ပန်းသွေး မုန်းတီးသော ဒါတွေလည်းပါသည်။ သိပ်ဇီဇာကြောင်လွန်းသည်။ တိရစ္ဆာန်တွေအပေါ် စာနာသနားစိတ်လေးတော့ ထားသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ညှောင်"

ပန်းသွေးခြေထောက်ကို လာပွတ်သပ်ရင်း ခေါ်သည့် ဖြူဖွေးအသံကြောင့် ပန်းသွေး ဒေါသဖြစ်သွားရသည်။

ဆတ်ခနဲ ဖြူဖွေးကို ပန်းသွေး ကောက်ချီလိုက်ရင်း –

"မှတ်ဉာဏ်မရှိတဲ့ကောင်၊ နင့်ကို ကောင်းကောင်းဆုံးမပြမယ်လာ"

"မလုပ်ပါနဲ့သမီးရယ်။ ကြောင်လေးက ဘာသိမှာမှတ်လို့ကွယ် သနားပါတယ်"

ဒေါ်လုံး လှမ်းတားမှ ပန်းသွေး ဖြူဖွေးကို ငုံ့ကြည့်မိသည်။ တစ်ကိုယ်လုံး ဖွေးဆွတ်ဖြူနေသော ဖြူဖွေးက ပန်းသွေးကို မော့ကြည့်ရင်း တညှောင်ညှောင် အော်နေသည်။

အစာတောင်းနေတာလား၊ ဟိုပုဂ္ဂိုလ်ကြီး ရိုက်နှက်မောင်းထုတ်လိုက်တာကို တိုင်နေတာလားမသိ။ ပန်းသွေးရင်ထဲမှာ မကောင်းဖြစ်ရ

ဖြူဖွေးကို ဆက်ပြီးဒုက္ခမပေးချင်တော့ပါ။

"ဒေါ်လုံး။ ဖြူဖွေးကို အစာကျွေးထားလိုက်။ သမီးရေချိုးပြီးရင် သူ့ကိုခေါ်သွားတော့မယ်"

"ဟင် ဘယ်ကိုခေါ်သွားမှာလဲ သမီး"

"သမီးသူငယ်ချင်း ပိုပိုတို့အိမ် ပို့ထားလိုက်မယ်။ ပိုပိုက ကြောင်ဆိုရင် သိပ်ချစ်တတ်တာ၊ သူ့ကိုမွေးခိုင်းလိုက်မယ်"

"အင်း ကောင်းပါတယ်၊ အဲဒီအစီအစဉ်က ဖြူဖွေးအတွက် အကောင်းဆုံးပေါ့ သမီးရယ်"

ကပျာကသီ ရေမိုးချိုး အဝတ်အစားလဲပြီးတော့ ဖြူဖွေးကို ပိုပိုတို့အိမ်ပို့ဖို့ ပန်းသွေး ဆုံးဖြတ်သည်။ လိမ္မာသောဖြူဖွေး ဘာမှ ချုပ်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ထားစရာမလိုပါ။

အသာပွေ့ချီခေါ်ခဲ့ကာ ကားလေးကို ပန်းသွေးမောင်းထွက်ခဲ့တော့သည်။

အမှန်ပြောရလျှင် ဖြူဖွေးကို ပန်းသွေး ပွတ်သီးပွတ်သပ် သိပ်မရှိပါ။ မေမေကသာ ဖြူဖွေးကို ချစ်တာဖြစ်သည်။ ဒါကြောင့်မို့ထင်၏။

ပန်းသွေး ခေါ်လာသည့်တစ်လျှောက်လုံး ဖြူဖွေးက အငြိမ်မနေ။ ပန်းသွေးပေါင်ပေါ်မှနေ၍ တညောင်ညောင် အော်နေသည်။ ကြာတော့ ပန်းသွေး နားငြီးလာ၏။

"မဖြစ်ဘူး။ နင့်ပါးစပ်ပိတ်သွားအောင် တစ်ခုခုကျွေးထားမှပဲ"

ပန်းသွေး ကားလေးကို ထိုးရပ်လိုက်ကာ စတိုးဆိုင်လေးထဲက ပုစွန်မုန့်တစ်ထုပ်ဝယ်ဖို့ ဆင်းခဲ့သည်။

တစ်ကောင်တည်းထားရစ်ခဲ့၍ထင်၏။ ဖြူဖွေး တညောင်ညောင် အော်ဟစ်ကာ ကားထဲမှာ ကျန်ရစ်ခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

စွမ်း တကယ်ပဲ စိတ်ညစ်မိသည်။ တကယ်ဆို လမ်းက ကိုယ်ပိုင်လမ်းမဟုတ်ပါ။ ယာဉ်အသွားအလာ ရှင်းသည်ဆိုပေမယ့် အန္တရာယ်ရှိသည်။ ဒီလိုလမ်းမျိုးမှာမှ စက်ဘီးစီးသင်ချင်သည်ဆိုသော ဆွိလေးကြောင့် သူမှာ ဒုက္ခရောက်ရသည်။

ခြံထဲမှာ၊ ခြံရှေ့မှာ စိတ်တိုင်းကျ သင်လို့လည်းရနိုင်သည်။ ဒါကိုပဲ တမင်သည်နေရာ သည်လမ်းအထိ စီးလာကာ သူ့ကို နှိပ်စက်ချင်တာကလွဲလို့ ဘာအကြောင်းများ ရှိဦးမှာလဲ။

"နောက်ကထိန်းပေးထားနော် စွမ်း"

"အင်း ထိန်းပေးထားပါတယ်"

"အို အတင်းမတွန်းနဲ့လေ"

"မတွန်းပါဘူး။ ထိန်းပေးထားတာပါ။ ဆွိလေး အရမ်းမနှိုင်းနဲ့လေ"

"ဘာမှ အရမ်းမနင်းဘူး။ နင်တွန်းလို့ အလိုလို ရှေ့ရောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



အသေအချာကိုင်ထားနော်၊ သေကြောင်းကြံမယ် စိတ်မကူးနဲ့"

စက်ဘီးကို ကောင်းကောင်းစီးတတ်တာလည်း မဟုတ်ပါဘဲ ခြေနင်းကို ဖိနင်းနေတော့ သူမှာ အနောက်က ကယ်ရီခုံကို ထိန်းကိုင်ရင်း အပြေးလိုက်နေရသည်။

နှစ်လမ်းကျော်လောက် မနားတမ်းပြေးလိုက် စက်ဘီးကိုလည်း ထိန်းကိုင်ပေးထားရဆိုတော့ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ် မောဟိုက်နေပြီ။

ထိန်းကိုင်ထားရသည့်လက်တွေကလည်း နာကျင်လို့နေ၏။ လွှတ်လိုက်မိလို့ စက်ဘီးကော လူကော လဲကျလိုက်လျှင် ဘယ်လိုမှ သက်သာမည်မထင်။

ဆွိလေး ဘယ်လောက်ပဲ အနိုင်ကျင့်ပါစေ၊ သူ့ဘက်က ခံနိုင်ရည်ရှိအောင် ကျင့်သားပေးသားရခဲ့ပြီလေ။ ဟိုးငယ်စဉ်ကတည်းက အနိုင်ယူခဲ့သည့် ဆွိလေးအပေါ်မှာ သူ့ စိတ်က အငြိုးအာဃာတတွေလည်းမရှိ။

အမြဲတမ်း ပေးဆပ်ခြင်းဖြင့်သာ ရှိခဲ့၏။

"မောတယ် ခဏနားလိုက်ဟာ"

ဆွိလေး မောသည်ဆိုမှပဲ သူ အသက်ရှူချောင်ရတော့သည်။ စက်ဘီးကို ထိန်းကာ အသာရပ်ပေးလိုက်တော့ ဆွိလေး သုတ်ခနဲ ခုန်ဆင်း၏။ ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို သူ အသာလှမ်းထိန်းကိုင်ပေးလိုက်ရသေးသည်။

"ဟာ မကိုင်နဲ့၊ နင့်လက်ကချွေးတွေနဲ့၊ ထွီ ရွံစရာကောင်းလိုက်တာ"

"ဆော ဆောရီးဟာ၊ ဟို ငါ့အင်္ကျီနဲ့ပွတ်သုတ်လိုက်လေ"

"သေလိုက်ပါလား၊ နင့်အင်္ကျီကကော ဘာထူးလဲ၊ ဒီတောက် ညစ်ပတ်ပေကျံနေတဲ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဆွိလေးဆိုမှ သူ့အင်္ကျီကို ပြန်ငုံ့ကြည့်မိ၏။ ချွေးတွေရွှဲနစ်နေတာက ရေချိုးထားသည့်အတိုင်း။

"ဟယ် စွမ်း ဟိုမှာ ဟိုမှာ"

"အင် ဘာ ဘာလဲ ဆွိလေး"

ကြယ်ပွင့်လေးတွေလို အရောင်လက်တောက်ပသွားသော ဆွိလေး မျက်ဝန်းလေးတွေ ဦးတည်ရာကို သူ လှမ်းကြည့်မိသည်။

လမ်းမပေါ်မှာ ကြောင်ဖြူကြီးတစ်ကောင်။ အရောင်အမွေးက ဖြူဖွေးရှင်းသန့်လျက်။ တစ်ကောင်တည်း ဟိုကြည့် သည်ကြည့်။

"စွမ်း အဲဒီကြောင် ငါ့ကိုဖမ်းပေး"

"ဟာ"

"လုပ်လေ၊ အခု ဖမ်းသွားရအောင် ဖမ်းခဲ့။ ငါ မွေးချင်လို့ အမြန် ဖမ်း"

တကယ့်ပြဿနာ။ လမ်းမပေါ်မှာတွေ့တိုင်း ဖမ်းလို့မရတာ ဆွိလေး သိနိုင်သည်။ ဒါကို ဇွတ်အတင်းဖမ်းခိုင်းနေတာ သူ ခေါင်းပူသွား၏။

"သူများကြောင်ကို ဘယ်လိုလုပ်ဖမ်းလို့ ရမှာလဲ ဆွိလေးရဲ့။ မလုပ်ပါနဲ့ကွာ ပိုင်ရှင်သိသွားရင် ပြဿနာတက်ကုန်မှာပေါ့"

"ဘယ်မှာလဲ ပိုင်ရှင်၊ အခုမှမရှိတာ။ လုပ်စမ်းပါ ထွက်မပြေးခင် အမိဖမ်းစမ်းပါ၊ ဝကစ်နေတာပဲ ချစ်စရာလေး"

"မလုပ်ပါနဲ့ ဆွိလေးရယ်၊ အိမ်မှာလည်း ကြောင်ဝါလေးရှိတာပဲ။ ဟဲ နင် စက်ဘီးစီးတော့မှာမို့လား အမောပြေပြီလား။ တက် ငါ နောက်က ဆိန်းပေးမယ်"

အမောတောင်မပြေသေးပေမယ့် အာရုံလွှဲအောင် သူပြောရသည်။ ဆွိလေး မျက်ဝန်းစူးစူးလေးတွေ သူ့ထံ ဝေ့ဝဲလာသည်။ သည်မျက်ဝန်းတွေ၏

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်တွေကို သူ ဖတ်ရှုနိုင်ပါသည်။

"စွမ်း နင် ငါ့ကို ဆန့်ကျင်နေတာလား ပြော"

အမိန့်သံဆန်သော စကားသံစူးစူးတွေကို သူ ဘယ်လိုမှ ငြင်းပယ်နိုင်စွမ်းမရှိတာ သေချာနေသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းပါးလေးတွေမှာ ဒေါသအရိပ်တွေ စွန်းထင်းစပြုနေပြီ။ ထို့ထက် ပိုမိုပြီး ဆို့လေးခံစားချက်တွေ ပြင်းထန်လာလျှင်မဖြစ်။

ဘယ်လိုမှ မဖြစ်တာသေချာသည်။ သည်တော့လည်း –

"ငါ ရအောင် ဖမ်းကြည့်မယ်။ ဟောဟို သစ်ပင်ရိပ်အောက်က ထိုင်စောင့်နေ"

ဒေါသအရိပ်တွေ ချက်ချင်းပြယ်လွင့်ကာ ကျေနပ်စွာ ပြုံးသော နှုတ်ခမ်းလေးတွေကို သူ မြင်သည်။

လမ်းမအတိုင်း လျှောက်လှမ်းလာသော ကြောင်ဖြူကြီး ဦးတည်ရာက သူနှင့်မျက်နှာချင်းဆိုင်ဖြစ်သည်။ သူ့ခြေလှမ်းတွေ ကြောင်ဖြူကြီး ထိတ်လန့်မပြေးအောင် သတိနှင့် တရွေ့ရွေ့ လှမ်း၏။

မျက်နှာချင်းဆိုင်ဆုံဖို့ ခြေသုံးလေးလှမ်းဆာမျှ အလိုမှ ကြောင်ဖြူကြီးက တုံ့ခနဲရပ်သည်။ သူလည်း ခြေလှမ်းတွေရပ်ကာ စောင့်ကြည့်၏။

ကြောင်ဖြူကြီး မျက်ဝန်းတွေက သူ့ကိုစူးစိုက်ကြည့်ကာ အန္တရာယ်ကို အကဲခတ်နေတာလားမသိ။ သူ အညင်သာဆုံးအသံနှင့် လက်ကလေးလှမ်းကာ ခေါ်သည်။

"ပူစီ ပူစီ၊ မီမီ လာ လာ"

"ညောင်"

အမြီးတစ်ချက်လှုပ်ကာ အသံပေးသည်မို့ သူ ခြေတစ်လှမ်း တိုးကပ်သည်။ ကြောင်ဖြူကြီးက လည်သည်။ သုတ်ခနဲလှည့်ကာ နောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၏။

"ဟာ သေလိုက်စမ်း"

သူ နှုတ်က စိတ်ပျက်စွာ ရေရွတ်ရင်း ပြေးလိုက်သည်။ ကြောင်နှင့်လူ အပြေးပြိုင်ပွဲကို လမ်းသွားလမ်းလာတချို့က အထူးအဆန်းလို လှည့်ငေးကြည့်ကြသည်။

သူ မရှက်နိုင်။ ဂရုမစိုက်နိုင်ပါ။ အရေးကြီးတာ ကြောင်ဖြူကြီးကို မိဖို့ပဲဖြစ်သည်။

"ဖြူဖွေး ဖြူဖွေး လာ လာ"

မိန်းမပျိုတစ်ယောက်က သူ့ထက်ဦးစွာ ကြောင်ကြီးကို ခေါ်ကာ လက်ကမ်း၏။ ကြောင်ဖြူကြီးက ထိုမိန်းမပျိုလက်ထဲမှာ ခွေ့ခနဲပါသွား၏။

ကြည့်ရတာ ကြောင်ဖြူကြီးက သူမရဲ့ကြောင်ကြီးပဲဖြစ်မည်။ သခင်လက်ထဲမှာကျတော့လည်း ငြိမ်သက်လို့။

သူ စိတ်ပျက်လက်ပျက်နှင့် သူမကိုကြည့်မိ၏။ သူမကလည်း သူ့ကို မျက်ဝန်းနက်နက်လေးတွေနှင့် ကြည့်နေသည်။

"ဟို အဲ ဒါ ခင်ဗျားကြောင်လားဟင်"

"အင်း ဟုတ်တယ်၊ ကျွန်မရဲ့ကြောင်၊ ရှင်က ဘာလို့လိုက်ဖမ်းနေတာလဲ"

"ဟို အဲ ပိုင်ရှင်မရှိဘူးထင်လို့ မွေးမလို့ပါဗျာ"

အပြစ်ကင်းစင်သော မျက်ဝန်းလေးတွေနှင့် ပန်းသွေးလက်ထဲက ကြောင်ဖြူကြီးကို ငေးကြည့်ကာ သူ ဆိုနေသည်။ ဖြူနုသောမျက်နှာကို ပန်းသွေး အသေအချာကြည့်မိ၏။

သူကတော့ မှတ်မိနိုင်မှာမဟုတ်ပေမယ့် ပန်းသွေးကတော့ကောင်းကောင်းမှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

/

အထည်ဆိုင်တစ်ခုမှာတုန်းက တွေ့ခဲ့တဲ့သူ။ မိန်းမငယ်တစ်ယောက်ရဲ့ အနိုင်ယူမှုကို ပျော့နွဲ့စွာ သည်းခံလိုက်လျောခဲ့သော ယောကျ်ား။

အနီးကပ်မြင်မှ ပန်းသွေး အံ့သြမိတော့သည်။ ကြည့်စမ်း မဏိလျှမ်းနှင့် အတော်ကိုတူသည်။ ချောမွေ့သန့်စင်သော မျက်နှာလေးက မဏိလျှမ်းထက်တောင် နုဖတ်စိုပြေသည်။

မျက်ခုံးထင်းထင်းအောက်က မျက်ဝန်းတွေကတော့ သူ့ရဲ့ သိမ်မွေ့နူးညံ့မှုကို သိသာစွာ လှစ်ဟပြနေသလို ရှိသည်။ ဘေးခွဲဆံပင်တိုတိုကြောင့် သူ့မျက်နှာလေးက ပိုလို့တောင် ရှင်းသန့်နုဖတ်နေသလို ရှိ၏။

"အစ်မကြောင်မှန်း မသိလို့ပါနော်၊ စိတ်မဆိုးပါနဲ့ဗျာ"

လိုအပ်တာထက် ပိုမိုအောက်ကျို့နေသော တောင်းပန်စကားနှင့် မျက်ဝန်းထဲမှ သိမ်ငယ်သော အရိပ်တွေကို ပန်းသွေး အားမလိုအားမရ မြင်နေရ၏။ ကြည့်ရတာ ပန်းသွေးထက် အသက်ငယ်နပုံရ၏။

ပျော့ညံ့လိုက်တဲ့ ကောင်လေး။ ဘာဖြစ်လို့များ ဒီလောက်အထိ စိတ်ဓာတ်ပျော့ညံ့တတ်တာလဲ၊ ပန်းသွေးစိတ်ထဲက အလိုမကျနိုင်စွာ တွေးမိရင်း –

"မင်းက ဒီကြောင်ကို တကယ်လိုချင်လို့လား၊ တကယ်မွေးမှာလား"

"ဟာ တကယ်မွေးမှာပါ၊ လိုချင်လို့ အမိလိုက်ဖမ်းနေတာပါ အစ်မရယ်"

"ဒါဆို ယူသွားတော့"

"ဗျာ တကယ်ပေးမှာလား အစ်မ"

"အခု တကယ်ပေးနေတာပဲ၊ တစ်ခုတော့ရှိတယ်နော် ဒီကြောင်ကို မင်း တကယ်ကျွေးမွေးစောင့်ရှောက်ရမှာ သူ့နာမည်က ဖြူဖွေးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ စိတ်ချပါ၊ ကျွန်တော် အသေအချာ မွေးပါ့မယ် အစ်မ"

ဖြူဖွေးကလည်း သူ့လက်ထဲမှာလည်း ညင်သာစွာ ငြိမ်သက်နေသည်။ လူက ဖြူဖွေးအမွေးတွေကို အသာပွတ်သပ်ရင်း ကျေနပ် ဝမ်းသာစွာ ပြုံးနေ၏။

"နာမည်လည်းမှတ်ထားဦး၊ သူ့နာမည်က ဖြူဖွေးတဲ့"

"ဖြူဖွေး ဟုတ်လား၊ ဖြူဖွေး ဖြူဖွေး မိ မိ"

သူ့မျက်နှာလေး ဝင်းပစွာပြုံးလျက် ကြည်နူးနေတာမြင်တော့ ပန်းသွေးရင်ထဲမှာလည်း ချမ်းမြေ့ ကျေနပ်ရသည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ"

ခေါင်းကလေးညိတ်ကာ ဖြူဖွေးကို ပွေ့ပိုက်လျက် သူ ထွက်သွားတာကြည့်ရင်း ပန်းသွေး အပြုံးတို့ မပြယ်နိုင်သေး၊ ကောင်းပါတယ်၊ ပိုပို အိမ်ရောက်မယ့် ဖြူဖွေး ကြင်နာသနားတတ်တဲ့ သူ့နောက်ပါသွားတာ ဖြူဖွေး ကုသိုလ်ပေါ့။

ဖြူဖွေးအတွက် ပူစွန်မုန့်သွားဝယ်တုန်း ကားပေါ်ကဆင်းပြေးသွားတာပဲ ဖြူဖွေးရဲ့ ကံကြမ္မာထင်ပါရဲ့၊ ကားပေါ်ပြန်ရောက်မှ ပန်းသွေး သတိရလိုက်မိတာ သူ့နာမည်လေးတောင် မမေးလိုက်ရ၊ အင်းလေ၊ သိစရာလည်း မလိုအပ်ဘဲ၊ ကံမကုန်သေးရင် ပြန်ဆုံနိုင်မှာပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"နင် နင် ပြောရက်တယ်နော် ပန်းသွေး။ နင်ပြောလိုက်တဲ့စကားကြောင့် ငါ့သိက္ခာတွေ ဘယ်လောက်ကျသွားမလဲ နင်မသိဘူးလားဟင်"

ပန်းသွေးဘက်က ရိုးသားစွာပဲ ရှင်းပြမိတာ။ ဒါကို ခခက စိတ်ဆိုးဒေါသဖြစ်နေသည်။ ပန်းသွေးကိုကြည့်သည့် မျက်ဝန်းတွေထဲမှာ နာကျင်မှုတွေ ကွန်းခိုနေသလို ရှိ၏။

ဒါတောင် မဏိလျှမ်းနှင့်ပတ်သက်ပြီး ပန်းသွေး အကုန်အစင်ပြောပြခဲ့တာ မဟုတ်။

ခခအပေါ် မဏိလျှမ်းဘက်က ခါးခါးသီးသီး ငြင်းဆိုခဲ့တာတွေ မပြောဖြစ်ပါ။ ခခရှက်သွားမှာ စိုး၍ဖြစ်သည်။

"သူငယ်ချင်း အချင်းချင်း နင် မကွယ်မဝှက်ဘဲ သူ့ကိုထင်ရာပြောလိုက်တာ သိပ်ဆိုးဝါးတဲ့ကိစ္စပဲ။ သူနဲ့မျက်နှာချင်းဆိုင်ရင် ငါ ဘယ်လိုနေရမလဲ၊ စဉ်းစားကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သသင့်နေသောစကားသံတွေ စွပ်စွဲချက်တွေက ပိုမိုပြင်းထန်လာသည်။ ပန်းသွေးစိတ်ထဲက မခံနိုင်တော့သည့်အဆုံး။

"မတတ်နိုင်ဘူး ခခ၊ သူကလူမှားပြီး ငါ့ကို အောင်သွယ်လုပ်နိုင်းတယ်ထင်လို့ ငါပြောပစ်လိုက်တာ"

"နင်ပြောလိုက်တဲ့စကားကြီးက သိပ်ကြမ်းတမ်းလွန်းတယ် ပန်းသွေး။ ငါက မိန်းမနောက်ပိုးဖြစ်သွားပြီ"

"ဒါ ဂရုစိုက်စရာလား ခခ၊ ငါက ဒီထက်တောင် အထင်လွဲခံရတာ နင်မသိဘူး"

"နင် အကြောင်းပြမနေပါနဲ့ ပန်းသွေးရယ်။ ငါ့ဘက်က သူ့ကို မိန်းမမာယာနဲ့ ရေလာမြောင်းပေးလုပ်တာကို နင် မကြည်လင်ဘူး။ နင်ကိုယ်တိုင်က မိန်းမနောက်ပိုးသတ်မှတ်တယ်။ အခုလည်း မဇ္ဈိလျှမ်းကို တမင်ပြောလိုက်တာ ငါ့သိက္ခာကို နင်ကိုယ်တိုင် စော်ကားပစ်လိုက်တာပဲလို့ ငါ သတ်မှတ်တယ်"

ခခစကားတွေ ဒီလောက်ထိ ဒေါ်သမသင့်သင့်ဟု ထင်သည်။ ယောကျ်ားတစ်ယောက်အတွက် ပန်းသွေးကို ဒေါ်သသင့် အပြစ်မြင်တာတော့ ခံရခက်သည်။

တကယ်ဆို သူမကြောင့် ကြားထဲက မိမိတောင် ရည်းစားစကားအပြောခံလိုက်ရတာ။ ဒါကို ခခသိအောင်ပြောမှ ဖြစ်တော့မည်။

"ဒီမှာ ခခ၊ တကယ်ဆို သူက ငါ့ကိုရည်းစားစကားပြောသွားခဲ့တယ်။ ဒါကို နင်မသိစေချင်လို့ ငါ သိုဝှက်ထား[illegible]"

"ဘာ ဘာရယ်"

"ဟုတ်တယ်၊ သူ ရည်ရွယ်နေတာ နင်[illegible]တဲ့၊ ငါ့ကိုတဲ့"

ဒေါ်သနှင့်နီနေသော ခခမျက်နှာမှာ ရှ[illegible]စိတ်နှင့် ပိုလို့တောင်

www.burmeseclassic.com

www.burmeseclassic.com



နီရဲသွားခဲ့၏။ မျက်ဝန်းလေးတွေ စူးစူးရဲရဲတောက်ပလျက် ပန်းသွေးကို မယုံနိုင်စွာ ငေးကြည့်နေ၏။

နှုတ်ခမ်းလေးတွေ တုန်ယင်လျက် လှုပ်ခတ်နေပေမယ့် စကားသံ အဖြစ် ထွက်မလာပါ။

"အန်တီလှိုင် မင်္ဂလာဆောင်နေ့က ငါ့ကို သူပြောခဲ့တာ ငါ မယုံနိုင်အောင် အံ့သြသွားတယ်။ ဒီတော့ ငါ ခါးခါးသီးသီးပဲ ငြင်းပစ်တယ်။ ပြီးတော့ သူဖွင့်ပြောသင့်တာ နင်လို့ပဲ ငါပြောလိုက်မိတာ"

ခခ သူမမျက်ဝန်းတွေထဲ စူးစိုက်ကြည့်ရင်း မျက်ဝန်းမှာ အရိပ်တွေ ရောင်စဉ်ဖြာနေသည်။ ပြီးတော့ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့သည်။ မပိတပီအပြုံးတစ်ခုက နာကျင်ခံရခက်စွာ ပြုံးသောအပြုံးလား။

"နင် နင့်ကိုသူက ကြိုက်နေတာ ဟုတ်လား"

"အေး သူ ဒီလိုပြောမယ်လို့ ငါမထင်ခဲ့ဘူး"

"နင် ခါးခါးသီးသီး ငြင်းခဲ့တယ် ဟုတ်လား ပန်းသွေး"

"ဟုတ်တယ်၊ သူ့ကိုငါ ချက်ချင်း ငြင်းပစ်ခဲ့တာ"

"အဟင်း အံ့သြစရာပဲနော်။ မဏိလျှမ်းလိုယောကျ်ားတစ်ယောက်ကို နင်က ငြင်းပယ်လိုက်တယ်ဆိုတော့"

"ခခ နင်ဘာပြောတာလဲ"

"ဟုတ်တယ်လေ၊ မဏိလျှမ်းက အရာရာပြည့်စုံတဲ့ ယောကျ်ား တစ်ယောက်ပဲ။ ငါ့ကိုလက်မခံဘဲ နင့်ကိုဦးတည်သွားတာ နင် သိပ်တော်လို့ ပေါ့"

"ခခ နင်ဆက်မပြောနဲ့တော့။ ငါ သူ့ကို စိတ်မဝင်စားခဲ့ဘူး"

"အခု သူက နင့်ကိုဖွင့်ဟတောင်းဆိုပြီးပြီလေ၊ နင် အလေးအနက် စဉ်းစား"

www.burmeseclassic.com



"ခခ နင် နင် တော်တော့နော်"

"ဆောရီးပဲ ပန်းသွေး။ ဒီပွဲမှာ ငါရှုံးတယ်။ ဒါပေမဲ့ မလွှမ်းလောက်ပါဘူး။ မဏိလျှမ်းကို ငါက အရှုံးအမူး ဖြစ်ခဲ့တာမှမဟုတ်ဘဲ။ နင်သိအောင် ထပ်ပြောမယ်။ နင်ငြင်းပယ်နေတဲ့ ယောကျ်ားတစ်ယောက်ကို ခခနောင်ဆိုတဲ့ ငါက အသနားခံပြီး လက်ခံလိမ့်မယ် မထင်နဲ့"

"အဲဒါတွေ ငါမသိဘူး။ စိတ်လည်းမဝင်စားဘူး။ ငါ့ဘက်က စေတနာနဲ့ ရိုးသားစွာ သူ့ကိုပြောခဲ့တာ"

"ခခနောင်အတွက် ယောကျ်ားမရှားပါဘူး ပန်းသွေးရယ်။ နင် စေတနာနဲ့ စွန့်ကြဲရလောက်အောင်လည်း မဏိလျှမ်းက မိုးကျရွှေကို မင်းသားမှ မဟုတ်တာ"

ခခစကားအဆုံးမှာ ပန်းသွေး ထရပ်လိုက်မိသည်။

ယောကျ်ားတစ်ယောက်ကို အလေးမထား ဂရုမစိုက်ဘူးဆိုသော ခခနောင်။ မဏိလျှမ်းအတွက်နဲ့ ဘာဖြစ်လို့ ပန်းသွေးကို စကားနာတွေနဲ့ တိုက်ခိုက်ချင်နေတာလဲ။

"ငါ ပြန်မယ် ခခ"

ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ။

စူးစိုက်မော့ကြည့်နေသည့် မျက်ဝန်းတွေက စိန်ခေါ်နေတာလား နာကျည်းချက်တွေ လှစ်ထုတ်ပြနေတာလားမသိ။

ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတစ်ယောက်ကို ဥပေက္ခာပြု လမ်းခွဲ [illegible]လောက်အောင်ပဲ နင့်ရဲ့နာကျည်းစိတ်တွေ ပြင်းထန်လောင်မြိုက်နေပြီလား ခခ။

သေချာတယ်။ ဒီပြဿနာမှာ ငါမှားသွားခဲ့တာမဟုတ်ဘူး။ မြားချက်တွေကသာ ပစ်မှတ်တွေကို လွဲချော်ခဲ့ကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ငါကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ပစ်မှတ်မှန်း မသိခဲ့ပါဘူး။

မဏိလျှမ်းဘက်ကကော မှားယွင်းခဲ့သလား။

အပြစ်မရှိခဲ့ဘူးဆိုတာ သေချာပါတယ်။ ပစ်မှတ်တွေဖြစ်ခဲ့တဲ့ နင်နဲ့ ငါ ကိုယ်တိုင်ကသာ အပြစ်ရှိသူတွေပါ။

မျှော်လင့်ချက်တစ်ခုနဲ့ အပိုင်တွက်ဆပြီး နင် စိတ်ကူးယဉ်ခဲ့တယ်။ ငါကိုယ်တိုင်က အန္တရာယ်ကို မမြင်ဘဲ ပစ်မှတ်တစ်ခုအနီးမှာ ရပ်နေခဲ့မိတယ်။

အခုတော့ တို့နှစ်ယောက်ကြားမှာ နာကျည်းရက်ရွံ့မှုတွေနဲ့ အကျည်းတန်စွာ မုန်းတီးခဲ့မိကြပြီလား။

စိတ်မကောင်းပါဘူး ခခ။

အချစ်ဆိုတာ မျှော်လင့်တိုင်း မရတတ်တာ နင် လက်ခံနားလည် တတ်ခဲ့ရင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အဲဒါမှ တကယ်ပြဿနာ။

ကားက ဘာဖြစ်သွားသည်မသိ။ မောင်းရင်းတန်းလန်းက တုံ့ခနဲ ထိုးရပ်သွားသည်။ ခက်တာက ပန်းသွေးကလည်း ကားပဲမောင်းတတ်တာ ပြင်တတ်တာမဟုတ်။

ရလိုရငြားနှင့် ကားကို ပြန်စက်နှိုးကြည့်သည်။ တစ်ကြိမ် နှစ်ကြိမ် မက အကြိမ်ကြိမ် နှိုးကြည့်သည်။ ချွေးတွေပြန် မောဟိုက်လာခြင်းသာ အဖတ်တင်သည်။

စက်နှိုးမရသော ကားပေါ်မှာ ပန်းသွေး ဘာလုပ်ရမှန်းမသိ။ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်မိတာ ဟန်းဖုန်းထည့်မလာမိတာကိုပဲ ဖြစ်သည်။ မေမေက ပန်းသွေးအတွက် အရေးပေါ်သုံးလို့ရအောင် ဟန်းဖုန်း တစ်လုံး ပေးထားသည်။ ဒါပေမဲ့ ပန်းသွေးကတော့ ကိုယ့်အတွက်လည်း သိပ်လိုအပ်လှတာ မဟုတ်တာမို့ သိပ်မကိုင်ဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဆီ အရေးပေါ်ဆက်မည့်သူလည်း ရှိတာမဟုတ်ဘဲ ဟန်းဖုန်းကြီး တကားကား ကိုင်မထားချင်။ သူငယ်ချင်းတွေ ဆက်သွယ်လျှင်လည်း အိမ်ဖုန်းကပဲ ဆက်သွယ်လို့ရတာမို့ ပန်းသွေးအတွက် ဟန်းဖုန်းဆိုတာ မလိုအပ်သလောက် ဖြစ်သည်။

"လိုလိုမယ်မယ် ဟန်းဖုန်းလေးကိုင်ထားတာ ဘာပင်ပန်းတာမှတ်လို့ သမီးရယ်"

မေမေကတော့ ပြောဖူးသည်။ ဒါပေမဲ့ ပန်းသွေး ဘယ်တော့မှ နားမထောင်တတ်ခဲ့ပါ။ အခုတော့ ပန်းသွေး နောင်တရမိသည်။

အခုမှတော့ မတတ်နိုင်ပါ။ အနီးဆုံးစတိုးဆိုင်လေးမှာပဲ ဆက်ရတော့မည်။ မေမေ့ကိုပဲ အကြောင်းကြားရမည်။

ဆုံးဖြတ်ချက်နှင့် ပန်းသွေး ကားတံခါးဖွင့်ဆင်းသည်။

"ကျွီ"

ကားလေးက ပန်းသွေးကားလေးနောက်မှာ ထိုးရပ်သွားသည်။ ကားတံခါးဖွင့်ဆင်းလာသည့်သူက မဏိလျှမ်း။

ပန်းသွေး အံ့ဩသွား၏။ တိုက်ပဲတိုက်ဆိုင်လွန်းလိုက်တာ။ မျှော်လင့်ပြီးဖြစ်သည့်အတိုင်း မဏိလျှမ်း ပန်းသွေးအနီးကို ရောက်လာသည်။

"ပန်းသွေး ဘာလုပ်နေတာလဲဟင်"

"ဘာလုပ်ရမှာလဲ၊ ပန်းသွေးဘာသာ ရပ်နေတာ ရှင်မမြင်ဘူးလား"

လေသံကို မာထန်ထန်ပဲ ပန်းသွေးတုံ့ပြန်ပြောမိသည်။ ဒါတောင် သူ့မျက်နှာက အပြုံးမပျက်သွားဘဲ –

"မထင်မှတ်ဘဲ မြင်လိုက်လို့ သိပ်ဝမ်းသာသွားတာ"

"သူများဒုက္ခရောက်နေတာကို ရှင်ဝမ်းသာတယ်၊ အင်း ... တော်လေးစားဖို့ကောင်းတဲ့ စိတ်ထားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုယ်ပြောတာ ဒီသဘောမဟုတ်ပါဘူး။ ပန်းသွေး ဘာ ဒုက္ခရောက်နေတာလဲ ပြောပါ၊ ဘာဖြစ်လို့လဲ၊ ကိုယ် ဘာကူညီရမလဲ"

မေးခွန်းတွေက ဆက်တိုက် သူ့နှုတ်က ထွက်ကျလာသည်။ ပန်းသွေး မဏီလျှမ်းကို မျက်မှောင်ကုပ်ကြည့်နေရင်း ဘာမှဆက်မပြော။

"ပြောပါပန်းသွေးရယ်၊ ကိုယ် ဘာကူညီရမလဲ"

"ကျွန်မကား ဘာဖြစ်သွားမှန်းမသိဘူး"

"ဟုတ်လား။ ပန်းသွေး ဘယ်သွားမလို့လဲ။ ကိုယ်လိုက်ပို့ပေးမှာ ပေါ့"

"ကျွန်မ ဘယ်မှမသွားဘူး၊ အိမ်ပြန်မှာ။ အရေးကြီးတာ ရှင် ကျွန်မကားကို ပြင်ပေးနိုင်မလား"

"အဲဒါတော့ ကိုယ် မပြင်တတ်ဘူး"

"ဒါဆိုရပြီ ရှင့်ဘာသာ ဆက်သွားတော့။ ခုချိန်မှာ ကျွန်မလိုအပ် နေတာ ကားပြန်ကောင်းသွားဖို့ပဲ"

"အဲဒါ ပြဿနာမဟုတ်ပါဘူး၊ ကိုယ် ကူညီနိုင်တာပဲ၊ ခဏလေး စောင့်"

ခါးကြားက ဟန်းဖုန်းလေးကိုထုတ်ကာ မဏီလျှမ်း ဆက်သွယ် သည်။ ပန်းသွေး မျက်မှောင်ကလေးကုပ်ရင်း နားထောင်နေမိ၏။

"ဩော် ကိုဗိုလ်၊ ဟုတ်တယ် ကျွန်တော်ပါ။ ဒီမှာ ကား ဘာဖြစ် သွားမှန်းမသိဘူးဗျာ အဲဒါ"

"______"

"ကျေးဇူးပဲ၊ အင်း ကျွန်တော့်ကားမဟုတ်ပါဘူး မိတ်ဆွေ တစ် ယောက်ရဲ့ကားပါ"

"________"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ အိုကေ၊ ကျွန်တော်ပြောတဲ့နေရာကို အမြန်ဆုံး ရောက်အောင် လွှတ်ပေးလိုက်ပါဗျာ"

မဟော်လျှမ်းက ကားဖျက်နေသည့်နေရာကို အသေအချာပြောပြပြီးမှ ဖုန်းကိုပိတ်သည်။ ပြီးတော့ ပန်းသွေးဘက် ဦးလှည့်ပြုံးပြရင်း –

"ဘာမှမပူနဲ့တော့ ပန်းသွေး။ ကိုယ့်မိတ်ဆွေရဲ့ဝပ်ရှော့ခ်က မက္ကနစ် နှစ်ယောက် လွှတ်လိုက်လိမ့်မယ်၊ ခဏလေးစောင့်နော်"

မေမေ့ဆီဖုန်းဆက်မည့်အစီအစဉ်ကို ဖျက်လိုက်၏။ သူက ပန်းသွေး အနီး လျှောက်လာရင်း –

"ဝပ်ရှော့ခ်က မက္ကနစ်တွေရောက်လာရင် အဖြေတစ်ခုတော့ သိမှာပါ။ လွယ်လွယ်ကူကူကိစ္စဆိုရင် သူတို့ တစ်ခါတည်း ပြင်ပေးလိမ့်မယ်။ လိုအပ်ရင် ပန်းသွေးကို ကိုယ်ပြန်ပို့ပေးမယ်၊ ကားကိုတော့ စိတ်ချထားခဲ့၊ ပြင်ပြီးတာနဲ့ သူတို့တွေ လာပို့ပေးလိမ့်မယ်"

"အင်း ဒီအစီအစဉ်ကိုပဲ လက်ခံရတော့မှာပေါ့"

"ပန်းသွေး၊ ခခနောင်တို့အိမ် ဂစ်တာ လာမတီးတော့ဘူးလားဟင်"

"မတီးတော့လို့ မတွေ့တာပေါ့"

"ကိုယ်က ပန်းသွေးရောက်လာမလား မျှော်နေမိတာ။ ကြားနေကျ ဂစ်တာသံကို မကြားရတော့ ခံစားရတာ တစ်မျိုးပဲ"

"ရှင်ကြားချင်တဲ့ သီချင်းသံကို ခခ ဆိုပြမှာပေါ့"

"ဟာ လာပြန်ပြီ၊ ဒီကိစ္စ ကိုယ်ချစ်တာ ပန်းသွေးနီနီ၊ ခခနောင်ကို ခင်မင်တာ ရိုးသားစွာနဲ့ ခင်မင်တာပါ။ ဒါကို ပန်းသွေးယုံပါ"

"အဲဒါ တကယ့်ပြဿနာပဲ။ အခု ကျွန်မနဲ့ခခတို့ သူငယ်ချင်းအဖြစ်က ရပ်စဲလိုက်ကြတာ အဲဒီကိစ္စပဲ"

"ဘာ ဘယ်လိုပန်းသွေး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့ ပြဿနာပေါ့၊ ခခနောင်ခံစားချက်တွေကို ရှင်သိအောင် ကျွန်မပြောပြလိုက်တာ ဒါကို ခခက အထင်လွဲတယ်၊ အားလုံး သူ နားလည်အောင် ရှင်းပြလိုက်တော့ ခခ ကျွန်မကို နာကျည်းသွားတယ်"

"အင်း ကိုယ့်ကိုလည်း သူ နာကျည်းသွားတာထင်တယ်။ မနေ့က လမ်းမှာကြုံလို့ ပြုံးပြတာတောင် ပြန်နှုတ်ဆက်မသွားဘူး။ ဒါကြောင့်ကိုး"

မဏီလျှမ်း စကားအဆုံးမှာ ကားလေးတစ်စီး ထိုးရပ်လာတာမို့ စကားစပြတ်သွားကြ၏။

"အစ်ကိုတို့ ဖုန်းဆက်ခေါ်တာလားဟင်၊ ကျွန်တော်တို့ ဘရားသား ဝပ်ရှော့ခ်ကပါ"

"ဟုတ်တယ် ညီလေး။ ကိုဗိုလ်လွှတ်လိုက်တာထင်တယ်"

"ဟုတ်ကဲ့ခင်ဗျ"

"အိုကေ ကားကရှေ့ကကားပဲ၊ ဘာဖြစ်တာလဲ တစ်ချက်လောက် ကြည့်ပေးပါဦးကွာ"

ချာတိတ်တွေက သွက်သွက်လက်လက်ရှိသည်။ ကားစက်ဖုံးကို ဖွင့်ကာ ဟိုနှိုက်သည်နှိုက် အဖြေရှာကြသည်။

"အလွန်ဆုံး နာရီဝက်လောက်ပဲစောင့် အစ်ကို၊ ဖြစ်မလား"

မကြာနစ်ချာတိတ်က ပြောသည်။ မဏီလျှမ်းက ပန်းသွေးကို လှမ်းကြည့်၏။ ပန်းသွေး ခေါင်းညိတ်လိုက်ရင်း –

"နာရီဝက်လောက်ဆို တစ်ခါတည်းစောင့်ယူသွားလိုက်မယ်"

ချာတိတ်နှစ်ယောက် ဖွင့်ထားသော ကားစက်ဖုံးထဲ ခေါင်းဝင်ကာ အလုပ်လုပ်နေကြပြီ။

"ပန်းသွေး နာရီဝက်တောင်စောင့်ရဦးမှာဆိုတော့ ကိုယ်နဲ့ တစ်ခုခု စားရအောင်နော်၊ ကိုယ်ဖိတ်ခေါ်ပါရစေ"

www.burmeseclassic.com



"ကျွန်မ ဗိုက်မဆာဘူး၊ ရှင်ပြန်ချင်ပြန်ပါ။ ကျွန်မအတွက် အချိန်တွေ ဆုံးရှုံးသွားရင် တောင်းပန်ပါတယ်။ ကူညီတာအတွက်လည်း ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူး ပန်းသွေးရယ်။ တစ်လမ်းတည်းနေကြတဲ့သူတွေမို့ မိတ်ဆွေအဖြစ် အသိအမှတ်ပြုရင် ကိုယ်ကျေနပ်ပါပြီ"

သူ့စကားကြောင့် ပန်းသွေး ပြုံးယဲ့ယဲ့ဖြစ်ရ၏။ ပန်းသွေးထင်မှတ်ထားတာထက်တောင် သူကလည်သည်။ တည်ငြိမ်စွာ ငေးစိုက်ကြည့်နေသော မျက်ဝန်းအစုံမှာလည်း နွေးထွေးသော ဖြူစင်မှုတွေကို ပန်းသွေးမြင်နေရသည်။

"ကိုယ် တောင်းဆိုချက်ကို လက်ခံပါနော် ပန်းသွေး"

"အင်းလေ၊ ဘာပဲဖြစ်ဖြစ် ရှင့်အကူအညီအတွက် ပန်းသွေးဘက်က ဒါလောက်တော့ ပြန်ခွင့်ပြုရမှာပေါ့"

"ဒါဆို ကိုယ်ဝမ်းသာတယ် ပန်းသွေးရယ်။ ကိုယ်တို့ မိတ်ဆွေဖြစ်ကြမှုအမှတ်တရအဖြစ် တစ်ခုခုစားရအောင်နော်။ ကိုယ်လည်း ပန်းသွေးနဲ့အတူ စောင့်ပေးရင်းပေါ့"

ကြည့်စမ်းပါဦး၊ ဒီလောက်အထိလည်သော သူ့ကိုမှ ပန်းသွေး ခပ်တုံးတုံး ခပ်အအဟု ထင်မိ၏။ ပန်းသွေး ဆက်ငြင်းနေရင်လည်း သူလှည့်ပတ်ကာ မရမက ခေါ်ဦးမှာသေချာနေသည်။ နောက်ဆုံးတော့ ပန်းသွေး လက်ခံခေါင်းညိတ်မိ၏။

ဝင်းလက်တောက်ပသော မျက်ဝန်းတွေထဲမှာ ကျေနပ်ဝမ်းသာရိပ်တွေ အထင်းသား။ ရှင်က ခင်မင်စရာကောင်းတဲ့ မိတ်ဆွေတစ်ယောက်မို့ ပန်းသွေး လက်ခံလိုက်တာပါ မဏိလျှမ်း။ ဒါထက်ပိုမိုပြီးတော့ မမျှော်လင့်စေချင်ဘူး။ ဒါကို ရှင်နားလည်နိုင်မယ်လို့ ထင်ပါတယ် မဏိလျှမ်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

တကယ်တမ်း ရင်းနှီးစွာစကားပြောကြည့်မှ ပန်းသွေးနီနီဆိုသော မိန်းကလေး၏စိတ်ထားကို မဏိလျှမ်း ပိုမိုလေးစားအထင်ကြီးလာမိ၏။

သူမစိတ်ဓာတ်က ဖြူစင်ရိုးသားသည်။ ဆင်ခြင်ပိုင်းဖြတ်နိုင်သော ဦးနှောက်နှင့် တည်ငြိမ်ရင့်ကျက်သူတစ်ယောက် ဖြစ်သည်။

ခခနောင်ဆိုသော မိန်းကလေးနှင့် သူမတို့နှစ်ဦးကိစ္စအတွက် သူ တောင်းပန်စကားဆိုမိတော့ –

"အဲဒီကိစ္စက ရှင်နဲ့မဆိုင်ပါဘူး ကိုမဏိလျှမ်း။ တကယ်ဆို ခခဆိုတာ ပန်းသွေးရဲ့ အရင်းနှီးဆုံး သူငယ်ချင်းပါ။ တစ်ယောက်စိတ်ကို တစ်ယောက် သိနေပြီးကြသူတွေ။ ခုကိစ္စမှာ သူ ရှက်သွားတာလား၊ မာနစိတ်နဲ့ တုံ့ပြန်လိုက်တာလား တစ်ခုခုပဲ။ ဒါပေမဲ့ ကျွန်မကို စော်ကားတာတော့ ကျွန်မ လက်မခံနိုင်ဘူး။ ယောက်ျားတစ်ယောက်အတွက်နဲ့ ပန်းသွေးကို သူ သူငယ်ချင်းတစ်ယောက်အဖြစ်က ပြတ်စဲရဲတယ်ဆိုရင် ပန်းသွေးမတား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါဘူး။ အမှန်တရားကို သူမြင်လာရင် ပန်းသွေးကို နားလည်လာမှာပါ''

''ကိုယ့်ကြောင့် ဒီလိုပြဿနာ ဖြစ်သွားတာကို ကိုယ် စိတ်မကောင်းတာပါ''

''ပြောပြီးပြီပဲ၊ ရှင်နဲ့မဆိုင်ဘူးလေ။ ရှင့်ဘက်က အမှန်ကို ရဲရဲဝန့်ခံဖြေရှင်းခဲ့တာပဲ။ ပန်းသွေးနားလည်တယ်''

''အဲဒါ ကျွန်တော့်ရင်ထဲက ခံစားချက်အစစ်အမှန်ပါ ပန်းသွေး''

''ကျေးဇူးပြုပြီး ဒီကိစ္စကို ဒီနေရာမှာပဲ ရပ်သိမ်းလိုက်ပါတော့ ကိုမဏိလှျမ်း။ ရှင့်ကို ကျွန်မလက်ခံခဲ့တာ မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့နော်''

သူ့နှုတ်က ဆက်ထွက်လာမည့်စကားတွေကို ကြိုတင်သိရှိနေသည့်အလား ပန်းသွေးရှောင်ထွက်သွားခဲ့သည်။

ဘာပဲဖြစ်ဖြစ် ပန်းသွေးနီနီကို သူပိုလို့တောင် မြတ်နိုးသွားခဲ့ရသည်။

ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ပကတိအလှနှင့် ရှင်းသန့်နေသော ပန်းသွေးမျက်နှာလေးက အပြစ်ဆိုစရာမရှိ။

ရောင်စုံအခြယ်အသကင်းသော မျက်နှာလေးကိုပဲ သူမ နှလုံးသားလေးကလည်း ပကတိဖြူစင်သည်။

တစိမ့်စိမ့် တွေးမိလေလေ၊ ပန်းသွေးကို သူ မြတ်နိုးချင်ခင်စိတ်တိုးလာရလေလေ ဖြစ်သည်။

အချစ်ဆိုတာကို ပန်းသွေးနဲ့တွေ့မှ ပိုင်ဆိုင်ခံစားတတ်ခဲ့တာပါ။

ဒါကို ပန်းသွေး လက်ခံယုံကြည်စေချင်တယ်။

ဘယ်မိန်းကလေးတွေနဲ့မှ မတူတဲ့ နှလုံးသားပိုင်ရှင်မလေးကို ပိုင်ဆိုင်ဖို့အတွက် ကိုယ် နောက်မဆုတ်တော့ဘူးဆိုတာလည်း သေချာပါတယ်။

မင်းလေးနှလုံးသားက အချစ်ဆိုတာကို မခံစားတတ်တာပဲလား။

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားခဲ့တာလား ပန်းသွေးရယ်။

မင်းရဲ့ဘဝကို ကိုယ်ပိုင်ဆိုင်ချင်တယ်။

မင်းရဲ့နှလုံးသားလေးကို နားလည်ချင်တယ်။

အဲဒါ မင်းကို ကိုယ်ချစ်လို့၊ မြတ်နိုးလို့ပါ ပန်းသွေးနီနီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟင်"

ရပ်ထားသည့်ကားထဲ တံခါးဖွင့်ဝင်ထိုင်မလို့ လုပ်ပြီးမှ မျက်ဝန်းတွေက မထင်မှတ်ဘဲ မြင်လိုက်ရခြင်းဖြစ်သည်။ ဒီတစ်ခါတော့ ကောင်လေးတစ်ယောက်တည်း မဟုတ်ပါ။

အထည်ဆိုင်မှာတုန်းက တွေ့ခဲ့ဖူးတဲ့ ကောင်မလေးပါ ပါသည်။ ကောင်လေးကို ဘာတွေ ပြဿနာရှာနေသည်မသိ။

ကောင်မလေးမျက်နှာက ညိုညစ်စူပုပ်လျက် ခေါင်းကို ယမ်းခါနေသည်။

ကောင်လေးက မျက်နှာလေးညှိုးလျက် တောင်းပန်နေတာလား၊ ချော့မော့နေတာလား။

ပန်းသွေး ဖွင့်ထားမိသည့် ကားတံခါးကို ပြန်ပိတ်ကာ စိတ်ဝင်စားစွာပဲ ရပ်စောင့်ကြည့်နေလိုက်တော့။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးချောသလောက် စိတ်ထားပုပ်တဲ့ ကောင်မလေး ဘယ်လိုအနိုင်ကျင့်ဦးမှာလဲ။ ပန်းသွေး ရပ်ကြည့်နေတုန်းမှာ ကောင်လေး ပလက်ဖောင်းတစ်ဖက်က အငှားဆိုင်ထဲ လှမ်းဝင်သွား၏။

ပြန်ထွက်လာတော့ ကောင်လေးလက်ထဲမှာ ရေခဲမုန့်ဘူးခွက်လေး ပါလာသည်။ Mark II ကားကြီးအနီးမှာရပ်နေသော ကောင်မလေးကတော့ လက်ကလေးနှစ်ဖက် ခါးမှထောက်လျက် မကျေမနပ်အသွင်နှင့် ရှိဆဲ။

ကောင်မလေးအနားရောက်တော့ ကောင်လေးလက်ထဲက ရေခဲမုန့်ဘူးကို ကမ်းပေးသည်။

ကောင်မလေး ဆတ်ခနဲဆွဲယူကာ ဘူးကိုဖွင့်သည်။ ပြီးတော့ ကောင်လေးရင်ဘတ်ကို လက်လွှဲကာ အားပါးတရ ပစ်ပေါက်သည်။

ကောင်လေးရင်ဘတ်မှာ ရေခဲမုန့်တွေ ပေကျံစွန်းထင်းကုန်သည်။ ကောင်မလေး ကားတံခါးဖွင့်ကာ ဆောင့်ဆောင့်အောင့်အောင့် တက်သွား၏။

"ဂျိမ်း"

တံခါးကို ဒေါသတကြီး ဆောင့်ပိတ်လိုက်သံက ပြင်းသည်။

ကောင်လေး ကသောကမျော ကားပေါ်တက်ဖို့ ကြံစည်တုန်းမှာ ကားလေးက ဝူးခနဲ မောင်းထွက်သွားလေ၏။

ပတ်ဝန်းကျင်က ဝိုင်းကြည့်နေသော မျက်ဝန်းပေါင်းများစွာကို ကောင် ဂရုမစိုက်နိုင်ရှာဘဲ ကောင်လေး ကျောက်ရုပ်လို ရပ်နေရှာသည်။

ပန်းသွေးခြေလှမ်းတွေ ကောင်လေးရှိရာကို အလိုလို ဦးတည်ခဲ့မိပြီဖြစ်သွား၏။

"ဟော့ ချာတိတ်"

ကောင်လေး ခေါ်သံကြောင့် ပန်းသွေးကို လှည့်ကြည့်လာသည်။ မျက်ဝန်းတွေက မှတ်မိသွားဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း တို့ကိုမှတ်မိပါတယ်နော်"

"မှတ်မိပါတယ် အစ်မ၊ ဖြူဖွေးကိုပေးခဲ့တဲ့ အစ်မပဲ"

"ဟုတ်တယ်၊ ကဲ ရော့၊ မင်းအင်္ကျီမှာပေနေတဲ့ ရေခဲမုန့်တွေကို သုတ်ပစ်လိုက်ပါဦး"

လက်ကိုင်အိတ်ထဲက တစ်သျှူးစက္ကူပဝါလေးကို ပန်းသွေးထုတ်ပြီး ကမ်းပေးတော့ မဝံ့မရဲ လှမ်းယူ၏။

အဖြူရောင်ရှပ်အင်္ကျီမှာ ပေကျံနေသော ရေခဲမုန့်တွေ ကုန်စင်သွား ခဲ့သည့်တိုင် စွန်းပေကျန်ရစ်သော အရောင်တွေက ပျောက်ဖျက်မသွားပါ။

"ရော့ နောက်တစ်ခုနဲ့ထပ်သုတ်လိုက်"

"ရ ရပါပြီအစ်မ၊ ကျေးဇူးတင်ပါတယ်"

"နေစမ်းပါဦး၊ မင်း ဘာဖြစ်လို့ ဒီလောက်အထိ ပျော့ညံ့လွန်းတာ လဲ။ ဒီကောင်မလေး မင်းကိုအနိုင်ကျင့်နေတာကို ခံနေသလား"

"ဆွိလေးက ကျွန်တော့်အပေါ် အနိုင်ယူတတ်တာ အကျင့်ပါနေ ပါပြီ"

"ဆွိလေးတဲ့လား သူ့နာမည်က"

"အားလုံးက ချစ်စနိုးခေါ်တဲ့အိမ်နာမည်ပါ။ ဆွိလေးနာမည်က လမင်းအိမ်ပါ အစ်မ"

"လုံးဝမလိုက်ဖက်တဲ့ နာမည်တွေပဲ။ နင်နဲ့သူ့ကိုတွဲပြီး တို့နှစ်ခါ တွေ့ဖူးတယ်။ တစ်ခါက ပလာဇာထဲကအထည်ဆိုင်မှာ၊ အဲဒီတုန်းကလည်း ခုလိုပဲ မင်းကို အနိုင်ကျင့်ခဲ့တာ။ အခုလည်း တို့အားလုံးမြင်နေခဲ့တယ်"

"ဆွိလေးက ရေခဲမုန့်စားချင်တယ်၊ ဒါပေမဲ့ ရေခဲမုန့်နဲ့သူ မတည့်ဘူး အစ်မ။ ဒါကြောင့် ကျွန်တော် မစားဖို့ တောင်းပန်ချော့မော့နေတာ မရတဲ့ အဆုံး သူကျေနပ်အောင် ဝယ်ပေးတော့ ဘူးအသေးနဲ့ ဂွပ်လာလို့တဲ့၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ဝယ်နိုင်းတာက ဘူးကြီးလေ''

''သူနိုင်းတဲ့အတိုင်း ဘူးကြီးဝယ်ပေးလိုက်ပေါ့ကွ''

''မဖြစ်ဘူး အစ်မ၊ ဆွိလေးမှာ အဆုတ်အားနည်းတဲ့ရောဂါရှိတယ်။ ရေခဲမုန့်နဲ့မတည့်ဘူး။ စိတ်ကျေနပ်အောင် အသေးဘူးဝယ်ပေးတာ''

'''မင်းစေတနာကို သူမှ နားလည်လက်ခံမှုမရှိဘဲ၊ ဥပေက္ခာပြုလိုက်ပေါ့ကွာ''

ကောင်လေးခေါင်းကို ခါယမ်းပြသည်။ ပန်းသွေး အားမလို အားမရ ဖြစ်ရ၏။ သည်လောက်ထိတောင် အချစ်ကြီးရသလား။

''ချစ်တာတော့ ချစ်တာပေါ့ကွာ။ ဒါပေမဲ့ သည်းခံမှုမှာ လစ်မစ် ရှိတယ်ကွ။ တို့ပြောရဲတယ်၊ မင်း သူ့ကိုရွေးချယ်မယ်ဆိုရင် မင်းတစ်သက်လုံး စိတ်ဆင်းရဲရမယ်၊ အနိုင်ကျင့်ခံရမှာ သေချာတယ်''

''ကျွန်တော်''

''စွမ်း''

စူးရှသောခေါ်သံကြောင့် ပန်းသွေးကော ကောင်လေးပါ လှည့် ကြည့်မိကြသည်။ ဘယ်အချိန်က ပြန်လှည့်လာသည် မသိသော ကား ပြတင်းဝမှာ ကောင်မလေးမျက်နှာက မာတင်းခက်ထန်လျက်။

မျက်ဝန်းစိမ်းတွေက ပန်းသွေးကို စူးစိုက်ငေးကြည့်နေ၏။ ပန်းသွေး ကိုယ်တိုင်လည်း ကောင်မလေးမျက်ဝန်းတွေကို အကြည့်မလွှဲဘဲ ခပ်ရဲရဲ ပြန်စူးစိုက်ကြည့်နေလိုက်သည်။

ပထမဆုံးအကြည့်လွှဲရှောင်တိမ်းသွားသူက ကောင်မလေးပဲဖြစ်၏။

''စွမ်း နင်ဘာလုပ်နေတာလဲ၊ လာလေ''

အမိန့်ဆန်သော စကားကြောင့် ကောင်လေး မင်သက်နေရာမှ သတိဝင်လာသူလို ကသောကမျော ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"လာ လာပြီ ဆွိလေး၊ အစ်မ ကျွန်တော်သွားတော့မယ်နော်"

ကောင်လေး သုတ်ခနဲ ပန်းသွေးအနီးမှ ပြေးထွက်သွားခဲ့သည်။

ကားတံခါးကိုဖွင့်ပြီး ကောင်လေးဝင်ထိုင်ချိန်မှာပဲ ကားလေးက ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားခဲ့၏။

အလိုမကျ စူးရှစွာ လွှင့်ကျန်ရစ်ခဲ့သော ကောင်မလေးအကြည့်တွေကို နားလည်ခံစားမိစွာ ပန်းသွေး ပြုံးလိုက်မိသည်။

စိတ်မကောင်းပါဘူး ကောင်လေး။

အထင်လွဲသဝန်တိုမှုတွေအတွက် မင်းရဲ့ဆွိလေး ကျေနပ်တဲ့အထိ ခယတောင်းပန်လိုက်ဦး။

မင်းအပေါ်မှာတော့ တို့နှလုံးသားက ဖြူစင်စွာနဲ့ စာနာသနားမိတာပါ။

မင်းနားလည်နိုင်မယ်ထင်ရဲ့ ချွမ်းဆိုတဲ့ ကောင်လေးရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သမီးရေ ဖုန်းလာတယ်"

"ဘယ်သူ့ဆီကလဲ ဒေါ်လုံး"

"မသိဘူးကွဲ့၊ ယောက်ျားတစ်ယောက်အသံပဲ၊ သမီးကိုပေးပါတဲ့"

ပန်းသွေး အံ့ဩမိတာအမှန်။ ယောက်ျားတစ်ယောက်တဲ့။ ပန်းသွေး မိတ်ဆွေတွေထဲမှာ ယောက်ျားလေးအသိမိတ်ဆွေ မရှိသလောက် ရှားပါးတာ အမှန်။

ဘယ်သူများလဲ ဇဝေဇဝါတွေးရင်း ဖုန်းကိုကောက်ကိုင်တော့ ပိုလို့ အံ့ဩသွားရသည်။

"ပန်းသွေးလား"

"မထိလျှမ်း၊ ရှင် ကျွန်မဖုန်းနံပါတ်ကို ဘယ်လိုရလိုက်တာလဲ"

"မထူးဆန်းပါဘူး ပန်းသွေးရယ်။ ပန်းသွေးနံ့နံ့ဆိုတာ ကိုယ့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေလေ။ ပြီးတော့ ကိုယ်မြတ်နိုးချစ်တဲ့ ကောင်မလေး။ အဲဒီအတွက် ဘာမှ ကိုယ်မကြိုးစားနိုင်တာ မရှိပါဘူး''

ဒါ သူ့ကိုယ်သူ ယုံကြည်တယ်ဆိုတဲ့ သဘောလေ။ ပန်းသွေး စိတ်ထဲကတော့ ချီးကျူးလိုက်မိတာ အမှန်။

''ကဲ ထားပါတော့၊ ရှင် ကျွန်မဆီ ဘာကြောင့်ဖုန်းဆက်တာလဲ''

''ပန်းသွေးအသံလေးကြားချင်လို့။ ပြီးတော့ ပန်းသွေးနဲ့ တွေ့ချင်လို့''

''ဘာကိစ္စရှိလို့လဲ မဏိလျှမ်း။ ရှင်နဲ့ကျွန်မ တွေ့စရာအကြောင်း မရှိဘူးထင်တယ်''

''ပန်းသွေးနဲ့ကိုယ်က ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲလေ။ ခနောင်နဲ့ ပန်းသွေးတို့တုန်းကလည်း နေ့တိုင်းဆုံတွေ့နေကြတာပဲ။ ကိုယ့်ကိုလည်း ပန်းသွေး ရင်းရင်းနှီးနှီးတော့ ရှိသင့်တာပေါ့။ နေ့တိုင်းမဟုတ်တောင် တနင်္ဂနွေ နားရက်လေးတော့ ပန်းသွေးနဲ့ ဆုံပါရစေ''

''ဆောရီးပဲ၊ ဒီရက်ပိုင်းမှာ ပန်းသွေး အပြင်မထွက်ဘူး''

''ရတယ်လေ၊ ပန်းသွေးအိမ်ကို ကိုယ်လာလည်မှာပေါ့။ အန်တီပန်း ဆိုတာ ကိုယ့်အဒေါ်နဲ့ သူငယ်ချင်းရင်းကြီးတွေပဲ ရင်းနှီးပြီးသား''

''ရှင် မေမေတို့ဆီလာလည်တာပဲ လာလည်ပေါ့။ ပန်းသွေးနဲ့မှ မဆိုင်ဘဲ''

''ဟာကွာ၊ ဒီလိုတော့မပြောပါနဲ့။ ကိုယ်တောင်းပန်ပါတယ်။ ပန်းသွေး ကိုယ် မင်းနဲ့တွေ့ချင်တယ်၊ စကားတွေ ပြောချင်တယ်''

''ပန်းသွေးနဲ့ ရှင်နဲ့တွေ့ရအောင် အရေးတကြီးကိစ္စ မရှိဘူးထင်တယ်''

''မိတ်ဆွေသူငယ်ချင်းတွေဆိုတာ အနေမစိမ်းသင့်ဘူး ပန်းသွေး

www.burmeseclassic.com

www.burmeseclassic.com



ရယ်။ အရေးကြီးကိစ္စရှိမှ ဆုံကြရမှာတဲ့လားကွာ။ တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင် ရင်းရင်းနှီးနှီးတော့ ရှိသင့်ပါတယ်''

ရှင် သိပ်လည်တယ် မဏိလျှမ်း။ စကားသိပ်ကြွယ်ပြီး တစ်ဖက်သားကို ဆွဲဆောင်နိုင်စွမ်းရှိတာလည်း အမှန်ပါပဲ။

ပန်းသွေး စိတ်ထဲကတွေးရင်း မဏိလျှမ်း မျက်နှာလေးကိုလည်း မြင်ယောင်လာမိသည်။ နုဖတ်ချောမွေ့သောမျက်နှာက စွမ်းဆိုသော ချာတိတ်နှင့် ဆင်တူလှတာလည်းအမှန်။

ဒီလောက်အထိ ရုပ်ချင်းဆင်တူနေတာ ဘာကြောင့်လဲ။ သိချင်စိတ်တွေက ပန်းသွေးရင်ထဲမှာ ပြင်းပြလာသည်။

မဏိလျှမ်းမှာ ညီအစ်ကိုမောင်နှမသားချင်းတွေများ ရှိနေမလား။

''ပန်းသွေး၊ ကိုယ်တို့တွေ့ပါရစေနော်။ မင်း အပြင်မထွက်ချင်ဘူးဆိုလည်း ကိုယ် မင်းအိမ်ကို အခုလာခဲ့မယ်''

''နေဦး၊ အိမ်ကိုမလာနဲ့ မဏိလျှမ်း။ ဒီလိုလုပ် လမ်းထိပ်မှာ ရှင်စောင့်နေပါ။ ပန်းသွေးထွက်ခဲ့မယ်။ အအေးဆိုင်ဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် ခဏလောက်ထိုင်ကြတာပေါ့''

''ဟာ ဝမ်းသာလိုက်တာ ပန်းသွေးရယ်။ စိတ်ချ ကိုယ်အခုပဲ ထွက်ခဲ့မယ်၊ ကိုယ့်ကားယူခဲ့မယ်နော်၊ ပန်းသွေး ဒီအတိုင်းပဲ ထွက်ခဲ့''

ပန်းသွေး ဘာကြောင့် လိုက်လျောမိသည်မသိ။ မဏိလျှမ်းရဲ့ ခင်မင်မှုကို အသိအမှတ်ပြုမိတာလည်း ဖြစ်နိုင်သည်။ ပြီးတော့ ပန်းသွေး သိချင်တာတစ်ခုရှိသည်။

စွမ်းဆိုသောကောင်လေးနှင့် မဏိလျှမ်း ဘယ်လိုပတ်သက်နေသည်လဲ။

တိတ်ဆိတ်ငြိမ်းချမ်း၍ လူရှင်းသော အအေးဆိုင်ကလေးမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးတို့ ထိုင်ဖြစ်ကြသည်။

အပြာနုရောင် ကွက်စိပ်ရုပ်လက်တိုလေးနှင့် ဂျင်းဘောင်းဘီ အနက်ရောင်ကို ဝတ်ဆင်ထားသော သူ့အသွင်က လိုက်ဖက်လွန်း၏။ ပန်းသွေးကတော့ တီရှပ်ပွအနက်ရောင်ကိုပဲ အိမ်နေရင်း ဝတ်တတ်သည့် ရှေ့ပင်အဖြူနှင့် ဝတ်ဆင်လာခဲ့သည်။

မျက်နှာနုဖတ်ဖတ်လေးကတော့ ထုံးစံအတိုင်း ပကတိ အသွင်အတိုင်း။။

တိမ်ကင်းစင်သော လလေးတစ်စင်းလိုပဲ ပန်းသွေးမျက်နှာလေးကြည်လင့်နေ၏။ တကယ့်ကို လွတ်လပ်ပေါ့ပါးသောစတိုင်လ်နှင့် ပွင့်လင်းသောသူမအမူအကျင့်လေးကို သူ ချစ်သည်။

တခြားမိန်းကလေးတွေလို အလှအပ မမက်မောတာကိုလည်း သူ မြတ်နိုး၏။ တစိမ့်စိမ့်ကြည့်ရင်း တရိပ်ရိပ် ပီပြင်ထင်ရှားလာသော ကောင်မလေး၏အလှတွေက တစ်နေ့ကုန်ထိုင်ပြီး ကြည့်မဝအလှမျိုးဟု သူထင်၏။

"ရှင့်ကို ဝေစ်ခုမေးစရာရှိတယ် မဏိလျှမ်း။ စပ်စုတာတော့ မဟုတ်ဘူး၊ ကိစ္စလေးတစ်ခုရှိလို့"

"ကိုယ် ဘယ်လိုမှ မထင်ပါဘူး ပန်းသွေး။ ဘာမေးမလို့လဲ မေးလေ"

သောက်လက်စ စတော်ဘယ်ရီခွက်ကို ပြန်ချပြီး ပန်းသွေး သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်။ နှစ်ယောက်တည်း မျက်နှာချင်းဆိုင်အနေအထားမှာ လူကို အရုပ်တစ်ရုပ်လို သဘောထားကြည့်နေတော့လည်း မဏိလျှမ်း မနေတတ်သလို ဖြစ်ရသည်။

"ဒုက္ခပဲ၊ မင်းကိုယ့်ကို ဘာဖြစ်လို့ ဒီလောက်ထိ အကဲခတ်စိုက်ကြည့်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အတွေးတွေချော်မနေနဲ့။ ရှင်နဲ့မျက်နှာပေါက်ချင်း ဆင်တူတဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မ မြင်ဖူးလို့"

"ဟုတ်လား။ ဒါပေမဲ့ ကိုယ့်လောက်တော့ ချော်မယ်မထင်ဘူး။ ဟုတ်တယ်မို့လား ပန်းသွေး၊ အဟွန်း"

"ကျွန်မလည်း ယောကျ်ားတစ်ယောက် မိန်းမလို နုဖတ်ချောမွေ့နေရင် အလိုလိုကို ကြည့်မရတာ"

"ဟာ ဘာဆိုင်လို့လဲ၊ အမေမွေးထားတဲ့ရုပ်၊ ကံပေးတဲ့ဘဝနဲ့ပဲ အသက်ရှင်နေကြတာကို"

"ဟုတ်ပါတယ်၊ ကျွန်မရဲ့ခံစားချက်ကို ပြောတာပါ။ ဒါတွေထားပါတော့၊ ပန်းသွေးမေးချင်တာ ရှင့်မှာ ညီအစ်ကိုတွေ ဘာတွေများရှိသလား"

"ညီအစ်ကို ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မတွေ့ဖူးတဲ့ စွမ်းဆိုတဲ့ကောင်လေး အဲ သူ့နာမည်အပြည့်အစုံတော့မသိဘူး။ သူက ရှင်နဲ့ရုပ်ချင်း အတော့်ကို ဆင်တူတယ်"

ပန်းသွေးစကားကြောင့် မဏိလျှမ်း မျက်မှောင်ကုပ်သွား၏။ စွမ်းဆိုသော ပုဂ္ဂိုလ်က သူနှင့် ဘယ်လောက်အထိတောင် ရုပ်ချင်းတူနေရတာလဲ။

"ပန်းသွေးစကားကို ကိုယ်စိတ်ဝင်စားသွားပြီ။ ကိုယ်က တစ်ဦးတည်းသောသား။ ဖေဖေက ကိုယ်ငယ်ငယ်ကတည်းက ဆုံးတယ်။ မေမေက ကိုယ့်အသက် ဆယ့်လေးနှစ်သားမှာဆုံးတယ်။ နောက် အိမ်ထောင်လည်း မပြုခဲ့လို့ ကိုယ်တစ်ယောက်တည်း တစ်ဦးတည်းသောသားအဖြစ် အန်တီဝေ နဲ့ ကျန်ရစ်ခဲ့ရတာ။ အန်တီဝေဆိုတာ မေမေ့ရဲ့ ညီမအရင်းလေ"

တည်တည်ငြိမ်ငြိမ်ပဲ ရှင်းပြနေသောမျက်နှာပေါ်မှာ ဟန်ဆောင်ချက်တို့ မရှိနိုင်ဟု ပန်းသွေး အကဲခတ်မိ၏။ မဏိလျှမ်းမျက်ဝန်းတွေက တကယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှိးသားဖြူစင်သည်။

"အင်း ဒါဆိုရင်တော့ လူတူ၊ နာမည်တူ မရှားဆိုတဲ့ သဘော တရားကြောင့်ပဲဖြစ်လိမ့်မယ်။ ဘာရယ်မဟုတ်ဘူး။ ကျွန်မက စကားစပ်တုန်း မေးကြည့်တာပါ"

ပန်းသွေးက ဖေါ့ဖေါ့ပါးပါးပဲ စကားစကိုဖြတ်သည်။ ဒါပေမဲ့ မဏိ လျှမ်းအတွက်တော့ အတွေးတွေ ဆင့်ပွားကျန်ရစ်ခဲ့သည်။

စွမ်းတဲ့။ ဘယ်သူလဲ။ ဘာကောင်လဲ။

ပန်းသွေးနဲ့ ဘယ်လောက်အထိ ကျွမ်းဝင်ပတ်သက်နေတာလဲ။ ပန်းသွေးနီနီဆိုသော မိန်းကလေးမှာ အပေါင်းအသင်းမိတ်ဆွေ များများမရှိ။ ယောက်ျားလေးမိတ်ဆွေဆိုတာ အတော့်ကိုရှားသည်။

ခုတောင် ပန်းသွေးနှင့်ခင်မင်ခွင့်ရဖို့အတွက် အတော့်ကို ကြိုးစားခဲ့ ရသည်။

ပန်းသွေးနှင့်ခင်မင်ကျွမ်းဝင်သည့် ယောက်ျားဆိုတော့ သူ့ရဲ့ပြိုင် ဘက် တစ်ယောက်လား။ သိချင်စိတ်တို့က ရင်ထဲမှာတားဆီးမရ။

"ပန်းသွေး အဲဒီကောင်က ဘယ်မှာနေတာလဲ၊ ကိုယ်နဲ့ အတော် တူသလား"

"သူ ဘယ်မှာနေသလဲ ပန်းသွေးမသိဘူး။ မျက်နှာကတော့ ရှင်နဲ့ အတော်တူတယ်။ ဆံပင်ရှည်တာနဲ့ တိုတာပဲကွာခြားတယ်။ နောက်တစ်ချက် က သူက ရှင့်လိုတော့မဟုတ်ဘူး။ သိပ်ကို စိတ်ထားနုပြီး ပျော့ပျောင်းတဲ့ သူမျိုး။ သူ့ကို ပန်းသွေးနဲ့ခခ ပထမဆုံးမြင်တွေ့ခဲ့ကြတာ ပလာဇာအထဲက အထည်ဆိုင်မှာ"

ပန်းသွေး စွမ်းဆိုသောလူအကြောင်း ပြောပြသည်။ မိန်းမ တစ် ယောက်အတွက် မာနနှင့်သိက္ခာ အရာအားလုံးကို ရင်း၍ပစ်ထားသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှန်း သူ နားလည်တွက်ဆလိုက်မိသည်။

"အတော့်ကို ပျော့ညံ့တဲ့ ယောကျာ်းတစ်ယောက်ပါ။ အဲဒီ ကောင်မလေးကို သူ အတော်ကျိုးနွံတဲ့ပုံပဲ"

"ယောကျာ်းပီသတဲ့ ကောင်မျိုးပဲ၊ ဒါမှမဟုတ် ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲ။ ကောင်မလေးဆီက တစ်စုံတစ်ရာကို မျှော်လင့်ထားသလားမှမသိဘဲ။ ဥပမာ–ကောင်မလေးရဲ့ ပြည့်စုံချမ်းသာမှုတွေကြောင့် ဒီလောက်ထိ အောက်ကျခံ လိုက်လျောနေတာများလား"

"ဝေဖန်ချက်တွေက ပြင်းထန်လိုက်တာ မဏီလျှမ်းရယ်။ သူ့ကို တောင် ရှင်မြင်ဖူးသေးတာမဟုတ်ဘူး။ ပန်းသွေးပြောပြမှ သိရတာနော်"

"အင်း ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုယ်က ထင်မြင်ကြည့်တာလေ။ ပန်းသွေးက အဲဒီလို ယောကျာ်းကို ဘယ်လိုမြင်လဲ"

"သနားစရာကောင်းတယ်လို့ မြင်တယ်"

"ဒါ သနားစရာမှ မဟုတ်တာဘဲ၊ သူကိုယ်တိုင် ကြည်ဖြူစွာနဲ့ ပေးဆပ်ကျေနပ်နေတာလေ"

"ခုကတော့ အဲဒီကောင်လေးဘဝကို အားကျတယ်တဲ့။ သူ ချစ်သူက အလိုလိုက် လိုက်လျောယုယမှုကို အပြည့်အဝ ပိုင်ဆိုင်ရတယ်တဲ့"

ပန်းသွေး တမင် သူ့ကို ဘုကန့်လန့်ပြောမိသည်။ သူကတော့ နက်နက်ကြီး ရှုံ့မဲ့လျက် ခါးခါးသီးသီးပဲ ခေါင်းကို ခါရမ်းပါသည်။

"အချစ်ဆိုတာ တစ်ယောက်တည်း တစ်ဖက်သတ် ချစ်လို့ရပေမယ့် ဘဝတစ်ခုကိုတော့ တစ်ဦးတည်းချစ်ခြင်းနဲ့ တည်ဆောက်လို့ မရဘူး ပန်းသွေးရယ်။ နှစ်ဦးနှစ်ဖက် ချစ်ခင်ကြင်နာမှ ခိုင်မြဲမှာပါ"

"ဒါ ရှင့်ရဲ့ အိမ်ထောင်ရေး ဒဿနလား မဏီလျှမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပန်းသွေး၊ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူ တစ်ထပ်တည်း ရှိစေချင်တယ်။ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုကိုလည်း ကိုယ်မတည်ဆောက်ချင်ပါဘူး"

"ဒါဆို ရှင်ချစ်တဲ့သူက ရှင်ကိုမချစ်တဲ့သူ ဖြစ်နေခဲ့ရင်ကော"

မဏိလျှမ်းမျက်နှာ ညှိုမှောင်သွား၏။ ပန်းသွေးကို စူးစိုက်ကြည့်သည့် မျက်ဝန်းတွေထဲမှာ ယှက်သန်းနေသော ကြေကွဲဝမ်းနည်းခြင်းတွေလား။ သေချာသည်ကတော့ ထိုမျက်ဝန်းတွေထဲမှာ နာကျည်းခြင်းတို့ ကင်းစင်နေသည်။

"သူ့ကိုမြတ်နိုးစွာချစ်မိတဲ့ အချစ်တစ်ခုကို တစ်ဘဝလုံးအတွက် သေတဲ့အထိ သိမ်းဆည်းသွားမှာပေါ့ ပန်းသွေးရယ်"

သူ့စကားသံလေးက ပန်းသွေး ရင်ထဲထိ တိုးဝင်သွား၏။

ရင်ထဲမှာ တလှပ်လှပ် ခံစားရတာ ဘာကြောင့်မှန်းမသိ သူ့စကားတွေအောက်မှာ ပန်းသွေး နှလုံးသား လှုပ်ခတ်လာတာလား။

ပန်းသွေး အသေအချာမသိပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

တကယ်ပဲ ပန်းသွေးကို စွန့်လွှတ်ရမတဲ့လား။

တစိမ့်စိမ့်တွေးမိမှာ ရင်ထဲမှာ ခံစားရသည့်ဝေဒနာက တကယ် ခံယူနိုင်ဖို့ မကွယ်ကွမှန်းသိလာ၏။

ပန်းသွေးကို သူချစ်ခဲ့တာ ဘဝတစ်ခုလုံးအတွက်၊ သူ့ဘက်က သေချာနေခဲ့ပေမယ့် ပန်းသွေးဘက်က မရေရာမှုတွေကို သူ နားလည်လာမိ၏။

အချစ်ဆိုတာ ပန်းသွေးနှလုံးသားမှာ မပေါက်ဖွားသေးတာကြောင့် ဟုပဲ သူထင်ခဲ့မိသည်။ အခုတော့ စွမ်းဆိုသောကောင်က ဘယ်က ဘယ်လို ရောက်လာသည်မသိ။

ပန်းသွေးစကားတွေအရဆိုလျှင် ဒီကောင်မှာ ချစ်သူရည်းစား ရှိနေနိုင်သည်။ ဒါပေမဲ့ အသေအချာပြောလို့မရနိုင်။ ကြိုးစားနေတာလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို သည်လောက်အထိ အလျော့ပေးလွန်းသော ယောက်ျားတစ်ယောက်အချစ်ကို သူ မယုံချင်ပါ။ တစ်စုံတစ်ရာသော မျှော်လင့်ချက်ကြောင့်ပဲ ဖြစ်မည်ထင်၏။

သည်လိုယောက်ျားမျိုးက ပန်းသွေးနှင့်ပတ်သက်နေသည်။ ဘယ်လောက်အထိ တွယ်ငြိနေတာလည်း သူမသိ။ ခန့်မှန်းရခက်သော ပန်းသွေးစိတ်ကို သူ မမြင်နိုင်ပါ။

သာမန်မိန်းကလေးတွေနှင့် မတူသော ပန်းသွေးကို သူ မြတ်နိုးချစ်ခင်ခဲ့၏။ ဒါပေမဲ့ ပန်းသွေးနီနီဆိုတာ မိန်းမတစ်ယောက်ပဲလေ။ ယောက်ျားတစ်ယောက်ရဲ့ အယုအယကို မိန်းမတိုင်းက တောင့်တကြမှာပဲ။

ပန်းသွေးနှလုံးသားက စွမ်းဆိုသည့်ကောင်ကို တောင့်တနေသည်လား။ သူ့ချစ်ခြင်းကို သွေးအေးစွာ ပန်းသွေး ဥပေက္ခာပြုနေတာ စွမ်းဆိုတဲ့ကောင်ကြောင့် မဟုတ်နိုင်ဘူးလား။

သူ့အချစ်ကို ပန်းသွေး ခါးသီးစွာ ငြင်းပယ်နေတာ မဟုတ်သည့်တိုင် ပန်းသွေးစကားတွေက တုန်လှုပ်စေသည်။

"ရှင်ချစ်တဲ့သူက ရှင့်ကိုမချစ်တဲ့သူဖြစ်နေရင်ကော"

ပန်းသွေးစကားတစ်ခွန်းက သူ့ရင်ကို တည့်မတ်စွာ စူးနစ်ဝင်သော မြားတစ်စင်းဖြစ်ခဲ့သည်။ သူ နာကျင်ခံစားရပေမယ့် ပန်းသွေးမျက်နှာက တည်ငြိမ်နေခဲ့၏။ မျက်ဝန်းတွေက အရောင်မပြောင်း ရှိခဲ့သည်။

တစ်ဘဝမှာ တစ်ကြိမ်သာ ပေါက်ဖွားခဲ့သော အချစ်အတွက် သူ ပိုင်ဆိုင်ရမှာ ဆုံးရှုံးလက်လွှတ်ခြင်းတဲ့လား ပန်းသွေးရယ်။

"သား စားပွဲမှာ ငုပ်တုတ်နဲ့ ဘာတွေထိုင်စဉ်းစားနေတာလဲ"

အန်တီဝေအသံကြားမှ သူ အတွေးထဲက လန့်နိုးရသည်။ မော့ကြည့်တော့ အန်တီဝေ သူ့အနီးမှာ ရောက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟို အဲ ဘာမှ မစဉ်းစားပါဘူး အန်တီဝေ၊ ဟို စာရင်းတွေ များနေလို့"

စားပွဲပေါ်တင်ထားသည့် စာရင်းစာအုပ်တွေကို ကယောင်ကတမ်း လှန်လှောရင်း မဏိလျှမ်းဆိုသည်။ အန်တီဝေက သူ့အနီးက ထိုင်ခုံမှာ ဝင်ထိုင်ရင်း –

"သားကြည့်ရတာ အလုပ်တွေထဲမှာချည်း နစ်မွန်းနေတယ်။ အန်တီဝေပြောထားတဲ့ကိစ္စကိုကော ခေါင်းထဲမှာရှိရဲ့လား"

အန်တီဝေစကားကို သူ ဘယ်လိုတုံ့ပြန်ရမည်လဲ။ တကယ်ဆို နှလုံးသားအချစ်ကို ရှာတွေ့ခဲ့ပြီးပြီ။

ဒါပေမဲ့ –

"အန်တီဝေသိပါတယ်။ သားအတွက် ဒီကိစ္စမှာ အချိန်ပိုမရှိဘူးဆိုတာ။ ဒါကြောင့် အန်တီဝေကိုယ်တိုင်ပဲ ရှာဖွေပေးဖို့ ဆုံးဖြတ်ထားတယ်"

"ဟာ အန်တီဝေ သား"

"နေဦးသား။ အန်တီဝေစကားကို အရင်ဆုံးအောင်နားထောင်ပါဦး။ သားအတွက် အန်တီဝေ ရှာဖွေပေးတယ်ဆိုတာ သားလေ့လာကြည့်ဖို့ပါ။ သား သဘောကျမှ အန်တီဝေစီစဉ်မှာ"

သူ့ရင်ထဲက စိုးရိမ်မှုတွေ လျော့ကျရသည်။ တော်ပါသေးရဲ့။ ပန်းသွေးပြဿနာအတွက် မောနေခဲ့ရသောရင်မှာ အပူတွေ ထပ်ဆင့်လာရင် အခက်။

"အခု အန်တီဝေ သဘောကျတဲ့ မိန်းကလေးတစ်ယောက် တွေ့ထားတယ် သား"

အန်တီဝေစကားကို စိတ်မဝင်စားပေမယ့် သူ အလိုက်သင့်ထိုက် ခေါင်းညိတ်လို့ စိတ်ဝင်စားဟန် ပြလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တခြားလူ မဟုတ်ပါဘူး သား၊ အန့်တီဝေရဲ့မိတ်ဆွေ မပန်းရည် မြိုင်ရဲ့ သမီးလေးပါ"

"ဟင်"

သူ မယုံနိုင်အောင် မင်သက်အံ့ဩသွားရ၏။ အန့်တီဝေ သဘော တူ ကြည်ဖြူနေသူက ပန်းသွေးပဲပေါ့။

"မပန်းနဲ့အန့်တီဝေက ဟိုးအရင်ကတည်းက ရင်းနှီးလာတာ။ သား မေမေနဲ့လည်း ခင်မင်ကြတယ်။ ခုချိန်မှာ မပန်းက နောက်အိမ်ထောင်ပြုလိုက် ပြီလေ။ သူ့သမီးလေး အနာဂတ်အတွက်ပေါ့။ မပန်းစိတ်ထဲမှာ သမီးလေး အတွက် စိတ်မအေးနိုင်ဖြစ်နေတယ် သား။ အန့်တီဝေ တီးခေါက်ကြည့်တော့ သားနဲ့ သဘောတူပုံရတယ်"

သူ ဝမ်းသာရမှာလားမသိ၊ ပန်းသွေးမေမေက ကြည်ဖြူသည်တဲ့။ ဒါပေမဲ့ ပန်းသွေးဘက်ကကော –

"ဟို ဟိုပန်းသွေးနီနီဆိုတဲ့ ကောင်မလေးလား အန့်တီဝေ"

"ဟုတ်တယ်၊ သားမြင်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ မြင်ဖူးပါတယ် အန့်တီဝေ။ တစ်ခါတုန်းက စိန်လည်ဆွဲ လာပေးဖူးတယ်။ အန့်တီဝေ မန္တလေးခရီးထွက်နေတုန်းကလေ"

"အင်း ဟုတ်သားပဲ၊ သား မြင်ဖူးပြီးသားကိုး၊ ဘယ်လိုလဲ ကလေး မလေးကို သားမြင်ဖူးပြီးသားဆိုတော့"

"ဂျစ်ကန်ကန်လေးပဲ အန့်တီဝေ၊ စကားပြောပုံက တကယ် မာ ထန်ထန်လေး"

"ပန်းသွေးနီနီက ခင်စရာတော့ကောင်းပါတယ်၊ ကလေးမလေးက သူ့အမေ နောက်အိမ်ထောင်ပြုတာကို သဘောမကျဘူးလေ။ အဖေဖေ့ရဲ့ မယ့်ပထွေးကလည်း မိခင်ထက် အသက်ငယ်တယ်၊ ဇိဇာကကြောင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ါကြောင့် အဆင်မပြေဘူးတဲ့"

သူ မသိသေးသော ပန်းသွေးအကြောင်းတွေကို အန်တီဝေက ပြောပြနေသည်။ အနုမှ ပန်းသွေးရင်ထဲက ဝေဒနာဒဏ်ချက်ကို သူ ခံစား နိုင်တော့၏။ အလှအပကို မတွယ်မက်သော ပန်းသွေးမှာလည်း မိသားစုနဲ့ ဆက်သက်သည့် ခံစားချက်ကလေးတွေ ရှိနေသည်ကို။

"ဒီအခြေအနေတွေကို မပန်းလည်းသိတယ်။ ဒါပေမဲ့ သူ နောက် အိမ်ထောင်ပြုခဲ့တာ သမီလေးအတွက် ငွေကြေးစီးပွားရေး ပြည့်စုံဖို့အတွက်ပါ တဲ့၊ နောက်အိမ်ထောင်က စီးပွားရေးပိုင်းမှာ တော်ပေမယ့် လူမှုရေးတော့ အတော်ညံ့ဖျင်းတယ်။ အတ္တစိတ်ကြီးတယ်လို့ အန်တီဝေကို ရင်ဖွင့်ဖူးတယ်။ လောကကြီးထဲမှာ သူ မရှိတော့ရင် သမီးလေးဘဝကို စိတ်ချလက်ချရှိအောင် လို့ အိမ်ထောင်ပြုပေးချင်တယ်တဲ့လေ"

ပန်းသွေးမေမေရဲ့ ယောက်ျားကို မဏိလျှမ်း မမြင်ဘူးပါ။ အန်တီ ဝေပြောပြမှပဲ သိခဲ့ရခြင်းဖြစ်သည်။

"သားလည်း မြင်ဖူးပြီးသားဆိုတော့ အန်တီဝေ ဘာမှပြောစရာ မလိုတော့ဘူးပေါ့။ သားဘက်က ဘယ်လိုသဘောရသလဲ"

"ဟို ကျွန်တော် အသေအချာ လေ့လာချင်သေးတယ် အန်တီဝေ"

"ဒါ မခက်ပါဘူး၊ ကလေးမလေးနဲ့ ရင်းနှီးအောင် မပန်းအိမ်ကို သား ဝင်ထွက်လေ့လာနိုင်တာပဲ၊ ပန်းသွေးလေးက မိသားစုဘဝ အခြေအနေ ကြောင့် စိတ်အလိုမကျဖြစ်နေတာကလွဲရင် ခင်မင်စရာကောင်းပါတယ်။ ပညာရေးမှာလည်း စီးပွားရေးတက္ကသိုလ်က ကျောင်းပြီးခဲ့တာကွဲ့"

အန်တီဝေကတော့ သူနှင့်ပန်းသွေး ခင်မင်နေတာကို မသိသေးဘဲ ပြောနေရှာသည်။ သူ့စိတ်ကတော့ ကြိတ်ပြီးကျေနပ် ဝမ်းသာနေမိ၏။

ပန်းသွေးနှင့်သူ နီးစပ်ဖို့အတွက် အရာရာသည် အဆင်ပြေနေတာ

www.burmeseclassic.com

www.burmeseclassic.com



သေချာနေသည်။ အရေးကြီးတာက ပန်းသွေးအချစ်ကို သူ ပိုင်ဆိုင်ဖို့ပဲ ဖြစ်၏။

ပန်းသွေးနှင့်သူ့ကြားမှာ နီးစပ်နားလည်နိုင်ခွင့် တစ်ခုတော့လိုသည်။

သံယောဇဉ်ဆိုသော နှောင်ကြိုးတစ်ခုက အချစ်ကိုမွေးဖွားစေခဲ့သည်ဆိုလျှင်။

ပန်းသွေးရယ်။

မင်းကို ကိုယ် မဆုံးရှုံးပါရစေနဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မထင်မှတ်ဘဲ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ခခနှောင်ရင်ထဲမှာ ဆစ်ခနဲ, နာကျင်မိသလိုဖြစ်ရသည်။

တမင်စောင့်ကြည့်တာမဟုတ်ပါဘဲ မြင်လိုက်ရသည့်အဖြစ်။

ပန်းသွေးနှင့်ခခ မခေါ်မပြော နေခဲ့ကြတာ တစ်လကျော်ကြာခဲ့ပြီ။ ပန်းသွေးဘက်ကလည်း ဖုန်းမဆက်သလို ခခဘက်ကလည်း မာနနှင့် တင်းခံနေခဲ့သည်။

ဒါပေမဲ့ ပန်းသွေးတို့ခြံရှေ့ကို ကားနှင့်ဖြတ်တိုင်း ခခ ပန်းသွေးကို သတိရမိတာအမှန်။ အထက်တန်းကျောင်းသားဘဝကတည်းက ပေါင်းလာသည့်သူငယ်ချင်းတွေပဲ။

မဏိလျှမ်းကြောင့် မခေါ်မပြောဖြစ်ခဲ့ကြတာ မဟုတ်သေးတာတော့ အမှန်။ အပြောအဆို ဂျစ်ပေပေနိုင်ပေမယ့် ပန်းသွေးဆိုတာ သူမအတွက် ခင်မင်စရာအကောင်းဆုံး သူငယ်ချင်းအဖြစ် ရှိခဲ့တာတော့ ငြင်းလို့မရ။

www.burmeseclassic.com

www.burmeseclassic.com



အသေအချာတွေးကြည့်တော့ မဏိလျှမ်းကိစ္စမှာ ပန်းသွေးဘက်က အပြစ်မရှိခဲ့တာလည်းအမှန်။ ဘယ်ယောက်ျားလေးကိုမှ အပေါင်းအသင်း မလုပ်၊ မျက်နှာသာမပေးခဲ့သော ပန်းသွေး။ မဏိလျှမ်းရဲ့ ရည်းစားစကား အပြောခံရတာ ခခပယောဂကြောင့်လည်းပါသည်။

အပိုင်တွက်ထားသော အခြေအနေတစ်ခုက မယုံနိုင်လောက် အောင် လွဲချော်နေခြင်းအတွက် ခခ ရှက်ရွံ့ခဲ့ရသည်။ ကိုယ်ကတော့ သူ ရည်ရွယ်တာ ကိုယ်ပဲဟု အကြွင်းမဲ့ထင်မှတ်ကာ မာယာတွေနှင့် အရိပ်တွေ ပြခဲ့ရသည်။

သူက တခြားတစ်ယောက်ဖြစ်နေ၏။ ပြီးတော့ သူဦးတည်ရာက ကိုယ့်ရဲ့အချစ်ဆုံးသူငယ်ချင်း။ ဘယ်လောက်အထိ ရှက်စရာကောင်းလိုက် သလဲ။

ရှက်စိတ်တွေမွှန်ထူလျက် ပန်းသွေးကိုတောင် ထူပူစွာ ရန်ရှာခဲ့မိ သည်။

တဖြည်းဖြည်းတွေးမှ အမှန်ကိုမြင်လာရ၏။ ဒီပြဿနာမှာ အပြစ် ကင်းစင်သူက ပန်းသွေး။

ခခကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းခဲ့တာ၊ အလှအပ ကို မက်မော နှောင်တွယ်ချင်သော ယောက်ျားတွေထဲမှာ မဏိလျှမ်းမပါ။

ရှက်ရွံ့ထူပူမိတာကလွဲလို့ ခခ နှလုံးသားမှာလည်း ဝေဒနာမဖြစ်ခဲ့ တာ သေချာသည်။ အားလုံးကို ခွင့်လွှတ်တတ်အောင် ကြိုးစားနေတုန်းမှာ အခြေအနေတွေက မယုံနိုင်အောင် ပြောင်းလဲကုန်ပြီလား။

ခခမျက်ဝန်းတွေ အမြင်မှားတာမဟုတ်၊ ဒါ မဏိလျှမ်းရဲ့ ကားလေး ပါပဲ။ ပန်းသွေးတို့အိမ်ထဲအထိ မောင်းဝင်သွားတာ မဏိလျှမ်းရဲ့ကားလေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ၊ မဏီလျှမ်းနဲ့ပန်းသွေးအခြေအနေက ဘာလဲ သိချင်လာသည်။

ပန်းသွေး တမင်အရွဲ့တိုက်ကာ လုပ်နေတာလား။

မဏီလျှမ်းကပဲ အရှုံးအမှုး ကြိုးစားနေခဲ့တာလား။

သိချင်စိတ်နှင့် ခခ လမ်းထိပ်မှာ ကားလေးရပ်ကာ စောင့်ကြည့်မိသည်။ မကြာလိုက်ပါ။ မဏီလျှမ်းရဲ့ကားလေး မောင်းထွက်လာသည်။

ရပ်ထားသည့် ခခရဲ့ကားလေးကိုတောင် မမြင်ကြတာလား၊ ဂရုမစိုက်တာလား။ မဏီလျှမ်းကားလေးပေါ်မှာ ရယ်ရယ်မောမောပါသွားသည့် ပန်းသွေးကိုတော့ ခခ အထင်အရှား မြင်တွေ့လိုက်ရပါသည်။

ခခ အံလေးကို တင်းတင်းလေးကြိတ်ထားလိုက်မိ၏။

ပန်းသွေးအပေါ် ပြယ်လွင့်နေသော စိတ်တို့က ရင်ထဲမှာ အဟုန်ပြင်းပြင်း ပြန်တောက်လောင်လာရသည်။

ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားဘူးဆိုတဲ့ ပန်းသွေး၊ မဏီလျှမ်းနံဘေးမှာ ရယ်ရယ်မောမော ရှိနေခဲ့ပြီလား။

နင် ဖြေရှင်းချက်ပေးခဲ့တဲ့ စကားတွေကို ငါ့နားထဲမှာ ကြားယောင်နေတုန်းပဲ ပန်းသွေး။ ရယ်စရာကောင်းလိုက်တာ။

ယောက်ျားတစ်ယောက်ရဲ့အချစ်ကို ပိုင်ဆိုင်ဖို့အတွက် ခခနောင်ဆိုတဲ့ မိန်းမတစ်ယောက်က မာယာသုံးချင်သုံးမယ်။ မာနကိုတော့ မစတေးဘူးဆိုတာ ယုံလိုက်။

မဏီလျှမ်းထက်သာတဲ့ ယောက်ျားတစ်ယောက်ကို ငါ အချိန်မရွေး ရွေးချယ်နိုင်တယ်ဆိုရင် နင် ဘာပြောမလဲ။

ရိုးသားစွာ ဖြစ်ပျက်ခဲ့တာတွေ ငါ့ဘက်က ရက်စိတ်နဲ့ မှားယွင်းခဲ့ဘာလို့ နောင်တတွေရခဲ့တယ် ပန်းသွေး။ ဒါပေမဲ့ မဟုတ်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နင်ကိုယ်တိုင်က လိုလားတပ်မက်စွာ ကျူးလွန်ခဲ့တာဆိုတာ ငြင်းမလား။ မဏိလျှမ်း ရှင်လည်းအတူတူပဲ။

အားလုံးအတွက် ထိုက်တန်တဲ့ တုံ့ပြန်မှုတစ်ခုတော့ ငါ့ဘက်က ပေးဆပ်သင့်တယ်။

လှပသော နှုတ်ခမ်းလေးတွေ တွန့်ကွေးစွာ ပြုံးသွားခဲ့သည်။ ထိုအပြုံးတို့၏ နောက်ကွယ်မှာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ပန်းသွေးကို အသိမပေး အကြောင်းမကြားဘဲ သူ ပန်းသွေးတို့ အိမ်ကို ပထမဆုံး ရောက်လာသည့်နေ့က ပန်းသွေး အံ့သြသွားမိတာအမှန်။

နောက်ကျမှ မေမေနှင့်သူ ရင်းနှီးစွာ နှုတ်ဆက်ပြောဆိုလျက် သူ့ အဒေါ်ပေးလိုက်သော လက်ဆောင်မုန့်တွေကို ပေးနေတာ ပန်းသွေးမြင်ရ၏။

"ကျေးဇူးပဲ မောင်မဏိရေ၊ ခဏထိုင်ဦးနော် သမီးရေ၊ ကော်ဖီလေး တစ်ခွက်လောက် ဖျော်ခဲ့ပါဟေ့"

မေမေက ဒေါ်လုံးရှိလျက်နှင့် ပန်းသွေးကို တမင်အမည်တပ် ခေါ်နိုင်းတာ ဘာကြောင့်လဲ၊ သိချင်တာမို့ ပန်းသွေး ဒေါ်လုံးကိုပဲ ကော်ဖီပို့ ခိုင်းကာ ညှော်ခန်းပင် မထွက်ဘဲ နေလိုက်သည်။

မကြာခင်မှာပဲ မေမေရောက်လာကာ ပန်းသွေးကို ကိုယ်တိုင်ခေါ် ၏။

"မောင်မဏိနဲ့သမီးက ခင်မင်ပြီးသားဆို ဟုတ်လား သမီး"

www.burmeseclassic.com

www.burmeseclassic.com



"မဏိလျှမ်းကိုပြောတာလား မေမေ။ သိပ်အရင်းနှီးကြီး မဟုတ်ပါဘူး။ တစ်လမ်းတည်းသားတွေဆိုတော့ မေးပြောခေါ်ထူးလောက်ပါ"

မေမေ့မျက်နှာက ကြည်နူးရိပ်သမ်းကာ ပြုံးသွားရင်း –

"ဒါဆိုလည်း မေမေ မိတ်ဆက်ပေးစရာမလိုတော့ဘူးပေါ့။ မောင်မဏိက မေမေ့သူငယ်ချင်း မဝေရဲ့တူကွဲ့။ သူတို့အိမ်ကို မေမေ တစ်ခါ သမီးကိုလွှတ်ဖူးတယ်"

"သမီးမှတ်မိပါတယ်၊ စိန်လည်ဆွဲပို့ခိုင်းတာ"

"ဟုတ်တယ် ဟုတ်တယ်၊ ကဲ လာပါဦးသမီးရယ်။ မေမေက သမီးနဲ့မိတ်ဆက်ပေးမလို့ကွဲ့"

"မိတ်ဆက်ပေးစရာမှမလိုတော့တာပဲ မေမေ။ သူနဲ့သမီး သိပြီးသားပါ"

"မောင်မဏိပြောလို့ မေမေအံ့ဩနေတာ။ ဧည့်ခန်းထဲမှာ သူရှိနေတယ် သမီး။ ခဏလောက်တော့ ထွက်တွေ့သင့်တယ်"

"သမီးခေါင်းတွေကိုက်နေလို့လို့ ပြောလိုက်ပါ မေမေ၊ မဏိလျှမ်းက နားလည်နိုင်ပါတယ်"

ပန်းသွေးစိတ်ကိုသိသော မေမေ ဘာမှဆက်မပြောဘဲ အရှုံးပေးသွားခဲ့သည်။ သူပြန်သွားတော့ မေမေက မဏိလျှမ်းအကြောင်းတွေကို လာပြောပြသည်။

ပန်းသွေးသိထားပြီးသားတွေဆိုတာ မေမေ မသိတာကြောင့်ဖြစ်မည်။ မေမေ့မျက်ဝန်းတွေထဲက အဓိပ္ပာယ်များစွာ ပန်းသွေးမြင်သိခဲ့သည်။

မေမေနှင့် မဏိလျှမ်းအဒေါ်တို့ နှစ်ဦးကြားမှာ ပူးပေါင်းကြံစည်မှုတွေ ရှိနိုင်တာ အသေအချာ။

ဒါကို မဏိလျှမ်းလည်း သိနိုင်မှာပါ။ ခပ်တုံးတုံးအအ ယောက်ျားမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ဥစ္စာ။

ပန်းသွေးအကြောင်း ကောင်းကောင်းသိသော မေမေက မဏိလျှမ်း အကြောင်း မိတ်ဆက်ယုံကလွဲရင် ထို့ထက်ပိုမိုပြီး မပြောခဲ့ပါ။ ဒီကိစ္စအတွက် မေမေ့ရဲ့စီမံကိန်းက ရေရှည်စီမံကိန်းပဲဖြစ်နိုင်သည်။

ထိုညနေမှာ မဏိလျှမ်းဆီက ဖုန်းဆက်သွယ်လာခြင်းအတွက် ပန်းသွေး သိပ်တော့ မအံ့ဩရပါ။

"ပန်းသွေး တကယ်ရက်စက်တယ်ကွာ"

"ဘာလဲမဏိလျှမ်း။ ရှင် ဘာပြောတာလဲ။ ပန်းသွေး နားမလည်ဘူး"

"မသိချင်ယောင်မနေပါနဲ့ ပန်းသွေးရယ်။ ကိုယ် ပန်းသွေးဆီလာတာ သိလျက်နဲ့ မျက်နှာလေးတောင် မြင်ခွင့်မရဘဲ ပြန်သွားရတာ အတော်ခံစားရတယ်"

"ရှင်ရောက်လာတာ မေမေ့ဆီမဟုတ်လား။ ရှင့်အဒေါ်ပေးလိုက်တဲ့ မုန့်ပုံးတွေ ကျွန်မတွေ့တယ်"

"အန်တီဝေ လွှတ်လိုက်တာ မှန်ပေမယ့် ကိုယ် တမင်တွေ့ချင်လို့ လာခဲ့တာပါ ပန်းသွေးရယ်"

"နေပါဦး မဏိလျှမ်း။ ကျွန်မတစ်ခုမေးမယ်။ ရှင့်ရည်ရွယ်ချက်က ဘာလဲ၊ မေမေ့ကို ကျွမ်းဝင်အောင်လုပ်ပြီး ပန်းသွေးနဲ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားတဲ့ တိုက်ကွက်လား"

"ဟာ ဒီသဘောမဟုတ်ပါဘူး ပန်းသွေးရယ်"

"ရှင် ဝန်မခံချင်ရင်လည်း ရပါတယ်။ ကျွန်မကတော့ အားလုံးကို ကြိုမြင်နေတယ်။ မေမေနဲ့ရှင့်ဒေါ်လေးတို့နှစ်ယောက်ကြားမှာ စီစဉ်မှုတစ်ခု ရှိလိမ့်မယ်။ ရိုးအီနေတဲ့ လူကြီးတွေရဲ့ ပြကွက်ဟောင်းကြီးလေ။ မဏိလျှမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ရှင်နဲ့ကျွန်မကို သူတို့ရည်ရွယ်ထားတယ် ဘာညာပေါ့''

ပန်းသွေးစကားကြောင့် သူ ဘာစကားမှ မဆိုနိုင်အောင် နှုတ်ပိတ်တိတ်ဆိတ်သွားခဲ့တာ အတန်ကြာသည်။

''ဒါလောက်လေးတောင်မှ ရှင် မရိပ်မိဘူးဆိုရင် သိပ်ညံ့ဖျင်းသွားပြီ မဏိလျှမ်း။ ဒါပေမဲ့ အဲဒါ ဘယ်တော့မှ ဖြစ်လာမယ့်အရာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေမေ့မှာ နှလုံးရောဂါတွေ ဘာတွေ မရှိဘူး။ ကျွန်မကို ချုပ်နှောင်ဖို့ ဘာလက်နက်မှမရှိဘူး''

''ပန်းသွေး''

''ပြောပါ၊ ကျွန်မ နားထောင်နေပါတယ်''

''ကိုယ် အမှန်ဝန်ခံရရင် ပန်းသွေးနဲ့ ဝေးရမှာတွေးပြီး စိတ်ညစ်ထွေးနေတုန်းမှာ အန်တီဝေက အသိပေးလာတယ်။ ကိုယ့်ကို အလုပ်တာဝန်တွေထဲမှာ နစ်မြုပ်နေတာကို မမြင်လိုတဲ့အန်တီဝေက အိမ်ထောင်ပြုစေချင်တယ်။ သူ သဘောကျတဲ့ မိန်းကလေးကို အသိပေးတော့ ပန်းသွေးဖြစ်နေတယ်။ ကိုယ် ဝမ်းသာသွားတာအမှန်ပဲ ပန်းသွေး။ ကိုယ်ဖြတ်သန်းခဲ့တဲ့ ဘဝတစ်လျှောက်လုံး ချစ်သူရည်းစားမထားဖူးခဲ့ဘူး။ ပညာရေးမှာပဲ နစ်မြုပ်ခဲ့တယ်။ ပန်းသွေးနီနီဆိုတဲ့ မိန်းကလေးကို မြင်လိုက်ရမှ ကိုယ့်နှလုံးသားက လှုပ်ခတ်ခဲ့တာ ဘယ်သူနဲ့မှမတူတဲ့ပန်းသွေးကို ကိုယ်ချစ်နေခဲ့ပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာ ပိုင်ဆိုင်ချင်လာခဲ့တယ်။ ဆုံးရှုံးရမှာကြောက်လာတယ်။ ပန်းသွေးသိစေချင်တာ အန်တီဝေတို့ မရည်ရွယ်ခင်ကတည်းက ပန်းသွေးကို ကိုယ်ချစ်ခဲ့တာ ဝန်ခံခဲ့တာကိုပါ''

''ကဲ ရှင်ပြောချင်တဲ့စကားတွေ ပြီးပြီလား မဏိလျှမ်း''

''ပန်းသွေးကို ကိုယ်ချစ်တယ်ဆိုတာကလွဲရင် ဘာမှ ပြောစရာမရှိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင့်ရဲ့လွတ်လပ်ခွင့်ပဲ၊ ပန်းသွေးမတားပါဘူး။ ပန်းသွေးနီနီကိုလည်း ဘယ်လိုနှောင်ကြိုးကမှ မချုပ်ထိန်းနိုင်ဘူးဆိုတာ သိစေချင်တယ်၊ ကဲ ဒါပါပဲ"

စကားအဆုံးမှာ ပန်းသွေးဖုန်းချလိုက်၏။

မမြင်နိုင်သော သူ့အသွင်ကို အာရုံထဲမှာ တွေးမြင်ကြည့်မိသည်။ သူ ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်သွားမှာ သေချာသည်။

အစဉ်သဖြင့် ရွှမ်းလဲ့တောက်ပနေတတ်သော မျက်ဝန်းတွေမှာ ကြေကွဲရိပ်တွေ လွှမ်းသွားမည်လား။

ပန်းသွေးရင်ထဲမှာ စာနာစိတ်ကလေးတော့ ဝင်ခဲ့မိသလိုလို။

နောက်တစ်နေ့မှာတော့ မေမေနှင့် ဦးဗလမင်းမော်တို့နှစ်ဦးပြောနေကြသောစကားတွေကို ပန်းသွေး မမျှော်လင့်ဘဲ ကြားခဲ့ရသည်။

ပန်းသွေးမရှိဘူးအထင်နှင့် ခြံထဲမှာ မေမေတို့ လမ်းဆင်းလျှောက်ရင်း ပြောလာကြတာ ဖြစ်သည်။

ထိုအချိန်မှာ ပန်းသွေးက စပယ်ရုံအနောက်ဘက်က ခုံတန်းလေးမှာ ရှိနေခဲ့၏။

"မရဲ့သမီးကို အိမ်ထောင်ချပေးလိုက်လို့ ဘာတွေများ တိုးတက်ပြောင်းလဲလာမယ်ထင်လို့ စီစဉ်နေတာလဲဟင်"

"မိသားစုဘဝလေးကို သမီးလေး နားလည်လာမယ်ထင်လို့ပါ။ မောင် အခုချိန်မှာ သမီးလေးနေထိုင်ပုံက အထီးကျန်ဆန်လွန်းတယ်၊ မတို့လို နွေးနွေးထွေးထွေး မရှိဘူးလေ။ သမီးလေး အိမ်ထောင်ကျသွားရင် မိသားစုဘဝလေးကို ခံစားတတ်လာမယ်။ ပြီးတော့ မောင်မဏိဆိုတာ သမီးလေးအတွက် အကောင်းဆုံး အိမ်ထောင်ဘက်ဖြစ်မှာပါ"

"မောင်တော့မထင်ပါဘူး။ သူစိမ်းဖက်လာရင် ပိုဆိုးသွားဖို့ပဲရှိမှာ၊

www.burmeseclassic.com



ဒီကောင်က စီးပွားရေးသမား။ ပန်းသွေးကို လက်ခံတာ ပန်းသွေးပိုင်ဆိုင်မှုတွေကြောင့်လည်း ဖြစ်နိုင်တယ်''

''မောင် သံသယဝင်နေပြီ၊ မောင်မဏိအခြေအနေက အရာရာပြည့်စုံပြီးသားပါ။ သမီးကိုလည်း မြတ်နိုးစုံမက်ပုံပါ''

''လူတစ်ယောက်ကို အပေါ်ယံအမြင်နဲ့ မကြည့်နဲ့လေ မရဲ့။ အတွင်းစိတ်ဆိုတာ မြင်နိုင်တဲ့အရာမှ မဟုတ်ဘဲ''

''လူတစ်ယောက်ရဲ့စိတ်ကို သူ့အမူအကျင့်နဲ့တင် သိနိုင်ပါတယ်မောင်ရယ်။ ဘာပဲဖြစ်ဖြစ် လောကကြီးထဲမှာ မ,မရှိတော့တဲ့အခါ သမီးလေးအတွက် အားကိုးရတဲ့သူတစ်ယောက် အနားမှာရှိနေစေချင်တယ်''

''နေပါဦး မ၊ မ,စိတ်ထဲမှာ မောင့်ကို ဘာမှထည့်မတွက်ထားဘူးလား။ မောင်ဟာ မရဲ့ယောကျ်ား။ ဒီမိသားစုရဲ့အိမ်ထောင်ဦးစီး အရှင်သခင်မိသားစုအရေးကိစ္စမှန်သမျှ မောင့်ကို တိုင်ပင်သင့်တယ်''

''သမီးလေးနဲ့မောင်က မကြည်လင်ကြဘူးလေ။ သမီးကိစ္စမှာမောင် ဝင်ပြောရင် သမီးလက်ခံနိုင်မှာမဟုတ်ဘူး''

''လက်မခံလို့ရမလား။ သူ့အမေ မ,က မောင့်မိန်းမဘဲ မ,မရှိတော့ရင်တောင် သူ ယုံကြည်ကိုးစားသင့်တာ မောင်လေ။ ယောကျ်ားတစ်ယောက်ပေးစားပြီး လက်လွှဲခံရအောင် မောင်က တာဝန်ယူမကာကွယ်ပေးနိုင်ဘူးထင်လို့လားကွ''

''အဟင်း၊ မောင့်ဒေါသတွေ သိပ်ကြီးနေတယ်''

''ကြီးတယ်ကွာ၊ မိသားစုထဲ သူစိမ်းဝင်လာမှာ မောင်မလိုလားဘူး။ မနဲ့မောင် ရှာဖွေထားတာတွေကို အသာလေးသိမ်းပိုက်သွားမယ့်ကောင်ကိုမောင် မကြည်ဖြူနိုင်ဘူး ဒါပဲ''

ပန်းသွေး နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဗလမင်းမော် စကားတွေက ရှင်းသည်။ မဏိလျှမ်းနှင့် ပန်းသွေး ဘဝကို မကြည့်ဖြူတာ အထင်အရှား။

မဏိလျှမ်းကို ဝေဖန်တိုက်ခိုက်ပုံက အတ္တဆန်လွန်းသည်။ မေမေ့ရဲ့ ဘဝကို ချုပ်ကိုင်ယုံမက ပန်းသွေးဘဝကိုပါ ချုပ်ကိုင်ထားချင်သည့်အသွင်။

ဒါကို မေမေ ဘယ်လိုဆုံးဖြတ်မှာလဲ။

ပန်းသွေးကတော့ ဆုံးဖြတ်လိုက်ပါသည်။ မေမေ့ယောကျ်ားကြီး ရောက်အောင် အရွဲ့တိုက်ပြလိုက်ဦးမည်။

ပန်းသွေးနီနီဘဝကို ချုပ်ကိုင်ဖို့ မကြိုးစားနဲ့။

မရဘူးဆိုတာ ယုံကြည်လိုက်ပါ ဦးဗလမင်းမော်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဦးဝေမှိုင်းညို့ကို အန်တီလှိုင် လက်ထပ်လိုက်တာ ကံကောင်းသည် ဟုပဲ ဆိုရမည်။

ဦးဝေမှိုင်းညို့က အန်တီလှိုင်ကို ချစ်ချစ်ခင်ခင်ရှိသည်။

စီးပွားရေးလုပ်ငန်းပိုင်းမှာလည်း အန်ကယ်မှိုင်းရဲ့ ပွဲရုံလုပ်ငန်းတွေက အဆင်ပြေအောင်မြင်သည်။

"လှိုင်ရယ်၊ ကိုယ် မင်းကို ပြည့်စုံအောင် ထားနိုင်ပါတယ်။ လှိုင့်ရဲ့ အလုပ်ကို စွန့်လွှတ်လိုက်စမ်းပါ။ လှိုင်က ဘာမှ လုပ်စရာမလိုဘူး၊ အိမ်မှာပဲ အိမ်ရှင်မ လုပ်ပါ"

အန်ကယ်မှိုင်းက အန်တီလှိုင်ကို ဘာမှမလုပ်စေချင်။ ရတနာပွဲစား အလုပ်ကို နားစေချင်သည်။

"ကိုဝေရယ် အပိုဝင်ငွေတစ်ခု တိုးတာပေါ့။ ပြီးတော့ ဘာမှ ပင်ပန်းတာလည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းဘဲ ရှိပါ့မလား လှိုင်ရဲ့။ တစ်နေကုန် အချိန်ကုန်တဲ့ အလုပ်ကြီး ကျောက်ပွင့်လေးတစ်လုံး ရောင်းရဖို့ အာပေါက်မတတ် လေကုန်အောင် ပြောပြီးမှရတဲ့ ပွဲလေးကိုကွာ။ ဘာလို့မက်နေတာလဲ"

"အဲဒီဝင်ငွေနဲ့ပဲ လှိုင်တို့တွေဝရီး စားဝတ်နေရေး ပြည့်စုံခဲ့ရတာပါကိုဝေရယ်"

"အဲဒါ ကိုယ်နဲ့မယူခင်ကမို့ထားတော့။ အခု ကိုယ်က လှိုင်တို့တွေဝရီးကို ပြည့်စုံအောင် ထားနိုင်နေပြီပဲကွာ"

အန်ကယ်မိုင်းက တားသည်။ အန်တီလှိုင်ကလည်း လက်ရှိ ဝင်ငွေကောင်းသောအလုပ်ကို မစွန့်နိုင်။ နှစ်ယောက်သား ငြင်းခုန်နေတာကို နားပူသာသည့် ခခ မနေသာတော့။

"ကဲပါ အန်တီလှိုင်ရဲ့၊ အန်ကယ်မိုင်းစကားကို နားထောင်လိုက်စမ်းပါ"

"အံမယ် မိခက ကိုယ့်အဒေါ်ဘက်က မလိုက်ဘဲ ခုမှတော်ရတဲ့ဦးလေးဘက် ပါနေတယ်။ အန်တီလှိုင် ဒီအလုပ်နဲ့ ကိုယ့်တူမလေးကိုသိုလေသေးမရှိ ထားခဲ့တာကို မေ့လိုက်တောပေါ့လေ"

"မဟုတ်ပါဘူး အန်တီလှိုင်ရဲ့။ ခုချိန်မှာ အန်တီလှိုင်က အန်ကယ်ကြီးနဲ့ခန်းမယားလေ။ အိမ်ထောင်ဦးစီးလင်ယောကျ်ားစကားကို နားထောင်သင့်တာပေါ့"

ခခစကားကြောင့် အန်တီလှိုင် မျက်စောင်းထိုးကာ မကျေမနပ်ကြည့်၏။ အန်ကယ်မိုင်းက အသာစီးရသွားသူလို ခေါင်းညိတ်ထောက်ခံရင်း။

မိခလေးပြောတာအမှန်ပဲ၊ ပွင့်ပွင့်လင်းလင်းပြောရရင် လှိုင့်အလုပ်ကို ကိုယ်မကြိုက်ဘူး။ တန်းစေချင်ဘူး။ ပြီးတော့ လူပေါင်းစုံနဲ့ ဆက်ဆံနေရတဲ့အလုပ်ကြီးကိုလည်း သဘောမကျဘူး။ ပွဲစားဆိုတဲ့ကောင်တွေက ခပ်လည်လည်တွေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် ကြည့်စမ်း ကိုဝေ့စကားက လှိုင့်ကို မယုံသလိုနဲ့၊ ဒါ လှိုင်ရဲ့သိက္ခာကို စော်ကားတာပဲ"

အန်တီလှိုင် မကျေမနပ်ဆိုတော့ အန်ကယ်မှိုင်း မျက်စိမျက်နှာပျက် ငြင်း၏။

"ဟာ မဟုတ်ဘူး၊ ကိုယ်ဆိုလိုတာက ဒီသဘောမဟုတ်ဘူး"

"ဒီသဘောမဟုတ်ရင် ဘာလဲ၊ လှိုင့်သိက္ခာကို မယုံဘဲနဲ့ ဘာလို့ လက်ထပ်ခွင့်တောင်းခဲ့တာလဲ"

အခြေအနေတွေက ပိုမိုတင်းမာလာပြီဟု ခခ နားလည်လိုက်သည်။ အန်ကယ်မှိုင်း မျက်ဝန်းတွေက ခခကို အားကိုးတကြီး လှမ်းကြည့်၏။

အန်တီလှိုင် စိတ်ဆိုးဒေါသထွက်တော့လည်း အန်ကယ်မှိုင်း မချော့ မော့တတ်ရှာ။ ရယ်တော့ရယ်စရာအကောင်းသား။

"ကဲပါ အန်တီလှိုင်ရယ် အန်ကယ်မှိုင်းက သဝန်တိုလို့၊ စိုးရိမ်လို့ ပြောတာ၊ စိတ်ဆိုးစရာလား"

"ဟုတ် ဟုတ်ပါတယ် လှိုင်ရယ်၊ စိတ်မဆိုးပါနဲ့ကွာ"

"ဆိုးတယ် ဆိုးတယ်"

"သဝန်တိုတယ်ဆိုတာ ချစ်လို့ပေါ့။ အဟင်း ဟုတ်တယ်မို့လား အန်ကယ်မှိုင်း"

"ဟုတ်တယ်၊ အဲ ဟို ဟုတ်ပါတယ် လှိုင်ရယ်"

အန်ကယ်မှိုင်းမျက်နှာကြီး ရှက်စိတ်နှင့် နီမြန်းသွားသလို အန်တီလှိုင် လည်း ရှက်သွားပုံက မျက်နှာကြီးအနီရောင်ဆေးခြယ်လိုက်သလို ရှိ၏။

"တယ် ဒီကောင်မလေး၊ လူကြီးတွေကို ဘာတွေလာပြောနေတာ မသိဘူး သွားစမ်း"

သွားစမ်းဟု မောင်းထုတ်သူက အခန်းထဲက ထွက်သွားတာမို့

www.burmeseclassic.com

www.burmeseclassic.com



ခခ သဘောကျစွာ ရယ်လိုက်မိ၏။

"ဟား ဟား ဘာလုပ်နေတာလဲ အန်ကယ်မှိုင်းရဲ့။ ခုချိန် လိုက်ချော့လေ၊ ဟိုက စိတ်ကောက်တတ်ပါဘိသနဲ့"

"ဟေ အေး အေး"

အန်ကယ်မှိုင်း ထိုင်ခုံက ကသောကမျောထကာ အန်တီလှိုင်နောက် ခပ်သုတ်သုတ် လိုက်သွား၏။

ရယ်လည်းရယ်စရာကောင်းတဲ့ လူကြီးတွေ၊ အရွယ်တော် တခိတ်ဟိုင်းမှ ဖူးစာကဆုံကြသည့် အပျိုဟိုင်း လူပျိုသိုးကြီးနှစ်ယောက်ကို ကြည့်ကာ ခခ ရယ်မဆုံး။

သည့်နောက်ပိုင်းမှာတော့ အန်တီလှိုင် ပွဲစားအလုပ်က အနားယူလိုက်သည်။

"မိခလေး ဝင်ပြောလို့ လှိုင် သဘောပေါက်လက်ခံသွားတာကွ။ ကျေးဇူးတင်တယ် မိခလေးရေ"

"အံမယ် ပါးစပ်က ကျေးဇူးတင်လို့ရမလား"

"ဟေ အေး အေး ဟုတ်ပါပြီကွာ၊ အန်ကယ် ဘာဝယ်ပေးရမလဲ ပြော"

"ဘာမှ မဝယ်ပေးပါနဲ့။ မုန့်ဖိုးလေးတော့ ပေးဦး။ ခခမှာ အသုံးစရိတ် နည်းနေပြီ အန်ကယ်မှိုင်းရဲ့"

"ဟုတ်ပြီ ဟုတ်ပြီ၊ မုန့်ဖိုးနှစ်သောင်းယူထား ဟုတ်သလား။ အန်ခင်လည်း အန်ကယ့်ကိုပြော"

အန်ကယ်မှိုင်း ကြည်ကြည်ဖြူဖြူနှင့် ကျွေးနပ်စွာ ပေးလာသော ငွေကို ခခ လှမ်းယူလိုက်သည်။

အခန်းတံခါးဝက အန်တီလှိုင် မျက်စောင်းတစ်ချက် လွှင့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခခ ပခုံးလေးတွန့်ပြီးကာ မျက်စိလေးမှိတ်ပြလိုက်သည်။ အရင်က ဆို ဒေါ်လေးတစ်ယောက်တည်း ခခ အနိုင်ယူခဲ့ရတာ။ အခုတော့ ခင်စရာ ကောင်းသော ဦးလေးတစ်ယောက်ပါ ရခဲ့ပြီလေ။ အန်တီလှိုင် ကံကောင်းသလို ခခလည်း ကံကောင်းပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အံ့သြမဆုံးနိုင်မှုကြောင့် မဏိလျှမ်း မျက်ဝန်းတွေတောင် ပြူးကျယ်သွား၏။ နာမည်တူတာလား။ လျှောက်လွှာကို အသေအချာ ပြန်ဖတ်ကြည့်သည်။

မပန်းသွေးနီနီပဲဖြစ်သည်။ မိခင်အမည်က ဒေါ်ပန်းရည်မြိုင်၊ နေရပ်လိပ်စာကလည်း မှန်သည်။

ထို့ထက်ပိုမိုသေချာသွားခဲ့သည်က ဒုတိယပုံစံစာရွက်မှ ဓာတ်ပုံလေးပင် ဖြစ်သည်။

"ပန်းသွေး။ ပန်းသွေး အစစ်အမှန်ပဲ"

မဏိလျှမ်း နှုတ်က အသံထွက်သွားမိသည်အထိ ရှေ့ရှတ်မိသော့ အခန်းထောင့်စားပွဲက စာရေးမလေး မေသူ ခေါင်းထောင်ကြည့်ရင်း -

"ဆရာ ဘာပြောလိုက်တာလဲဟင်"

"ပန်းသွေး။ အဲ ဒီအလုပ်လျှောက်လွှာထဲက ပန်းသွေးနီနီဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ မေသူ''

''ရှင်''

သူ့အမေးကြောင့် မေသူ ပါးစပ်အဟောင်းသားလေးနှင့် ပြူးကြည့်၏။ သည်တော့မှ သူ သတိဝင်လာရင်း –

''ဆောရီး ငါမေးတာ ပန်းသွေးနီနီဆိုတဲ့ မိန်းကလေး ဘယ်အချိန်က လာအလုပ်လျှောက်သွားတာလဲ''

''ဟိုး အဲ မနေ့ကထင်တယ်။ ကျွန်မလည်း အသေအချာ မှတ်မထားလိုက်မိဘူး။ လစ်လပ်နေတဲ့စာရင်းကိုင်ဝန်ထမ်း တစ်နေရာအတွက် လာလျှောက်ကြတဲ့သူ ငါးယောက်ရှိတယ်။ အဲဒီငါးယောက်ရဲ့ လျှောက်လွှာတွေ အကုန် ဆရာ့စားပွဲပေါ် တင်ပေးခဲ့တာပါ''

''ဟုတ်ပြီ၊ ဟုတ်ပြီ၊ ရပြီ မေသူ''

မဏိလျှမ်း နောက်ထပ်အလုပ်လျှောက်လွှာတွေကိုတောင် ထပ်မကြည့်ဖြစ်တော့ဘဲ အတွေးလှိုင်းတွေ ဆင့်ပွားသွားသည်။

ဒီကုမ္ပဏီက သူပိုင်တဲ့ ဆောက်လုပ်ရေးကုမ္ပဏီဆိုတာ ပန်းသွေး မသိမဟုတ် သိမှာသေချာသည်။ ဒါကို သူ ဘာမှမသိရဘဲ အလုပ်လာလျှောက်တာ ဘာအဓိပ္ပာယ်လဲ။

ပန်းသွေးကို သူ နားမလည်နိုင်အောင် ဖြစ်ရသည်။ တကယ်ဆို ပန်းသွေး အခြေအနေနှင့် ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်စာရေးမဝန်ထမ်း လုပ်စရာအကြောင်းမရှိ။

ပန်းသွေး အလုပ်လုပ်ချင်လျှင် ပန်းသွေးမိခင် ပိုင်ဆိုင်သော ကုမ္ပဏီပိုင်မှာ ဝင်လုပ်နိုင်သည်။

ဘာကြောင့် ပန်းသွေး သူ့ကုမ္ပဏီမှာ အလုပ်လာလျှောက်ရတာလဲ။ မဏိလျှမ်း စိတ်ရှုပ်ထွေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းမှာ ပန်းသွေးဘက်က ထူးခြားစွာ ပြောင်းလဲလာတာ တော့အမှန်။ ပန်းသွေးအိမ်ကို သူရောက်ခဲ့သည့် ပထမတစ်ခေါက်က လူချင်း ထွက်တွေ့ဖို့တောင် ရှောင်ပုန်းနေသော ပန်းသွေး။

သူနှင့် နောက်ပိုင်းမှာ အအေးဆိုင်အထိ အတူလိုက်ထိုင်သည်။ သူ့အပေါ် ဆက်ဆံမှုတွေက နွေးထွေးပြောင်းလဲလာသည်။

သူ့အချစ်ကို ပန်းသွေး ယုံကြည်လက်ခံလာတာလားဟု စိတ်ထဲက ကြည်နူးကျေနပ်ခဲ့ရသည်။

အခုတော့ ပန်းသွေး သူ့ကုမ္ပဏီမှာ အလုပ်လျှောက်လာသည်အထိ အံ့ဩအောင် လုပ်ပြလိုက်ခြင်းအတွက် သူ ဘယ်လိုမှ နားမလည်နိုင်တော့ပါ။

မျှော်သိပ်မရသော သိချင်စိတ်တို့ကြောင့် သူ ဟန်းဖုန်းကိုယူကာ သူ့ရဲ့ သီးသန့်နားနေခန်းထဲ ဝင်ခဲ့သည်။

ပန်းသွေးထံ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်လေးတွေကို ဖိနှိပ် ခေါ်လိုက်တော့ ဖုန်းကိုင်လာသူက ပန်းသွေးကိုယ်တိုင် ဖြစ်နေ၏။

"ပန်းသွေး ကိုယ်ပါ"

"ဪ မဏိလျှမ်း။ ပြောပါ ပန်းသွေး နားထောင်နေတယ်"

"အခု ကိုယ့်စားပွဲပေါ်မှာ ပန်းသွေးရဲ့အလုပ်လျှောက်လွှာကို တွေ့ လိုက်ရလို့ ကိုယ် အံ့ဩနေတယ်"

"ဒါ အံ့ဩစရာမှမဟုတ်တာ။ ရှင့်ကုမ္ပဏီက စာရင်းကိုင်ဝန်ထမ်း အတွက် တစ်နေရာစာခေါ်တယ်။ ပန်းသွေးကလည်း အလုပ်တစ်ခုလုပ်ချင် တယ်။ ဒါကြောင့် လျှောက်လိုက်တာ"

"မဟုတ်သေးဘူး ပန်းသွေး။ ဆန္ဒရှိမယ်ဆိုရင် ပန်းသွေး မေမေ့"

"ဟင့်အင်း။ မေမေ့ရဲ့ကုမ္ပဏီမှာ ပန်းသွေး အလုပ်လုပ်ဖို့စိတ်မဝင် စားဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယတိပြတ်ဆန်လွန်းသော ပန်းသွေးအသံကိုကြားမှ သူ သတိရ တော့သည်။

ပန်းသွေးနှင့် အန်တီပန်းခင်ပွန်း ဦးဗလမင်းမော် အဆင်မပြေကြ တာကြောင့် ဖြစ်မည်။

"ဆောရီး ကိုယ်နားလည်ပြီ ပန်းသွေး။ ပန်းသွေး တကယ်ဆန္ဒ ရှိတယ်ဆိုရင် ကိုယ့်ကုမ္ပဏီမှာ အဆင်ပြေမယ့် တစ်နေရာ ကိုယ်စီစဉ်ပေးပါ့ မယ်"

"ဟင့်အင်း။ မလိုအပ်ပါဘူး မဏီလျှမ်းရယ်။ အခု ရှင်လိုအပ်နေတဲ့ စာရင်းကိုင်ဝန်ထမ်း တစ်နေရာအတွက်ခေါ်တဲ့ အရည်အချင်းတွေ ပြည့်စုံ မယ်ထင်လို့ ပန်းသွေးလျှောက်လိုက်တာ မရခဲ့ဖူးဆိုရင်လည်း ကိစ္စမရှိပါဘူး။ တခြားကုမ္ပဏီတစ်ခုမှာ ပန်းသွေး ဆက်လျှောက်မှာပေါ့"

"ဟာ မဟုတ်ပါဘူး။ ကိုယ်က ပန်းသွေး ဒီထက်ပို အဆင်ပြေ သင့်တော်မယ့်တစ်နေရာ စီစဉ်ပေးမလို့ပါ"

"ရှင့်ကုမ္ပဏီမှာ ရှင့်မျက်နှာကြောင့် ရွေးချယ်တာတော့ ပန်းသွေး အလိုမရှိဘူး။ အခု ပန်းသွေး လျှောက်ခဲ့တဲ့ အလုပ်နေရာကိုပဲ စိတ်ဝင်စား တယ်။ မနက်ဖြန် ကြော်ငြာနို့တစ်ဘုတ်မှာ ပန်းသွေးလာကြည့်ပါ့မယ်။ အကောင်းဆုံးက ခုချိန်မှာ ပန်းသွေးနီနီဆိုတာကို ရှင်မေ့ထားရင် ကောင်း မယ်"

တကယ့် ဂျစ်ပေပေ ကောင်မလေးပါလား။ သူ ဘာစကားမှ ပြန်မဆိုနိုင်ခင်မှာ ဖုန်းပြန်ချသွားခဲ့သည်။

ပန်းသွေးရည်ရွယ်ချက်က ဘာလဲ၊ သူ မခန့်မှန်းတတ်ပါ ဒါပေမဲ့ သူ့အတွက်တော့ ကျေနပ်စရာပဲဖြစ်သည်။

ပန်းသွေးကို နေ့စဉ်မြင်တွေ့ခွင့်တစ်ခုကို ပိုင်ပိုင်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲက ထွက်ခဲ့ကာ မေသူစားပွဲရှေ့မှာ ရပ်မိ၏။ မေသူ သူ့ကို ယောင်နနမော့ကြည့်နေတုန်းမှာပဲ သူပြောလိုက်သည်။

"မေသူ မနက်ဖြန် စာရင်းကိုင်ဝန်ထမ်းအတွက် ပန်းသွေးနီနီကို ရွေးချယ်လိုက်ကြောင်း နို့တစ်ဘုတ်မှာ မင်းကိုယ်တိုင် အလုပ်ခန့်လွှာ ကပ်လိုက်ပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"လေးလေးမှိုင်း လေးလေးမှိုင်း"

ညည်ခန်းဆီမှ စူးစူးရှရှ ကြားလိုက်ရသည့် အသံကြောင့် ခခ အခန်းထဲမှာ မဂ္ဂဇင်းဖတ်ရတာ ခေါင်းထောင်သွား၏။

"ဟင် သမီးလေး၊ ဘယ်ကဘယ်လို လှည့်လာတာလဲ။ လာ လာထိုင် သမီး"

"လေးလေးမှိုင်းဆီ တမင်လာတာ၊ လေးလေးမှိုင်းအိမ်မှာပဲ နေတော့ မလို့"

"ဟော ဘယ်လို"

အန်ကယ်မှိုင်း၏ အထိတ်တလန့် ရေရွတ်သံကို ကြားရ၏။ ခခ မနေနိုင်တော့ပါ။ မဂ္ဂဇင်းစာအုပ်ကိုချကာ ညည်ခန်းထဲ လှမ်းထွက်ခဲ့၏။

ကျောပေးထိုင်နေသော အန်ကယ်မှိုင်းအနီးမှာ မိန်းမပျိုတစ်ယောက် ထိုင်နေ၏။ မျက်နှာချင်းဆိုင်ထိုင်ခုံက အန့်တီလှိုင် မျက်ဝန်းတွေက ကောင်မ လေးကို ငေးစိုက်ကြည့်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လာတာလဲ သမီးရဲ့။ ပြောပါဦးကွယ့်"

"အိမ်မှာမနေချင်လို့ ဆင်းလာတာ။ ဘာမှမမေးနဲ့၊ မီး ဒီမှာပဲ နေတော့မယ်၊ ဘယ်တော့မှ အိမ်မပြန်တော့ဘူး"

"အာ မဟုတ်တာ၊ လေးလေးမေးတာဖြေပါဦး။ သမီးလေး ဘယ်သူ့ကို စိတ်ကောက်လာတာလဲ ပြောပါဦး"

"ဘာ့ဖြစ်လို့ လျှောက်မေးနေတာလဲ။ ဘာလဲ လေးလေးက မီးကို လက်မခံချင်လို့လား။ လေးလေးမိန်းမအိမ်မို့ လက်မခံနိုင်တာလား။ ဒါဆိုလည်း ရတယ်"

အပြောကရင့်သည်။ အန့်တီလှိုင် ငုပ်တုတ်ထိုင်နေသည့် ရှေ့မှာ တောင် ရဲရဲတင်းတင်းပြောထွက်သည့်စကား။

ပြောပြီး ဆတ်ခနဲထရပ်သည့်မိန်းကလေးကို အန့်ကယ်မှိုင်း တောင်း တောင်းပန်ပန်နှင့် ချော့မော့ပြန်ထိုင်စေရင်း –

"လေးလေးမေးတာ ဒီသဘောမဟုတ်ပါဘူး။ သမီးစိတ်ညစ်အောင် ဘယ်သူတွေလုပ်တာလဲ။ အဲဒါကိုသိချင်လို့။ သမီးလေးနေချင်တယ်ဆိုရင် လေးလေးခွင့်ပြုပြီးသား။ လေးလေးဇနီးကလည်း သမီးလေးကို ချစ်ခင်ပြီးသား ပါနော် လှိုင်"

အန့်ကယ်မှိုင်း လေပြည်ထိုးကာချော့သည်။ အန့်တီလှိုင်ကို လှမ်း ကြည့်ကာ စစ်ကူတောင်းသလိုလည်းဆိုသည်။

အန့်တီလှိုင်ကပါ ခေါင်းကလေးတညိတ်ညိတ်နှင့် မျက်နှာချိုသွေး ပြုံးပြနေ၏။

ဘယ်လိုမိန်းကလေးလဲ။ အန့်ကယ်မှိုင်းရဲ့ တူမတစ်ယောက်လား။ မင်္ဂလာပွဲတုန်းက ပါလာတာမတွေ့။ မျက်နှာကို မြင်ချင်စိတ်နှင့် ခခ အန့်တီ လှိုင်နံဘေးမှာ ဝင်ထိုင်ဖို့ လှမ်းခဲ့၏။

www.burmeseclassic.com



"ပြောလေ သမီးလေး။ ဘယ်သူတွေက သမီးကိုအနိုင်ကျင့်သလဲ"

အန်ကယ်မှိုင်းအမေးကို ဖြေမလိုဟန်ပြင်ပြီးမှ ခခကိုမြင်တော့ မျက်မှောင်ကုပ်စိုက်ကြည့်သည်။ နုဖတ်ပျိုမြစ်သော မျက်နှာလေးက ချစ်စရာကောင်းသလောက် တွန့်ကောက်မှုန်ကုပ်နေသော မျက်ခုံးမျက်ဝန်းတွေကြောင့် ခခလည်း ပြန်စူးစိုက်ကြည့်ပစ်လိုက်၏။

"သူက ဘယ်သူလဲ လေးလေးမှိုင်း"

မေးပုံက ခပ်ရိုင်းရိုင်း။ ခခကို မေးသတ်ကာ မေးလိုက်ခြင်းဖြစ်သည်။

"လေးလေး အဲ ဟောဒီအန်တီလှိုင်ရဲ့ တူမလေ။ ခခနောင်တဲ့။ သမီးလေးရဲ့အစ်မ တော်တာပေါ့"

မျက်မှောင်တွေကို မဖြည်သေးဘဲ နှုတ်ခမ်းပါးလေးတွေကိုတောင် မဲ့လိုက်သေး၏။

ဒီမျက်နှာလေးကို ခခ မြင်ဖူးသလိုရှိ၏။ ဘယ်မှာမြင်ဖူးတာလဲ စဉ်းစားမရပါ။

"ကဲ လေးလေးမေးတာ အရင်ဖြေပါဦး"

"ဘာဖြစ်စရာ လိုလို့လဲ။ အားလုံးပဲပေါ့။ ဘယ်သူမှ သမီးအပေါ် မကောင်းဘူး။ မာမီကော မာမီရဲ့ယောက်ျားကြီးကော မဏိစွမ်းဆိုတဲ့သူရော အားလုံး မကောင်းကြဘူး"

မဏိစွမ်းတဲ့။ ကောင်မလေးနှုတ်ကထွက်လာသော အမည်နာမကြောင့် ခခ မျက်မှောင်ကုပ်သွားသည်။

ခခ မျက်စိရှေ့မှောက်မှ ပိုးသားဂါဝန်အနီရောင်လေးနှင့် ပိန်ပိန်သွယ်သွယ် ကောင်မလေး။ နီညိုရောင်ဆိုးထားသော သရီးစတက်ဆံပင်ပုံနှင့် ကောင်မလေးသည် ခခအာရုံထဲမှာ ရင်းနှီးနေသလိုရှိသည်။

"မဏိက သမီးကို အနိုင်မကျင့်ရဲပါဘူး။ သမီးပဲမေကလည်း

www.burmeseclassic.com



သမီးကို ချစ်တာပဲလေ”

“တစ်ခုမှ မဟုတ်ဘူး။ အားလုံး ဟန်ဆောင်နေကြတာ၊ ချစ်ဟန်ဆောင်နေကြတာ။ လေးလေးမှိုင်းလည်းအတူတူပဲ။ ဆွိလေးစကားဆို မယုံဘူး အလကားပဲ”

ဆွိလေးတဲ့။ အမည်နာမနှင့် မလိုက်ဘက်စွာ အပြောကြမ်းကြမ်း။ အသံကစူးစူးနှင့် ကောင်မလေးကိုကြည့်ရင်း ကြည့်ရင်း ခခအာရုံထဲက မှတ်ဉာဏ်တွေ ပွင့်သွား၏။ ပလာဇာထဲကအထည်ဆိုင်မှာ ဆုံခဲ့ဖူးသည့် ကောင်မလေး။ ချစ်သူအပေါ် အနိုင်ကျင့် ဗိုလ်ကျတတ်သည့်ကောင်မလေး။

“ကဲပါသမီးရယ်၊ ဒေါသစိတ်တွေ လျှော့လိုက်၊ သမီးလေး လေးလေးအိမ်မှာပဲ နေချင်တယ်ဆိုရင်နေ၊ ဘာမှ ပြဿနာမရှိဘူး ဟုတ်လား”

ကောင်မလေး နှုတ်ခမ်းပါးလေးတွေကို ချွန်နေအောင် စူထားရင်း ခခကို လှမ်းကြည့်၏။

“ရေဆာလိုက်တာ၊ ရေသန့်တစ်ဘူးလောက်”

“သမီးလေးဆွိ သောက်မလို့လား၊ အန်တီလှိုင် သွားယူပေးမယ်၊ ခဏလေးစောင့် ဟုတ်လား”

ခခကိုကြည့်ကာ တောင်းဆိုခြင်းဖြစ်ပေမယ့် အန်တီလှိုင်က သွက်သွက်လေးထကာ မီးဖိုခန်းဘက် လှမ်းထွက်သွား၏။

ဘယ်လိုမိန်းမရိုင်းလေးလဲဟု ခခ တွေးမိ၏။ အိမ်ပေါ်အထိရောက်လာကာ ပြောပုံဆိုပုံတွေက တင်တင်စီးစီး။ အန်ကယ်မှိုင်းကော အန်တီလှိုင်ပါ နှစ်သိမ့်ချော့မော့လိုက်လျောနေရအောင် ကလေးပေါက်စနလေးအရွယ်လည်းမဟုတ်။

ခခထက်ငယ်ရင်တောင် ခြောက်နှစ်ခုနစ်နှစ်ပေါ့။ ဘယ်လို အချိုးမပြေသော ကောင်မလေးကို ခခ ရှုံ့မှုန်းစွာကြည့်နေတုန်း ဆင်ဝင်အောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ခနဲထိုးရပ်လာသည့် အနက်ရောင် Mark II ကားကြီး။

"ဟွန်း ထင်သားပဲ၊ ဒူးထောက်တောင်းပန်ဖို့ ရောက်လာကြဦးမယ်ဆိုတာ"

ပွင့်သွားသည့်ကားတံခါးမှ ဆင်းလာသူတွေက ရွှေကိုင်းမျက်မှန်နှင့် ခန့်ခန့်ချောချော မိန်းမကြီးတစ်ယောက်။ အနောက်က ကပ်ပါလာသူက ခခကို မင်သက်ကြောင်တွေသွားစေသည်။

အသားရောင် ရှပ်လက်တိုနှင့် ပုဆိုးနီညိုကွက်ကို ဝတ်ဆင်ထားသော လူငယ်။ ပလာဇာထဲကအထည်ဆိုင်မှာ တွေ့ခဲ့ဖူးတဲ့သူ။ ကောင်မလေးအနိုင်ကျင့်သမျှ လိုက်လျောသည်းခံခဲ့သော ကောင်လေး။

ဘေးခွဲဆံပင်တိုတို ကြော့ရှင်းသန့်ပေါ်လွင်သော မျက်နှာက အသေအချာကြည့်လေ မထီလျှမ်းနှင့် ဆင်တူလေလေ။

"သမီးလေး"

အမျိုးသမီးကြီးက ကောင်မလေးကို လေသံပြေပြေလေးနှင့် ခေါ်သည်။ သို့ပေမဲ့ ဆွိလေးက လှည့်မကြည့်ဘဲ ဒူးချိတ်ကာ မျက်နှာလေးကိုမာတင်းထား၏။

"လေးလေးအိမ်သွားမယ်ဆိုလည်း ပြောသွားပေါ့ သမီးရယ်။ မာမီတို့မှာ ရှာလိုက်ရတာအမော်"

"ဆွိလေး အခုပဲရောက်လာတာ မမခိုင်"

လေးလေးမှိုင်းက ကိုယ်စားဝင်ဖြေ၏။ လေးလေးမှိုင်းနှင့် မျက်နှာကျပုံဆင်တူသော မိန်းမကြီးက ဒီကောင်မလေးရဲ့အမေပဲဖြစ်မည်။

"အခုမှ လာမခေါ်ကြနဲ့၊ မလိုက်ဘူး လေးလေးမှိုင်းအိမ်မှာပဲတစ်သက်လုံးနေမှာ"

ခခရင်ထဲက ဘုရားတမိသည်။ အိမ်မှာ တစ်သက်လုံးနေမည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါလား။ တစ်ချက်မပြောနှင့် တစ်ခဏနှင့်တောင် အိမ်ကမောင်းထုတ်ပစ်လိုက်ချင်တာ။ အန်ကယ်မှိုင်းမျက်နှာကြောင့်ပါ။

"သူနဲ့မတည့်တဲ့ အချဉ်ထုပ်တွေ စွမ်းကိုယ်ခိုင်းပြီး စားနေလို့မခိုင် ဆူလိုက်မိတာ။ ဘယ်အချိန်လစ်ထွက်သွားသလဲမသိလိုက်ဘူး မောင်လေးရယ်"

"မီးဘာသာ စားချင်လို့စားတာ အမြဲတမ်း လိုက်ပိတ်ပင်နေတာကြီးကို စိတ်ကုန်တယ်။ နင်လည်းအလကားပဲ စွမ်း။ မာမီ့ကို နင်သွားတိုင်တာ ငါ မသိဘူးမှတ်နေသလား ဟွန်း"

"ဆွိလေးအတွက် စိုးရိမ်လို့ပါ။ မတည့်တဲ့အစာတွေမို့ပါ ဆွိလေးရယ်"

"တော် နင် ထပ်မပြောနဲ့။ ငါ ဒေါသထွက်လာပြီ"

စူးစူးဝါးဝါး ထအော်ရုံမက စားပွဲပေါ်က ပန်းအိုးကိုပါ ကောက်ကိုင်အာမို့ အန်ကယ်မှိုင်း ကပျာကသီ လှမ်းတားယူထားလိုက်ရသည်။

"စိတ်လျှော့လိုက်ပါ သမီးလေးရယ်။ အားလုံးက ချစ်လို့ သမီးကိုအားကြတာပါ။ အခုတောင် စိုးရိမ်ပြီး လာခေါ်ကြပြီ၊ လိုက်သွားလိုက်နော်"

"လေးလေးမှိုင်းက မနေစေချင်လို့ မောင်းထုတ်တာလား"

"အို မဟုတ်ရပါဘူး သမီးရယ်။ ဒီမှာ သမီးကို ဂရုစိုက် စောင့်ရှောက်ပေးမယ့်သူ မရှိဘူး။ လေးလေးကလည်း မနက်တိုင်း အလုပ်သွားရတယ်၊ သမီးအိမ်မှာဆို လိုလေသေးမရှိပါဘူး"

"ဆွိ ဒီမှာပဲနေမယ်။ စွမ်းပါနေခဲ့၊ ငါခိုင်းတာ နင်အကုန်လုပ်ပေးရမယ်"

"အို မဟုတ်တာ သမီးရယ်။ အိမ်ပြန်လိုက်ခဲ့ပါနော်။ မာမီ စောင်းနေပါတယ်၊ သမီးက လိမ္မာပါတယ်။ နောက်လည်း မာမီ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



မဆူတော့ဘူး ဟုတ်လား''

ချစ်လွန်းလို့ အလိုလိုက်တာတဲ့လား။ အားလုံးက ဦးညွှတ်ပြနေတာမို့ ဒီကောင်မလေးဆိုးနေတာ ဖြစ်မည်။

''ငါ တကယ်ပြန်လိုက်စေချင်ရင် နင် ငါ့ရှေ့မှာ ဒူးထောက် တောင်းပန်ရမယ် စွမ်း''

စွမ်းဆိုသော ကောင်လေးအပေါ် တမင်အနိုင်ကျင့်ခြင်းဟု ခခ သိလိုက်မိသည်။

''ကဲ ကဲ စွမ်း၊ သမီးကျေနပ်အောင် တောင်းပန်လိုက်ကွယ်''

''စွမ်း လိုက်လျောလိုက်ကွာ''

ဘယ်လိုမိဘတွေ၊ ဦးလေးတွေလဲလို့ ခခ နားလည်ရခက်သွားမိသည်။ စွမ်းဆိုသည့်ကောင်လေး အရှက်မျက်ဝန်းတွေနှင့် ခခကို လှမ်းကြည့်၏။ မလုပ်နဲ့ဟု ခခစိတ်ထဲက ပြောနေမိ၏။ ကောင်လေး ဆွိလေး ခြေရင်းမှာ ဒူးထောက်ထိုင်ချသည်။

''နင် ကျေနပ်တဲ့အထိ ငါ တောင်းပန်ပါတယ် ဆွိလေးရယ်။ အိမ်ကို ပြန်လိုက်ခဲ့ပါနော်''

ဆွိလေး နှုတ်ခမ်းပါးလေးတွေ မထိတရိပြုံးကာ ခခကို မော့ကြည့်သည်။ ခခမျက်စိရှေ့မှောက်မှာ ယောကျ်ားတစ်ယောက်ကို အနိုင်ယူပြမှုအတွက် ဂုဏ်ယူဝင့်ကြွားနေတာလား။

ရွံစရာကောင်းလိုက်တာ။ ဒီလိုမိန်းမတစ်ယောက်ကို ခခနောင် အထင်ကြီးလိမ့်မယ် ထင်သလား ကောင်မလေး။

ကောင်လေးရယ် နင့်အတွက်တော့ သနားတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အမှန်တော့ မောင်မဏိစွမ်းနဲ့ ဆွိုလေးတို့က မောင်နှမတွေပဲ"

"ဘာရယ် အန်ကယ်မှိုင်း။ မောင်နှမတွေ ဟုတ်လား"

"အင်း မောင်နှမတာတွေ အရင်းအချာတွေတော့ မဟုတ်ကြဘူးပေါ့"

"ဟာ အန်ကယ်မှိုင်းကလည်း မောင်နှမတွေလည်းပြောတယ်။ အရင်းအချာတွေမဟုတ်ဘူးဆိုတော့ ဘာတွေလဲ"

ခခ စိတ်ညစ်ရှုပ်ထွေးစွာ ရေရွတ်မိတော့ ဦးဝေမှိုင်းညို လက်ကာပြရင်း –

"အန်ကယ် ရှင်းပြမယ်။ ဆွိုလေးနာမည်အရင်းက လမင်းအိမ်တဲ့။ သူ့အဖေ ဦးမင်းဆွေက ဆွိုလေးငယ်စဉ်ကတည်းက ဆုံးသွားတာ ဆွိုလေးအမေ အန်ကယ့်အစ်မ မြတ်မြတ်ခိုင်က ဦးမြတ်ကျော်ခေါင်ကို လက်ထပ်ယူတယ်။ မဏိစွမ်းက ဦးမြတ်ကျော်ခေါင်နဲ့ ပါလာတဲ့ သွေးသား။ ဒါကြောင့် သူတို့တွေက လင်ပါမယားပါသားသမီးတွေမို့ မောင်နှမတွေလို့ ပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ဒါကြောင့် ဆွိလေးက မဏိစွမ်းကို မညှာမတာ အနိုင်ယူနေတာကိုး။ သွေးရင်းချာတွေမှ မဟုတ်ဘဲ"

"အင်း ဆွိလေးက မဏိစွမ်းထက် နှစ်နှစ်ထက်ငယ်တယ်၊ မဏိစွမ်းက ဆွိလေးကို ညီမရင်းချာလို ဟိုးငယ်ငယ်ကတည်းက ချစ်ရှာတာ၊ ဆွိလေးကလည်း ချစ်ရှာပါတယ်။ ကစားအတူ စားအတူ နေခဲ့ကြတာကိုး၊ ဆွိလေး ငါးနှစ်သမီးအရွယ်မှာ မထင်မှတ်တဲ့ ကံကြမ္မာဆိုးကြီးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အဲဒီတုန်းက သူတို့မိသားစုက မန္တလေးမှာ နေကြတာလေ၊ အိမ်နောက်ဘက်မှာရှိတဲ့ ရေကန်ကြီးအစပ်မှာ သူတို့မောင်နှမ အမြဲတမ်း ဆော့နေကြပေါ့။ အဲဒီနေ့က မောင်မဏိစွမ်းမပါဘဲ သမီးလေးဆွိတစ်ယောက်တည်း ကစားရင်း ရေကန်ထဲ ပြုတ်ကျခဲ့တယ်။ ရုတ်တရက် ဘယ်သူမှမသိကြဘူး။ ခြံစောင့် မာလီကြီးမြင်တော့ သမီးလေး ရေထဲမှာ လက်လေးတစ်ဖက်ပဲ မြင်ရတော့တယ်။ ခြံစောင့်ကြီး အထိတ်တလန့်နဲ့ အော်ဟစ်တော့မှ ဦးမြတ်ကျော်ခေါင် အိမ်ထဲကပြေးထွက်လာပြီး သမီးလေးကို ရေကန်ထဲက ဆင်းကယ်တင်ခဲ့တယ်။ ကံကောင်းထောက်မစွာ အသက်ရှင်ခဲ့ပေမယ့် သမီးလေးခမျာ ကြောက်လန့်တဲ့ဝေဒနာကြောင့် စကားမပြောနိုင်တဲ့အထိ အခြေအနေဆိုးသွားခဲ့တယ်"

"ဆေးရုံပေါ်မှာ နှစ်လကျော်လောက် နေခဲ့ရတယ်။ ဆေးရုံက ဆင်းခဲ့ပေမယ့် ခုလိုအတိုင်း မကျန်းမာရှာတော့ဘူး။ ခြောက်လလောက် စကားမပြောနိုင်ဘဲ ချောက်ချောက်ချားချား ဝေဒနာခံစားနေခဲ့ရတယ်။ မိဘတွေက ပါရဂူကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပြသကုသရင်း သမီးလေး စကားပြန်ပြောလာနိုင်တယ်။ ငယ်နုလွန်းတဲ့ကလေးဘဝမှာ ခံစားလိုက်ရတဲ့ အဖြစ်ဆိုးကြီးက သမီးလေးကို လူကောင်းပကတိလို မဖြစ်စေတော့ဘူး"

"သမီးလေးအဆုတ်က သိပ်မကောင်းဘူး။ ရေချိုးတာ ချက်မှားတာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖျားတော့တာပဲ။ မိဘတွေ ငွေကြေးတတ်နိုင်လို့ စကားပြန်ပြောနိုင်တဲ့ တိုင်အောင် သမီးလေးခမျှာ ဆယ့်နှစ်နှစ်သမီးအထိ ထစ်အထစ်အနဲ့ ရှိခဲ့ရှာတာ။ အခုနောက်ပိုင်းမှာ အရှင်းပျောက်သွားခဲ့တာ။ ဒါတောင် ခုချိန်ထိ ကလေးဘဝက ဖြစ်ရပ်ကို အိပ်မက်ဆိုးကြီးလို ပြန်မြင်ပြီး မကြာခဏ ဖျားတယ်။ အရွယ်နဲ့မမျှအောင် စိတ်ချောက်ချားခဲ့တဲ့ဒဏ်က နှလုံးရောဂါစွဲကပ်စေတဲ့အထိ ဆိုးခဲ့ပြီး ကျန်းမာရေး မကြာခဏ ချူချာတယ်"

"ဒါကြောင့်လည်း သမီးလေးငယ်စဉ်က ကျောင်းမတက်ခဲ့ရဘူး။ ဝေဒနာတွေ အရှင်းပျောက်တဲ့ ဆယ်နှစ်သမီးလောက်မှ ကျောင်းစတက်ရရှာတာ။ ချူချာတဲ့ရောဂါကြောင့် သမီးလေးပညာရေးက သိပ်ဆိုးခဲ့တယ်။ မူလတန်းအောင်တော့ ဆယ့်ငါးနှစ်သမီးအရွယ်ရောက်နေပြီ။ အသက်အရွယ်က ကြီးနေတော့လည်း ကျောင်းတက်ရမှာ ရှက်လာတယ်။ မူလတန်းအဆင့်နဲ့ပဲ ကျောင်းထွက်ခဲ့ရရှာတာလေ"

"ဒီလိုဆိုတော့လည်း လမင်းအိမ်ဘဝလေးက သနားစရာကောင်းသားပဲ"

"ရောဂါဝေဒနာသည်လေးမို့ မိဘတွေက အလိုလိုက်သလို အစ်ကိုဖြစ်တဲ့ မောင်မဏိစွမ်းကလည်း ဂရုစိုက်ရှာပါတယ်။ သူ့ညီမလေးကို ဘယ်လောက်အထိ ချစ်သလဲဆိုရင် ဆေးမှတ်မိလျက်နဲ့ ဆေးကျောင်းသားဆရာဝန်လောင်းဘဝကိုစွန့်ပြီး စာပေးစာယူ အဝေးသင်နဲ့ ရိုးရိုးပညာရေးဘွဲ့ပဲ ယူခဲ့တာ။ ဆေးကျောင်းတက်နေရင် သူ့ညီမလေးကို ဂရုစိုက်စောင့်ရှောက်နိုင်မှာ မဟုတ်ဘူးတဲ့လေ"

ခခရင်ထဲမှာ တကယ်ခံစားလိုက်ရသည်။ ဆွိလေးအပေါ် ထားရှိသည့် မဏိစွမ်းချစ်ခြင်းက ကြီးမားလှတာ အထင်အရှား။

"အစ်ကိုက ဒီဗလောက်ထိ ဂရုစိုက်ချစ်တာတောင် ဆွိလေးက

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူလွန်းတယ်နော် အန်ကယ်"

"ပွင့်ပွင့်လင်းလင်းပြောရရင် သမီးလေးက ဉာဏ်ရည်နိမ့်တယ်။ ပညာကလည်း မတတ်ရှာဘူး။ အများနဲ့ယှဉ်ရင် အဘက်ဘက်က နိမ့်ကျနေတော့ သူ့စိတ်က သိမ်ငယ်လာတယ်။ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေက စာနာလို့ အလိုလိုက်ကြတယ်။ ဒါကြောင့်လည်း ခုချိန်မှာ သူ့ခမျာ အဆီးအတားမရှိ ဆိုးနေခဲ့တာပေါ့"

အန်ကယ်မှိုင်းပြောပြသော ဆွိုလေးနှင့် မဏိစွမ်းတို့အဖြစ်တွေကို ခခ သိလိုက်ရတော့ ရင်ထဲမှာ စာနာသနားမိသလိုလို။ သနားစရာ ဆွိုလေးဘဝကိုလည်း စာနာနိုင်၏။

ညီမအပေါ် အရာအားလုံး အနစ်နာခံချစ်သော မဏိစွမ်းကိုလည်း ပိုလို့သနားမိသည်။

"ဪ အန်ကယ်မှိုင်း၊ မဏိစွမ်းအမေကကော ဘယ်အချိန်လောက်က တိမ်းပါးတာလဲဟင်။ ဟို ဦးမြတ်ကျော်ခေါင်မှာ ဒီသား တစ်ယောက်ပဲ ရှိခဲ့တာလား"

"အင်း အားလုံးက သိဝှက်မေ့ထားတဲ့ကိစ္စပေမယ့် ကလေးကိုတော့ အန်ကယ်မှိုင်း အမှန်အတိုင်းပြောပြပါ့မယ်။ ဦးမြတ်ကျော်ခေါင်က အစ်မ မမခိုင်ကို လက်ထပ်တော့ ပထမဇနီးမယားကို ကွာရှင်းလိုက်တာ။ အဲဒီအချိန်တုန်းက ဦးမြတ်ကျော်ခေါင်တို့မှာ သားနှစ်ယောက်ရှိတယ်။ လင်မယားကွာရှင်းတော့ ဟိုဘက်က အကြီးကောင်ကို ပိုင်ဆိုင်ခွင့်ရတယ်။ ဦးမြတ်ကျော်ခေါင်ကတော့ သားငယ်ကို စောင့်ရှောက်ခွင့်ရခဲ့တယ်လေ"

ခခရင်တွေ တလှပ်လှပ်ဖြစ်လာရ၏။ ဒါဆို မဏိလျှမ်းနှင့် မဏိစွမ်း ဆိုတာ ညီအစ်ကိုရင်းချာတွေပဲပေါ့။

"မမခိုင်နဲ့ ဦးမြတ်ကျော်ခေါင်က ငယ်ရည်းစားဟောင်းတွေလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒုးစာမဆုံလို့ နှစ်ယောက်စလုံး မိဘတွေစီစဉ်တဲ့ အိမ်ထောင်ဘက်တွေကို လက်ထပ်ခဲ့ကြရတယ်။ သားတွေသမီးတွေ ပိုင်ဆိုင်ပြီးမှ သူတို့ဘဝတွေ ပြန်ဆုံခဲ့ရတာ။ ဦးမြတ်ကျော်ခေါင်ရဲ့ဇနီးဟောင်းကတော့ အဲဒီအချိန်ကတည်းက မန္တလေးကထွက်သွားတာ ဒီနေ့အထိ ပြန်မတွေ့ရတော့ဘူး။ အသက်ထင်ရှားရှိနေသေးသလားတောင် မသိဘူး။ သူ့အရိပ်မှာတော့ မဏိစွမ်းရဲ့အစ်ကို ရှိနေမယ်ထင်တယ်''

အန်ကယ်မှိုင်း ထင်မြင်ချက်ကို ခခ ခေါင်းကလေးညိတ်ကာပဲ နှုတ်ဆိတ်နေလိုက်မိသည်။

အာရုံထဲမှာ အရိပ်ထင်လာတာ မဏိလျှမ်း။ ပြီးတော့ ပန်းသွေးနီနီ တံကြွမှာက ဖန်ဆင်းပေးလာခဲ့တာ ထင်ပါရဲ့။

မဏိလျှမ်းဟာ လောကကြီးထဲမှာ သူ့ရဲ့ညီတစ်ယောက်ရှိနေတာကို တောင် သိမည်မထင်။

မဏိလျှမ်းအပေါ် တင်ခဲ့တဲ့ အကြွေးတစ်ခုကို ခခပြန်ဆပ်ခွင့်ကတော့ ရေကန်အသင့် ကြာအသင့်ရှိနေခဲ့ပြီ။

ရှင်တို့ညီအစ်ကိုနှစ်ယောက် ပြန်ဆုံချိန်မှာ ခခနောင်ဆိုတဲ့မိန်းမက ချင်နဲ့သိပ်တူတဲ့ ရှင့်ရဲ့ညီနဲ့ဘေးမှာ ချစ်သူအဖြစ် ရှိနေလိမ့်မယ် မဏိလျှမ်း။

အဲဒီအချိန်ကျရင် ရှင် ချောက်ချားသွားမလား။

ရှင် ထိတ်လန့်သွားတဲ့အတိုင်း မလွဲမသွေဖြစ်စေရမယ်။ မဏိလျှမ်း။

မဏိစွမ်းဆိုတဲ့ကောင်လေးရဲ့ နှလုံးသားနုနု ခခနောင် အလှပဆုံး ချိုမြမယ်။

ရှင်စောင့်ကြည့်လိုက်စမ်း မဏိလျှမ်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဒါ မောင့်ကို ပန်းသွေး တမင်အရွဲ့တိုက်ပြလိုက်တာပဲ မ"

ဦးဗလမင်းမော် ခံရခက်စွာ ရေရွတ်လိုက်သည့်အသံကို ပန်းသွေး ကြားလိုက်ရသည်မို့ ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားရ၏။

ညှိခန်းတံခါးအနီးထိရောက်နေသည့် ခြေလှမ်းတွေကို ညင်သာ ဖွဖွပြန်လှည့်ခတ်ကာ ညှိခန်းမှန်ပြတင်းအနီးမှာရပ်ပြီး ဆက်နားထောင်ကြည့် မိသည်။

"ဒီသဘောလည်း မဟုတ်ပါဘူးမောင်ရယ်။ သမီးစိတ်ဓာတ်လည်း မောင်သိသားနဲ့။ တစ်ယောက်တည်း အလုပ်မလုပ်ဘဲ ထိုင်နေတာကြာလို့ ပျင်းပြီး အလုပ်တစ်ခု ဝင်လုပ်တာပါ"

"အဲဒါကို မောင် မကျေနပ်တာ မ။ တကယ်ဆို သူ အလုပ်လုပ်ချင် ရင် မိသားစုပိုင်ဆိုင်တဲ့ ကုမ္ပဏီမှာ ဝင်လုပ်လို့ရတာပဲ။ ဒါကို ဘာပြဿနာပြုပြီး ဟိုကောင်ရဲ့ကုမ္ပဏီမှာ အလုပ်သမား သွားလုပ်တယ်ဆိုတော့ စဉ်းစားကြည့်"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ကောင်းပါတယ် မောင်ရယ်၊ မောင်မဏိလျှမ်းကို သမီး အနီးကပ်လေ့လာအကဲခတ်လို့ ရတာပေါ့"

"ဘာလဲ မ အဲဒီကောင်နဲ့ ပန်းသွေးကို မက ကြည်ဖြူနေတာ လား"

"သမီးလေးအတွက် အသင့်တော်ဆုံးထင်တာပဲ မောင်"

"မောင်ကတော့ ပြောထားပြီးသားနော်။ ဒီကိစ္စကို လုံးဝ သဘော မတူဘူး။ မ,ကျေနပ်ရင်လုပ် မရဲ့သမီးပဲ။ မောင်နဲ့မဆိုင်ဘူး"

"ဟင်"

ဦးဗလမင်းမော်စကားကြောင့် မေမေ မျက်စိမျက်နှာပျက်သွားခဲ့ သည်။

ပန်းသွေးရင်ထဲက ဒေါသစိတ်တွေကို ချုပ်ထိန်းမရတော့တာမို့ ထိပ်တိုက်ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ်၊ ဦးဗလမင်းမော်နဲ့ မသက်ဆိုင်တဲ့ကိစ္စမှာ ဘာတစ်ခုမှ ဝင်မစွက်ပါနဲ့လို့ ပန်းသွေးပြောချင်တယ်"

"ဟင်"

"သမီးပြန်လာပြီလား"

ပန်းသွေးနှင့် ထိပ်တိုက်ရင်ဆိုင်မိပြီမို့ ဦးဗလမင်းမော် မျက်စိမျက်နှာ ပျက် ညိုမှောင်သွား၏။ မေမေက ပန်းသွေးကို မျက်နှာချိုသွေးရင်း အခြေ အနေကို ဝင်ထိန်းဖို့ ကြိုးစား၏။

ပန်းသွေးကတော့ ပြဿနာကို အပြတ်ရှင်းလင်းဖို့ ဆုံးဖြတ်ပြီးပြီမို့–

"ပန်းသွေးနဲ့ ဦးဗလမင်းမော် ဘာမှမသက်ဆိုင်ဘူး။ ဒါကြောင့် ပန်းသွေးကိစ္စကို မဝေဖန်နဲ့ မကြိုက်ဘူး"

"မဟုတ်သေးဘူးပန်းသွေး။ ငါက ဖြစ်သင့်တာကို ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလိုအပ်ဘူး။ ပန်းသွေးဘဝကို ပန်းသွေးရပ်တည် တည်ဆောက်နိုင်ပါတယ်။ တမင် မေမေတို့ကုမ္ပဏီမှာ အလုပ်မလုပ်ချင်လို့ မလုပ်တာ။ မဏိလျှမ်းနဲ့ ပန်းသွေးကိစ္စလည်း ဦးဗလမင်းမော်နဲ့ မသက်ဆိုင်ဘူး။ ဒါ ပန်းသွေးဘဝ ပန်းသွေးအနာဂတ်ပဲ"

"မင်းက ဒီကောင့်အားကိုးနဲ့ လူကြီးတွေကို ပုန်ကန်တာလား ပန်းသွေး"

"အဟင်း ပန်းသွေးနီနီဆိုတဲ့မိန်းမတစ်ယောက်က ဘယ်ယောက်ျားကိုမှ အားမကိုးတတ်ဘူး ဦးဗလမင်းမော်"

"မင်းကိုမင်း သိပ်အထင်မကြီးနဲ့ ပန်းသွေး။ မိန်းမဆိုတာ မိန်းမပဲ။ နေရာတကာမှာ ဦးဆောင်လို့မရပါဘူးကွာ။ မတူညီမှုတွေ အများကြီးပါ"

"ဒါတော့ မိန်းမနဲ့ယောက်ျားမှ မဟုတ်ပါဘူး ဦးဗလမင်းမော်။ ယောက်ျားတွေမှာတောင် အသွင်စရိုက်ချင်း မတူညီကြပါဘူး။ မဏိလျှမ်းရဲ့ မကောင်းကြောင်းတွေပြောပြီး ရှင် ဝေဖန်တိုက်ခိုက်နေတာ ပန်းသွေး သိတယ်"

"ကိုယ်က စိုးရိမ်လို့ သတိပေးနေတာ ပန်းသွေး"

"မဏိလျှမ်းရဲ့စိတ်ဓာတ်ကို ပန်းသွေးသိတယ်။ သူ့ရဲ့သိက္ခာ အရည်အချင်းအားလုံးကို ပန်းသွေးယုံကြည်တယ်။ ပန်းသွေးမြင်နေ သိနေတဲ့ ယောက်ျားတွေထက် မဏိလျှမ်းက အရည်အချင်းရှိပါတယ်။ ကိုယ်ပိုင်အစွမ်းအစနဲ့ ကြိုးစားနေတဲ့သူတစ်ယောက်လေ။ အဟင်း မိန်းမတစ်ယောက်ကို မျှော်ကိုးချက်နဲ့ လက်ထပ်မယ့်ယောက်ျားမဟုတ်ဘူး"

ပန်းသွေးစကားကြောင့် ဦးဗလမင်းမော် အနာပေါ်တုတ်ကျခံရသလို နာကျင်သွားပုံရသည်။ မျက်နှာကြီးရဲရဲနီလျက် ပန်းသွေးကို စူးစူးရဲရဲကြည့်ခဲ့

"သမီးပန်းသွေး၊ တော်တော့"

"သမီးကိုမတားမြစ်နဲ့ မေမေ။ ဒီကိစ္စမှာ မေမေယောက်ျားအ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး စွက်ဖက်နေတာ''

"အို ဒီလို မပြောရဘူးလေ သမီးရဲ့"

မေမေ မျက်စိမျက်နှာပျက်နှင့် ပြဿနာကို ထိန်းချုပ်ဖို့ ကြိုးစားပေမယ့် မရနိုင်တော့ပါ။ ဦးဗလမင်းမော် ချာခနဲလှည့်ကာ ထွက်သွားခဲ့သည်။

ပန်းသွေး နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ကာ ပြုံးနေမိသည်။ ရင်ထဲက မျိုသိပ်ထားခဲ့ရသော ခံစားချက်တွေအတွက် ပွင့်အံထုတ်လိုက်ရတာ ပေါ့ပါးသွားခဲ့သည်။

"သမီးရယ်၊ ဘာဖြစ်လို့ ဆန့်ကျင်ဘက်တွေချည်း ပြောနေရတာလဲ''

"သမီးပြောတာ မှားသလား မေမေ။ သူက မဏိလျှမ်းကို သမီးနဲ့ မေမေ ကြည်ဖြူတာကို မကျေနပ်ဘူး။ သူ့လို မက်မောတွယ်တာစရာတွေကြောင့် ကြိုစည်တာလို့ ထင်နေတယ်။ အဟင်း အဖြေက အရှင်းကြီးပဲ မေမေရယ်။ ဦးဗလမင်းမော် မေမေ့ကိုလက်ထပ်ခဲ့တာ သူလုပ်ချင်တဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့အတွက် အရင်းအနှီးတစ်ခု အဖြစ်ပါ''

"အို သမီး ဘာတွေပြောနေတာလဲ''

"မေမေ ကွယ်ဝှက်ဖို့ မကြိုးစားနဲ့၊ သမီးအားလုံးသိတယ်။ မေမေနဲ့ လက်ထပ်ချိန်မှာ ဦးဗလမင်းမော်မှာ ဘာအရင်းအနှီးမှ မရှိဘူး။ မေမေ့ကို လက်ထပ်ယူပြီး သူ့စိတ်ကူးတွေကို အကောင်အထည်ဖော်လိုက်တာ''

"တော် တော်ပါတော့သမီးရယ်၊ အဟင့် အဟင့် ဟင့်''

မေမေ့မျက်ရည်စတွေကိုမြင်တော့ ပန်းသွေး စိတ်မကောင်းဖြစ်ရသည်။ သူမကြောင့် မေမေ မျက်ရည်ကျခဲ့တာလား။ ဦးဗလမင်းမော်ကြောင့်လား။ ပန်းသွေးရင်ထဲမှာ ဝမ်းနည်းလာ၏။

ပြင်ဆင်မရနိုင်တော့သော အရာအားလုံးအတွက် ယခုမှာ မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ပန်းသွေးအပြစ်မတင်ချင်ပါ။

သမီးအနာဂတ်အတွက် မေမေ အားကိုးရာရှာခဲ့သည်။ ဒါပေမဲ့ မေမေရှာခဲ့သော ယောကျ်ားက အတ္တကြီးသူ၊ လောဘရမ္မက်ကြီးသူ တစ်ယောက်ဖြစ်သည်။

မေမေ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်လာတော့ သူ ကြိုးစားမှုကြောင့်ဟု ဂုဏ်ယူချင်သည်။ ပန်းသွေးတို့သားအမိက ဘုရားတစ်ဆူ ဂူတစ်လုံးကို ကိုးကွယ်စေချင်သည်။

ဒါတွေကို ပန်းသွေးသိနေပါသည်။ မေမေကတော့ မသိဟန်ဆောင်နေခဲ့တာလား၊ မျိုသိပ်နေခဲ့တာလား။

ပင့်သက်မောတစ်ခုနှင့် ပန်းသွေး မေမေ့အနီးက ထွက်ခဲ့မိသည်။ မေမေ့ကို ပန်းသွေးသနားပါသည်။ မေမေ မှားယွင်းခဲ့သည်ဟုတော့ ပန်းသွေး မဆိုလိုပါ။

မေမေ တောင်းတသလို စီးပွားရေးပိုင်းမှာ တိုးတက်ခဲ့ပေမယ့် မေမေ ဆုံးရှုံးနစ်နာခဲ့ရတာတွေလည်း ရှိတာကို သိစေချင်သည်။

ဦးဗလမင်းမော်ရဲ့စိတ်ထားကို မေမေပဲ အသိဆုံးဖြစ်မည်။

ပန်းသွေးသိထားသလောက်တော့ ဦးဗလမင်းမော်သည် မေမေ့ကွယ်ရာမှာ အပျော်အရှုပ်လေးတွေရှိတာ ပန်းသွေးကြားနေခဲ့တာ ကြာပြီ။ ပန်းသွေးမျက်စိနဲ့လည်း တပ်အပ်မြင်ဖူးခဲ့တာ သုံးလေးကြိမ်မကပါ။

ဒါတွေကြောင့်လည်း ဦးဗလမင်းမော်ကို ပန်းသွေး အထင်မကြီးခဲ့။ လေးစားလို့မရနိုင်ပါ။

မေမေ့အတွက်တော့ ပန်းသွေး ရင်မောမိသည်။

မေမေသာ ပန်းသွေးဆန္ဒကို လက်ခံပေးခဲ့လျှင် ဒါတွေဖြစ်စရာမရှိ။ လောကကြီးမှာ ငွေကြေးခနပြည့်စုံမှုအတွက် ပေးဆပ်လိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



အရာများစွာလည်း ရှိတတ်ပါတယ် မေမေ။

အဲဒီအရာတွေက ဘယ်တော့မှ ပြန်အစားထိုးမရနိုင်တဲ့ မေတ္တာနဲ့ နှောင်ဖွဲ့တဲ့မိသားစုဘဝလေးပါပဲ။

မေမေနဲ့သမီးကြားမှာ ဒီနှောင်ဖွဲ့မှုလေး ကင်းဝေးခဲ့တာ ငါးနှစ်ကျော်တောင် ကြာခဲ့ပြီနော်။

အဲဒီကာလတွေက အစားထိုးမရနိုင်တော့ဘူးဆိုတာ မေမေ သိစေချင်လိုက်တာ မေမေရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

မဏိစွမ်းနှင့် နီးစပ်ကျွမ်းဝင်ဖို့အတွက် အဖြစ်နိုင်ဆုံးနည်းလမ်းက ဒါပဲဟု ခခ နားလည်သည်။

လမင်းအိမ်ဆိုသော ဂျစ်ပေပေ ခပ်ရိုင်းရိုင်း ကောင်မလေးရဲ့ အနီးဆုံးမှာ ရှိနေသော မဏိစွမ်းနှင့် ညိတွယ်ဖို့အတွက် ခခ ကြိုးစားရပေလိမ့်မည်။

အသေအချာ စဉ်းစားကြည့်လျှင် ဆွိလေးဆိုသော လမင်းအိမ်ကို ခင်မင်ရင်းနှီးအောင် ဆက်ဆံပေါင်းသင်းဖို့ဆိုတာ လွယ်သောအလုပ် မဟုတ်မှန်းလည်း ခခ ကြိုတွေးထားခဲ့မိသည်။

ဒါပေမဲ့ ခခ မဖြစ်မနေ ကြိုးစားရမည်။ ဒါမှ မဏိလျှမ်းနှင့် ပန်းသွေးနီနီကို ခခ အနိုင်ယူပြနိုင်မှာလေ။

ခခစိတ်ကို အနှောင့်အယှက်ပေးခဲ့သလို မဏိလျှမ်းတို့ကိုလည်း ခခ ပြန်တုံ့ပြန်ပြရမှာပေါ့။ ဘဝတစ်ခုလုံး ရင်းနှီးဖို့ ညည်ရွှယ်ချက်မရှိ မဏိလျှမ်းတနုံ့နုံ့ စိုးထိတ်ခံစားရအောင် နှိပ်စက်နိုင်လျှင်တော်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မဏိစွမ်းဆိုတဲ့ကောင်လေးကို သနားမိတာကလွဲလို့ ခခ ရင်ထဲမှာ ဘာမှမရှိတာလည်း သေချာပါသည်။

ဖျော့ဖျော့ညှဲ့ညှဲ့ယောကျ်ားတစ်ယောက်က ခခနှလုံးသားကို လှုပ်ခတ်နိုင်စွမ်းမှ မရှိခဲ့ဘဲလေ။ အရေးကြီးတာက မဏိစွမ်းဆိုသော ခပ်နုံနုံကောင်လေးတစ်ယောက်နှလုံးသား ခခကြောင့် နာကျင်ခံစားလိုက်ရတာမျိုးပဲ ဟိုချင်သည်။

ဒါမှ ညီဖြစ်သူအတွက် မဏိလျှမ်းမှာပါ အပူတွေကူးစက် လောင်ကျွမ်းပေလိမ့်မည်။

'သုခရိပ်မြိုင်' စံအိမ်ဟု အမည်နာမထွင်းထားသော ကြေးနီပြားဆိုင်းဘုတ်လေးကို ခခ ခြံဝင်းအုတ်တိုင်မှာ မြင်တွေ့ရ၏။ ကားလေးကို ခြံတံခါးရှေ့မှာရပ်ပြီး ခခ ကားဟွန်းသံနှစ်ချက် ပေးလိုက်သည်။

ပိန်ပိန်ပါးပါး အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက် ကွန်ကရစ်လမ်းလေးအတိုင်း တရွေ့ရွေ့ လျှောက်လာသည်။ ခြံစောင့်မာလီပဲဖြစ်မည်။

ညီညာသော ကွန်ကရစ်လမ်းဘေး တစ်ဖက်တစ်ချက်မှာ ရောင်စုံနှင်းဆီတွေက လှပဝေဆာစွာ ပွင့်နေသည်။ ညာဘက်ကို အနည်းငယ် ချိုးကွေ့သွားသော ကွန်ကရစ်လမ်းအဆုံးမှာ သုခရိပ်မြိုင်စံအိမ်ကြီးက ခမ်းနားထည်ဝါစွာ လှမ်းမြင်နေရသည်။

သုံးထပ်တိုက်ကြီးက ခန့်ညားသလို အမြင်ဆန်းသော ဗိသုကာလက်ရာနှင့် တည်ဆောက်ထားတာဖြစ်သည်။

မှန်တံခါးတွေက ဥရောပဆန်သည်။ အနက်ရောင် ဖိတ်ဂ်ရေးမှန်ချပ်တွေက နေရောင်အောက်မှာ ရောင်ပြန်လက်နေသည်။

ဝရန်တာလေးတွေက ကြွေသားပန်းပုတိုင်တွေနှင့် အလှမိနီယံလက်ရန်းတွေကို ဒီဇိုင်းဆန်းအောင် ရောယှက်ဖန်တီးထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်က မြင်ကြည့်ရုံနှင့် သုခရိပ်မြိုင်အိမ်ကြီး၏ ထည်ဝါကြွယ်ဝမှုကို ခခ ခန့်မှန်းလို့ရ၏။

မဏိစွမ်းဖခင် ဦးမြတ်ကျော်ခေါင်ရဲ့ပိုင်ဆိုင်မှုနှင့် ဆွိလေးမိခင် ဒေါ်မြတ်မြတ်ခိုင်တို့နှစ်ဦး ပိုင်ဆိုင်မှုတွေက စိတ်ကူးနှင့်တောင် မခန့်မှန်းနိုင်အောင် ပြည့်စုံမှာ သေချာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲကွဲ့"

"ဆွိလေးနဲ့ တွေ့ချင်လို့ပါ။ ခခက အန်ကယ်ဦးဝေမှိုင်းညို့ရဲ့ တူမပါ။ ခခနောင်လို့ ပြောလိုက်ပါရှင်"

"လေးလေးမှိုင်းရဲ့တူမ ဟုတ်လား ဦးဖိုးကြီး"

စူးစူးရှရှ ပေါ်လာသောအသံက ခြံတံခါးနံဘေးက ပန်းရုံတွေထဲက ဖြစ်သည်။ ဆွိလေးအသံဆိုတာ ခခသိသည်။

"ဟုတ် ဟုတ်တယ်တဲ့ ဆွိလေး"

ခြံစောင့်ကြီးက ရိုရိုကျိုးကျိုး ဦးညွှတ်ပြောသည်။ ကြောင်ဖြူကြီးတစ်ကောင်ကို ပွေ့ပိုက်ထားသော လမင်းအိမ် ခြံတံခါးနောက်မှာ ပေါ်လာ၏ အညိုရောင်ဂါဝန်လေးနှင့် ဝင်းအိသောအသားအရည်က ထင်းနေသည်။

သွယ်၍ ပိန်သော ခန္ဓာကိုယ်လေးက ဂါဝန်လေးအောက်မှာ ပျောက်နေသည်။ နုဖတ်သော မျက်နှာလေးနှင့် ဝတ်ဆင်ထားသော အဝတ်အစားကြောင့် ကလေးငယ်လေးလို ထင်မှတ်လောက်သည်။

မျက်နှာလေး နုဖတ်ချောမွေ့ပေမယ့် အမြဲတမ်း မှုန်ကုပ်ထားသော မျက်ခုံးတွေနှင့် ရန်လိုသော မျက်ဝန်းတွေကြောင့် နာမည်နှင့်မလိုက်ဖက်တာ ထင်သည်။

"ဆွိ ခခလေ၊ ခခနောင်ပါ။ အန်ကယ်မှိုင်းက ဒေါ်မြတ်မြတ်ခိုင်ကို လက်ဖက်ခြောက်တွေ ပေးခိုင်းလို့"

www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ခြောက် ဟုတ်လား။ ဘာလုပ်ရမှာလဲ၊ အိမ်မှာအများကြီးရှိတယ်"

စတွေ့ကတည်းက ဆက်ဆံရေးက အချိုးမပြေ။ ဒါကြောင့်လည်း အန်ကယ်မှိုင်းက ခခ သွားပို့ပေးမည်ဆိုတော့ တားမြစ်တာဖြစ်မည်။

ဂျစ်ပေပေ တုမအကြောင်း သိနေသည်ကိုး။ ခခကိုယ်တိုင်က ဖြစ်ပါတယ် ပြဿနာမရှိပါဘူး ဖွတ်ပြောလို့ အန်ကယ်မှိုင်း ခွင့်ပြုလိုက်ခြင်းဖြစ်၏။

"ဆွိလေးက ဆက်ဆံရေးညံ့တယ် ခလေးရေ။ သူနဲ့တွေ့ရင် သည်းခံပါကွယ်။ ကြားက အန်ကယ်ပဲ တောင်းပန်ပါတယ်"

အန်ကယ်မှိုင်းက ကြိုတင်တောင်းပန်ထားသည်။ ခခကိုယ်တိုင်ကလည်း သည်းခံခွင့်လွှတ်ဖို့ ဆုံးဖြတ်ပြီးသားလေ။

"အန်ကယ်မှိုင်းက သူ့အစ်မမှာထားလို့ လာပို့ခိုင်းလိုက်တာ ဆွိလေးနဲ့ မဲခေါင်ဘက်ကလာတဲ့ လက်ဖက်ခြောက်တွေပါ"

"လေးလေးမှိုင်းကလည်း မာမီအတွက်ပဲလား၊ ဆွိလေးအတွက် ဘာမှမပေးလိုက်ဘူးလား"

ခြံတံခါးကို ဖွင့်ဖိတ်ခေါ်ဖို့ကို သတိမရဘဲ သူပြောချင်တာတွေချည်း ပြောနေတာကို ခခ အတော်ပဲ သည်းခံနေရ၏။

"လေးလေးမှိုင်းက အလုပ်တွေရှုပ်နေလို့ သတိမရပေမယ့် ခခက ဆွိလေးအတွက် လက်ဆောင်ဝယ်ခဲ့ပါတယ်"

"လက်ဆောင်၊ ဘာလဲ ဘယ်မှာလဲ"

"ပါ ပါတယ် ဆွိလေးရဲ့။ ဟို ခြံတံခါးဖွင့်ပါဦး။ ကားထဲက လက်ဖက်ခြောက်ထုပ်တွေလည်း သယ်ရဦးမယ်"

ခခ အပြုံးလေးစွက်ကာ ချော့မော့ပြောလိုက်မှ ဆွိလေးက ခြံတံခါး

www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်ပေးဖို့ ခေါင်းညိတ်သည်။

ခခ ကားလေးကို ဆင်ဝင်အောက်အထိ မမောင်းတော့ဘဲ ကွန်ကရစ်လမ်းကလေးနံဘေးမှာပဲ ထိုးရပ်လိုက်၏။

"ကားကလည်း တကယ့်အစုတ်အပဲ့ကြီးပဲ"

ခခမျက်နှာ ရဲခနဲဖြစ်သွား၏။ စုပါဆလွန်းကားဖြူလေးကိုကြည့်ကာ ဆွိလေးက အားမနာတမ်းပြောလိုက်ခြင်းဖြစ်၏။ ဆင်ဝင်အောက်မှာရပ်ထားသော သုခရိပ်မြိုင်၏ သိန်းထောင်ချီကားကြီးနှစ်စီးထက်စာလျှင်တော့ ခခကားလေးက တကယ့်အစုတ်ပါပဲ။

ခခ ရင်ထဲ လှိုက်တက်လာသည့် ရှက်ဒေါသကို မျိုသိပ်ရင်း -

"အဟင်း ခခတို့က ဆွိလေးတို့လောက်မှ မချမ်းသာတာပဲလေ။ ကဲ ဟောဒီမှာ လက်ဖက်ခြောက်ထုပ်တွေ။ ဘယ်သူ့ကို သယ်ခိုင်းမှာလဲ လုပ်ပါဦး"

"ဦးဒိုးကြီးမကိုင်နဲ့။ လက်တွေက ရွံစရာ။ စွမ်း စွမ်း ဒီကို မြန်မြန်လာစမ်းပါဟဲ့"

အိမ်ထဲက အပြေးထွက်လာသော မဏိစွမ်းက ချိုင်းပြတ်စွပ်ကျယ်လေးနှင့် ပုဆိုးနက်ပြာလေး ဝတ်ဆင်ထားသည်။ အိမ်နေရင်း အဝတ်အစားနှင့်တောင် ငေးကြည့်လောက်အောင် ချောသော မဏိစွမ်း။

အသေအချာကြည့်လေ မဏိလျှမ်းနှင့်တူလေလေ။ ခခ ရင်ထဲမှာ ကြိတ်ကာ ပြုံးလိုက်မိ၏။

"ဆွိလေး ဘာခိုင်းမလို့လဲဟင်"

"ဒီမှာ လေးလေးမှိုင်းပေးလိုက်တဲ့ လက်ဖက်ခြောက်ထုပ်တွေ သိမ်းသွားလိုက်စမ်း"

မဏိစွမ်း ခေါင်းကလေးညိတ်ကာ ကားနောက်ခန်းထဲက

www.burmeseclassic.com

www.burmeseclassic.com



အိတ်နှစ်လုံးကို ဆွဲကိုင်သယ်သည်။

"ခခ တစ်ထုပ်ကူသယ်မယ်လေ စွမ်းရဲ့။ ပေးပါ"

"ဟာ ရင် ာယ် ကျွန်တော်နိုင်ပါတယ်"

မော့ကြည့်သော မျက်ဝန်းလေးတွေက ကြည်လဲ့အပြစ်ကင်းစင်သည်။ ခခ ထိုမျက်ဝန်းလေးတွေထဲ စူးစူးနစ်နစ်ကြည့်ကာ ပြုံးပြတော့ စွမ်း မျက်နှာလွှဲ ရှောင်တိမ်းသွား၏။

တာကယ့်ကို ရိုးသားတဲ့စွမ်းပါပဲ။ မဏိလျှမ်းလို မဟုတ်တာတော့ သေချာ၏။ ဒီတစ်ခါ ခခထင်မြင်ချက်တွေ လွဲမှားစရာအကြောင်းမရှိ။

"အိမ်ထဲသယ်သွား စွမ်း။ ပြီးရင် ငါ့အတွက် စတော်ဘယ်ရီတစ်ဘူး ယူခဲ့"

စွမ်း ပုတ်သင်ညိုလေးလို ခေါင်းညိတ်ကာ ကြွပ်ကြွပ်အိတ်နှစ်လုံးကို ဆွဲကာ ထွက်သွား၏။ အရုပ်အမောင်း မြင့်မားပြီး အသားအရည် ဝင်းဝါစိုပြေပုံက မဏိလျှမ်းနှင့်တူတာပါပဲ။

"ဒီမှာ ရှင်ပါတယ်ဆိုတဲ့ လက်ဆောင်က ဘာလဲ"

လက်ထဲမှာ ပွေ့ပိုက်ထားသော ကြောင်ဖြူကြီးကို ပွတ်သပ်နေရင်း ဆွိလေး လှမ်းမေးတာမို့ ခခ လက်ကိုင်အိတ်ထဲက အနီရောင် ပလတ်စတစ်ဘူးလေးကို ထုတ်လိုက်၏။

ဆွိလေးကို မျက်နှာလုပ်ဖို့ ခခ ပလာဇာမှာ ဆင်းဝယ်ခဲ့သော ဆံညှပ်ကလစ်လေးဖြစ်သည်။ အသည်းနှစ်ထပ်ပုံ ကျောက်ရောင်စုံလေးတွေ ဆိုးခြယ်ထားသော ဖန်စီကလစ်လေး။ တန်ဖိုးကမသေး၊ ခခအိတ်ထဲက နှစ်သောင်းနီးပါး ခုန်ထွက်သွားခဲ့၏။

"ရော့ ဆွိလေးအတွက် ခခရဲ့ ခင်မင်မှုလက်ဆောင်ပါ"

"ဘာကြီးလဲ ဖွင့်ပြစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



တင်တင်စီးစီး စေခိုင်းမှန်းသိပေမယ့် ခခ အပြုံးမပျက် ဟန်ဆောင်ရင်း ဘူးနီလေးကို အသာဖွင့်လျက် ဆွိလေးမြင်အောင် ပြလိုက်၏။

"ဖန်စီဆံညှပ်ကလေးလေ မလှဘူးလား ဆွိလေးရဲ့"

လှပသော ဆံညှပ်ကလေးကိုကြည့်ကာ ဆွိလေး နှာခေါင်းရှုံ့သည်။

"ဆွိလေး မကြိုက်ဘူးလားဟင်"

"မကြိုက်ဘူး၊ ချောကလက်တစ်ခုလောက်တောင် စိတ်မဝင်စားဘူး"

အားမနာတမ်းပြောကာ ကြောင်ဖြူကြီးကို ပွတ်သပ်လျက် မြက်ခင်းစပ်က ဒရင်းဘတ်လေးပေါ်ထိုင်ချ၏။ ခခရှိနေတာကိုတောင် ဂရုမစိုက်။ လုပ်ပုံက ရိုင်းစိုင်းလွန်း၏။

သည်လောက်အထိ ဆိုးလှတဲ့ အရိုင်းအစိုင်းလေးကို ခခ အရှုံးပေးလိုက်ရတော့မည်လား။ ဟင့်အင်း အရှုံးပေးလို့မဖြစ်ဘူး။ အခု ခခ ကိုယ့်ကိုယ်ကိုယ် ပြန်အားတင်းရသည်။

ခခကို ဥပေက္ခာပြုလျက် ကြောင်ဖြူကြီးကိုပဲ ပွတ်သပ်ချော့မြှူနေသော ဆွိလေးအနီးကို ခခ အပြုံးမပျက် တိုးလှမ်းခဲ့ရင်း –

"ခခ ထိုင်မယ်နော် ဆွိလေး"

"ထိုင်လေ ထိုင်ပေါ့"

ကျောမှီပလတ်စတစ်ခုံလေးမှာ ခခ ဝင်ထိုင်ရင်း –

"ဆွိလေးမကြိုက်လည်း အမှတ်တရအဖြစ် ယူထားလိုက်ပါ။ တို့က ခင်မင်လို့ ရည်စူးဝယ်ပေးတာ၊ လက်ခံနော် ဆွိလေး"

စားပွဲပေါ်ကို လှမ်းတင်ပေးလိုက်သော ဆံညှပ်ဘူးလေးကို ငုံ့ချက်ကြည့်ကာ ဆွိလေး မျက်မှောင်ကုပ် စုပ်သပ်သည်။

ထိုအချိန်မှာပဲ အိမ်ထဲက အချိုရည်ဘန်းကိုကိုင်ကာ မဏိစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။ ဆွိလေးလက်ထဲကို စတော်ဘယ်ရီဘူး ကမ်းပေးရင်း ခခ အတွက်လည်း အချိုရည်တစ်ဘူးကို စွမ်း ကမ်းပေး၏။

"သောက်လှက်ပါဦး မ"

"ကျေးဇူးပဲ စွမ်း။ တို့နာမည် ခခနော်ပါ။ ခခလို့ပဲ ခေါ်နိုင်ပါတယ်"

"ဟုတ်ကဲ့ မခခ"

"အာ နားထောက်လိုက်တာ ခခလို့ပဲခေါ်ပါ"

"စွမ်း ငါ့အတွက် နောက်တစ်ဘူးလောက် သွားယူပေးပါဦး"

ဆွိလေးက ကြားထဲက စေခိုင်းပြန်တာမို့ စွမ်း ခေါင်းကလေးညိတ်တာ အိမ်ဘက် ပြန်ထွက်သွားရပြန်ရှာသည်။

"အဟင်း မဏီစွမ်းက ဆွိလေးရဲ့အစ်ကိုတစ်ယောက်ဆိုတာ အန်ကယ်မှိုင်းပြောပြလို့ ခခ သိထားပါတယ်"

"အစ်ကိုမဟုတ်ပါဘူး။ ပထွေးရဲ့သား။ တကယ်တမ်းကျ ဘာမှ တော်ပါဘူး"

စကားလုံးတွေက ရင့်သီးသည်။ စွမ်း ကြားမှာစိုး၍ ခခတောင် အားတုံ့အားနာ ဖြစ်ရ၏။ ဆွိလေးကတော့ ဂရုမစိုက်သလို ဟန်မပျက်ရှိ၏။

"ခဏလေး ဒီပစ္စည်းက ရှင် ဆွိလေးကို လက်ဆောင်ပေးတာ နော်"

"ဟာ ဟုတ်တယ်လေ ဆွိလေးရဲ့။ အန်ကယ်မှိုင်းတူမဆိုတော့ ခနဲ့ ဆွိလေးကလည်း ညီအစ်မတော်တာပေါ့။ ညီမလေးလိုခင်လို့ ပေးတာ"

"ဆွိ ဆံပင်တိုတိုနဲ့ အသုံးမတည့်ပါဘူး။ ပြီးတော့ ခပ်ညံ့ညံ့ အောက်ပွင့်တွေကို လုံးဝမဆင်ဘူး။ ခခပေးတာဆိုတော့ လက်ခံယူထားပါ့ မယ်"

"အမှတ်တရအဖြစ်ပဲ သိမ်းထားပေါ့ ဆွိလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းပစ်ထားရတာ ဘာတန်ဖိုးရှိမှာလဲ၊ ဆွိလေးရဲ့ ကြောင်ဖြူကြီးကို ပြန်ဆင်ပေးမှာပေါ့ အဟင်း"

စားပွဲပေါ်က ဘူးလေးထဲက ဆံညှပ်ကလစ်လေးကို ဆွိလေးဆတ်ခနဲ ကောက်ယူသည်။ ပြီးတော့ ပွေ့ပိုက်ထားသော ကြောင်ဖြူကြီးခေါင်းပေါ်က အမွေးထူတွေကြားမှာ ဆံညှပ်လေးကို ထိုးပေးနေ၏။

ခခ မျက်နှာတစ်ခုလုံး အချဉ်ရည်နှင့် အပက်ခံထားရသလို နီမြန်းနေ၏။ ဒါ တမင်ယုတ်မာတာ၊ ခခကို နှိမ်ချိုးလိုက်တာ။

ဟန်မဆောင်နိုင်လောက်အောင် ခခမျက်နှာ ထူပူလျက် နှုတ်ခမ်းတွေကို တင်းတင်းစေ့ပိတ်ထားရ၏။

ကြောင်ဖြူကြီးက မနေတတ်သလို ခေါင်းကိုယမ်းကာ ခါချ၏။

"ဟဲ့ ဖြူဖွေး ငြိမ်ငြိမ်နေလေ၊ စွမ်း လာ ဒီကိုလာပါဦး"

စတော်ဘယ်ရီအအေးဘူးကို ကိုင်ကာ စွမ်း အပြေးရောက်သည်။

"ဖြူဖွေးကိုချုပ်ထားစမ်း"

ဆွိလေးစကားကို စွမ်း မငြင်းနိုင်ဘဲ၊ ဖြူဖွေးကို ချုပ်နှောင်ကိုင်ပေးထား၏။

"ခေါင်းမှာ မပန်ချင်ရင် နားရွက်မှာပဲ ပန်တော့၊ ကဲ"

ကြောင်ဖြူကြီးနားရွက်မှာ ဆံညှပ်ကလစ်လေးကို ညှပ်ကာ ပန်ဆင်ပေး၏။

"ရပြီ ဖြူဖွေးကို လွှတ်ပေးလိုက်တော့ စွမ်း"

ကြောင်ဖြူကြီး အနေမတတ်သလို ခေါင်းကို လှုပ်ခါကာ အိမ်ကြီးဆီ ပြေးသွားခဲ့သည်။

ခခ ဒေါသစိတ်တွေ ရင်ထဲမှာ လုံးကြွလာ၏။ ဆွိလေး မျက်ဝန်းတွေက မထီတရီအပြုံးရိပ်တွေ ခိုတွယ်ကာ ခခကို လှမ်းကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းမျက်ဝန်းတွေက တောင်းပန်တိုးလျှိုးနေသလို၊ ခခ အပြုံးတစ်ခု ကို ကြိုးစားဖန်ဆင်းရင်း ထရပ်မိ၏။

"တို့ကိုခွင့်ပြုဦး ဆွိလေး"

"ကျေးဇူးတင်တယ် ခခ။ နောက်လည်း လာလည်ဦးနော်။ ဆွိ တစ်ယောက်တည်း ပျင်းလို့၊ အဟင်း ဟင်း"

ခခ အပြုံးမပျက် ခေါင်းကလေးညိတ်ပြလိုက်ရ၏။ ရင်ထဲမှာတော့ ဒေါသနှင့် ရှက်စိတ်တွေအောက်မှာ ဆွိလေးတစ်ကိုယ်လုံး ကြေမွသွားမတတ်။

စိတ်ချ လမင်းအိမ်။

မင်းကိုငါ အရှုံးမပေးဘူးဆိုတာ ယုံလိုက်စမ်းပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မဏိလျှမ်းရဲ့ ကုမ္ပဏီရုံးခန်းမှာ ပန်းသွေး အလုပ်ဝင်ဖြစ်ခဲ့တာ နှစ်ပတ်တိုင်ခဲ့ပြီ။ မဏိလျှမ်းက တစ်နေ့နှစ်ကြိမ်လောက်တော့ ပန်းသွေးဆီ ရောက်လာတတ်ပါသည်။

"ပန်းသွေး အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ် မဏိလျှမ်း၊ အေးဆေးပဲ"

"ညနေပြန်ရင် ကိုယ်နဲ့အတူ ပြန်မယ်နော်။ ဆိုဒ်တစ်ခုသွားကြည့်ပြီး လေးနာရီအမီ ပြန်ခဲ့မယ်"

မဏိလျှမ်းကတော့ ဂရုတစိုက်ရှိသည်။ ပန်းသွေးနှင့် မဏိလျှမ်း အခြေအနေကို ကြာတော့လည်း စာရေးမလေး မေသူတောင် ရိပ်မိ...

"ဆရာက မမသွေးကို ဂရုစိုက်တယ်နော်၊ ဆရာနဲ့မမသွေး... ယ်သူငယ်ချင်းတွေဆို"

"မဏိလျှမ်းပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာမ။ မမသွေးကို လိုတာကူညီဖို့လည်း မေသူ့ကို မှာထားတယ်။ ဟို စိတ်မဆိုးနဲ့နော် မမသွေး။ ဆရာနဲ့မမသွေးကို အားလုံးက ချစ်သူတွေတဲ့"

"ဟယ် မဟုတ်တာ"

"မမသွေးပြောလို့ ယုံရမှာ။ မေသူတောင် လက်မခံချင်ဘူး။ ချစ်သူတွေ မဟုတ်သေးရင်တောင် မကြာခင် ဖြစ်သွားကြမယ်ထင်တယ်နော်။ ဆရာက မမသွေးကို ချစ်နေတာ သေချာတယ်"

မဏီလျှမ်း အပြုအမူတွေက အားလုံးရိပ်မိအောင် ပိုလွန်းနေသည် သာ။ ပန်းသွေး မေသူကို အပြုံးလေးနှင့် နှုတ်ဆိတ်ကြည့်နေလိုက်၏။

"ဆရာ့ကို မိန်းမ မယူတော့ဘဲ လူပျိုကြီးပဲ လုပ်တော့မယ် ထင်ထားကြတာ။ အခုမှပဲ သိတော့တယ်။ အင်း မမသွေးနဲ့ ဆရာက လိုက်ဖက်ပါတယ်။ ဆရာက မမသွေးကို အရမ်းချစ်ပုံပဲ။ သိပ်ဂရုစိုက်တယ်။ နှုတ်ထဲမှာ ဆရာက အမြဲတမ်း တည်တည်ခန့်ခန့်နေသလောက် မမသွေးနဲ့ကျ တော့ ပြုံးနေတာပဲ"

ပန်းသွေးလည်း သိပါသည်။

မဏီလျှမ်းရဲ့ ဂရုတစိုက်ရှိမှုတွေက ပန်းသွေးအပေါ် ပိုမိုလွန်းသည်။ အလုပ်သွားအလုပ်ပြန် ပန်းသွေးနှင့်အတူဖြစ်အောင် မဏီလျှမ်း စီစဉ်ထားပုံ ရသည်။

ပန်းသွေးအိမ်က ကားလေးထွက်ပြီဆိုလျှင် လမ်းထိပ်မှာ မဏီလျှမ်း ကားလေးက ရပ်စောင့်ကာ ရှိနေတတ်၏။ ပြီးတော့ ပန်းသွေး ကားနောက်က အသာလေးမောင်းကာ လိုက်လာတတ်တာ ရုံးခန်းရောက်တဲ့အထိ။

မဏီလျှမ်း အလုပ်များ၍ အပြန်နောက်ကျသည့်နေ့တွေမှာတော့ စိတ်မချနိုင်စွာ ဖုန်းဆက်လှမ်းပြောတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းသွေး ကိုယ် ဒီနေ့တော့ ဆိုဒ်ထဲမှာမိုးချုပ်မယ်။ ပန်းသွေး စောစောပြန်နော်၊ ကားကိုဂရုစိုက်မောင်း။ မိုးမချုပ်စေနဲ့နော်၊ ပန်းသွေး"

"ရှင့်ကုမ္ပဏီက အလုပ်သမားတွေကို ရှင် ဒီလိုပဲ စည်းကမ်းတွေ အမိန့်တွေ ပေးတတ်သလား။ မဏီလျှမ်း"

"ဟာ မဟုတ်တာ၊ ပန်းသွေးတစ်ယောက်တည်းပဲ အဲဒါက ပန်းသွေးကို စိုးရိမ်လို့"

"စိတ်ညစ်စိတ်ရှုပ်အောင် မလုပ်နဲ့နော်၊ အလုပ်ကထွက်မိမယ်"

"ပန်းသွေးကို မလုပ်စေချင်ပါဘူး။ ဒါပေမဲ့ နေ့တိုင်းလည်း မြင်ချင်တယ်။ ပန်းသွေး ရုံးမှာမရှိတော့ရင် ကိုယ်တော့ အတော်ခံစားရမှာ သေချာတယ်"

"ဒုက္ခပဲ၊ ကျွန်မကပဲ ရှင့်အတွက် အမြဲတမ်း ဒီကုမ္ပဏီမှာ လုပ်နေရတော့မယ့်အတိုင်း"

"ဟင့်အင်း၊ အဲဒါ ကိုယ့်ဆန္ဒမှမဟုတ်တာ။ ကိုယ် ပန်းသွေးကို ရှိနေစေချင်တာ ကိုယ့်ရဲ့ အိမ်ရှင်မတစ်ယောက် နေရာမှာပါ"

"ဟိုး တော်ပြီ၊ ဒါ အလုပ်ချိန်"

စကားပြတ် ဖုန်းချလိုက်ပြီးတိုင်း ပန်းသွေး ရင်တွေတလှပ်လှပ်ခုန်ကာ ကြည်ကြည်နူးနူးပြုံးမိတာ ဘာကြောင့်မှန်းမသိပါ။

တကယ်ဆို ပန်းသွေးကိုယ်တိုင်လည်း မဏီလျှမ်းအပေါ် သံယောဇဉ်ကြိုးတွေ ရစ်နှောင်နေမိပြီလား။

ညနေခင်းတွေမှာ နှစ်ဦးထိုင်ဖြစ်သော ဆိုင်ကလေးမှာလည်း ပန်းသွေးရင်တွေ တသိမ့်သိမ့်နွေးကာ ကြည်နူးရ၏။

သည်လို ကြည်နူးမှုတွေကို ပန်းသွေး တွယ်မက်နေမိတာ ဘာကြောင့်လဲ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ သံယောဇဉ်နှင့် နှောင်ဖွဲ့နေတတ်သော သဘော မှန်ကန်ခဲ့လျှင် ပန်းသွေးနုလုံးက သံယောဇဉ်ကြိုးတွေအောက်မှာ တုပ်နှောင် နေခဲ့ပြီလား။

အံ့ဩစရာ ကောင်းလိုက်တာ။ အချစ်ဆိုတာ မဖိတ်ခေါ်ဘဲ ရောက် လာတတ်တဲ့ ဧည့်ဆိုးတစ်ယောက်လိုလား။ ပန်းသွေး သိချင်လိုက်တာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အား စူးလိုက်တာ အ"

"ဟင် ဆွိ ဆွိလေး ဘာဖြစ်တာလဲ"

နှင်းဆီပွင့်ဆီ သတိမဲ့စွာ လှမ်းမိသော ဆွိလက်ချောင်းထိပ်မှာ နီရဲသောသွေးတွေ တစ်ပေါက်ပေါက် စီးကျလာ၏။

"အား နာတယ် နာတယ်"

"မှန်း စွမ်းကိုပြစမ်း"

စိုးရိမ်စိတ်နှင့် စွမ်း သူမလက်ကို လှမ်းဆွဲသည်။ သွေးစိမ်းတွေ စီးကျနေသော လက်ချောင်းကို စွမ်း ငုံ့စုပ်သည်။

"အိုး စွမ်း။ မ မလုပ်နဲ့ဟာ"

စွမ်း ဒီတစ်ခါတော့ ဆွိလေးစကားကို နားမထောင်။ နှင်းဆီဆူးမှာ အဆိပ်ရှိတာသိသည်။ ထိုအဆိပ်တွေ ပြယ်လွင့်သွားအောင် စုပ်ထုတ်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လွှတ် လွှတ်စမ်း စွမ်း"

ဆွိလေး ရုန်းကန်နေတော့မှ သူ လွှတ်ပေးလိုက်မိသည်။ ရဲရဲနီနေသော ဆွိမျက်နှာလေးမှာ ဒေါသရိပ်တွေလား စွမ်း ငေးကြည့်မိ၏။ မျက်ဝန်းစူးစူးလေးတွေက သည်တစ်ခါတော့ မျက်လွှာချ ရှောင်တိမ်းသွားခဲ့သည်။

"နှင်းဆီဆူးက အဆိပ်ရှိတယ် ဆွိလေးရယ်။ ဒါကြောင့် သွေးတွေကို စုပ်ထုတ်ပစ်ရတယ်။ နို့မို့ အဆိပ်တက်လိမ့်မယ်"

"ငါ့ဘာသာ ညှစ်ထုတ်မှာပေါ့။ နင့်ပါးစပ်ကြီးနဲ့ ရွံစရာကောင်းလိုက်တာ"

ဆွိလေး သူ့ရှေ့က ပြေးထွက်သွားသည်။ သင်းပျံ့ကျန်ရစ်ခဲ့သော ရေမွှေးရနံ့သင်းသင်းက အထူးအဆန်းမဟုတ်ပါ။

ဒါပေမဲ့ သည်တစ်ခါတော့ စွမ်းရင်ထဲကို လှုပ်ခတ်သွားစေ၏။

ဆွိလေး မကျေမနပ်ဖြစ်ကာ ပြဿနာရှာဦးမည်လား။

စိုးရိမ်စွာနှင့် သူ အိမ်ဘက်သို့ လှမ်းခဲ့သည်။ ဆွိလေး လက်ဆေးနေတာလား။ ရေချိုးခန်းဘက် ရောက်ခဲ့တော့လည်း မတွေ့။

မီးဖိုခန်းထဲမှာလည်း မရှိ။ နောက်ဆုံး ဆွိလေးရဲ့အခန်းဆီ သူ တက်ခဲ့သည်။ ဒုတိယအထပ်မှာရှိသော ဆွိလေးအိပ်ခန်းတံခါးကို ပိတ်ထားသည်။ အတွင်းက ပိတ်ထားမှန်း တံခါးအနီးရောက်မှ သူသိ၏။

တံခါးရွက်မှာ နားကပ်နားထောင်ကြည့်တော့ တိတ်ဆိတ်နေသည်။

"ဆွိ ဆွိလေး၊ အခန်းထဲမှာရှိလား"

"ရှိတယ်၊ ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ဘူး။ ဒဏ်ရာကို ဆေးထည့်မလို့"

"မလိုဘူး၊ သက်သာသွားပြီ။ ငါ အိပ်ချင်လို့ နင်သွားတော့ စွမ်း"

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်နေ့ခင်း မအိပ်တတ်သောသူက အိပ်မလို့တဲ့။ သူ အသာ ရပ်ပြီးနားထောင်ကြည့်သည်။ အထဲက ဘာသံမှမကြား။

အခန်းရှေ့က ပြန်လှည့်ဖို့အပြင်မှာ တံခါးလေးက ခပ်ဟဟပွင့်လာသည်။

"ဟာ"

"အို"

ဆွိလေး တံခါးဟကာ ခေါင်းပြူအကြည့် သူ့မျက်နှာနှင့် နီးကပ်စွာ ရင်ဆိုင်တိုးမိ၍ ထိတ်လန့်သွားကာအော်သည်။ သူလည်း ရင်တွေလှုပ်ခတ်၍ တုန်ယင်သွား၏။

"နင် နင် မသွားသေးဘဲ ဘာလုပ်နေတာလဲဟင်"

"ဘာမှမလုပ်ပါဘူး။ ဆွိလေး ဘာနိုင်ငံဦးမလဲ ခဏ ရပ်စောင့်နေတာ"

"ဟာ မခိုင်းဘူး၊ မခိုင်းဘူး သွားတော့"

အော်ဟစ်မောင်းထုတ်ကာ ဆွိလေး အခန်းတံခါးကို ပိတ်ပစ်လိုက်မိ၏။ ရင်ထဲမှာ တလှပ်လှပ်တုန်ခါနေသံက ပေါက်ကွဲမတတ်။

သူပြန်သွားပြီလား ချောင်းကြည့်ကာမှ မျက်နှာချင်း ထိပ်တိုက်တိုးမိတဲ့အဖြစ်။

ဆွိလေးနဖူးမှာ နွေးနွေးလေး ခံစားခဲ့ရသော စွမ်းရဲ့ ဝင်သက်ထွက်သက်လေကလေးက ခုထိ ပူနွေးနေဆဲ။

စိတ်ဆိုးတာမဟုတ်၊ ဒေါသဖြစ်တာမဟုတ်ဘဲ ရင်ထဲမှာ မောဟိုက်စေတာ ဘာကြောင့်မှန်းမသိ။

ခုတင်ပေါ်မှာ လှဲအိပ်ရင်း ဆွိ ငြိမ်သက်နေလိုက်တာတောင် ရင်ခုန်သံတွေ မပြယ်ချင်သေး။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေကို မှိတ်လိုက်တော့ စွမ်းမျက်နှာက ပျောက်မသွား။ ဆွိ နှုတ်ခမ်းလေးတွေ လှုပ်ခတ်ပြုံးသွားခဲ့သည်။

ဒီလိုဆန်းကြယ်တေသာ ခံစားမှုအသိတွေကို ဆွိလေးခံစားတတ်ခဲ့တာ ကြာပြီ။ ဘာကြောင့်လဲ၊ ထူးဆန်းလိုက်တာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

မရည်ရွယ်ဘဲ မထင်မှတ်သောဖြစ်ခဲ့သည့် အဖြစ်အပျက်ပေမယ့် သူ မေ့ပစ်လို့မရပါ။ နမ်းရှိုက်မိသော ဆွိနဖူးပြင်လေးဆီက ရနံ့လေးက စွဲကျန်ရစ်ခဲ့သလို ထင်မိသည်။

အမြဲတမ်း အနိုင်ကျင့်တတ်သော ဆွိလေးမျက်ဝန်းတွေမှာလည်း သည်တစ်ခါ သူမြင်ခဲ့ရတာ ထူးဆန်းသည်။ ဆွိလေး မျက်ဝန်းတွေထဲမှာ လင်းလက်နေတာ ဒေါသရိပ်တွေမဟုတ်။

နူးညံ့သောရောင်စဉ်တွေ ဖြာလဲ့နေသည့် မျက်ဝန်းလေး။

ဟိုးငယ်စဉ်ကတည်းက သည်မျက်နက်ဝန်းလေးနှင့် ကောင်မလေး ကို သူ ချစ်ခင်ခဲ့ရသည်။

ဒယ်ဒီကတော့ ဆွိလေးဆိုတာ သားရဲ့ညီမအရင်း မဟုတ်ဘူးဟု ပြောပြဖူးသည်။ ငယ်စဉ်တုန်းက နားမလည်နိုင်ခဲ့။

ဒီညီမလေးကိုပဲ သူ ခင်တွယ်အချစ်ပိုခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် နှစ်နှစ်ကျော်ခန့် ငယ်ရွယ်သောဆွိလေးကို သူ အမြဲ ရှိုက်ချစ်ခဲ့ရသည်။ အတူစား အတူကစား ပျော်စရာကောင်းသည့် ဘဝ လေးမှာ မှန်တိုင်းမွှေခဲ့သည့်နေ့။

ထိုနေ့က ပထမတန်းကျောင်းသား သူ့ဆရာမ ပေးလိုက်သော သက်ရေးလှပုဒ်စာတွေ ရေးနေခိုက် ညီမလေးရောက်လာ၏။

"စွမ်း ကစားမယ်လေ၊ ကစားရအောင်"

"ခဏလေးစောင့်ဦး ညီမလေးရဲ့၊ ဒီမှာ ကိုကို စာတွေရေးရဦးမယ်"

"ဟင့်အင်း မရဘူး၊ မရေးနဲ့ ကစားမယ် ခုလာ"

ညီမလေးက သည်လိုဆိုးတတ်သည်။

သူ စာအုပ်တွေ ပစ်ထားရစ်ခဲ့ကာ ဆွိလေးနှင့်အတူ အိမ်ကြီး အနောက်ဘက်က ကန်နံဘေးကိုထွက်ခဲ့၏။

"ကန်ထဲကို လှေတွေလွှတ်ရအောင် ကိုကိုနော်"

ဆွိလေးက သည်လိုပဲ။ သူစိတ်ထဲရှိရင် ကိုကိုလို့ခေါ်သည်။ တစ်ခါ တစ်ခါကျတော့လည်း ဒယ်ဒီတို့ခေါ်သလို စွမ်းဟု ခေါ်ချင်ခေါ်ပြန်၏။

"လှေတွေကောက်လေ ကိုကိုရဲ့"

မြေပြင်ပေါ်မှာ ပြန့်ကျဲကြွေလွင့်နေသော ပိတောက်ရွက်ခြောက်တွေ ကို ကောက်ယူကာ ကန်ထဲမှာ ပစ်ချပြီး လှေအဖြစ် ကစားကြ၏။

"ဟယ် လုပ်ပါဦး၊ ဆွိလေး လှေကလေးနစ်နေပြီ ကိုကို"

"နစ်ရင် ဟောဒီမှာ လှေအသစ်ယူပေါ့ အများကြီးပဲ"

"ဟင့်အင်း ဟင့်အင်း၊ အဲဒီလှေမနစ်အောင် လုပ်ပေးပါ"

သူ သစ်ကိုင်းခြောက် တစ်ခုရှာကာ ရေထဲမှာ နစ်လုလု ပိတောက် ခြောက်လေးကို လှမ်းဆယ်ယူပေးမှ ကျေနပ်တော့၏။

"ကဲ ညီမလေး၊ ခဏလေး ကစားဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"စွမ်းက ဘယ်သွားမလို့လဲ"

"ညီမလေးစားဖို့ ချောကလက်တွေ ယူမလို့။ စိတ်ချ မကြာဘူး ခဏလေးနော်"

"မြန်မြန်ပြန်ခဲ့နော် စွမ်း"

ညီမလေးကို ညာထားရစ်ခဲ့ကာ သူ စားပွဲကို ပြန်ခဲ့သည်။ မပြီးသေးသော လက်ရေးလှတစ်ပုဒ်ကို ပြီးအောင် ထိုင်ရေးနေလိုက်၏။

ဘယ်လောက်ကြာသွားသည် မသိလိုက်။ ညီမလေးအော်သံကို ကြားမှ သူ သတိရ၏။

"ကို ကိုကို လာပါဦး။ စွမ်း"

"အေး လာမယ် ညီမလေး၊ ခဏလေးဟေ့"

တစ်ပုဒ်ပဲကျန်တော့သောစာပိုဒ်ကို အပြီးရေးသည်။ ပြီးတော့ ညီမလေးစားဖို့ ရေခဲသေတ္တာထဲက ချောကလက်တွေ ယူနေတုန်း။

"လာ လာကြပါဦး၊ ဆွိလေး ရေ ရေနစ်နေပြီ"

ခြံစောင့်ဦးဖိုးကြီး အော်သံက စူးစူးဝါးဝါး။

သူ မျက်လုံးကြီးပြူးကာ ဝင်းလက်နေသည်။ ပြီးမှ သတိဝင်လာကာ မီးဖိုထဲက ပြေးထွက်ခဲ့၏။

"ညီမလေး ညီမလေး"

ရေကန်ထဲမှာ ဒယ်ဒီ ကူးခတ်လျက် ညီမလေးကို ရှာဖွေနေသည်။ သူနှင့် ခြံစောင့်ကြီး ရေကန်အစပ်မှာ ကြောက်လန့်ချောက်ချားစွာ ရှိနေ၏။

"ဟော တွေ့ပြီ တွေ့ပြီဟေ့"

ဒယ်ဒီက ပျော့ခွေနေသော ဆွိလေးကို ကူးခတ်ကာ ကမ်းပေါ်တင်လာသည်။ ပြီးတော့ ပခုံးပေါ်ထမ်းပိုးကာ ရေတွေအံထွက်အောင် နှိပ်သည်။

"ဒယ် ဒယ်ဒီ၊ ညီမလေး ညီမလေး မျက်လုံးတွေ မဖွင့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သား အိမ်ထဲဝင်နေ၊ ဒိုးကြီး ခိုင့်ဆီဖုန်းဆက်။ ကျွန်တော် သမီးလေးကို ဆေးရုံခေါ်သွားမယ်"

ထိုနေ့က မို ဂျပ်မှ ဒယ်ဒီနှင့်အန်တီခိုင်တို့ ပြန်ရောက်လာကြသည်။ ဧည့်ခန်းထဲမှာ အိမ်ဖော်ဒေါ်မြရင်နှင့် ထိုင်စောင့်နေသောသူ အပြေးအလွှားမေးမိ၏။

"ညီမလေး ညီမလေး။ ဘယ်မှာလဲ ဒယ်ဒီ"

"ဆေးရုံမှာ သား။ ကံကောင်းလို့ အသက်ရှင်တာ။ ဟူး ဘုရားမတာပဲ"

"သမီးလေး တစ်ခုခုဖြစ်ရင် ခိုင် မဖြေနိုင်တော့ဘူး ကိုရယ်"

ကံကောင်းထောက်မစွာ ညီမလေး အသက်မသေခဲ့ပါ။

ဒါပေမဲ့ ညီမလေး ဆေးရုံမှာ အကြာကြီး နေခဲ့ရ၏။ သူလိုက်သွားတော့လည်း မျက်ဝန်းကြောင်ကြောင်လေးတွေနှင့် ကြည့်၏။

ဆွံ့လေး စကားမပြောနိုင်ဟု ဒယ်ဒီကပြောပြသည်။

ထိုညက သူ အခန်းထဲမှာ ကြိတ်ငိုခဲ့ရသည်။ သူ ညီမလေးကို ထားရစ်ခဲ့လို့ ဖြစ်ခဲ့ရတာ။ သူ့ကြောင့် -

ညီမလေးခေါ်သံကိုသာ ကြားစဉ်က သူထွက်ခဲ့လျှင် ဒီလောက်အထိ ဖြစ်မှာမဟုတ်။

နုငယ်သော သူ့နှလုံးသားမှာ နာကျင်ကြေကွဲစွာ ခံစားခဲ့ရ၏။

ဆေးရုံကဆင်းလာပြီး အတန်ကြာမှ ညီမလေးစကား ပြောနိုင်ရှာ၏။ သို့ပေမဲ့ စကားသံက မပီမသ ထစ်ငေါ့နေ၏။

"မာ မာ မိ ထ ထ မင်း မင်း စား မ မယ်"

ဒုက္ခိတညီမလေးကို သူ သနားမျက်ရည်ဝဲရသည်။ သူနှင့်ဆယ်နှစ်ပဲ ကွာပေမယ့် သူ ရှစ်တန်းရောက်မှ ညီမလေး ကျောင်းတက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးက မကောင်းတော့ တစ်တန်းမှာ နှစ်နှစ်သုံးနှစ် နေရ၏။

စကားမပီ ထစ်အအနှင့်ဆိုတော့ အများရယ်စရာ အထစ်မလေး ဖြစ်ခဲ့ရှာသည်။

နောက်ပိုင်းမှာ ညီမလေးစကားသံတွေ ပီပြင်ပြန်ကောင်းလာပေမယ့် မူလတန်းနှင့် ကျောင်းထွက်လိုက်ရ၏။

"မီး မတက်ချင်တော့ဘူး။ မီးနဲ့တက်တဲ့သူတွေက ကလေးလေး တွေ။ မီးရှက်တယ် အဟင့် ဟင့်"

ဘယ်လိုချော့မော့တက်ခိုင်းပေမယ့် 'ဆွိလေး မတက်တော့ပါ။ မကြာခဏ ကျန်းမာရေးချူချာတတ်သော ဆွိလေးကို အားလုံးက အလိုလိုက် ဂရုစိုက်ခဲ့ကြသည်။

သူကြောင့်ဟုသော အသိကြီး စွဲနေသော သူကလည်း ဆယ်တန်း အောင်တော့ ဆေးကျောင်းတက်ခွင့်ရပေမယ့် အဝေးသင်ဘွဲ့ကိုပဲ ရွေးချယ်ခဲ့ ၏။

"ဆွိလေး ခုလိုဖြစ်ခဲ့ရတာ သား ဂရုမစိုက်လို့လို့ ခံစားရတယ် ဒယ်ဒီ။ ဆွိလေးတောင် ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းက်ထွက်ခဲ့ရတာ ပဲ။ သားလည်း ဆရာဝန်ကြီး မဖြစ်ချင်တော့ပါဘူး။ အဝေးသင်ဘွဲ့ပဲယူမယ် ဒယ်ဒီ။ ဒါမှ တရားမျှတာမှာပေါ့။ ညီမလေးကို ကျွန်တော် စောင့်ရှောက်မယ် ဒယ်ဒီ"

သူ့ ဆုံးဖြတ်ချက်ကို ဒယ်ဒီလည်း မဖျက်နိုင်ခဲ့။

ဆွိလေးဘဝကို သူ အရိပ်ကြည့် ဂရုစိုက်ခဲ့၏။

"အဲဒီတုန်းက ဆွိလေး ကိုကို့ကို လှမ်းခေါ်တာကြားတယ်။ ဒါပေမဲ့ ကိုကိုက စာမှာပဲ အာရုံရောက်နေလို့ ချက်ချင်းမလာခဲ့မိဘူးကွာ။ ကိုကို့အပြစ် ပါ။ ကိုကိုသာ ညီမလေး ရေနစ်နစ်ချင်း ထွက်ခဲ့ရင် ညီမလေး ဒီလိုအခြေ

www.burmeseclassic.com



အနေထိ ဖြစ်မှာမဟုတ်ဘူး''

ဆွိလေးကို သူ ရိုးသားစွာ ဝန်ခံခဲ့မိတော့ အတိတ်ကို မမှတ်မိရှာသော ဆွိလေးမျက်ဝန်းတွေ ပြူးကျယ်စွာ နားထောင်ရင်း –

"အဲ အဲဒီတုန်းက စွမ်း ဆွိလေးအသံကြားလျက်နဲ့ ထွက်မလာခဲ့ဘူး ဟုတ်လား''

"ဟုတ်တယ်၊ ကိုကို့အိမ်စာတွေ လုပ်နေမိလို့ ဂရုမစိုက်ဖြစ်သွားခဲ့တာကို ဝမ်းနည်းမဆုံးဘူး''

သူ့ကို ဆွိလေး စူးစူးရဲရဲ စိုက်ကြည့်၏။ နှုတ်ခမ်းပါးလေးတွေ တုန်ချလျက် မျက်ရည်တွေ ဆွိလေးပါးပြင်ပေါ် စီးကျလာ၏။

"ဆွိလေး ဘာ ဘာလို့ငိုတာလဲဟင်''

"နင် နင့်ကြောင့်၊ နင့်ကို မုန်းတယ် သိပ်မုန်းတယ်''

ဆွိလေး သူ့ကို မုန်းတီးသွားခဲ့သည်။ ခါးခါးသီးသီး မုန်းသွားခဲ့လေသည်။ ဆွိလေး အမုန်းတွေကို ခံယူရင်း သူ့ဘက်က စောင့်ရှောက်မှုမပျက်ခဲ့။

ဆွိလေးကလည်း အရင်ကလို မဟုတ်တော့။ သူ့ကို အစဉ်အနိုင်ကျင့်သည်။ အစေအခိုင်း တစ်ဦးလို သဘောထားခဲ့သည်။

သူ စိတ်မကောင်းပေမယ့် ဆွိလေးအလိုအတိုင်း သည်းခံ ခေါင်းငုံ့ခဲ့သည်။ တစ်နေ့ကျရင် ဆွိလေး နားလည်နိုင်မည်ဟုသာ။

အမုန်းအညိုးတွေနှင့် ဆွိလေး နှလုံးသားက သူ့ကို ဘယ်အချိန်ထိ နာကျည်းရက်စက်နေဦးမှာလဲ။ သူ့ဘက်က ပေးဆပ်ဖို့အသင့်။

မဏိစွမ်းဆိုသော သူ့ဘဝကို ဆွိလေးအတွက် ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့သော အနိုင်းမဲ့သော သံယောဇဉ်ကြောင့်။ ဒါကို ဆွိလေးနားလည်လာနိုင်တဲ့ တစ်နေ့ကျရင်။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဆွိ အံ့ဩမယုံနိုင်အောင် ဖြစ်ရတာအမှန်။

သူမ ရှိုင်းစိုင်းစွာ နှိပ်ကွပ်ပစ်လိုက်တာကို ခခနောင်ဆိုသည့်မိန်းမ မခံနိုင်စွာ ဖြစ်သွားမည်ဟု ထင်ခဲ့မိသည်။

အခုတော့ တစ်ပတ်နှစ်ရက်လောက် အိမ်ကိုရောက်လာတတ်သည်။ အကြောင်းအမျိုးမျိုးပြ ရောက်လာတတ်တိုင်းလည်း ဆွိကို အပြုံးနွေးနွေးနှင့် ခွင့်လွှတ်သည်းခံနိုင်စွမ်း၏။

"ဆွိလေးစားဖို့ သတိရမိတာနဲ့ ချောကလက်တစ်ထုပ် ဝင်ဝယ်ခဲ့တယ်"

"ခခ ကံဆိုးတာပဲ ဆွိလေး၊ အခုပဲ ချောကလက်နှစ်ခု စားလိုက်လို့ မြင်တောင်မမြင်ချင်တော့ဘူး"

"နောက်စားချင်ရင်စားဖို့ သိမ်းနိုင်းထားလိုက်လေ"

ဖွတ်အတင်းကမ်းပေးလာတော့လည်း ဆွိလေး လှမ်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စားပွဲအောက်မှာ ခွေအိပ်နေသောဘော်ဘီကို သူမ ရှေ့မျှော်ကမှာပဲ ချကျွေးပစ်လိုက်၏။

"အဟင်း ခခ ကုသိုလ်ရတာပေါ့။ ဘော်ဘီက ချောကလက်ဆို သိပ်ကြိုက်တာ"

"ဆွိလေးအတွက် ကုသိုလ်ပဲမှတ်ပါ။ ခခက ဆွိလေးဆန္ဒရှိသလို လုပ်နိုင်တယ်ဆိုပြီး စေတနာသန့်သန့်နဲ့ ဝယ်ခဲ့တာ လွှင့်ပစ်ရင်တောင် ကျေနပ်ပြီးသား။ အဟင်း ဟင်း"

သည်လောက်အထိ အန္တတာခံကာ ရောက်လာတတ်သည်ဆိုတော့ ဆွိလေး မနေနိုင်တော့ပါ။ လေးလေးမှိုင်းဆီ ဖုန်းဆက်မေးကြည့်တော့-

"ခခကလည်း လှိုင်ရဲ့တစ်ဦးတည်းသောတူမလေးပဲ သမီးရဲ့။ သမီးလေးကို သူ ခင်မင်ပြီးလာတာပါ"

"လေးလေးမှိုင်း သူ့ကို ဆွိအကြောင်း ဘာတွေပြောထားသလဲ"

"အင်း ဘာမှတော့ မပြောပါဘူး။ အဲ ဆွိလေးအကြောင်း သိသင့်သလောက်တော့ ပြောပြထားတာပေါ့။ သူစိမ်းမှမဟုတ်ဘဲ၊ စပ်ရင်တောင် သမီးလေးနဲ့ခလေးက ညီအစ်မတွေပဲကွယ်"

ဒါဆို သေချာပြီ၊ လေးလေးက ဆွိအကြောင်းကို ပြောပြထားတာမို့ ခခ စာနာစိတ်လေးနှင့် ခွင့်လွှတ်ပေးတာပဲဖြစ်မည်၊ သည်တော့လည်း ဆွိလေး အနိုင်မကျင့်ရက်တော့ပါ။

ခခကို ခင်မင်စွာပဲ ဆက်ဆံတော့၏။

အချိန်တိုကာလလေးမှာပဲ ခခနှင့်ဆွိလေး ရင်းနှီးကျွမ်းဝင်ခဲ့သည်၊ ဆွိလေးနှင့်ခခ အပြင်ထွက်လည်ဖြစ်တာ မကြာခဏ။ ထိုအခါတိုင်းမှာလည်း ဘော်ဘီစွမ်း လိုက်လာတတ်သည်။

"ဟောတော့၊ ဝယ်ထားတဲ့ ပစ္စည်းထုပ် ကုန်တိုက်ပေါ်မှာ ကျန်ခဲ့

www.burmeseclassic.com



ခဲ့ပြီ''

''ကိုယ်သွားယူလိုက်မယ်''

စွမ်းက ချာခနဲပြန်လှည့်ကာ ကုန်တိုက်ပေါ် တက်သွား၏။ စွမ်း အတော်လှမ်းလှမ်းရောက်မှ ခခက –

''ဆိုင်ရှင်က ခခဝယ်တာပဲသိတာ၊ စွမ်းကို ထုတ်မပေးဘဲနေဦးမယ်၊ ခခလိုက်သွားမယ်၊ ဆွိလေး ကားထဲကပဲစောင့်နော်။ အပေါ်ထိလိုက်တက်ရမှာ ပင်ပန်းပါတယ်''

ကားတံခါးဖွင့်ကာ အပြေးလိုက်သွားသော ခခကိုငေးရင်း ဆွိလေး မျက်မှောင်ကုပ်လိုက်မိသည်။

ပန်းသွေးရောင် ဆင်တူဝတ်စုံလေးနှင့် ခခအလှတွေက မိန်းမသား ချင်းတောင် ငေးကြည့်ရသည်။ ကျောလယ်အထိ ဝဲကျနေသော ဆံနွယ်တွေ နှင့် ရှင်းသန့်ပြေပြစ်သော ရှပ်ကလေးက ကော်ပတ်ရှပ်ကလေးလို ချော သည်။

အမို့အရှိုက်၊ အနိမ့်အဝှမ်းပြေပြစ်သော ခန္ဓာကိုယ်အချိုးအဆစ် ကလည်း ပိန်သွယ်သော ဆွိလေးနှင့်ယှဉ်လျှင် အပုံကြီးသာလွန်သည်။

တစိမ့်စိမ့်တွေးရင်း ဆွိရင်ထဲမှာ တစ်စုံတစ်ရာကို စိုးရိမ်လာမိ၏။ ခခနှင့်စွမ်းနှစ်ယောက်တည်း။

ဆွိ ဆက်ပြီး တွေဝေမနေချင်ပါ။ အနောက်က ခပ်သွက်သွက်လေး ပြေးလိုက်မိသည်။

သွက်လိုက်သည့်ခြေလှမ်းတွေကို ဆွိလေး လိုက်မမီပါ။ ဝေဒနာနှင့် မို့ လူက နည်းနည်းလျှောက်ရုံနှင့် မောချင်ချင်။ လူအုပ်ထဲမှာ မျက်ခြေပြတ် သွားတာမို့ ဆွိလေး အပြေးလိုက်ကာ ကျီးကန်းတောင်းမှောက်ရှာသည်။

ဆွိလေး မျက်ဝန်းတွေ ပြာဝေသွားမတတ်စေသည့် မြင်ကွင်း

www.burmeseclassic.com



စွမ်းနဲ့ခခနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ ရယ်မောနေကြတဲ့မြင်ကွင်း။

ဆွိရင်ထဲ လှပ်ခနဲဖြစ်လာရသည်။

ခခနောင် ဒါ သူ့အကြံအစည်တွေပဲပေါ့။

"တောက်"

ဒေါသစိတ်တွေက ရင်ထဲမှာ မီးတောင်တစ်လုံးလို လှုင့်စင်ပေါက်ကွဲပစ်ချင်၏။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ။ မျက်ရည်စတွေသာ ဆွိ ပါးပြင်ပေါ် လိမ့်ဆင်းလာ၏။

ဆွိ ငိုနေမိတာလား။ စွမ်းကြောင့်လား။ ခခနောင်ကြောင့်လား။

ခေါင်းကိုခါရမ်းရင်း ဆွိ လာလမ်းအတိုင်း ပြန်ဦးလှည့်ခဲ့သည်။

မျက်ဝန်းအိမ်ထဲက မျက်ရည်တွေကို ပါးပြင်ပေါ်လိမ့်ဆင်းမလာအောင် ချုပ်ထိန်းသည်။ လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်၏။

ရင်ထဲကမျက်ရည်တွေအတွက်တော့ ဆွိလေး ဘယ်လိုရင်ဆိုင်စေရမှာလဲ။

စွမ်းရယ် နင် သိပ်ရက်စက်တယ်။

ဆွိလေး တကယ်ပဲ ရှုံးနိမ့်ရတော့မှာလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ပိုပို့အိမ်က နှုတ်ဆက်ပြန်တော့မှ မိုးက အညှိုးတကြီး ရွာချသည်။

တဝေါဝေါ ပြိုဆင်းနေသော မိုးရေတွေကြောင့် ကားရှေ့မီးနှစ်လုံး အလင်းရောင်က ရှေ့မြင်ကွင်းတွေကိုတောင် မကြည်လင်စေချင်ပါ။

မြို့တွင်းလမ်းမတွေဆို ယာဉ်အသွားအလာ ထူထပ်ပေမယ့် ပန်းသွေးရောက်နေတာက မြို့သစ်ဘက်မို့ လမ်းမှာ ယာဉ်အသွားအလာက ရှင်းသည်။

"ဂျိမ်း ဒလိန်း"

မိုးချုန်းသံတွေကိုမကြောက်ပေမယ့် လျှပ်ရောင်ဝင်းခနဲကိုတော့ ပန်းသွေး ငယ်ငယ်ကတည်းက ကြောက်ခဲ့တာ။

ရုံးက အိမ်တန်းမပြန်ဘဲ ပိုပိုတို့အိမ်ကို အလည်ထွက်ခဲ့မိတာကို နောင်တရချင်သည်။ လာလမ်းအတိုင်း ပြန်လှည့်ကာ ပိုပိုတို့အိမ်မှာပဲ ညအိပ် လိုက်ရင် ကောင်းမည်လား။

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ကျမှ ပြန်မလှည့်ချင်တော့ပါ။ စိတ်ကိုအားတင်းပြီး အိမ်ရောက်အောင် ပြန်မည်ဟု ပန်းသွေး ကိုယ့်ကိုယ်ကိုယ် အားပေးသည်။

ကြောက်ပါသည်ဆိုမှ မိုးသံလေသံနှင့်အတူ လျှပ်ရောင်တွေက ဝင်းလက်သွားသည်။ မီးရောင်မတိုးနိုင်သော လမ်းမကြီးက လျှပ်အလင်းအောက်မှာ ထင်းခနဲ။ ပြီးတော့ ပြန်ပြီးမှောင်အတိ။

"ဗုဒ္ဓေါ ဘုရားကယ်ပါ"

ပန်းသွေး အလန့်တကြားရေရွတ်မိသည်။ ကားလေးက တွံ့ခနဲ တုံ့ခနဲဆိုင်းကာ နောက်ဆုံးမှာ ရပ်တန့်သွားသည်။

"သေလိုက်စမ်း ကားစုတ်"

စီယာရင်တိုင်ကို ထုရိုက်ပစ်ရင်း ပန်းသွေး မကျေမနပ် ရေရွတ်မိသည်။ ကားသော့ကို နှိုးကြည့်သည်။ အင်ဂျင်စက်သံက တစ်ခဏပဲ လည်ပတ်ပုံရ၏။ နောက်တော့ လုံးဝပျောက်ဆုံးသွား၏။

ကားပေါ်မှာ ငုပ်တုတ်ထိုင်ရင်း ပန်းသွေး ဘာလုပ်ရမှန်းမသိ။ အစ်ခါတုန်းက ဒီလိုကားပျက်နေတုန်း မဏိလျှမ်း ရောက်လာဖူးသည်။ ကူညီဖူး၏။ ခုချိန်မှာ မျှော်လင့်စရာမရှိပါ။ ပန်းသွေး မြို့သစ်ဘက်သွားမည် ဆိုတာ မဏိလျှမ်းမသိပါ။

ညနေအလုပ်မဆင်းခင်က မဏိလျှမ်း ဖုန်းဆက်သည်။ သူ အလုပ်ကိစ္စရှိတာမို့ နောက်ကျမည်တဲ့။ ပန်းသွေးကို အိမ်စောစောပြန်ဟုပြော၏။

"မပြန်ဘူး၊ ရှင် အမိန့်မပေးနဲ့"

ဘုဆတ်ဆတ် ပြန်ပြောခဲ့မိသေး၏။ အလုပ်ဆင်းမှာ စိတ်ကပြောင်းကာ ပိုပိုတို့ အိမ်ဘက်မောင်းခဲ့ခြင်းဖြစ်၏။

"ဂျိမ်း ဒလိန်း"

လျှပ်ရောင်တစ်ချက်။ မိုးခြိမ်းသံတွေက တုန်ခါလှသော် မိုးက ပိုသည်း

www.burmeseclassic.com



လာသည်။ ပန်းသွေး ကားမီးကို ပိတ်ပစ်လိုက်၏။

အမှောင်ထဲကို ကားမီးရောင်ကြီးထွန်းပြီး ရပ်ထားတာက အန္တရာယ်ကိုဖိတ်ခေါ်သလိုဖြစ်မှာ စိုးရ၏။ ဝန်းကျင်တစ်ခုလုံး မှောင်သွားတော့ ကြောက်စိတ်က ကြီးစိုးလာ၏။

တစ်ယောက်တည်း ကားပေါ်မှာထိုင်ရင်း သတိရလိုက်မိတာ မနက်တုန်းက မေမေက ကားကို ဆီဖြည့်သွားဖို့ ပြောခဲ့တာကို ဖြစ်သည်။

"ဒုက္ခပဲ၊ ဒါဆို ကားစက်ပျက်တာမဟုတ်ဘူး။ ဆီကုန်သွားတာပဲ ဖြစ်မယ်"

ပန်းသွေ ငုပ်တုတ်ထိုင်နေလို့ ကားဆီတိုင်ကီထဲကို ဆီတွေ ရောက်လာမှာမဟုတ်။ သည်အချိန် ဆီဆိုင်တစ်ဆိုင်ရှာဖို့ဆိုတာလည်းမလွယ်။

ကားတစ်စီးလောက် ဖြတ်လာလျှင် ကောင်းမည်။ ဒါပေမဲ့ မျှော်လင့်လို့မလွယ်။ သည်လမ်းက ကားအသွားအလာနည်းသည်။ ခရီးလမ်းက ဖြတ်လမ်းမို့သာ ပန်းသွေး ရွေးခဲ့ခြင်းဖြစ်၏။

ရှေ့ဘက်ကို ခပ်လှမ်းလှမ်းလျှောက်နိုင်လျှင်တော့ မြို့သစ်လမ်းမကြီးကိုရောက်နိုင်၏။ ငုပ်တုတ်ထိုင်နေတာထက်စာလျှင် လမ်းမကြီးအထိ လျှောက်တာအကောင်းဆုံး။

ဆီဆိုင်တစ်ဆိုင် ဒါမှမဟုတ် ကားတစ်စီးကနေ အကူအညီတောင်းလို့ရနိုင်သည်။

ဒရက်ဘုတ်ပေါ်တင်ထားသော ပိုက်ဆံအိတ်လေးကို ယူသည်။ ကားမှန်တွေကိုတင်သည်။

ပြီးတော့ ကားတံခါးသော့ပိတ်ကာ မိုးရေထဲမှာပဲ လျှောက်ခဲ့၏။

အေးစိမ့်သောလေနှင့် မိုးစက်တွေက တစ်ခဏအတွင်း တစ်ကိုယ်လုံးကို ရွှဲစိုသွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာ ပန်းသွေး ခြေလှမ်းတွေ ခပ်သွက်သွက်လှမ်းကာ မျက်ဝန်းတွေကို အားစိုက်ကြည့်၏။

"ဂျိမ်း"

လျှပ်ရောင်တစ်ချက် ပျက်သွား၏။ ဟိုးရှေ့ခပ်လှမ်းလှမ်းမှာ ဘောင်းဘီရှည်နှင့် လူနှစ်ယောက်ကို ရိပ်ခနဲမြင်ရ၏။

ပန်းသွေးရင်ထဲ ထိတ်သွား၏။ လူကောင်းတွေမဟုတ်ခဲ့လျှင် ပန်းသွေး ဆက်မတွေးရဲတော့။

လာလမ်းအတိုင်း သုတ်ခြေတင်ကာ ကားဆီပြန်ပြေးခဲ့၏။ ပြီးတော့ အမြန်ကာသိ ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

ရေစိုအဝတ်အစားတွေနှင့် လူက အေးစိမ့်လာသည်။ စိတ်ထဲက ဘုရားစာကိုရွတ်ဆိုရင်း ပန်းသွေး တုန်ယင်နေသည်။

စောစောကလူနှစ်ယောက် ပန်းသွေးကားကိုမြင်လျှင် အခက်။

မျက်နှာပေါ်ဖြာကျလာသော မီးရောင်က လက်ခနဲ။ လျှပ်ရောင်ထင်ပြီး ခေါင်းငုံ့လိုက်ပေမယ့် မဟုတ်ပါ။ ကားတစ်စီး၏ မီးရောင်ဖြစ်သည်။

ကားလေးက ပန်းသွေးကားအနီးမှာ ထိုးရပ်သွား၏။

ပန်းသွေး ဝမ်းသာအားရဖြစ်ကာ ကားတံခါးကို ကသောကမျော ဖွင့်လိုက်၏။ တစ်ဖက်ကားက အရိပ်ကလည်း ဖွင့်ဆင်းလာ၏။

"ဂျိမ်း ဒလိန်း"

လျှပ်ရောင်အောက်မှာ မြင်လိုက်ရသူကို ပန်းသွေး မယုံနိုင်စွာ မျက်ဝန်းလေးတွေ ဝိုင်းစက်ကြည့်မိ၏။

"ပန်းသွေးရယ်"

မဏိလျှမ်းအသံက စိုးရိမ်ပူပန်စိတ်တွေကို ဖြေလျှော့လိုက်သလို ထွန်းလင်းနေ၏။ ပန်းသွေး ဝမ်းသာစိတ်ကြောင့် ဘာစကားမှမဆိုနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိတော့ သူ့ရင်ခွင်ထဲမှာ။

"လွှတ် လွှတ် မဏိလျှမ်း"

"မလွှတ်နိုင်ဘူး ပန်းသွေး။ မင်း ကိုယ့်ကို အရွဲ့တိုက်တာလား ဟင်။ မင်းအိမ်ဖုန်းဆက်တော့ မင်းမရောက်သေးဘူးတဲ့။ ကိုယ့်မှာ အချိန် မစောင့်ကြီး ရုံးကိုတစ်ခေါက်၊ ပြီးတော့ မေသူ့အိမ်ကိုလိုက်သွားရတယ်။ မင်း မြို့သစ်သွားမယ်လို့ ပြောသံကြားတယ်ဆိုလို့ လိုက်လာခဲ့တာ"

"ပန်းသွေး အစီအစဉ်မရှိဘဲဖြစ်သွားတာပါ"

"ကိုယ့်ရင်တွေ ဘယ်လောက်ပူလောင်နေရသလဲ မင်းသိသလား ပန်းသွေး မင်းတစ်ခုခုဖြစ်ခဲ့ရင် ကိုယ်"

မဏိလျှမ်းအသံတွေ တိတ်သွား၏။ မိုးခြိမ်းသံနှင့်အတူ မိုးက ပိုပြီးသည်းလာသည်။

သူ့လက်တွေက ပန်းသွေးခန္ဓာကိုယ်လေးကို လွတ်ထွက်မတတ် ဖက်ထားသည်။ ပန်းသွေးရင်မှာ ကြောက်စိတ်တွေ ကင်းစင်နေသည်။

သူ့ရင်ခွင်ကျယ်ကြီးက လုံခြုံနေသလို။

"မင်းကို ကိုယ်သိပ်ချစ်တယ် ပန်းသွေး"

"အို"

အေးစက်သောနဖူးပြင်လေး နွေးခနဲ။ ပြီးတော့ ပါးပြင်ပေါ်ကို အပူငွေ့လေးတွေ လွှမ်းခြုံလာ၏။

အေးစက်တုန်ရီနေသော နှုတ်ခမ်းတို့သည်လည်း။

ရင်ခုန်သံတွေကြားမှာ ပန်းသွေး အရာရာကို မေ့လျော့ပြီမိသက်နေ တာ အချစ်ကြောင့်ပဲလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

ညဘက်တွေမှာ ဆွိ အိပ်မပျော်နိုင်တာ ကြာခဲ့ပြီ။

မတွေးဘဲလည်း အာရုံထဲ တိုးဝင်လာတာ စွမ်းနဲ့ခတ္တိပုံရိပ်တွေ။

သူတို့ချစ်နေကြပြီလားဟူသော အသိက ဆွိရင်ကို တုန်လှုပ်စေသည်။

စွမ်းရယ်၊ ဝန်ခံချင်ပါတယ်။ တကယ်ဆို ဆွိတို့က သွေးရင်းချာတွေမှ မဟုတ်ခဲ့ဘဲလေ။

ဟိုးငယ်ငယ်ကတည်းက နှောင်တွယ်ခဲ့တဲ့ သံယောဇဉ်တွေက နှလုံးသားတွေမှာ ရစ်နှောင်ခဲ့ကြပြီးသားပါ။ စွမ်း ဆွိလေးကို ဘယ်လောက် [illegible]အလိုလိုက် အနစ်နာခံတယ်ဆိုတာလည်း သိခဲ့ပါတယ်။

ဒါပေမဲ့ စွမ်းနှုတ်က ဝန်ခံခဲ့တဲ့စကားကို ကြားလိုက်ရချိန်မှာ ဆွိ မှားထင်မိတဲ့ ငယ်ဘဝအတိတ်ပုံရိပ်တွေ ပြန်အမှန်ရလာတယ်။

တို့ကိုထားရစ်ခဲ့ပြီး စွမ်းထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲမှာ နစ်နေတဲ့ တို့ရဲ့ သစ်ရွက်လှေကလေးကို သစ်ကိုင်းခြောက်နဲ့ လှမ်းကောက်ဆယ်ဖို့ ကြိုးစားရင်း –

"ကို ကိုကို လာပါဦး၊ စွမ်း"

ကန်ရေပြင်ထဲ ပြုတ်အကျမှာ ဆွိအားကိုးတကြီး ခေါ်လိုက်မိတာ စွမ်းကိုပါပဲ။ ဒါပေမဲ့ စွမ်းရောက်မလာဘူး။ မွန်းကြပ်နေတဲ့ ဝေဒနာနဲ့ ဆွိ ရင်ဆိုင်ခံစားနေရချိန်မှာ စွမ်းက ကျောင်းစာတွေ ထိုင်လုပ်နေခဲ့တာတဲ့။

ဆွိ အားကိုးတကြီးခေါ်သံကို ဥပေက္ခာပြုခဲ့တာတဲ့။ ရက်စက်လိုက်တာ စွမ်းရယ်။ အန်ကယ်ခေါင် ကယ်ဘင်လို့ ဆွိ အသက်မသေခဲ့ပေမယ့် ရင်ဆိုင်ခံစားရတဲ့ ဝေဒနာအကျိုးဆက်တွေကအများကြီးလေ။

ကံကြမ္မာတစ်ချက် အပြောင်းမှာ ဆွိလေးဘဝက အရာရာကို ဆုံးရှုံးခဲ့ရတယ်။ ပညာရေးမှာလည်း အရှုံး၊ လူတွေထဲမှာလည်း မကြာခဏ ရောဂါဝေဒနာထူပြောတဲ့ကောင်မလေး။

ဒါတွေကို တွေးမိခံစားမိသောစွမ်းကို နာကျည်းမိတယ်၊ စွမ်းကြောင့် စွမ်းသာ တို့ကို ဂရုစိုက်ခဲ့ရင် ဒါတွေဖြစ်လာမှာ မဟုတ်ဘူး။

စွမ်းကို ဆွိလေး နာကျည်းမုန်းတီးခဲ့ပေမယ့် စွမ်းကတော့ ဆွိလေး အပေါ် သံယောဇဉ်ကြီးစွာ ဂရုစိုက်ဆဲ၊ အနာနာခံဆဲနော်။

ဆရာဝန်လောင်းတစ်ယောက် ဘဝကိုတောင် စွန့်လွှတ်ပြီး စွမ်း ဆွိလေးနံဘေးမှာ အရိပ်ကြည့် ဂရုစိုက်ခဲ့တယ်။

ဒါတွေ ခံစားသိတိုင်း စွမ်းကို ဆွိလေး မြတ်နိုးလေးစားတယ်။

သံယောဇဉ် ပိုကြီးလာခဲ့ရတယ်။

ဒါပေမဲ့ အနိုင်ယူတတ်တဲ့ ညာဉ်ကိုတော့ ဆွိလေး မဖျောက်နိုင်ပါဘူး။

အဲဒါ စွမ်းရဲ့ ယုယကြင်နာမှုတွေကို ပိုင်ဆိုင်ချင်လို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အရာအားလုံးကို ဆွိ ဆုံးရှုံးရတော့မှာလား စွမ်းရယ်။ ရှမ်းနံ့သေးမှာ အရာရာကို သည်းခံတတ်တဲ့ ကောင်မလေး ခခနောင် ရှိနေပြီတဲ့လား။

ဆွိလေးကို ဥပေက္ခာပြုပြီး ခခရင်ခွင်ထဲမှာ စွမ်း ပျော်နေပြီလား။
ဆွိလေး နာကျင်ခံစားရတယ် စွမ်း။
ဆုံးရှုံးမှာကို ကြောက်မိတာ ချစ်လွန်းလို့ပါ စွမ်းရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၃)

"အမလေး လာကြပါဦး၊ ဒီ ဒီမှာ ဆွိလေး"

အိမ်ဖော် ထမင်းချက် ဒေါ်မြရင် ကြောက်လန့်တကြား ဟစ်အော်သံကြီးကြောင့် အားလုံး လန့်နိုးကုန်သည်။

စွမ်း အိပ်ရာပေါ်က လူးလဲထပြီး မီးဖိုခန်းဘက် ရောက်ခဲ့တော့ ဘယ်သူမှမရှိဘူး။

"သမီးလေး ဒုက္ခပါပဲ၊ လုပ်ပါဦးကိုရဲ့။ အဟင့် ဟင့်"

အန့်တီခိုင် အသံကြားလိုက်ရတဲ့ ရေချိုးခန်းဘက်ကို စွမ်းပြေးထွက်ခဲ့တော့ -

"ဘာ ဘာပြောတာလဲ ဒယ်ဒီ၊ ဆွိလေး ဘာဖြစ်တာလဲ"

"မသိဘူး၊ သား ရေချိုးခန်းထဲမှာ သတိလစ်နေတာ ဒေါ်မြရင် တွေ့လို့"

"ဟာ ဆွိလေး ဆွိလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒိုးကြီး ခုချက်ချင်း ကားသွားထုတ် ဆေးရုံပို့တာ အကောင်းဆုံး ဘဲ"

ဒယ်ဒီ အော်ဟစ်ပြောမှ ဦးဒိုးကြီး ကသုတ်ကရိုက် ထွက်သွားသည်။ ဒယ်ဒီ့ရင်ခွင်ထဲမှာ ပျော့ခွေနေတဲ့ ဆွိလေးတစ်ကိုယ်လုံး ရေခဲတုံးလို အေးစက်နေသည်။

နှုတ်ခမ်းတွေ ပြာနှမ်းလျက် ဘယ်အချိန်ထဲက ရေချိုးခန်းထဲမှာ သတိလစ်လဲကျနေသည်မသိ။

"ခိုင်-လာစမ်း။ အဝတ်အစားတွေ အမြန်လဲပေး။ သား ဆေးရုံပို့ဖို့ အမြန်ဆုံးလုပ်"

ဒယ်ဒီက အော်ဟစ်ညွှန်ကြားနေ၏။ စွမ်း ကယောင်ကတမ်း ချောက်ချားစွာနှင့် ခေါင်းညိတ်နေမိသည်။

ဘယ်လိုဖြစ်ရတာလဲ ဆွိလေးရယ်။ မနေ့ညကနေကတည်းက ဆွိလေးကို သူ မတွေ့ခဲ့။ ခခနောင် ရောက်လာတာလည်း ထွက်မတွေ့ဘဲ ဆွိလေး အခန်းအောင်းနေသည်။

"နေမကောင်းဘူးထင်တယ်၊ နေပါစေ စွမ်း။ ခခ နှင်းဆီပင်ပေါက် လေးတွေ လိုချင်လို့ သုံးလေးပင်လောက် လိုက်နုတ်ပေးပါနော်"

ခခနောင်ကြောင့် သူ ခြံထဲထိ ဆင်းလိုက်ကာ နှင်းဆီပျိုးပင်တချို့ နုတ်ပေးရသည်။

"စွမ်း ဒီမှာ ခဏလေးထိုင်ရအောင်နော်"

ခြံထဲက ခရေပင်အောက်ရှိ ခုံတန်းလေးမှာ ခခနောင်က ထိုင်ဖို့ ပြောတော့ စွမ်း ဝင်ထိုင်ရသည်။ ခခနောင်က ဆွိလေးဆီ လာလည်ရင်း ကျိုလည်း ခင်မင်နေခဲ့သူမို့ အားနာသည်။

"စွမ်း"

www.burmeseclassic.com

www.burmeseclassic.com



ခခနောင်ခေါ်တော့ သူ လှည့်ကြည့်မိ၏။ အပြုံးရိပ်တွေ ယှက်သန်းနေသော မျက်နှာလေးနှင့် ခခနောင် သူ့ကိုစိုက်ကြည့်ရင်း –

"စွမ်းကို ခခ သိပ်သနားတာပဲ သိလား"

"ဗျာ ဘာကိုသနားတာလဲ ခခ"

"အနိုင်ကျင့် ခံနေရတာကို သနားတာပေါ့ စွမ်းရယ်။ လမင်းအိမ်ရဲ့ အနိုင်ကျင့်မှုတွေကို စွမ်း ဘာကြောင့် သည်းခံလိုက်လျောနေတာလဲ"

"ဆွိလေးက တကယ်သနားစရာကောင်းပါတယ်"

"ငယ်ငယ်တုန်းက သူဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့်လား။ အဲဒါကြောင့် သူ့ကိုအားလုံးက လိုက်လျောတယ်၊ ဒါကို သူက အခွင့်ကောင်း ယူနေတာပဲ"

"ဘာပဲဖြစ်ဖြစ် ဆွိလေးခံစားချက်ကို ကျွန်တော် နားလည်တယ် ခခ။ သူပျော်နိုင်မယ်ဆိုရင် ကျွန်တော် ဘာမဆိုလုပ်ပေးမှာပဲ"

"မလိုပါဘူးကွာ။ မင်းနဲ့သူက မောင်နှမအရင်းမှမဟုတ်တဲ့။ တကယ်ဆို ဆရာဝန်လောင်းဘဝကို စွန့်လွှတ်ပြီး မင်း သူ့ကို ဂရုစိုက်ခဲ့တာတောင် သိပ်လွန်နေပြီ"

"ခခ မသိသေးတာတွေ ရှိပါတယ်ဗျာ"

"တို့အားလုံးသိတယ် စွမ်း။ မင်းဘဝကို သေတဲ့အထိ သူက အနိုင်ယူမှာ သိလား"

"ကျွန်တော်ကျေနပ်တယ် ခခ"

"မင်းဘဝအတွက် မင်း ရှင်သန်စမ်းပါ စွမ်းရယ်။ အမြဲတမ်း မင်း သူ့ကို တာဝန်မယူနိုင်ပါဘူး"

"ကျွန်တော့်တစ်ဘဝလုံးအတွက် သူ့ကိုတာဝန်ယူမှာ ခခ"

"ဘာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆွိလေးကို ကျွန်တော် သံယောဇဉ်ကြီးတယ်။ ချစ်တယ်။ အဲဒါ ဟိုးငယ်ငယ်ကတည်းက ဆွိလေးဘဝအတွက် ကျွန်တော် ရှင်သန်နေတာ။ မဏိစွမ်းဆိုတဲ့သူဟာ ဆွိလေးဘဝရဲ့ အစိတ်အပိုင်းတစ်ခု ပါဗျာ"

"ဘယ်လို မင်း မင်းဆိုလိုတာက"

"ခခကို ကျွန်တော် ဝန်ခံပါတယ်။ ဆွိလေးကို ကျွန်တော်ချစ်တယ်။ ဘာပိုင်ဆိုင်လိုမှုမှမလိုတဲ့ ပေးဆပ်မှုသက်သက်နဲ့ချစ်တာ။ ကျွန်တော်တို့ သွေးရင်းချာတွေ မဟုတ်ဘူးဆိုတာလည်း သိပါတယ် ခခ"

ခခမျက်ဝန်းလေးတွေ ဝိုင်းစက်လျက် သူ့ကို ငေးစိုက်ကြည့်နေ၏။ အံ့ဩမယုံနိုင်မှုတွေနှင့် လင်းလက်တောက်ပနေသော မျက်ဝန်းတွေကို သူ ရှောင်လွှဲအဖယ်မှာ –

"ဟင်"

ဒုတိယထပ်က ဆွိလေးအခန်းဆီမှ ခန်းဆီးစလေး လှုပ်ခါသွားခဲ့၏။ ဆွိလေး သူနှင့်ခခကို ကြည့်နေခဲ့တာလား။

ခခကို ခြံဝအထိ ပြန်ပို့အပြီးမှာ စွမ်း ဆွိအခန်းဆီသို့ ထွက်ခဲ့သည်။

"ဆွိလေး ဆွိလေး"

"နင် ဘာလာလုပ်တာလဲ၊ သွား။ နင့်မျက်နှာကို ငါ မမြင်ချင်ဘူး"

"ဟာ ကိုယ် ဘာလုပ်မိလို့လဲ ဆွိလေးရယ်။ တံခါးဖွင့်ပါဦး။ ကျေနပ်ရင် ဆွိလေး ကိုယ့်ကို ကြိုက်သလို အပြစ်ပေးပါ"

"မလိုဘူး မကြားချင်ဘူး၊ မုန်းတယ်။ နင် ငါ့အနားမှာ မနေနဲ့ ခခနောင်အနားမှာပဲ တစ်သက်လုံးသွားနေ"

အခန်းထဲက ဟစ်အော်ဆိုနေသည့် ဆွိလေးစကားတွေကြောင့် သူ မျက်လုံးတွေ ပြူးကျယ်သွားခဲ့ရ၏။

www.burmeseclassic.com



"ဆွိလေး အထင်လွဲနေပြီ ကိုယ်နဲ့ခက ဘာမှ မပတ်သက်ပါဘူး"

"တော်တော့ ငါ ဘာမှမကြားပါရစေနဲ့"

"ဆွိလေးရယ်၊ စွမ်းဘဝတစ်ခုလုံးကို ဥပေက္ခာပြုပြီး မင်းအနီးမှာပဲ ရှိခဲ့တာပါ။ ဟိုးငယ်ငယ်တုန်းက ဘဝလေးအတိုင်း ဆွိလေးရဲ့အမုန်းတွေ ကင်းစင်တဲ့နေ့ကို မျှော်လင့်ရင်း အနီးမှာရှိနေခဲ့တာပါ"

အခန်းထဲမှ ဆွိအသံလှိုင်းတွေကို မကြားရတော့ပါ။ သူ့စကားတွေ ကိုတော့ ဆွိ ကြားနိုင်လိမ့်မည်။

သူ ဆွိအခန်းရှေ့မှ အသာလှည့် ပြန်ထွက်ခဲ့တော့လည်း ဆွိလေး အခန်းထဲမှာပဲ တိတ်ဆိတ်စွာကျန်ရစ်ခဲ့၏။

အခုတော့ ဘာတွေဖြစ်ကုန်ခဲ့တာလဲ။

ဆွိလေး ရေချိုးခန်းထဲမှာ ဘယ်အချိန်က သတိလစ်နေတာလဲ။ ဆွိလေး အခန်းထဲမှာပဲ ရှိနေခဲ့သည်ထင်ကာ သူ ထမင်းစားပြီးကတည်းက အခန်းထဲ ဝင်ခဲ့မိတာ။

ဆွိလေး ဘာမှမဖြစ်စေရဘူး။

ကိုယ့်အနားက ခွဲမသွားပါနဲ့ ဆွိလေးရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ခခ ရှုံးနိမ့်ခဲ့တာပါ။

ဒီတစ်ခါ တကယ်ရှုံးနိမ့်ခဲ့တာ မာနတရားတွေ၊ အငြိုးအမုန်းတွေ မဟုတ်ဘူး။ ရင်ထဲက နှလုံးသားကို လူမသိ သူမသိ ရှုံးခဲ့တာပါ။

စွမ်းကိုနိုးစပ်ဖို့အတွက် ခခ ကြိုးစားခဲ့တာ မှန်ပေမယ့် စွမ်းနဲ့ ပတ်သက်ဆက်ဆံကြည့်မှ ဖြူစင်သော နှလုံးသားလေးကို ခခ မြင်တတ်ခဲ့သည်။

တကယ့်ကို ရိုးသားဖြူစင်တဲ့ နှလုံးသားလေးနှင့် စွမ်းကို ခခရဲ့ [illegible]တွေအတွက် အသုံးချရက်စက်ရမှာလား။

ခခတွေးရင်း ကိုယ့်ကိုယ်ကိုယ်တောင် ရွံမုန်းလာမိ၏။

ဆုံးဖြတ်ချက်တွေနှင့် အပြီးတိုင် နောက်ဆုတ်ဖို့ ကြိုးစားမိချိန်မှာ [illegible]နှလုံးသားက ခံစားချက်ကို နားလည်လိုက်ရသည်။

မြင်တွေ့နေကျ စွမ်းမျက်နှာလေးကို မမြင်ရခြင်းက ခခအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတစ်ခု ဖြစ်ခဲ့၏၊ သေချာခဲ့ပါသည်။

နှလုံးသားက ခံစားချက်ကို နားမလည်နိုင်စွာ ခခပျော်ဝင်နစ်မျော နေခဲ့တာပါ။ အချစ်ဆိုတာကို အကြိမ်ကြိမ် ကစားခဲ့ဖူးသော ခခ နှလုံးသားက အချစ်ကို မပိုင်ဆိုင်ဖူးတာ အမှန်။

အခုတော့ မဏိစွမ်းဆိုသော ကောင်လေးနှင့်ကျမှ ခခ တုန်လှုပ် ခံစားတတ်ခဲ့ပြီ။

အချိန်ပြည့် အရိပ်ထင်နေသော စွမ်းရဲ့မျက်ဝန်းကြည်ကြည်လေး တွေ၊ နူးညံ့ညင်သာသော စကားသံလေးတွေ အရာအားလုံးက သိမ်မွေ့ နှောင်ဖွဲ့စွာ ခခနှလုံးကို ငြိတွယ်စေခဲ့ခြင်းပါလား။

စွမ်းကို သနားခဲ့တာပဲဟု ထင်ခဲ့သော နှလုံးသားက ထို့ထက်ပိုမို နေခဲ့ပြီဆိုတာ သိလိုက်ရချိန်မှာ –

စွမ်းရဲ့ ဖြူစင်သောနှလုံးသားကို ခခ တောင့်တနေခဲ့၏။

ဒါပေမဲ့ တကယ်တမ်းကျ စွမ်းဆိုသော သူ့ရဲ့နှလုံးသားသည် ခခအတွက် မဟုတ်ခဲ့ပါ။

အမြဲတမ်းအနိုင်ယူ ရက်စက်တတ်သော ဆွိကိုမှ စွမ်းနှလုံးသားက ငြိတွယ်နေခဲ့သည်တဲ့။

အချစ်ဆိုတာ ပေးဆပ်ခြင်းသက်သက်တဲ့လား စွမ်းရယ်။

ရိုးသားသိမ်မွေ့တွေနဲ့ နူးညံ့နေတဲ့ နှလုံးသားလေးကို ခခ မြတ်နိုးစွာ ချစ်တတ်ခဲ့တယ်။ ဒါပေမဲ့ ပိုင်ဆိုင်ခွင့်ဆိုတာ မရှိတော့ဘူးပေါ့။

မင်းရဲ့ ဖြူစင်တဲ့ မျက်ဝန်းတွေထဲမှာ ခခ မြင်နိုင်ခဲ့ပါတယ်။

ဆွိလေးဆိုတဲ့ လမင်းအိမ်တစ်ယောက်အတွက် ရှင်သန်နေတာပဲ လား။

ရှုံးနိမ့်မှုအတွက် ခခ ကျေနပ်နိုင်ပါတယ် စွမ်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းပြောခဲ့သလိုပဲ၊ အချစ်ဆိုတာ ပိုင်ဆိုင်မှုမှ မဟုတ်ပါဘူး။ မြတ်နိုး ဖြူစင်စွာ ချစ်နေခြင်းဟာလည်း –

အချစ်ရဲ့မြင့်မြတ်သန့်စင်မှုပါ။

ဒါ မင်း သင်ကြားပေးခဲ့တဲ့ အသိတစ်ခု။ ခခ နားလည်ခံစားနိုင်တဲ့ အချစ်တစ်ခု ဖြစ်ခဲ့ပြီ စွမ်း။

မင်းကိုချစ်ခဲ့တဲ့ နှလုံးသားအတွက် ခခ တစ်သက်လုံး ဖြူစင်စွာနဲ့ပဲ သိမ်းဆည်းထားမယ်ဆိုတာ မင်း ယုံပါစွမ်းရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဘာ ဘာရယ် ခခ၊ တို့နှစ်ယောက်တွေ့ခဲ့ဖူးတဲ့ ကောင်လေးက မဏိလျှမ်းရဲ့ ညီအရင်း ဟုတ်လား"

"ဟုတ်တယ်ပန်းသွေး။ ဒီအကြောင်းတွေကို အန့်ကယ်မှိုင်းပြောပြလို့ ငါသိခဲ့ရတာ"

ပန်းသွေး မယုံနိုင်အောင် မင်သက်အံ့ဩနေမိသည်။

ခခရှင်းပြသမျှ နားထောင်ရင်း အရာရာကို နားလည်လာရတော့၏။

"ဩော် မဏိလျှမ်းတို့ညီအစ်ကိုက ငယ်ငယ်ကတည်းက မိဘတွေ လမ်းခွဲလို့ ဝေးခဲ့ကြတာကိုး"

"ဟုတ်တယ်ပန်းသွေး။ ဆွိလေးဆိုတဲ့ လမင်းအိမ်ကလည်း မဏိစွမ်းနဲ့ မောင်နှမအရင်းတွေ မဟုတ်ဘူး"

"ဟို ခပ်ရိုင်းရိုင်းကောင်မလေးလား ခခ"

"အင်း ပန်းသွေး မှတ်မိတယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာပေါ့၊ ဒီကောင်မလေး အနိုင်ကျင့်သမျှ သူခံနေခဲ့ရတာက ကင်းလွတ်စေချင်နေတာ။ ကောင်းပါတယ်၊ မဏိလျှမ်းတို့ ညီအစ်ကို ပြန်ဆုံကြပြီဆိုတော့ မဏိလျှမ်းက ဒါကို လက်ခံမှာ မဟုတ်ဘူး"

"မဏိစွမ်းဆိုတဲ့ကောင်လေးက ဆွိလေးကို သိပ်ချစ်တဲ့သူဆိုတာ သိရင် နှင် အံ့ဩမလား ပန်းသွေး"

"ဘာရယ် ခခ၊ ဒီလောက်အနိုင်ယူရက်စက်နေတာကို"

"အချစ်ဆိုတာ ဆန်းကြယ်တယ် ပန်းသွေး။ စွမ်းက ဆွိလေးအတွက် ဘဝတစ်ခုလုံးကို ပေးဆပ်ပြီး ချစ်ခဲ့တာ ငါ့နှလုံးသားကလည်း အဲဒီစွမ်းကြောင့်ပဲ အချစ်ကို ခံစားတတ်ခဲ့တာ ငါဝန်ခံပါတယ် ပန်းသွေးရယ်"

"ဘာရယ် ခခ နှင် နှင်က"

"ဟုတ်တယ်၊ ငါ စွမ်းကို မြတ်နိုးစွာ ချစ်မိသွားတာ ဖြူစင်လှတဲ့ သူ့နှလုံးသားလေးကို နှောင်တွယ်သွားခဲ့တာ။ ဒါပေမဲ့ အချစ်ဆိုတာ မျှော်လင့်တိုင်း ရနိုင်တာမှ မဟုတ်ဘဲ ပန်းသွေးရယ်။ စွမ်းနှလုံးသားက ဆွိလေးအတွက် ပါ"

"ခခရယ်၊ ငါ နှင့်အတွက် စိတ်မကောင်းလိုက်တာ"

"ငါ ခံစားတတ်ပါပြီ ပန်းသွေး။ အစက နှင်နဲ့မဏိလျှမ်းကို လက်တုံ့ပြိုင်ချင်စိတ်နဲ့ စွမ်းကို အသည်းကွဲဖို့ကြိုးစားမိတယ်။ အဟင်း တကယ်တမ်း နှင်ခဲ့ရသူက ငါပါ။ ငါ ကျေနပ်ပါတယ် ပန်းသွေး။ အချစ်ကို ငါ အကြိမ်ကြိမ် အစားခံခဲ့ဖူးပေမယ့် တကယ်တမ်းတွေ့ရှိရတဲ့အချိန်မှာ ငါ ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမဲ့ စွမ်းကိုချစ်တဲ့ ငါ့နှလုံးသားက ရင်ထဲမှာ ထာဝရတည်ရှိနေမှာပါ"

ခခ မျက်ဝန်းတွေထဲကိုကြည့်ရင်း ပန်းသွေး စာနာသနားမိတယ်။ တကယ်ပဲ အချစ်ကို တွေ့ခဲ့ပြီလား သူငယ်ချင်းရယ်။

"နှင်နဲ့မဏိလျှမ်းတို့ ဇာတ်သိမ်းကို ငါကြားတယ် ပန်းသွေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟို အဲ ငါ ငါလေ"

"ရှင်းပြစရာမလိုအပ်ပါဘူး ပန်းသွေးရယ်။ မင်းကော မဏိလျှမ်းပါ ကံကောင်းပါတယ်။ တူညီတဲ့နှလုံးသားတွေနဲ့ ချစ်ခဲ့ကြတာပါ။ နင်တို့ မင်္ဂလာကို ငါ အရောက်လာခဲ့ဦးမှာပါ"

ခခ ပခုံးလေးကို ပန်းသွေး ကြည်နူးစွာ ဆုပ်ကိုင်လိုက်မိ၏။ ခခ မျက်ဝန်းတွေက ဖြူစင်စွာ ကြည်လှဲ့လို့။

ချစ်တတ်ခဲ့ခြင်းကပဲ သူမတို့နှစ်ယောက်စလုံးရဲ့ မာနတွေကို ရိုက်ချိုးပစ်ခဲ့တာလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

အန်တီဝေ မျက်ဝန်းတွေထဲမှာ ဝဲတက်နေသည့် မျက်ရည်စတွေကို [illegible]လှမ်း မြင်နေရ၏။

"အန်တီဝေ သားကို အမှန်အတိုင်းပြောပါ။ မဏီစွမ်းဆိုတဲ့ ညီလေး [illegible] သားရဲ့ညီအရင်းအချာလားဟင်"

"သားရယ်၊ အန်တီဝေ မညာရက်တော့ပါဘူး။ ဟုတ်တယ် သား [illegible]အဖေနဲ့အမေကို လူကြီးတွေက စီစဉ်ပေးစားလက်ထပ်ပေးခဲ့ကြတယ်။ [illegible]မဲ့ သူတို့အိမ်ထောင်ရေးက မခိုင်မြဲခဲ့ပါဘူး။ သားတို့ညီအစ်ကိုနှစ်ယောက် [illegible]ကထဲ ရောက်လာခဲ့တဲ့အထိ မခိုင်မြဲခဲ့ပါဘူး။ နောက်ဆုံး မိဘတွေ [illegible]ခဲ့တော့ သားကြီးက မိခင်နောက်ပါ၊ အငယ် မဏီစွမ်းက သားအဖေ [illegible] ပါသွားခဲ့တယ်။ မကြာဘူး သားအဖေက ငယ်ရည်းစားဟောင်း [illegible]စ်ယောက်မိခင် မုဆိုးမကို ကောက်ယူတယ်။ သားအမေက စိတ်နာ [illegible] မွေ့လေးကနေ ရန်ကုန်ကို အပြီးပြောင်းခဲ့တာ။ သား[illegible]ကို ပထွေးနဲ့

www.burmeseclassic.com



မရှင်သန်စေချင်လို့ သားမေမေ နောက်အိမ်ထောင်မပြုခဲ့ဘူး။ ဒီအကြောင်းတွေကိုလည်း ဘယ်တော့မှ သားကို မပြောပြဖို့ အန်တီဝေကိုမှာခဲ့တယ်။ သားခုတော့ မညာရက်လို့ အန်တီဝေ ဖွင့်ပြောလိုက်ရတာပဲကွယ်"

"ဒါ ဒါဆို သားမှာ ဖေဖေရှိတယ်၊ ပြီးတော့ ညီလေးတစ်ယောက်ပါ ရှိသေးတာပေါ့နော် အန်တီဝေ"

"ဟုတ်ပါတယ် သားရယ်"

မဏိလျှမ်း မယုံနိုင်အောင် အံ့ဩဝမ်းသာမိသည်။ ကံကြမ္မာကဆန်းကြယ်လွန်းလိုက်တာ။ ပန်းသွေးက သူနှင့်ရုပ်ချင်းတူသော ကောင်လေးတစ်ယောက်အကြောင်း ပြောစဉ်က မယုံကြည်ခဲ့။ လူတူ နာမည်တူ မရှားဟုဘဲ ထင်မိ၏။ အခုတော့ လောကကြီးထဲမှာ ရှိနေသေးသည့် ဖေဖေနှင့်ညီလေးကို သူ သိပ်တွေ့ချင်သည်။

"အန်တီဝေ"

"ပြောပါ သား"

"သားရဲ့မင်္ဂလာပွဲမှာ ဖေဖေနဲ့ညီလေးကိုပါ ရှိစေချင်တယ်။ အဲဒါအန်တီဝေ ကျေနပ်လက်ခံနိုင်မလားဟင်"

သူ့စကားကြောင့် အန်တီဝေ မျက်ရည်တွေကို ပွတ်သုတ်ရင်းကြည်နူးစွာ ပြုံးသည်။

"သားရဲ့မင်္ဂလာပွဲမှာ သားရဲ့သွေးရင်းချာတွေ ရှိနေတာ အန်တီဝေဝမ်းသာကျေနပ်တာပေါ့ သားရယ်"

"ကျေးဇူးတင်လိုက်တာ အန်တီဝေရယ်၊ ဒီကိစ္စကို ပန်းသွေးသိရင်လည်း ကျေနပ်ဝမ်းသာမှာပါ"

သူ ဝမ်းသာအားရစွာ ဆိုနေမိတုန်းမှာ တယ်လီဖုန်းသံကြားလိုက်ရ၏။ ကောက်ယူနားထောင်လိုက်တော့ ပန်းသွေးဆီက

www.burmeseclassic.com

"ပန်းသွေး"

"မဇာ် ပြောစရာရှိလို့ မဇာ်ဖေဖေနဲ့ညီ ဆေးရုံကြီးမှာ ရှိနေတယ်"

"ဟင် ဘာ ဘာဖြစ်တာလဲ ပန်းသွေး"

"စွမ်းရဲ့ညီမလေး လမင်းအိမ် ဆေးရုံတင်ထားရတာ သုံးရက်ရှိပြီ တဲ့"

"ဟင်"

"အဲဒါ မဇာ်လိုက်သွားသင့်တယ်ထင်တယ်"

"ကိုယ်လိုက်သွားရမှာပေါ့ ပန်းသွေးရယ်"

"ပန်းသွေးလည်း လိုက်ခဲ့မယ်။ မဇာ်သွားနှင့်၊ ပန်းသွေးနဲ့ခခ နောက်ကလိုက်ခဲ့မယ်"

"အိုကေ ပန်းသွေး"

သူ ဖုန်းကိုချတော့ အနီးမှာရပ်နေသော အန်တီဝေ စိုးရိမ်တကြီး ရှာသည်။

"ဘာဖြစ်တာလဲ သား။ ဘယ်သူဘာဖြစ်လို့လဲ"

"ဖေဖေ့သမီး ညီလေးရဲ့ညီမလေး ဆေးရုံတင်ထားရတယ်တဲ့ တီဝေ"

"ဟင် ဟုတ်လား။ ဒါဆို သားလိုက်သွားသင့်တာပေါ့"

အန်တီဝေကို သူ ခေါင်းညိတ်ပြရင်း ဆင်ဝင်အောက်က ကားပေါ် ထောက်လိုက်မိသည်။

ဖေဖေနဲ့ညီလေးတဲ့၊ သူ့ကိုမြင်လျှင် အံ့ဩဝမ်းသာသွားကြမှာလား။ တောင့်တခဲ့ဖူးသော မိသားစုဘဝလေးကို မဇာ်လျှမ်း ပိုင်ဆိုင်ခွင့်ရခဲ့ ပြီ

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၃၇)

သွေးရောင်ကင်းမဲ့သော နှုတ်ခမ်းလေးတွေ လှုပ်ခတ်နေသည်လား စွမ်း အသာင့်ကြည့်ကာ တိုးတိုးလေး ခေါ်မိ၏။

"ဆွိလေး"

မျက်နက်ဝန်းလေးတွေ လှုပ်ခတ်ပွင့်လာကြသည်။

ဝေဒနာရဲ့ခံစားချက်ကြောင့်လားမသိ။ ဆွိလေး မျက်မှောင်လေး တွေ တွန့်ကွေးသွားခဲ့၏။

"ဆွိလေး ကိုယ် ကိုယ်လေ စွမ်းပါ"

တောက်ပသော မျက်နက်ဝန်းလေးတွေနှင့် သူ့ကို ငေးစိုက်ကြည့် နေ၏။ အေးစက်စက် လက်ဖဝါးလေးကို သူ နွေးထွေးအောင် ဆုပ်ကိုင်ထား ရင်း –

"ကိုကို ဆွိလေးအနားမှာ တစ်ချိန်လုံးရှိနေခဲ့တာပါ။ သုံးရက်လုံး ဆွိလေး သတိမေ့နေတာ"

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးတွေ ချာလည်လျက် ဆွိလေး မိသားစုကို ရှာဖွေနေကြတာလား။

"ဒယ်ဒီနဲ့အန်တီခိုင် ဆရာဝန်ကြီးရုံးခန်းမှာ ရှိနေတယ်။ တော်ကြာရောက်လာကြမှာ။ ကိုယ်သွားခေါ်ပေးရမလားဟင်"

ခေါင်းကလေးကို ဖြည်းညင်းစွာခါသည်။

နှုတ်ခမ်းပါးဖြူဖျော့ဖျော့လေးတွေ လှုပ်ခတ်ဖို့ အားယူ၏။

အသံလှိုင်းတွေ ပွင့်ထွက်မလာ။

"ဆွိလေး ဘာပြောမလို့လဲ ပြောလေ"

သူ့နားလေးကို ဆွိလေး နှုတ်ခမ်းလေးတွေ အနီးကပ်ကာ ဆောင်ရသည်။

တိုးညင်းဖျော့တော့သော လေသံကလေး။

"စွမ်း"

"ပြောပါ ဆွိလေး၊ စွမ်း ဘာလုပ်ပေးရမလဲဟင်"

"ဆွိလေးကို မုန်းနေသလားဟင်"

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားနာကျင်သွားရ၏။ ဆွိလေး မျက်နက်ဝန်းလေးတွေထဲမှာ ကြည်လဲ့လာသော မျက်ရည်စတွေနဲ့ပါလား။

"ကိုကို ဆွိလေးကို မမုန်းခဲ့ပါဘူး။ ခုလည်းမမုန်းဘူး အရင်တုန်းကလည်း မမုန်းဘူး။ နောင်လည်း မမုန်းပါဘူးကွာ"

"တ တကယ်"

"ဆွိလေးအနားမှာ ကိုကို အမြဲတမ်းရှိခဲ့တယ်။ ကိုကို့ဘဝတစ်ခုလုံးအတွက် အနီးမှာ စောင့်ရှောက်ယုယခဲ့တာ ဆွိလေးအသိဆုံးလေ"

မျက်နက်ဝန်းလေးတွေမှာ တောက်ပလာ၏။ နှုတ်ခမ်းပါးလေးတွေ ကွေးညွတ်ကာ ဆွိလေးပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းလေးတွေက တစ်စုံတစ်ရာကို ပြောနိုင်ဖို့ အားယူခဲ့တာလား။

"ဆွိလေး"

ဆုပ်ကိုင်ထားသော ဆွိလေး လက်ကလေး သူ့လက်ထဲက လျောကျသွားခဲ့သည်။

နှုတ်ခမ်းလေးတွေ ငြိမ်သက်လျက်။

မျက်နက်ဝန်းလေးက ပွင့်ဟနေဆဲ။

မျက်ရည်တွေက ပါးပြင်ပေါ်ကို လျှောခနဲ လိမ့်ဆင်းလာတာကို သူ မင်သက်ကြည့်နေမိ၏။

"ဆွိလေး"

ရင်ထဲမှာ နက်ရှိုင်းစူးနစ်သော ဝေဒနာတစ်ခု။

အေးစက်နေသော မျက်နှာလေးမှာ သူ့အပ်ကာ ငိုကြွေးလိုက်မိ၏။ မျက်ရည်ပူတွေကိုတော့ ယူဆောင်မသွားပါနဲ့။ အခုတော့ အပူနေရောင်တွေ လည်း ဝင်လုပြီပေါ့ကွယ်။

မင်းအနားမှာ ကိုကိုရှိနေတယ် ကလေး။

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး

www.burmeseclassic.com